စိတ်ကူးချိုချိုအနုပညာ

မြန်မာနိုင်ငံစာပေပြန့်ပွားရေးအသင်း

# ဂီတနက်သန် ကိုစောညိမ်း



ဒုတိယအကြိမ်

ကိုစောညိန်း၏ အတ္ထုပ္ပတ္တိ နှင့်
မိဘနှစ်ပါးထံသို့ပေးစာ
ကိုစောညိန်းရေးသားခဲ့သော
မိုးနေ့အလွမ်း (ကဗျာ)
ဆောင်းနေ့အလွမ်း (ကဗျာ)
ဂီတဘုံနန်း (ကဗျာ)
မတင်သာသည် (ကဗျာ)
တစ်ပွင့်တည်းသာဖြစ်ပေမဲ့ (စာညွှန့်)
မောင်စိုးလှိုင်သို့ပြန်စာ
စာပေသစ်ပြဿနာ (ဆောင်းပါး)
တတိယသဝဏ်လွှာ (ဝတ္ထုတို)
မရဏာမောင်းသံ (ဝတ္ထုရှည်)
သီချင်းများ . . . . . စသည်ဖြင့်
**ဆရာနန်ညွန့်ဆွေတည်းဖြတ်ထားသည့်**

# ဂီတနက်သန်ကိုစောညိန်း

မြန်မာနိုင်ငံစာပေပြန့်ပွားရေးအသင်းက စီစဉ်ထုတ်ဝေခဲ့သော

# ဂီတနက်သန်ကိုစောညိန်း

**မြန်မာနိုင်ငံစာပေပြန့်ပွားရေးအသင်းအတွက် စိတ်ကူးချိုချိုမှ ပြန်လည်ထုတ်ဝေပေးသည့် ပညာရှင် ၉ ဦး၏စာအုပ် ၉ အုပ်အပြင် ကျန်စာအုပ်များကို ဆက်လက်စီစဉ်ထုတ်ဝေပေးခြင်းဖြစ်ပါသည်။**

ISBN 9789997110411
KLS110
9 789997 110411
2,200.00KS

ဂီတနက်သန်ကိုစောညိန်း၊ ကိုစောညိန်းနှင့်အခြား
စာမျက်နှာ ၁၃၅++ မျက်နှာ၊ ၁၄ · ၅ စင်တီ× ၂၁ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၉၊ ဇန်နဝါရီလ၊ ဒုတိယအကြိမ်၊ အုပ်ရေ ၅၀၀၊
၁၉၇၉ နှလုံးလှစာပေ၏ ပထမအကြိမ်မူ၊ မြန် စာ ပြန့် စာစဉ် ၁၆၊

ရောင်းဈေး ၂၂၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

စိတ်ကူးချိုချိုစာအုပ်

# ဂီတနက်သန် ကိုစောညိန်း

နန်းညွန့်ဆွေ–တည်းဖြတ်သည်။

မြန်မာနိုင်ငံ စာပေပြန့်ပွားရေးအသင်းအတွက်
စိတ်ကူးချိုချိုမှ စီစဉ်ရိုက်နှိပ်သည်။

ဒုတိယအကြိမ်၊ ၂၀၁၈

'အနုပညာ စာပေမှာ
ပေါင်းလှာဝပ်စင်း ယဉ်ကျေးခြင်း'

# မာတိကာ


| | | |
|---|---|---|
| – | အမှာစာ | က |
| – | ကိုစောညိန်း၏ အတ္ထုပ္ပတ္တိ | ဆ |
| – | မိဘနှစ်ပါးထံသို့ပေးစာ | ဗ |
| ၄။ | မိုးနေ့အလွမ်း (ကဗျာ) | ၁ |
| ၅။ | ဆောင်းနေ့အလွမ်း (ကဗျာ) | ၃ |
| ၆။ | ဂီတဘုံနန်း (ကဗျာ) | ၅ |
| ၇။ | မတင်သာသည် (ကဗျာ) | ၇ |
| ၈။ | တစ်ပွင့်တည်းသာဖြစ်ပေမဲ့ (စာညွှန့်) | ၉ |
| ၉။ | မောင်စိုးလှိုင်သို့ပြန်စာ | ၁၄ |
| ၁၀။ | စာပေသစ်ပြဿနာ (ဆောင်းပါး) | ၁၉ |
| ၁၁။ | တတိယသဝဏ်လွှာ (ဝတ္ထုတို) | ၂၅ |
| ၁၂။ | မရဏာမောင်းသံ (ဝတ္ထုရှည်) | ၄၀ |
| ၁၃။ | ကိုစောညိန်း၏ သီချင်းများ | ၁၁၄ |


❒



၁၈ နှစ်အရွယ်



၂၃ နှစ်အရွယ်




၂၄ နှစ်အရွယ်




၂၇ နှစ်အရွယ်

ဂီတနက်သန် ကိုစောညိန်း၏ ဓာတ်ပုံများ




ကိုစောညိန်း၏ လက်ရေးစာမူ



ကိုဓော့ညိန်း၏ လက်ရေးစာမူ

# ဂီတနက်သန် ကိုစောညိန်း



ဂီတနက်သန် ကိုစောညိန်းသည် ၎င်း၏ဓာတ်ပုံကို
ကြည့်၍ သူကိုယ်တိုင် ပုံတူဆွဲထားသည့်ပုံ ဖြစ်ပါသည်။

# အမှာ

မြန်မာနိုင်ငံ စာပေပြန့်ပွားရေးအသင်းကို ၁၉၅၈ ခုနှစ်၊ ဒီဇင်ဘာလ ၁၁ ရက်၊ ၁၃၂၀ ခုနှစ် နတ်တော်လဆန်း ၁ ရက်နေ့တွင် စတင်ဖွဲ့စည်းတည်ထောင်ခဲ့သည် ဖြစ်သောကြောင့် ယခုဆိုလျှင် ၂၁ နှစ် ဆယ်စုနှစ် နှစ်ခေတ်ပင် ကျော်လွန်ခဲ့ပေပြီ။ ဤဆယ်စုနှစ်နှစ်ခေတ်အတွင်း မြန်မာနိုင်ငံစာပေပြန့်ပွားရေးအသင်းသည် စာပေတာဝန်ကို ကျေပွန်စွာ ထမ်းရွက်နိုင်ခဲ့သည်ဟု ဆိုနိုင်ပါသည်။

မြန်မာနိုင်ငံ စာပေပြန့်ပွားရေးအသင်းကို စတင်ဖွဲ့စည်းစဉ်ကပင် မြန်မာနိုင်ငံတွင် လိုအပ်နေသည့် မြန်မာစာပေ၊ မြန်မာ့ယဉ်ကျေးမှုတို့ ပြန့်ပွားတိုးတက်လာအောင် အတတ်နိုင်ဆုံး စေတနာသန့်သန့်ဖြင့် ကြိုးစားဆောင်ရွက်မည်ဟု အာသီသထားခဲ့သည်။ ယင်းသို့ထားခဲ့သည့်အတိုင်းလည်း ပညာပေးစာအုပ်စာတမ်းများကို ပြုစုထုတ်ဝေခဲ့ရာ ယခုဆိုလျှင် စာအုပ်အမှတ်စဉ် ၁၆ သို့ပင် ရောက်ရှိပေပြီ။ ထုတ်ဝေခဲ့သည့်စာအုပ်များမှာ ကာလပေါ် ဝတ္ထု၊ ပြဇာတ်စသည်တို့ မဟုတ်ကြပေ။ နက်နဲခက်ခဲ၍ သုတေသနသဘော ပါဝင်သည့် ပညာပေးစာအုပ်များသာ ဖြစ်ကြပေသည်။

- လယ်တီပဏ္ဍိတ (ဦးမောင်ကြီး)
- ဝတို့ဌာနီ
- အနုပညာ လောက (၁-၂-၃)
- ရှင်မဟာရဋ္ဌသာရ
- မြဝတီမင်းကြီး ဦးစ
- စိန္တကျော်သူ ဦးဩ

- ကျော်အောင် စံထား ဆရာတော်
- ဝန်ကြီး ဗညား ဒလ
- မင်းလက်ဝဲ နော်ရထာ
- ဦးဖိုးကျား (ဆောင်းပါး ပေါင်းချုပ်)
- ဟံသာဝတီ (ခေတ်ယဉ်ကျေးမှု)
- မဟာဂီတ ဦးပြုံးချို
- သဘင်ပညာရှင်ကြီး ဦးဘိုးစိန်

စသည့် စာအုပ် ၁၅ အုပ်သည် မြန်မာစာပေ၊ မြန်မာ့ယဉ်ကျေးမှုကို တတ်နိုင်သမျှ ဖော်ဆောင် တင်ပြထားသည့် စာအုပ်များဖြစ်သည့်အတိုင်း စာကြည့် ပိဋကတ်တိုက်တွင် တိုက်ဝင်စင်တင်အဖြစ်ထားရမည့် စာအုပ်များဖြစ်ခဲ့ပေသည်။

အခမ်းအနား ပွဲသဘင်များနှင့်ပတ်သက်၍ နှစ်စဉ်စာဆိုတော်နေ့ ဟောပြောပွဲအခမ်းအနားကို ကျင်းပခြင်းအပြင် ရန်ကုန်တွင်သာမက နယ်များသို့လှည့်၍ စာပေဟောပြောပွဲများ စကားရည်လုပွဲများကိုလည်း အကြိမ်ကြိမ်ကျင်းပခဲ့သည်။

နိုင်ငံတော် အသံလွှင့်ဌာန (မြန်မာ့အသံ) မှနေ၍ စာပေဆိုင်ရာ အသံလွှင့် ဇာတ်လမ်းများကို တင်ဆက်ခဲ့သည့်အပြင် ယဉ်ကျေးမှု အနုပညာကဏ္ဍမှနေ၍ မြန်မာစာပေ ယဉ်ကျေးမှု အနုပညာအကြောင်းများကို အကြိမ်ကြိမ် ဟောပြောအသံလွှင့်ခဲ့သည်။

ထို့ပြင် ရှေးခေတ်စာဆိုကြီးများဖြစ်ကြသည့် အနန္တသူရိယ၊ ရှင်မဟာရဋ္ဌသာရ၊ မြဝတီမင်းကြီးဦးစ၊ ဝန်ကြီး ဗညားဒလ၊ ကျော်အောင်စံထား ဆရာတော်၊ မင်းလက်ဝဲ နော်ရထာ၊ စိန္တကျော်သူ ဦးသြ၊ ကင်းဝန်မင်းကြီး ဦးကောင်း စသူတို့အား ဂုဏ်ပြုသည့် အခမ်းအနားများကို ပြုလုပ်ခဲ့သည်။

နှောင်းခေတ်စာပေ ပညာရှင်ကြီးများဖြစ်ကြသည့် လယ်တီပဏ္ဍိတ၊ ပီမိုးနင်း၊ ဒီးဒုတ်ဦးဘချို၊ သတင်းစာ ဆရာဦးသိမ်းမောင်၊ မဟာဆွေ၊ ဦးဖိုးကျား စသည့် ပုဂ္ဂိုလ်ကြီးများအားလည်း ဂုဏ်ပြုသည့် အခမ်းအနားများကို ကျင်းပခဲ့သည်။ ထို့ပြင် ဇာတ်သဘင် ဂီတအနုပညာရှင်များအနေနှင့်လည်း ရွှေစာကြီးစိန်ဗေဒါ၊ နန်းတော်ရှေ့ဆရာတင်၊ ရွှေတိုင်ညွန့်၊ မဟာဂီတဦးပြုံးချို၊ သဘင်ပညာရှင်ကြီးဦးဘိုးစိန် စသည့် ပုဂ္ဂိုလ်ကြီးများအား ဂုဏ်ပြုသည့် အခမ်းအနားပွဲများကို ကျင်းပခဲ့သည်။

ယခုလည်း ဂီတနက်သန်ကိုစောညိန်းအတွက် အထိမ်းအမှတ်စာအုပ်ထုတ်ဝေခြင်း၊ ဂုဏ်ပြုအခမ်းအနားပွဲကျင်းပခြင်းဆိုသည့် တာဝန်နှစ်ရပ်ကို ရွက်ဆောင်ရပြန်ပါပြီ။

ဂီတနက်သန်ကိုစောညိန်းသည် လွတ်လပ်ရေးရပြီးသည့်နောက် ပြည်ထောင်စု ခေတ်တွင်မှ ပေါ်ပေါက်လာသည့် လူငယ်တစ်ဦးဖြစ်သောကြောင့် ဂုဏ်ပြုထိုက်မထိုက် စဉ်းစားရန် ရှိပါသည်။ ဤကိစ္စနှင့်ပတ်သက်၍ မြန်မာနိုင်ငံစာပေ ပြန့်ပွားရေးအသင်းက ဤသို့ ယုံကြည်ယူဆပါသည်။

- ဂီတနက်သန် ကိုစောညိန်းသည် တစ်ခေတ်တွင် တစ်ယောက်ပေါ်ပေါက် သည်ဟု ဆိုသော ရှေးစကားအတိုင်း ပြည်ထောင်စုခေတ်တစ်ခေတ်တွင် ထူးထူး ခြားခြား ပေါ်ပေါက်လာသည့် အနုပညာရှင်တစ်ဦးဖြစ်ခြင်း။
- မြန်မာဂီတနယ်တွင် အလိုက်စာဆိုမဟုတ်ဘဲ အထွင်စာဆိုဖြစ်၍ မြန်မာ့မူ မြန်မာ့ဟန် မပျက် ဆန်းသစ်သော တီးလုံးတေးသွားဟန်ကို တီထွင်နိုင်ခြင်း။
- သူ၏သီချင်းများတွင် အသံ၏စွမ်းပကားကိုသာ အားကိုးအားထားမပြုဘဲ ဂုဏ် မြောက်သည့် စာပေ အစီအကုံး အနှုန်းအဖွဲ့များပါရှိသည်ကို တွေ့ရှိရခြင်း။
- ထို့ပြင်လည်း သူ၏သီချင်းများသည် သီချင်းမည်ကာ မတ္တမဟုတ်မူ၍ ဆန်းသစ် သည့် တိုးတက်သော အတွေးအခေါ်အယူအဆများကို တွေ့ရှိရခြင်း။
- ဂီတနက်သန်ကိုစောညိန်းကိုယ်တိုင်လည်း ကာတွန်းဆရာ၊ ပန်းချီဆရာ၊ သတင်း စာဆရာ တစ်ဦးဖြစ်သည့်ပြင် စာရေးဆရာတစ်ဦးအဖြစ်ဖြင့် ဝတ္ထုတို၊ ဝတ္ထုရှည်၊ ဆောင်းပါး၊ ကဗျာများစွာတို့ကို ရေးသားသွားခြင်း-

စသည့် စသည့် အကြောင်းများကြောင့် ပြည်ထောင်စုခေတ်တွင် ပေါ်ပေါက် လာသည့် များစွာသော သီချင်းရေးဆရာများအနက်မှ 'တစ်ခေတ်တွင်တစ်ယောက်' ရွေးကောက်ထုတ်နုတ်၍ ဂီတနက်သန်ကိုစောညိန်းအား ပြည်ထောင်စုခေတ် ဂီတစာဆို တစ်ဦးအဖြစ် ဂုဏ်ပြုမှတ်တမ်းတင်ရန် ဆုံးဖြတ်ကြပါသည်။

ကိုစောညိန်းနှင့်ပတ်သက်၍ ကြိုတင်ပြောထားလိုသော အချက်နှစ်ချက်ရှိပါ သည်။ ပထမအချက်မှာ ကိုစောညိန်းအား လေ့လာကြည့်ရှုရာတွင် နန်းတော်ရှေ့ ဆရာတင်၊ မြို့မငြိမ်း၊ ရွှေပြည်အေး စသူတို့ကဲ့သို့ လူ့ဘဝတွင် အသက်ပြည့်နေသွား ရသူမဟုတ်ဘဲ အသက် ၂၇ နှစ်အထိသာ နေသွားရသည့် လူငယ်တစ်ဦးအဖြစ်ဖြင့်သာ ကြည့်ရှုရန်ဖြစ်ပါသည်။ ဒုတိယတစ်ချက်မှာ ကိုစောညိန်းသည် စီးပွားရေးချို့တဲ့ သူဖြစ် ခြင်းကြောင့် သူ့ခေတ်သူ့အခါက အရာရာတွင် မပြည့်မစုံ ချို့ချို့ငဲ့ငဲ့နှင့် အပျော် တမ်းတီးဝိုင်း ကို မဖြစ်ဖြစ်အောင် ခဲရာခဲဆစ်လုပ်ဆောင်ခဲ့ရသည့်အချက်ဖြစ်ပါသည်။ ဤအကြောင်း

ကြောင့်လည်း သူ၏ဂီတနက်သန် အပျော်တမ်းတီးဝိုင်းသည် တစ်နှစ် ကျော် နှစ်နှစ်နီးပါး မျှသာ အသက်ရှည်ခဲ့ပါသည်။ ထို့ကြောင့် ကိုစောညိန်း၏အနုပညာ လုပ်အားသည် အချိန်ကာလအားဖြင့် သက်တမ်းနှစ်နှစ်ခန့်မျှသာ ရှိခဲ့ပါသည်။ ဤအတောအတွင်း သူထုတ်လုပ်ခဲ့သည့် သီချင်းမှာ စုစုပေါင်းလိုက်မှ ၃၇ ပုဒ်မျှသာ ရရှိပသည်။

တိုတောင်းလှသည့် အချိန်အတွင်း ကိုစောညိန်း ထုတ်လုပ်ခဲ့သည့် သီချင်းများ သည် ဂီတလောကတွင် မှတ်ကျောက်တင်ခံနိုင်သည့် သီချင်းများအဖြစ် ကျန်ရစ်ခဲ့ပါသည်။ သူ့သီချင်းများသည် ရိုးသွားပြီ၊ ခေတ်ကုန်သွားပြီဟူ၍မရှိ။ သူကွယ်လွန်ပြီးသည့်နောက် ယနေ့ ၂၇ နှစ်တိုင် သောတရှင်တို့၏ နှလုံးသားတွင် ဆန်းသစ်မြဲ၊ နှစ်သက်မြဲ ရစ်ပတ်လျက်ပင် ရှိသေးသည်။ ဤအချက်တစ်ချက်ကို ထောက်လျှင်ပင် ကိုစောညိန်းသည် အများနှင့်မတူ တစ်မူထူးခြားသူဟု ဆိုနိုင်လောက်ပါပေသည်။

ကိုစောညိန်း၏အထိမ်းအမှတ်ပွဲကို သူကွယ်လွန်ပြီး ၂၅ နှစ်မြောက်ဖြစ်သည့် ၁၉၇၇ ခုနှစ်အတွင်းက ပြုလုပ်ရန် စိုင်းပြင်းခဲ့ကြသည်။ သို့ရာတွင် လိုအပ်သည့် စာမူများ မပြည့်စုံသဖြင့် စုံစမ်းရှာဖွေရင်း ယခု ၂၇ နှစ်မှာမှ ပြုလုပ်ဖြစ်ပါတော့သည်။ စာရေးဆရာသန်းဆွေက ကိုစောညိန်း၏ဘဝ တစ်စိတ်တစ်ဒေသကို **ပွင့်ဦး** ဟူသော အမည်နှင့် ၁၉၅၁ ခုနှစ်ထုတ် ရှုမဝမဂ္ဂဇင်း၌ဝတ္ထုတိုတစ်ပုဒ် ရေးခဲ့သည်။ကိုစောညိန်း ကွယ်လွန်ပြီးနောက် **ချစ်ထံတျာရှင်** ဟူသော အမည်နှင့် ၁၉၅၃ ဖေန်နဝါရီလထုတ် ရှုမဝမဂ္ဂဇင်းတွင် ဝတ္ထုရှည်ရေးခဲ့သည်။ ၎င်းတို့ကို ပေါင်း၍ ၁၉၆၁ ခုနှစ်က ဦးဘရီနှင့် သမီးများ စာပေတိုက်မှ လုံးချင်းဝတ္ထုအဖြစ် ထုတ်ဝေခဲ့ဖူးသည်။ ထို့နောက် ၁၉၆၅ ခုနှစ်က နှစ်ခေတ်ပေါင်း ဂီတနက်သန်ဟူသော အမည်ဖြင့် အေးအေးစာပေမှ လုံးချင်းစာအုပ် တစ်အုပ် ထုတ်ဝေခဲ့ပါသည်။ အဆိုပါစာအုပ်တွင် ပွင့်ဦးဝတ္ထုနှင့် ရေနံ့သာ စိုးလှိုင်၏ ဆောင်းပါး၊ ဂီတနက်သန် ကိုအုန်းလွင်၏ ဆောင်းပါး၊ အဘဦးသန်းမြင့် (ဗမာ့အသံ)၏ တေး၏ကြေးမုံမှ အသံလွှင့်ချက်များပါရှိသည်။

အစကနဦးကမူ ဆောင်းပါးဝတ္ထုများအားလုံးကို ထည့်မည်။ ထို့ပြင် ကိုစော ညိန်းနှင့် ရင်းနှီးသိမြင်လိုက်သူများထံမှ ဆောင်းပါးများ တောင်းယူ၍ အားလုံး စုပေါင်း ထုတ်ဝေမည်ဟု စီစဉ်ခဲ့သည်။ သို့ရာတွင် အထက်ပါ ကိုသန်းဆွေ၏ ဝတ္ထုများသည် တစ်ကြိမ်က နှစ်ကြိမ် ထုတ်ဝေပြီးဖြစ်သည်လည်းတစ်ကြောင်း၊ ဆောင်းပါးများ ရရှိရန် မှာလည်း မလွယ်လှ၍ တစ်ကြောင်းတို့ကြောင့် နောက်ဆုံးတွင် ကိုစောညိန်းကိုယ်တိုင် ရေးခဲ့သည့် စာများကိုသာစု၍ ထုတ်တော့မည်ဟု ဆုံးဖြတ်ချက်ချလိုက်ရပါသည်။ ဤသို့ ပြုလုပ်ခြင်းကပင်လျှင် ကိုစောညိန်းအား ထိုက်ထိုက်တန်တန် ဂုဏ်ပြုရာ ရောက်သည်

သာမက ကိုစောညိန်း၏အရည်အချင်းကိုပါ ပိုမိုသိရှိလာမည်ဟု ယူဆပါသည်။

ဤစာအုပ်နှင့် စပ်လျဉ်း၍ တစ်ခုတောင်းပန်လိုပါသည်။ ကိုစောညိန်းသည် ကာတွန်းရုပ်စုံခေတ် (၁၉၃၈–၃၉) လောက်က စ၍စာရေးခဲ့သည်။ လွတ်လပ်ရေးခေတ်တွင် ကာတွန်းရုပ်စုံ၊ သမာဓိသတင်းစာ၊ ဒီးဒုတ်ဂျာနယ်၊ လင်းယုန်ဂျာနယ်၊ ရန်ကျော်ဂျာနယ်တို့တွင် ဝတ္ထုဆောင်းပါး အများအပြားရေးခဲ့ပါသည်။ သို့ရာတွင် ယခုအခါ ရှာဖွေစုစည်းရန် မလွယ်တော့ချေ။ ထို့ကြောင့် လုံးချင်းဝတ္ထုတစ်ပုဒ်နှင့် ကိုစောညိန်း၏ လက်ခံ လက်ရေးစာမူများမှယူ၍ စုပေါင်းထုတ်ဝေလိုက်ရပါသည်။ ဤတွင် ကိုစောညိန်း၏ လက်ရာများ အပြည့်အစုံ မဟုတ်သေးကြောင်း ဝန်ခံပါသည်။ ကိုစောညိန်း၏စာများကို ဖတ်ရှုရာတွင် ကိုစောညိန်းသည် စာရေးဆရာတစ်ယောက် ဖြစ်လာရန် အားယူကြိုးပမ်းနေခဲ့သည့် လူငယ်ကလေးတစ်ယောက်အဖြစ်ဖြင့် ကြည့်စေချင်ပါသည်။

ဤသို့အားဖြင့် မြန်မာနိုင်ငံ စာပေပြန့်ပွားရေးအသင်းသည် ဂုဏ်ပြုသင့် ဂုဏ်ပြုထိုက်သူတစ်ဦးကို တိမ်မြုပ်နေရာမှ ပြန်လည်ဖော်ထုတ်တင်ပြနိုင်ခြင်းအတွက် စာပေတာဝန်တစ်ရပ်ကို ကျေပွန်စွာ ထမ်းရွက်နိုင်ပြီဟု ဆိုရမည်ဖြစ်ပါသတည်း။

## ကျေးဇူးတင်ရှိခြင်း

ဤစာအုပ်ဖြစ်မြောက်ရေးအတွက် အကူအညီပေးကြသည့် ကိုစောညိန်း၏ညီ ကိုလှဝေ၊ တူမ မထားထားရီနှင့် ခင်ပွန်းဖြစ်သူ ကိုညိုလွင်၊ ခေတ်မီစာပေတိုက်မှ ဦးဆန်နီ၊ ဦးတင်လှသော် (ကန်သာစိမ်းလဲ့)၊ ယဉ်ကျေးမှု ကဇာတ်ဌာနမှ ဦးညွန့်ကြည်၊ မြန်မာ့အသံကိုသစ္စာတို့နှင့်ဂီတမိခင်ကြီး အမေဒေါ်အောင်ကြည်တို့အား မြန်မာနိုင်ငံ စာပေပြန့်ပွားရေးအသင်းက ကျေးဇူးတင်ရှိပါသည်။ ဤစာပေဖြစ်မြောက်ရေးအတွက် စေတနာထက်သန်စွာဖြင့် ရှာဖွေစုဆောင်းတည်းဖြတ်ပေးသော စာရေးဆရာ နန်းညွန့်ဆွေအားလည်းကောင်း၊ ထို့ပြင် အခက်အခဲအမျိုးမျိုးထဲမှ စာအုပ်အဖြစ် ရောက်ရှိအောင် ရိုက်နှိပ်ထုတ်ဝေပေးသည့် နလုံးလှစာပေတိုက်မှ ဦးချစ်အောင်နှင့် အဖွဲ့သားများအားလည်းကောင်း အထူးကျေးဇူးတင်ရှိကြောင်း ထပ်လောင်းမှတ်တမ်း တင်အပ်ပါသတည်း။

**အမှုဆောင်အဖွဲ့**

**မြန်မာနိုင်ငံ စာပေပြန့်ပွားရေးအသင်း**

❒

## ဂီတနက်သန် ကိုစောညိန်း၏အတ္ထုပ္ပတ္တိ

မြင်းခြံမြို့နယ်၊ နွားထိုးကြီးအပိုင်၊ ရွာသာရွာ၌ အဘဦးမောင်ကြီး၊ အမိ ဒေါ်တင် တို့မှ ၁၂၈၆ ခု၊ နှောင်းတန်ခူးလဆန်း ၈ ရက် အင်္ဂါနေ့ (၃၁. ၃. ၁၉၂၅) တွင် ကိုစောညိန်းအား ဖွားမြင်ခဲ့သည်။

အဘဦးမောင်ကြီးမှာ အောက်မြန်မာနိုင်ငံ ပဲခူးခရိုင် အုန်းနဲ့အပိုင် ခနီးရွာဇာတိ ဖြစ်သည်။ ဘုန်းတော်ကြီးဦးစီးသည့်ကျောင်းတွင် စာသင်၍ ၇ တန်းအောင်သည်။ ထိုကျောင်းမှာ ဆရာလုပ်၍ စာသင်ခဲ့သည်။ ထို့နောက် ကျွဲအကောင် ၄၀ နှင့် ဒေးဒရဲမြို့ နယ်ဘက်သို့ သွားကာ လယ်သစ်တိုး၍ လယ်လုပ်သည်။ ငါးနှစ်စမ်းသပ်လုပ်ကြည့်ရာ မအောင်မြင်ဘဲ ရှုံးသဖြင့် ကျန်သည့် ကျွဲ ၁၂ ကောင်ကို ဘေးမဲ့လွှတ်ပစ်ခဲ့၍ အညာသို့ တက်ပြီး ပွဲစားလုပ်ကြည့်သည်။

အမိ ဒေါ်တင်၏ဖခင်မှာ ခြောက်ဌာနာပိုင်သည့် တိုက်ပိုင်ကြီးတစ်ဦးဖြစ်၍ သမီး ကလေးအား လွန်စွာချစ်ခင်သည်။ ငယ်စဉ်က ရာထူးရာခံရှိ ပုဂ္ဂိုလ်များက လာရောက် စကားကမ်းလှမ်းကြသော်လည်း ဒေါ်တင်က စိတ်ဝင်စားခြင်းမရှိသဖြင့် အသက် ၃၀ ကျော်သည့်တိုင် အပျိုကြီးအဖြစ်နှင့် နေလာခဲ့သည်။ သို့ရာတွင် ပွဲစားဦးမောင်ကြီးနှင့် တွေ့သောအခါ ပါရမီရေစက်ကြောင့်ပင်လောမသိ၊ ဦးမောင်ကြီးသည် အိမ်ထောင်ပျက် တစ်ဦးဖြစ်၍ သမီးလေးတစ်ယောက်ရှိကြောင်း သိလျက်နှင့်ပင် မေတ္တာမျှကာ အိမ်ထောင် ရက်သား ကျခဲ့ပေသည်။

ဦးမောင်ကြီး - ဒေါ်တင်တို့သည် ရွာသာယာတွင်နေ၍ ဆီကြိတ်စက်နှင့်

ပြောင်းရိုးစင်းစက်များကို လုပ်ကိုင်ကာ စီးပွားရေးချောင်လည်ခဲ့ကြသည်။ ယင်းစီးပွားရေးလုပ်ငန်းများကို ဒေါ်တင်က ဦးဆောင်၍လုပ်ကိုင်ရသည်။ ဦးမောင်ကြီးကမူ တိရစ္ဆာန်မွေးမြူခြင်းကို ဝါသနာပါသည်။ ကြန်အင်လက္ခဏာကောင်းသည့် မြင်းမကလေးတစ်ကောင်ကို ရရှိထားရာ အရိပ်တကြည့်ကြည့်နှင့် ပြုစုယုယနေလေ့ရှိသည်။ ထိုမြင်းမကလေးကို မန္တလေးသို့ တက်၍ပြိုင်ပွဲဝင်ကြည့်ရာ ပွဲတိုင်းနိုင်သဖြင့် 'မန္တလာသန်း'ဟု အမည်မှည့်ထားသည်။

ကိုစောညိန်းအား ဖွားမြင်ပြီး တစ်နှစ်ကျော်လောက်တွင် ဆီကြိတ်စက်ကို မီးလောင်သဖြင့် စီးပွားရေးအခက်အခဲဖြစ်ခဲ့သည်။ ဦးမောင်ကြီးမှာမူ မြင်းမကလေး မန္တလာသန်းကိုယူ၍ ပြည်မြို့ မူယာပင်ရပ်သို့သွား၍နေကာ ပြိုင်ပွဲသွင်းရာ ပွဲတိုင်းလိုပင် နိုင်လေသည်။ မူယာပင်ရွာတွင် ငှက်ဖျားရှိသဖြင့် ဦးမောင်ကြီးအား ငှက်ဖျားစွဲလေသည်။ ဦးမောင်ကြီးသည် မြင်းမကလေးကိုယူ၍ ရန်ကုန်သို့ဆင်းလာခဲ့သည်။ ရန်ကုန်မြို့တွင် မြင်းပွဲနှင့် ဆက်သွယ်၍ စွံအောင်ကြိုးစားမည်ဟု အားခဲထားစဉ် ငှက်ဖျားက အတော်ဒုက္ခပေးတော့သည်။ ထို့ကြောင့် ဒေါ်တင်ထံသို့ သံကြိုးရိုက်၍ မှာသော်လည်း မပေါ်လာသဖြင့် လူလွှတ်၍ခေါ်ခိုင်းမှ ဒေါ်တင်သည် သားနှင့်အတူလိုက် လာ၍ ရန်ကုန်မြို့ ရွှေတိဂုံဘုရားလမ်း ဂျူဗလီဟောရုံ၏ အနောက်ဘက်ကွက်သစ် တွင် နေထိုင်ကြသည်။ မန္တလာသန်းကို အကြောင်းပြု၍ ပြိုင်မြင်းလေးကောင်အထိ မွေးကာ ဦးမောင်ကြီးသည် မြင်းထရိန်နာအလုပ်ကို လုပ်လေတော့သည်။ စီးပွားရေး မှာမူ မချောင်လည်လှပေ။ ၁၉၃၀ ပြည့်နှစ်ဖွန်လတွင် သားငယ် မောင်လှဝေကို ဖွားမြင်သည်။

ကိုစောညိန်းကို အရွယ်ရောက်လျှင် ရန်ကုန်အနောက်ပိုင်း ၂၁ လမ်းရှိ ဦးဘိုးအေး၏ မြန်မာကျောင်းတွင်ထားသည်။ ထိုကျောင်းတွင် သတ္တမတန်းအောင်သောအခါ သရက်တောကျောင်းတိုက်အတွင်းရှိ ဦးပရမ၏ တိုင်းရင်းဘာသာကျောင်းတွင် ဆက်၍ထားရာ ၁၀ တန်း အောင်မြင်ခဲ့သည်။ ငယ်စဉ်ကပင် စာပေကဗျာ ဂီတကို ဝါသနာပါသည်။ တိုင်းရင်းဘာသာကျောင်းတွင် နေရသောကြောင့် မြန်မာစာ တော်သည်။ အသက် ၁၄ နှစ်အရွယ်ကပင် လေးလုံးစပ်ကဗျာ၊ ဒွေးချိုး၊ လေးချိုး၊ ရတုများကို ရေးတတ်နေလေပြီ။ ပန်းချီကိုလည်း ဝါသနာပါ၍ ငယ်စဉ်ကပင် ပုံတူ ပန်းချီကားများ၊ ရှုခင်းများပုံများကို ရေးဆွဲသည်။ ပန်းချီဆရာများထံသို့ သွားရောက် မေးမြန်းလေ့လာပြီး ပန်းချီဆွဲနည်းစာအုပ်များကို ကြည့်ကာရေးဆွဲနေတတ်သည်။ ကာတွန်းဆွဲနည်းကိုလည်း ဝါသနာပါ၍ ကာတွန်းပုံများကို ဆွဲနေလေ့ရှိသည်။ ၁၉၃၈ ခုနှစ်တွင် စတင်တည်ထောင်သည့် ကာတွန်းရုပ်စုံစာစောင်မှ ကာတွန်းပြိုင်ပွဲပြုလုပ်ရာ ကိုစောညိန်းသည် အသက် ၁၄ နှစ်အရွယ်နှင့်

ပြိုင်ပွဲဝင်၍ ပထမဆုကိုရခဲ့သည်။ ထိုပုံမှာ အရုပ်ဆွဲနေသောကလေး၏ ပုံဖြစ်သည်။ ကလေးတစ်ယောက်က အရုပ် ကလေးတစ်ရုပ်ကို ကြိုးနှင့်ချည်၍ဆွဲသွားနေပုံဖြစ်သည်။ ထိုအတွက် သူ့အား ငွေ ကိုးကျပ် ဆုချီးမြှင့်ခြင်း ခံရသည်။

ထို့နောက် အလွန်ရော်သော ဗန္ဓုလ၏ပုံ၊ ထို့နောက် ဂဲဩမေတြီပြိုင်မျဉ်းများ ပုံများကို ဆက်၍ပြိုင်ရာ သုံးကြိမ်ဆက်တိုက် ဆုရသဖြင့် ကိုစောညိန်းအား နောင်တွင် ပြိုင်ပွဲမဝင်စေတော့ဘဲ ကာတွန်းရုပ်စုံတွင် အမြဲတမ်းရေးဆွဲရန် ခွင့်ပြုလိုက်သည်။ မောင်ကျဘမ်းအခန်းကို တာဝန်ယူ၍ရေးဆွဲရသည်။ တစ်ခါတစ်ရံတွင် ကာတွန်းရုပ်စုံကို ထုတ်ဝေသူ ကိုညီညီ (သမာဓိ)၏ ဗလကြီးအခန်းအတွက်လည်း ကူ၍ ရေးပေးရသည်။ တစ်ခါတစ်ရံတွင် ဆောင်းပါး၊ ဝတ္ထုတိုများလည်း ရေးသည်။ ကလောင်အမည်မှာ **ကြယ်နီ၊ စောနိုင်၊ လဲ့လဲ့ဝင်း** ဟူ၍ဖြစ်သည်။ ထိုတွင် စာရေးဆရာ မြို့မဘုန်းကြွယ်နှင့်လည်း ရင်းနှီးခင်မင်ခဲ့လေသည်။

အသက် ၄ နှစ်၊ ၅ နှစ်သားလောက်ကစ၍ သီချင်းဆိုဝါသနာပါသည်။ တစ်ခါတစ်ရံ တစ်ယောက်တည်း ငေးလျက် သီချင်းသံလိုလို ညည်းတွား၍နေတတ်သည်။ ကျောင်းသားအရွယ်ရောက်လာသောအခါတွင် လူပုံဟန်က ပိန်ပါးပါး ခပ်နွဲ့နွဲ့ ရှိသဖြင့် တစ်ခါတစ်ရံ ပုဆိုးစကိုဆွဲ၍ မင်းသားကြီးဟန်မျိုးလုပ်ကာ သီချင်းဆိုလျှင် လူကြီးမိဘများက သဘောကျကြသည်။ အသက် ၁၂ နှစ်လောက်တွင် လက်ဖက်ခြောက်ရောင်းသည့် သုံးထပ်သားသေတ္တာကလေးကိုယူလာ၍ တစ်ဖက်ရှုးသွားအောင် ပြုပြင်ကာ ဘင်ဂျိုကြိုးများတပ်၍ တီးလေသည်။ လူကြီးများက သဘောကျသဖြင့် တယောပြား တစ်လက်ကို ၁၂ ကျပ်ပေး၍ဝယ်ကာ သူ့အား ပေးလိုက်ရာ လွန်စွာဝမ်းသာသွားလေသည်။ ဂီတာဦးစိန်းမောင်နှင့်တကွ ဂီတဆရာကြီးများထံသို့ သွားရောက် မေးမြန်းသင်ကြားသည်။ ဂီတတီးဝိုင်းများကိုတွေ့လျှင် မထတမ်းထိုင်၍ နားထောင်နေတတ်သည်။ ပြီးလျှင် အတုခိုး၍ တီးလေ့ရှိသည်။ ထို့ကြောင့် ငယ်စဉ်ကစ၍ တယော၊ ဘင်ဂျို၊ မယ်ဒလင်များကို တီးတတ်ခဲ့သည်။

ဆယ်တန်းအောင်ပြီးနောက် ကာတွန်းရုပ်စုံတွင်ပင် ပန်းချီဆွဲခြင်း၊ ဆောင်းပါး ဝတ္ထုကဗျာရေးခြင်းများကို စမ်းသပ်ရေးသားနေစဉ်တွင် ဒုတိယကမ္ဘာစစ်ကြီး ဖြစ်လာလေသည်။ ကိုစောညိန်းတို့ မိသားစုသည် ခရမ်းမြို့ဘက်သို့ ထွက်ပြေးတိမ်းရှောင်ကြရသည်။ ရောက်ရာအရပ်တွင်ပင် မိခင်ဖြစ်သူက ဈေးရောင်း၍ ဝမ်းစာရှာခဲ့ရသည်။ ဦးမောင်ကြီး မွေးထားသည့် မြင်းလေးကောင်ကိုမူ ဗမာ့တပ်မတော်သို့ ပေးလှူလိုက်လေသည်။

ကိုစောညိန်းသည် ခရမ်းတွင်နေစဉ် ရေလုပ်သားကြီးတစ်ဦးဖြစ်သူ ဦးငွေစိုးနှင့်

တွေ့သည်။ ဦးငွေစိုးသည် ကျားပါးစပ်ထောင်၍ ငါးဖမ်းသည့်အလုပ်ကို လုပ်ရာ တံငါတဲကလေးသို့လိုက်၍ အတူအိပ်ရင်း တယော၊ မင်ဒိုလင်နှင့်သီချင်းသင်ရသည်။ ထိုအခါ တယောပြားကလေး ပျက်စီးသွားပြီဖြစ်၍ ဦးငွေစိုးထံရှိ ဟွန်းတယောနှင့် လေ့ကျင့်ရသည်။ ကိုစောညိန်းသည် ဗုဒ္ဓဘာသာဘုန်းတော်ကြီးကျောင်း၌ နေလာသူပီပီ ကံငါးပါးကို လုံအောင်ထိန်းသည်။ ငါးဖမ်းသည့်အလုပ်ကို စိတ်မပါသော်လည်း ဦးငွေစိုးထံမှ ဂီတပညာကိုလိုချင်၍ ဆင်းရဲဒုက္ခခံကာ သွားရောက်လေ့လာသည်။ ကိုစောညိန်းသည် သူတစ်ပါးအသက်ဆိုလျှင် ငါး၊ ဖား၊ ပုစွန်တို့ကိုပင် သတ်လေ့မရှိ၊ အရက်သေစာကိုလည်း လုံးဝမသောက်တတ်ပေ။

ဂျပန်ခေတ်၊ အခြေအနေမှန်သွားသောအခါတွင် ကိုစောညိန်းသည် တောမှာမနေလို၊ မြို့သို့တက်လာ၍ ကြည့်မြင်တိုင်ဘက်တွင်နေသည်။ ကြည့်မြင်တိုင် ဦးဘိုးထူးလမ်း၊ အမှတ် ၁ တွင် ကိုစောညိန်း၏ အစ်မဖြစ်သူ မတင်ညွန့်တို့နေကြသည်။ ထိုအိမ်ရှိ အဒေါ်ဖြစ်သူ ဒေါ်တရုတ်မက သီချင်းဆိုခြင်းအလုပ်ကို မနှစ်သက်သဖြင့် ကိုစောညိန်းသည် သူငယ်ချင်းများနှင့်အတူ ဘုန်းတော်ကြီးကျောင်းတွင် စု၍နေခဲ့သည်။ ကြည့်မြင်တိုင်ကမ်းနားဈေးရှေ့ ဘတ်စ်ကားဂိတ်တွင် ကွမ်းယာ၊ ဆေးလိပ်များကို ဗန်းနှင့်လွယ်၍ ရောင်းသည့်အလုပ်ကိုပင်လုပ်ခဲ့သည်။ ထိုသို့ပြုလုပ်ရင်း ကြည့် မြင်တိုင် အာရှလူငယ် အစည်းအရုံးတွင် ဝင်၍ကူညီသည်။ ကြည့်မြင်တိုင်တစ်ဖက်ကမ်းမှ သိုင်းဆရာကြီးတစ်ဦးကို ပင့်ဖိတ်၍ သိုင်းသင်ကြသည်။ ထို့နောက် ဆရာဦးပြေသိမ်း၊ ဦးချစ်သန်းတို့နှင့် ဆက်သင်ရာ ဆရာဖြစ်လက်မှတ်ရသည်။ ညညတွင် စု၍ တီးကြ၊ ဆိုကြသည်။ တစ်နေ့တွင် ကြည့်မြင်တိုင်ဘက်သို့ မဟာမိတ်လေယာဉ်ပျံများ က လာရောက်ဗုံးချရာ ကိုစောညိန်းသည် ကွမ်းယာဗန်းကလေးကို ခေါင်းပေါ်တင်၍ မြောင်းထဲသို့ဆင်းနေခိုက် အနီးကပ်၍ ဗုံးဆန်တွေကျလာသဖြင့် ကြောက်လန့်သွား သည်။ သို့နှင့် ရွှေတိဂုံဘုရားမြောက်ဘက် သွေးဆေးကန်ကျောင်းရှိ မြို့မဘုန်းကြွယ်တို့နှင့် သွား၍နေခဲ့လေသည်။ ထိုနောက် ကျန်းမာရေးမကောင်းသဖြင့် မိဘများရှိရာ ခရမ်းမြို့သို့ ပြန်၍ဆေးဝါးကုသခံရင်း အနားယူနေခဲ့သည်။ သို့နှင့်ပင် ဖက်ဆစ် တော်လှန်ရေးကြီး ပြီးဆုံးခဲ့သည်။ မြန်မာနိုင်ငံကို စက္ကူဖြူစီမံကိန်းအတိုင်း အုပ်ချုပ်မည့် ဘုရင်ခံဆာဒေါ်မန်စမစ် ပြန်ရောက်လာခဲ့သည်။ နန်းရင်းဝန် ဆာပေါ်ထွန်း ကြီးမှူးသော အစိုးရအဖွဲ့ကို ဖွဲ့၍ ဘုရင်ခံ၏အလိုကျ အုပ်ချုပ်ရေးကို စီမံဆောင်ရွက်လျက်ရှိလေပြီ။

ကိုစောညိန်းသည် တစ်နေ့တွင် ကမ်းနားဘက်သို့ လမ်းလျှောက်ထွက်ရင်း ညနေခင်း၏ ဆည်းဆာအလှကို ကြည့်ရှုနေခဲ့သည်။ ထိုစဉ်တွင် လူတစ်ယောက်သည် မယ်ဒလင်

တီးနေသည်။ ထိုလူတီးနေသည့်အသံကို စိတ်ဝင်စားရင်း သူ့ထံသို့ သွား၍ မိတ်ဖွဲ့ကာ စကားပြောကြသည်တွင် ထိုလူမှာ ဒေးဒရဲမှဖြစ်ကြောင်း သိရသည်။ ထိုသူက ကိုစောညိန်းအား ခင်မင်သွားသဖြင့် သူတို့ဆီသို့လိုက်လာခဲ့ရန် ဖိတ်ခေါ်သည်။

သို့နှင့် ကိုစောညိန်းသည် အသွားတစ်တောင့်တစ်မိုက် ရှိသော ငှက်ကြီးတောင်ဓားကို ပခုံး၌လွယ်၍ ပင်နီတိုက်ပုံ အင်္ကျီ၊ ရှမ်းဘောင်းဘီဝတ်ကာ သိုင်းဆရာအဖြစ်ဖြင့် လိုက်သွားလေသည်။

ဒေးဒရဲအပိုင် လေးရွာသို့ရောက်သွားသောအခါ သူ၏အမည်ကို စောရန်နိုင်ဟု ပြော၍ လူငယ်များကို သိုင်းပညာသင်ပေးနေလေသည်။ တစ်ခါတစ်ရံ မင်္ဂလာဆောင်၊ အလှူရှိလျှင်စုစု၍ တီးကြ ဆိုကြသည်။ ထိုအခါ ကိုစောညိန်းသည် တီးတတ်ဆိုတတ် ရေးတတ်သူဖြစ်ခြင်းကြောင့် လူငယ်များက ခင်မင်ကြသည်။ သို့ရာတွင် ဖက်ဆစ်တော်လှန်ရေးတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် တော်လှန်ရေး ရဲဘော်တို့က **'လွတ်လပ်ရေးမရလျှင် ဆက်တိုက်မည်၊ ခါးတောင်းကျိုက်မဖြုတ်ကြနှင့်ဦး'** ဟု ဗိုလ်ချုပ်အောင်ဆန်း၏ ပြောစကားအတိုင်း အင်္ဂလိပ်အစိုးရ၏ အကဲအလေးကို စောင့်ကြည့်နေသည့်အချိန်ဖြစ်ပေသည်။ ဤအချိန်တွင် ကိုစောညိန်းက သိုင်းဆရာအဖြစ်နှင့် ဝင်လာသောကြောင့် အင်္ဂလိပ်အစိုးရ၏ သူလျှိုလောဟု သင်္ကာမကင်းရှိသည်။ စိတ်မြန်သူများက ဖျောက်ဖျက်ပစ်ကြမည် ကြံသော်လည်း အချို့ကတားမြစ်သဖြင့် နောက်ဆုံးတွင် ချောင်းကြီးရွာတွင် ရှိနေသည့် ၎င်းတို့၏ဆရာဖြစ်သူ ဦးဘဆွေလေး (ရန်ကုန်ဘဆွေ) ထံသို့ ခေါ်လာကြသည်။

ကိုစောညိန်းက သူသည် ဂီတသမားတစ်ဦးဖြစ်ကြောင်း၊ စာရေး ဝါသနာပါကြောင်း၊ ကာတွန်းဆွဲကြောင်း၊ သမာဓိဦးညီညီ၊ မြို့မဘုန်းကြွယ်တို့နှင့် ရင်းနှီးကြောင်း ပြောပြရာ နောက်ဆုံးတွင် ခင်မင်ရင်းနှီးသွားကြသည်။ သို့နှင့် (ဘုံဝါဒ) ဦးအောင်စိန်က တာဝန်ယူတည်ထောင်၍ ရန်ကုန်ဘဆွေက ဒါရိုက်တာလုပ်သည့် ပြဇာတ်အဖွဲ့တွင် ကိုစောညိန်းအား ထည့်သွင်းအသုံးပြုခဲ့သည်။ ထိုစဉ်က စန္ဒရားတီး သူမှာ မောင်ကိုကို (ဂီတလုလင် မောင်ကိုကို) ဖြစ်၍ အလွန်ငယ်သေးသည်။ ကိုညွန့်ကြည် (ယဉ်ကျေးမှုကဇာတ်)က တယောထိုးသည်။ ကိုစောညိန်းသည် တီးဝိုင်းဘက်မှာ လိုအပ်လျှင်ကူ၍ တီးပေးသည်။ ဇာတ်ခုံပေါ်မှာ လိုအပ်လျှင် ဇာတ်ဆောင်ဝင် လုပ်ပေးသည်။ **ခဝဲပွင့်ချိန်** ပြဇာတ်၊ **တာဝန်** ပြဇာတ်၊ **ကိုပေါ၏ဂူ** ပြဇာတ်နှင့် **စစ်ပြန်** ပြဇာတ်ကြီးတို့ကို ကပြခဲ့ကြသည်။ ကိုစောညိန်းသည် တာဝန်ပြဇာတ်၊ ကိုပေါ၏ဂူပြဇာတ်နှင့် စစ်ပြန်ပြဇာတ်တို့တွင် အရေးကြီးသော ဇာတ်ဆောင်နေရာက ဝင်၍လုပ်ပေးရာ များစွာသဘောကျကြသည်။

ငင်းတို့ ပြဇာတ်အဖွဲ့သည် ဒေးဒရဲမှ ဖျာပုံသို့ကူးလာ၍ ဖျာပုံတွင် ပါတီ ရန်ပုံငွေပွဲ ကပြကြလေသည်။ ဖျာပုံတွင် ရဲဘော်မြလှိုင်၏ကူညီမှုအရ ရန်ကုန်သို့ တက်၍ ကပြရန် စီစဉ်ကြသည်။ သို့နှင့် ရန်ကုန်၊ ဗဟန်းရပ်ရှိ နေသူရိန်ရုံတော်ကြီး သို့ရောက်လာကြသည်။ အမျိုးသမီး ငါးဦးနှင့် အမျိုးသား ၅၀ ကျော်ပါသည့် ငင်း တို့အဖွဲ့သည် စစ်ပြန်ပြဇာတ်ကြီးကို ကပြရာ ၂ ရက်သာ ကရသည်။ ပုလိပ်မင်းကြီးက တားမြစ်သောကြောင့် ပုလိပ်ရုံးကြီးသို့ လိုက်၍ရှင်းရသည်။ သူတို့မကြိုက်သော အခန်းကို ပြင်ပေးရသည်။ ထို့နောက် ဆက်၍ ကပြကြသည်။ ဗိုလ်ချုပ်အောင်ဆန်း ကိုယ်တိုင်လာ၍ ကြည့်ရှုရာ တော်လှန်ရေးရဲဘော်တို့၏ ဆင်းရဲဒုက္ခရောက်ရသည့် ဘဝကိုတင်ပြသည့်အခန်းရောက်လျှင် ဗိုလ်ချုပ်ကိုယ်တိုင် မျက်ရည်လည်ရသည်ဟု ဆိုသည်။

စစ်ပြန်ပြဇာတ်ကြီးမှာ နာမည်အလွန်ကြီးသွား၍ တိုးမပေါက်နိုင်လောက်အောင် ကြည့်ကြသဖြင့် ပြဇာတ်စ၍ ၁၅ မိနစ်လောက်ကြာလျှင် ရုံဖွင့်ပေးရလေသည်။ ၁၀ ရက်လောက် ဆက်၍ ကပြခဲ့ကြသည်။ စစ်ပြန်ပြဇာတ်တွင် ကိုစောညိန်းမှာ သူကြီးသားစံမြင့်အဖြစ်နှင့် ဒုတိယဇာတ်ဆောင်လုပ်ရသည်။ ထိုစဉ်က သူ၏ဘိုကေကို ရှည်ရှည်ထား၍ ဘွတ်ဖိနပ်ကြီးကို စီးကာ ရှမ်းဘောင်းဘီဝတ်ထားသဖြင့် မိန်းကလေးများက သူ့ကို မျက်စိနောက်ကြသည်။ ကာတွန်းရုပ်ဟု ခေါ်ကြသည်။ သူသည် အကြောင်းရှိမှသာ စကားပြော၍ ငေးတိငေးတေးငိုင်တိငိုင်တိုင်နေတတ်သည်။ သို့ရာတွင် ဇာတ်ဆောင်လုပ်သည့်နေရာ၊ ဆိုသည့်၊ တီးသည့် နေရာများမှ အလွန်တော်သည်ဟု ချီးကျူးကြသည်။ စစ်ပြန်ပြဇာတ်က ပြီးသည့်နောက် ကိုစောညိန်းသည် ခရမ်းသို့မပြန်တော့ဘဲ ဦးညီညီတို့၏ သမာဓိသတင်းစာတိုက်တွင်ဝင်၍ စာရေးလုပ်နေလေသည်။ တစ်ဖက်ကလည်း စာရေးဆရာဖြစ်အောင် ကြိုးစားမည်ဟု အားခဲထားသည်။ ဝါသနာပါသည့် တယော၊ မယ်ဒလင်တို့ကိုလည်း တီးမြဲတီးသည်။ များမကြာမီ ညီဖြစ်သူ ကိုလှဝေ (အနီ) ရောက်လာရာ ညီအစ်ကို နှစ်ယောက်တို့သည် ဗဟန်း ရွှေဂုံ တိုင်လမ်း၊ ရွှေဂုံတိုင်ကျောင်းဝင်းထဲတွင်နေသည့် သူငယ်ချင်းဖြစ်သူ မမြခင်တို့၏ အိမ်တွင်နေကြသည်။ မမြခင်တို့၏ဖခင် ဦးအောင်ကြီးမှာ ခဲစာလုံး၊ ဘလောက်များ ပြုလုပ်သူဖြစ်သည်။ ကိုလှဝေကို သတင်းစာရောင်းခိုင်းသည်။ မဟန်လျှင် ရုံးတစ်ခုတွင် မင်းစေအလုပ်ကို သွင်းပေးရန် ပြောထားသည်။ ထို့နောက် ညီအစ်ကိုနှစ်ယောက်တို့သည် ကျောက်မြောင်း စကြာလမ်းရှိ အဒေါ်တစ်ယောက်၏အိမ်သို့ ပြောင်းရွှေ့နေထိုင်ကြသည်။ မိမိတို့ဘာသာ ချက်ပြုတ်စားကြသည်။

၁၉၄၈ ခု၊ လွတ်လပ်ရေး ရပြီးနောက် ဇွန်လလောက်တွင် ကိုစောညိန်း၏ မိဘများသည် ရန်ကုန်သို့လိုက်လာကြ၍ ကြည့်မြင်တိုင် ပိတောက်တန်းတွင် စုစည်းနေထိုင်

ကြသည်။ ဖခင်ဖြစ်သူ ဦးမောင်ကြီးမှာ မြင်းပွဲမှ ပင်စင်လစာငွေ ၃၅ ကျပ် ရသည်။ ကိုစောညိန်း၏အစ်မ မတင်ညွန့်မှာ မူလတန်းပြကျောင်းဆရာမလုပ်သည်။ ကိုစောညိန်းက သမာဓိသတင်းစာတိုက်တွင် စာရေးလုပ်သည်။ ညီ ကိုလှဝေက သတင်းစာပို့သည်။ သို့ဖြင့် သူတို့မိသားစုသည် ခြိုးခြံစွာ စားသောက်နေထိုင်ခဲ့ကြသည်။

ကိုစောညိန်းသည် မြို့မဘုန်းကြွယ်နှင့်ဆက်သွယ်၍ စာရေးဆရာသန်းဆွေနှင့် ရင်းနှီးခင်မင်ခဲ့သည်။ ထို့နောက် သန်းဆွေမှတစ်ဆင့် စာရေးဆရာ မင်းရှင်၊ ကိုတင်ဖေ (အောင်လင်း)၊ ဆရာတင့်တယ်၊ ဆရာသာဓုတို့နှင့်လည်း ခင်မင်ခဲ့သည်။ သမာဓိဦးညီညီနှင့် ဆရာသုခတို့ပေါင်း၍ တေးချိုချိုပြဇာတ်ကို မြို့တော်ခန်းမကြီး၌ တင်ဆက်ကပြခဲ့ရာ ပြဇာတ်အဖွင့်တွင် ပိတောက်ပန်းတွေ ပွင့်နေချိန်ဖြစ်၍ ရဲဘော် ကလေးတစ်ယောက်သည် ကင်းစောင့်ရင်း မယ်ဒလင်တီးနေရမည်။ သီချင်းမှာ နတ်ရှင်နောင်သီချင်းထဲမှ ပိတောက်တွေ ရှေရည်လူးကြပေါ့လေ အပိုဒ်ကို သီဆိုရမည်ဖြစ်ရာ ထိုနေရာအတွက် လူရှာရင်း ကိုစောညိန်းနှင့် စပ်မိ၍ သူ့ကိုရွေးလိုက်သည်။ ထိုကစ၍ ဆရာသုခက ကိုစောညိန်းအား နှစ်သက် သဘောကျသွားလေသည်။

ကိုစောညိန်း၏ အသက်မှာ ၂၃ နှစ်၊ ၂၄ နှစ်မျှသာ ရှိသေးသဖြင့် ပညာရှာ၍ အားမရနိုင်သေးချေ။ ပန်းချီပညာကို ဆက်လုပ်မည်ကြံမိသော်လည်း မြန်မာပန်းချီ ဆရာကြီးများထဲတွင် ကမ္ဘာသိသူအချို့ ရှိနေကြပေပြီ။ မြန်မာဂီတပညာရှင်ကြီးများထဲတွင်မူ ကမ္ဘာက သိသူမရှိသေး။ ထို့ကြောင့် ကမ္ဘာကသိသော ဂီတပညာရှင်ဖြစ်အောင် ကြိုးစားမည်၊ မြန်မာ့မူ မြန်မာ့ဟန်နှင့် ကမ္ဘာကိုဖြန့်နိုင်စေရမည်ဟု အားခဲကာ ဆရာရွှေတိုင်အေး၊ စန္ဒယားဆရာမြိုင်၊ စောင်းဦးဘသန်း၊ ဂီတာဦးစိမ်းမောင်တို့ ထံသွား၍ ပညာယူသည်။ သီချင်းကြီးများကို မြန်မာညွန့်ဦးချစ်မောင်နှင့် အမေ ဒေါ်အောင်ကြည်တို့ထံတွင် သင်ယူသည်။ သင်ယူသော အခါ ပတ္တလားနှင့် သီချင်းတက်သည်။ ဖွဲ့အင်မတန်ကြီးသည်။ တစ်ခါတစ်ရံတွင် အိမ်မပြန် တော့ဘဲ အမေဒေါ် အောင်ကြည်တို့အိမ်တွင်ပင် အိပ်၍မိုးလင်းလျှင် သီချင်းကို ဆက်ဆွေး နွေးသည်။ ကျေကျေညက်ညက်ရမှ ပြန်သွားလေ့ရှိသည်။

ထိုအချိန်သည် အသံတိတ်ရုပ်ရှင်များ ပြဆဲဖြစ်၍ အသံထွက်ရုပ်ရှင်ကား နည်းကား နည်းသေးသည်။ ကာဌေးရုံ၊ ဝင်းဝင်းရုံတို့တွင် ပြဇာတ်တွေ လှိုင်လှိုင်ပြနေချိန်ဖြစ် သည်။ ကိုစောညိန်းသည် ပိုက်ဆံရရေးကိုမလိုက်ပေ၊ ဂီတကို ပညာရပ်တစ်ခုအနေနှင့် လိုက်စားသည်။ ကြေးစားအဖြစ် မခံယူလို။ ထို့ကြောင့် နက်နဲသောဂီတပညာကို ရှာဖွေ စူးစမ်းသည်။ သင်ယူသည်။ စမ်းသပ်ရေးသားသည်။ မြန်မာဂီတစာဆိုထဲတွင် မန္တလေးမြို့မှ ဆရာမြို့မငြိမ်းကို နှစ်သက်သည်။ လေးစားသည်။ ဆရာမြို့မငြိမ်းသည် မြန်မာ့မူ မြန်မာ့

ဟန်မပျက်စေဘဲ ခေတ်ဆန်သော အသံကလေးများနှင့် ဖက်စပ်ကာ မြို့မငြိမ်း၏ မူတစ်ခု ဖြစ်အောင် လိုင်းသစ်ထွင်သွားသူဖြစ်သည်ဟု ယူဆသည်။

၁၉၅၀ ပြည့်နှစ်၊ မေလ ၆ ရက်နေ့နံနက်ပိုင်းတွင် ဆန်းသစ်စ ကာလပေါ် အပျော်တမ်းအဖွဲ့မှ သီချင်းများ ထုတ်လွှင့်ရာ နောက်ဆုံးတွင် အဆိုတော် ကိုလှထွန်းက **'ဝသန်ခါဦး'** သီချင်းဖြင့် ဖျော်ဖြေခဲ့သည်။ ဆန်းသစ်စအဖွဲ့မှာ စန္ဒရားကိုလှသွင် ဦးဆောင်သော အဖွဲ့ဖြစ်သည်။ ကိုစောညိန်းသည် သူ့သီချင်းကို ကိုလှထွန်းအား အဆိုခိုင်းရာ ဂီတပညာရှင်များ၏နားတွင် အတော်ဆန်း၍သွားသည်။ ထိုသီချင်းနှင့် ပတ်သက်၍ ဂီတာ ကိုအုန်းလွင်၊ စာရေးဆရာ ကိုမင်းရှင်၊ ကိုအောင်လင်းတို့နှင့် ခင်မင်ရင်းနှီးသွားသည်။ ဆန်းသစ်စအဖွဲ့မှပင် **'ငွေဝန်းသော်တာ'** သီချင်းကို လွှင့်ပြန်ရာ ဤအခါတွင်မူ ကိုစောညိန်း ကိုယ်တိုင် သီဆိုလေသည်။ သူ့အသံသည် အသံကောင်းမဟုတ်သော်လည်း အသံခပ်သေးသေး၊ ခပ်ကျစ်ကျစ်ဖြင့် ဟန်အပြည့်ပါသော အသံဖြစ်သည်။ မှင်မောင်းကောင်းသည်။ သူ့သီချင်းမှာ အသံကောင်းတိုင်းလည်း အော်ဆို၍မရ၊ အထေ့အငေါ့အဟန့်အဖြတ်ကလေး တွေနှင့် ဆိုရသည်။ သူ့သီချင်းများ ကို သီဆိုရာတွင် သီချင်းဆိုနေသည်ဟု သဘောမထား ရ၊ ခံစားချက်ကိုပြောနေသည် ဟုသာ သဘောထားရသည်။ ထို့နောက် **'ဆောင်းနတ်မယ်'**၊ **'နွေဦး'** သီချင်းများကို ဆက်လက်အသံလွှင့်ခဲ့သည်။

သူသည် ဂီတမိတ်ဆွေများနှင့်တိုင်ပင်၍ အပျော်တမ်းအဖွဲ့တစ်ဖွဲ့ ဖွဲ့ရန် ညှိနှိုင်း ကြရာ အားလုံးပင် သဘောကျသဖြင့် အဖွဲ့တစ်ဖွဲ့ ဖွဲ့စည်းကြသည်။ အမည်ကို **ဂီတနက် သန်** ဟု ပေးသည်။ ဘုမ္မိနက်သန်ဆိုသည်မှာ ကောင်းသောကြန်အင်လက္ခဏာနှင့် ပြည့်စုံ သည့်မြေဟု အဓိပ္ပာယ်ရကြောင်း ပေါရာဏကထာအဖြေစာအုပ်များတွင် တွေ့ဖူးသည်။ ထို့ကြောင့် ဂီတနက်သန် ဆိုသည်မှာလည်း ကောင်းသော ကြန်အင် လက္ခဏာနှင့် ပြည့်စုံ သည့် ဂီတပညာဟု အဓိပ္ပာယ်ကောက်ယူသည်။ စန္ဒရားကိုလှသွင်၊ ဂီတာကိုအုန်းလွင်၊ တယော၊ မယ်ဒလင်ကိုစောညိန်းတို့ တီးကြသည်။ တစ်ခါတစ်ခါတွင် တယောသမားကို အခြားမှခေါ်သည့်အခါ ခေါ်ရသည်။ ကိုလှထွန်း၊ ကိုသန်းဆွေ၊ ကိုတင်ဖေ (အောင်လင်း)၊ မသန်းမြင့်၊ စန်းစန်းတင့်၊ လှလှတူးတို့ သီဆိုကြသည်။ ကိုစောညိန်းကိုယ်တိုင်လည်း မကြာခဏ သီဆိုသည်။

၁၉၅၀ ပြည့်နှစ် မြန်မာနိုင်ငံ စာရေးဆရာအသင်းကကြီးမှူး၍ ကာဒြေးရုံ၌ နတ်ရှင်နောင်ပြဇာတ်ကို တင်ဆက်ကပြသည်။ ထိုပြဇာတ်အတွက် ကိုစောညိန်းသည် **နွေနောင်းဝသန်နှင့် ရတုဘုရင်** သီချင်းနှစ်ပုဒ်ကို ရေးပေးသည်။ သို့သော် မင်းသား လုပ်သူ ရွှေညာမောင်မှာ သူ့သီချင်းကို အချိုးကျအောင် မဆိုနိုင်သဖြင့် မဆိုတော့ဟု

ပယ်လိုက်သောအခါ ကိုစောညိန်းမှာ စိတ်ပျက်ရသည်။ သို့ရာတွင် ဆရာသုခက နွေနှောင်းဝသန်သီချင်းကို အလွန်သဘောကျသဖြင့် သူဆိုမည်ဟု ပြောသောအခါ အားတက်ရပြန်သည်။

နတ်ရှင်နောင်သည် သူကိုယ်တိုင် ဆယ်နှစ်ဆယ်မိုး ချစ်ပင်ပျိုးပြီးမှ လက်ထပ်ထိမ်းမြား၍ယူရသည့် ရာဇဓာတုကလျာနှင့် ခုနစ်လသာ ပေါင်းရသည်။ ဓာတုကလျာကွယ်လွန်သဖြင့် စိတ်ပျက်အားလျော့နေသည့်အခိုက် သန်လျင်မှ ဖေင်ကာခေါ် ဖီးလစ်ဒီဘရစ်တိုက လာရောက်တိုက်ခိုက်ဖမ်းဆီးသွားသဖြင့် သန်လျင်သို့ ပါရလေသည်။ ဤတွင် ကျန်ရစ်သူ နတ်ရှင်နောင်၏တပည့် (ဆရာသုခ) က သူ့အရှင် သူ့သခင်နှစ်ပါးကိုတမ်းတလွမ်းဆွတ်သည့် ဇာတ်ဝင်ခန်းတွင် **နွေနှောင်းဝသန်** သီချင်းကို သီဆိုလိုက်ရာပရိသတ်များ ဘဝင်ခိုက်၍သွားလေသည်။ ဤတွင် ကိုစောညိန်းလည်း နာမည်ရသွား၍ဆရာသုခလည်း နာမည်တက်သွားလေသည်။ နွေနှောင်းဝသန်သီချင်းကို ဂီတနက်သန်အဖွဲ့မှနေ၍ ဆရာသုခကိုယ်တိုင် အသံလွှင့်သဖြင့် တစ်နိုင်ငံလုံးက ကြားရပြန်သည်။ ၎င်းကို ဇာတ်ပြားသွင်းပြီး မကြာခဏ ပြန်လွှင့်ပြန်သောအခါ ပို၍ကျော်ကြား လူသိများလာရလေသည်။

တစ်နေ့တွင် ကိုစောညိန်းသည် ကိုသန်းဆွေထံသို့ ရောက်လာ၍ ပွင့်ဦးသီချင်းစာသားကိုပြသည်။ စာသားမှာ ကဗျာဆန်၍နေသည်။ **ဆက်သွယ်သန္တတိ၊ မမြဲသောရုပ်နာမ်၊ ပြောင်းလဲသည့်နယ်** ဆိုသော စာမှာ အလွန်နက်နဲလှသဖြင့် ဘာကိုဆိုလိုသနည်းဟု မေးသောအခါ ကိုစောညိန်းက ရုပ်တရား နာမ်တရားတွေ ပြောင်းလဲတတ်ပုံကိုအဘိဓမ္မာတွင် **သန္တတိသခေါ်ရ** ဟု ပြထားကြောင်း၊ မြစ်ထဲ ချောင်းထဲတွင် စီးဆင်းနေသည့်ရေသည် တစ်ပြင်တည်းဟု ထင်ရသော်လည်း ခဏတိုင်း စက္ကန့်တိုင်းတွင် တစ်ခုနှင့်တစ်ခုမတူဘဲ ပြောင်းလဲနေကြောင်း၊ ပြောင်းလဲနေမှန်းမသိအောင် ဆက်စပ်ထားသည့်တရားကိုသန္တတိဟု ခေါ်ကြောင်းရှင်းပြသည်။ ကိုသန်းဆွေက ဖတ်ကြည့်သောအခါ ပွင့်ဦးကြွေရသည့် မေတ္တာဇာတ်လမ်းတစ်ပုဒ်ကို မြင်လာသည်။ ကိုစောညိန်းသည် သူ၏ခံစားချက်ကိုပြောပြသည်။

ကိုစောညိန်းငယ်စဉ်ဘဝက ၂၁ လမ်း ဦးဘိုးအေးကျောင်းတွင် နေခဲ့စဉ်က 'ခင်' ဆိုသည့် ကျောင်းသူတစ်ဦးနှင့် ရင်းနှီးခဲ့သည်။ ခင်တို့က တိုက်နှင့်ကားနှင့်နေ၍ကိုစောညိန်းက ဆင်းရဲသည်။ ဉာဏ်ကောင်းသည်။ သို့နှင့် တစ်ဦးနှင့်တစ်ဦး ခင်မင်ရာမှသံယောဇဉ်ဖြစ်လာကြသည်။ ရုပ်ရည်ဆနားကမားရှိ၍ တီးတတ်ဆိုတတ်လာသောကိုစောညိန်းအပေါ်တွင် ခင်က အကြင်နာပိုလာသည်။ သို့ရာတွင် ကိုစောညိန်းကမူ အမြင့်

က ပန်းတစ်ပွင့်အနေနှင့် စိတ်ကူးယဉ်နေရုံသာရှိသည်။ နှလုံးသား ဝေဒနာကို ဖွင့်ထုတ် မပြဝံ့ပေ။ ထိုသို့နေစဉ်တွင် ဒုတိယကမ္ဘာစစ်ကြီးက သူတို့နှစ်ဦးအား ခွဲလိုက်သည်။

ကိုစောညိန်းသည် ခရမ်းဘက်သို့ စစ်ပြေးနေရသော်လည်း ခင့်ကိုမူ မမေ့နိုင်ချေ 'ခင်'အပေါ်တွင် စွဲလမ်းမိသမျှကို ဂီတနှင့်အဖော်ပြုရင်းဖြေခဲ့သည်။ ဂျပန်ခေတ် ရန်ကုန်သို့ ရောက်လာသောအခါ 'ခင်' တို့ အိမ်ကြီးမှာ ဗုံးကျ၍ ပြိုပျက်နေလေပြီ။ 'ခင်'တို့ မိသားစုမှာ အထက်အညာသို့ စစ်ပြေးတိမ်းရှောင်နေကြကြောင်း ကြားသိရ သည်။ တစ်နေ့တွင် သူတို့ ကျောင်းမှ ဆရာမတစ်ယောက်နှင့် တွေ့သဖြင့် သာကြောင်း၊ နာကြောင်းမေးရာမှ ခင်တို့ သတင်းကို ကြားရသည်။ ခင်သည် စက်သူဌေးသားတစ်ဦးနှင့် လက်ထပ်သွားပြီ။ ဤတွင် ကိုစောညိန်းသည် အနှစ်နှစ်အလလက သူစိတ်ကူးယဉ်ခဲ့ရသမျှတို့သည် အရည်ပျော်ကျ သွားသကဲ့သို့ ခံစားလိုက်ရသည်။ သူ၏အသည်းလွှာတွင် ပွင့်ဖူး၍ လာခဲ့သည့်တစ်ခုတည်း သော **ချစ်ပန်း –ပွင့်ဦး** ကလေးသည် ကြွေကျမြေခ၍သွားရလေပြီဟု ခံစားလိုက်ရသည်။

ဒုတိယကမ္ဘာစစ်ကြီးပြီးသောအခါ ခင် ... သည် ရန်ကုန်သို့ရောက်လာ၍ ကိုစောညိန်းရှိရာ သမာဓိသတင်းစာတိုက်သို့လာတွေ့သည်။ စက်သူဌေးသားတစ်ဦး နှင့် မိဘများက စေ့စပ်သည်မှန်သော်လည်း 'ခင်'က သဘောမတူသဖြင့် လက်မထပ် ဖြစ်ပေ။ ခင်မှာ ယခင်ကလိုပင် ချောမောလှပလျက်ပင်ရှိသည်။ သို့သော် ကိုစောညိန်းကမူ 'ခင့်အား မချစ်နိုင်တော့ပြီ။ ခင့်အတွက် ပွင့်ဖူးလာသည့် ချစ်ပန်းပွင့်ဦးကလေးသည် ကြွေကျမြေခကာ ခြောက်သွေ့နေပေပြီ၊ တစ်ဖန်ပြန်၍မရှင်နိုင်တော့ပြီ' ဟု ဆိုသဖြင့် ခင်... မှာလည်း ဝမ်းနည်းပမ်းနည်းနှင့် မျက်ရည်သုတ်ကာပြန်သွားရလေသည်။ ဤအကြောင်းကို စာရေးသန်းဆွေက ၁၉၅၁ ခုနှစ်၊ မေလထုတ် ရှုမဝမဂ္ဂဇင်းတွင် ပွင့်ဦးအမည်နှင့် ဝတ္ထုတို တစ်ပုဒ်ရေးထားသည်။ ကိုစောညိန်းသည် တစ်ခါက မြို့မဘုန်းကြွယ်အား ဓာတ်လမ်း တစ်ပုဒ်ကို ပြောပြဖူးရာ **အရူးချစ်** ဆိုသောအမည်ဖြင့် ဝတ္ထုတစ်ပုဒ် ရေးသားထုတ်ဝေခဲ့ဖူး သည်။

**ပွင့်ဦး** သီချင်းကို ဂီတနက်သန်အဖွဲ့မှနေ၍ ကိုစောညိန်းကိုယ်တိုင် သီဆို အသံလွှင့်သောအခါ ညွှန်ကြားရေးဝန် ဆရာဦးခင်ဇော်က ထိုသီချင်းကို ဓာတ်ပြားကူး ယူထားရန် တယ်လီဖုန်းဖြင့်လှမ်း အမိန့်ပေးသည်။ ဓာတ်ပြားကူးပြီးသောအခါ ဓာတ်ပြား လေဘယ် (ကတ်ပြား) ပေါ်တွင် ဤသီချင်းသည် အနုပညာရသအမြောက်ဆုံးသော ခံစားမှုတေးတစ်ပုဒ်ဖြစ်သည်ဟု ဦးခင်ဇော်ကိုယ်တိုင် အင်္ဂလိပ်လိုရေး၍ လက်မှတ် ထိုးထားသည်။ ထို့ကြောင့် ပွင့်ဦးသီချင်းသည် ကိုစောညိန်း၏ အနုပညာအမြောက် ဆုံးသောလက်ရာဟု ဆိုနိုင်ပါသည်။

ကိုစောညိန်းရေးခဲ့သော သီချင်းများတွင် ပွင့်ဦး၏ ဂယက်ရိုက်ခတ်နေသည်ကို တွေ့ရသည်။ သူ၏ရင်ခုန်သံကို ကြားနေရသည်။ မိုး နှေ ဆောင်း သုံးရာသီတွင် 'ခင်' ကို လွမ်းရသည်၊ တမ်းရသည်၊ ရှာရသည်။ 'စိန်'ခေါ်၍ပြေးသကဲ့သို့ ပျောက်သွားသူအား ဤမြေကမ္ဘာကို အခါခါလှန်၍ ရှာရပါစေ၊ နေနှင့်လ မရှိ၍ အလင်း ရောင်မရသဖြင့် မမြင်ရစေကာမူ လက်ဖြင့်စမ်းသပ်၍ရှာနေရသည်ဖြစ်ပါစေ သံသရာ မဆုံးမချင်းလိုက်ရှာနေပါမည် ... စသည့် စကားလုံးကလေးများကို ကဗျာဆန်ဆန် နုနုနယ်နယ် စီကုံးရေးသားတတ်ပေသည်။

ယင်းသို့ ဂီတနက်သန်အဖွဲ့ အသံလွှင့်နေစဉ် ရေနံမြေရှိ ကိုစောညိန်း၏ သူငယ်ချင်း ကိုလှမြင့်၏မိတ်ဆက်ပေးမှုကြောင့် **ရီရီမေ (မြေလတ်မေ)** ဆိုသူ အမျိုးသမီးတစ်ဦးနှင့် မိတ်ဆွေဖြစ်ရသည်။ ရီရီမေသည် ဂီတဝါသနာပါသည်။ ကိုစောညိန်းသီချင်းများကို နှစ်သက်သည်။ ကိုစောညိန်းထံသို့ စာဖြင့်ဆက်သွယ်၍ ကဗျာအကြောင်း၊ ဂီတအကြောင်းများကို မေးသည်။ ဓာတ်ပုံကလေးထည့်၍ပေးသောအခါ ဓာတ်ပုံကိုကြည့်၍ စိတ်ကူးယဉ်ရသည်။ ယခင်က ကိုစောညိန်း၏ပွင့်ဦးသည် ကြွေကျသွားပြီဖြစ်သော်လည်း အသည်းထောင့်တစ်နေရာမှ ချစ်ပန်းဖူးငုံကလေးတစ်ငုံသည် အားယူ၍လာပြန်သည်။ နဂိုက စိတ်သဘောနုနယ်သည့်ကိုစောညိန်းသည် အရွယ်ကလည်း ငယ်သေးသဖြင့် မေတ္တာဝင်္ကပါလမ်းတွင် စမ်းလျှောက်လိုသည့်စိတ်ဆန္ဒ ဖြစ်ပေါ်၍လာပြန်သည်။

သို့နှင့် မြေလတ်မေနှင့် စာအဆက်အသွယ်များပြုကာ စိတ်ကူးယဉ်လျက် တေးသီချင်းများကို ရေးဖွဲ့အသံလွှင့်ခဲ့လေသည်။ အေဝမ်းရုပ်ရှင်မှ ရိုက်ကူးသည့် **ချစ်သက်ဝေ** ဓာတ်ကားတွင် မောင်တင်မောင်နှင့် ကြည်ကြည်ဌေးတို့စုံတွဲ သီဆိုသည့် **မှာလိုက်စမ်းပါရစေ** သီချင်းမှာ ကျော်ကြားသွားပြန်သည်။ ချစ်သက်ဝေကားမှာ ကြည်ကြည်ဌေး၏ ပထမဆုံးကားဖြစ်၍ ထိုကားမှာပင် အကယ်ဒမီရခဲ့သည်။ ထို့နောက် ဆရာသုခက ဗြိတိသျှဘားမားရုပ်ရှင်မှနေ၍ **သည်ဆောင်းဟေမန်** ဓာတ်ကားကို ရိုက်ကူးရာ ကိုစောညိန်းအား **သည်ဆောင်းဟေမန်** သီချင်းကို အနုဆုံး အလှဆုံး အရွှဆုံးဖြစ်အောင် ရေးပေးပါဟု ခိုင်းသဖြင့် သည်ဆောင်းဟေမန်သီချင်းကို ရေးရသည်။ သည်ဆောင်းဟေမန် အစချီဘွဲ့သီချင်းကြီးကို မှီး၍ ခေတ်သီချင်းဖြစ်အောင် ဖန်တီးရာတွင် နုနုလှလှရွှရွှ စကားလုံးကလေးများကို ရှာဖွေကာ ညင်သာနွဲ့နှောင်းပျော့ပျောင်းသည့် တေးသွားဖြင့် ဖွဲ့လိုက်ခြင်းကြောင့် ပို၍ပင် သာယာနာပျော် ဖွယ်ကောင်းသွားလေသည်။ ဤသို့ဖြင့် ဂီတနက်သန်အဖွဲ့သည် လွတ်လပ်ပြီးခေတ် (ပြည်ထောင်စုခေတ်) ဂီတလောကတွင် လူသိများ၍လာရသည်။ အများနှင့်မတူ တစ်မူထူးသည့်တေးသွား၊ တစ်မူထူးသည့်

စာသားများကို တီထွင်ဖန်တီးနေကြသူတွေပါတကားဟု ချီးကျူးကြသည်။

၁၉၅၂ ခုနှစ်တွင် ပြည်တော်သာ ညီလာခံကြီးကို ကျင်းပခဲ့သည်။ ထိုအတွက် ပြည်တော်သာ သီချင်းရေးပြိုင်ပွဲကိုကျင်းပခဲ့ရာ ကိုစောညိန်းသည် ပထမဆုငွေ ၃၀၀ ကျပ်ကို ရရှိခဲ့သည်။ ထိုအခါ ကိတ်မုန့်နှင့်သစ်သီးဝလံများကို ဝယ်ယူကာ ဦးချစ်မောင်နှင့် အမေဒေါ်အောင်ကြည်တို့အား သွားရောက်ကန်တော့ခဲ့သည်။

ထိုစဉ်က ကာလပေါ်တူရိယာဂီတအဖွဲ့ချုပ်ဟူ၍ ဖွဲ့စည်းခဲ့ရာ ဥက္ကဋ္ဌမှာ ဆရာ ရွှေပြည်အေး၊ ဒုတိယဥက္ကဋ္ဌ ဂီတာဦးစိန်းမောင်၊ အတွင်းရေးမှူး ရန်နိုင်ဆွေတို့ ဖြစ်ကြ၍ ကိုစောညိန်းမှာ ဝါဒဖြန့်ပွားရေးမှူးအဖြစ် ဆောင်ရွက်ရသည်။ မကြာမီ အထက် မြန်မာနိုင်ငံမှ ဂီတပညာရှင်ကြီးများ ရောက်ရှိလာရာ ရွှေတိဂုံဘုရားလမ်း ဂျူဗလီဟောရုံတွင် မိတ်ဆက်လက်ဖက်ရည်ပွဲကျင်းပခဲ့သည်။ ဧည့်သည်တော်ကြီးများမှာ မန္တလေး မြို့မအဖွဲ့၊ သင်္ဂဟအဖွဲ့မှ ဖြစ်ကြ၍ အလင်္ကာကျော်စွာဆရာဘကလေး၊ ဆရာမြို့မငြိမ်းတို့ ဦးဆောင် လာကြသည်။ ကိုစောညိန်းတွေ့ချင်သည့် ဆရာမြို့မငြိမ်းနှင့် တွေ့ရပေပြီ။ ဆရာမြို့မငြိမ်း ကလည်း ကိုစောညိန်း၏သီချင်းများကို ကြားရပြီးဖြစ်၍ လိုင်းသစ်ထွင်သော လူငယ်တစ်ဦး အဖြစ် နှစ်သက်သဘောကျနေသည်။ ထို့ကြောင့် မန္တလေးသို့ လာလိုလျှင် အချိန်မရွေးလာ ခဲ့ပါဟု မှာကြားသွားသည်။

ထိုမိတ်ဆက်ပွဲတွင် ကိုစောညိန်းသည် မြန်မာဂီတပညာအကြောင်းကို အနည်း ငယ် ပြောသွားသည်။

ကိုစောညိန်းသည် ဂီတပညာကိုဖော်ထုတ်ရင်း စာရေးဆရာဖြစ်လိုသည့် ဆန္ဒက လည်းရှိသည်။ **မရဏမောင်းသံ** အမည်ရှိ ဝတ္ထုရှည်တစ်ပုဒ်ကို ရေးသား၍ ပဒေသာ မဂ္ဂဇင်းတိုက်ကိုလည်းကောင်း၊ ရှုမဝကိုလည်းကောင်း ပြကြည့်သည်။ ထိုစဉ်က ဝတ္ထု ဆိုလျှင် ချစ်ကြိုက်လွမ်းဆွေးပါမှဟု ယူဆနေသည့် ခေတ်ဖြစ်သဖြင့် သူကြိုးပမ်းထားသည့် သိပ္ပံဝတ္ထုကို စိတ်မဝင်စားကြချေ။ နောက်မှ ခေတ်ပြင်စာပေ ဦးဆန်နီနှင့်တွေ့၍ ဦးဆန်နီ ၏ကူညီမှုကြောင့် လုံးချင်းဝတ္ထုအဖြစ် ထွက်လာသည်။ သူ့ခေတ်အခါတွင် သူ လေ့လာ ထားသမျှ ပညာဗဟုသုတကလေးနှင့် သိပ္ပံဝတ္ထုကို ရေးခဲ့သူဖြစ်ခြင်းကြောင့် စာပေလောက တွင် ရှေ့သို့ရောက်နေသူတစ်ဦးဟု ဆိုနိုင်ပါသည်။

ကိုစောညိန်းသည် တူရိယာဂီတအဖွဲ့ချုပ်အတွက် ဓာတ်ပြားသွင်းရန် သီချင်း တစ်ပုဒ် ရေးလှူပါဟု ဆိုသဖြင့် **မြနန္ဒာသီချင်း** ကို ရေးပေးခဲ့သည်။ မြနန္ဒာသည် မြန်မာဟန်၊ မြန်မာအသံဖြင့် ရေလုပ်သားကြီးတို့၏ဘဝကို အပီပြင်ဆုံး ဖော်ကျူးလိုက်သည့် သီချင်း ဖြစ်ပေသည်။ သူနောက်ဆုံးရေးသား၍ အသံလွှင့်လိုက်သော သီချင်း မှာ **မိုးသက်လေနှင်**

ဖြစ်သည်။

နယ်ရှစ်ခွင် မင်းလွင်ဝန်းကျင်၊ လွမ်းအောင် ဖော်ပြ အာကာဝေဟင်၊ ဘယ်ရှေးဝဋ်ကြွေးတို့တင်၊ ချေပြီထင်ခဲ့ နိမိုရာမဲ့၊ ရှုလှည့်မြင်လှည့်စေချင်၊ ချစ်တဲ့သူရဲ့ ရင်ခွင်၊ သည်မိုးမှောင်တုန်း မောင်ပုန်းပါရစေခင်၊ တစ်ကိုယ်ရေအား ... နွဲ့နွဲ့ တုန်ပြီရွှေဘဝင်၊ ငြိုးရက်တဲ့ ဒေဝါဆွေနတ်သခင်၊ အော် ... မိုးသက်လေနှင်။

အားငယ်သည့်သဘော၊ စိတ်ပျက်နွမ်းလျသည့်သဘောကို ဆောင်နေသည်။ ဤသည်မှာ အခြားကြောင့်မဟုတ်၊ မပြည့်စုံသည့်ဘဝကြောင့်ပင်ဖြစ်သည်။ ကိုစောညိန်းသည် အသက် ၂၆ နှစ်ရှိလာလေပြီ။ အိုမင်းသည့် မိဘနှစ်ပါးကို တာဝန်ယူရသည်။ သမာဓိသတင်းစာ၏ အခြေအနေ မကောင်းသောကြောင့် အလုပ်က ထွက်လိုက်သည်။ အပျော်တမ်းဂီတနက်သန်အဖွဲ့ကို တစ်နှစ်ခွဲမျှ ကြိုးပမ်းတင်ဆက်ခဲ့ရာတွင်ရှိပြီး လုံချည် အင်္ကျီတစ်ထည်ပြီးတစ်ထည်သာ စုတ်ရသည်။ နောက်ထပ် အသစ်မဝယ်နိုင်။ အရွယ် ရောက်လာချိန်ဖြစ်သဖြင့် 'ချစ်ရေး ခင်ရေး၊ လိုက်လေဝေးတယ်၊ စိန်ခေါ်ပါလို့ ပြေးလေ သလားကွယ်' ... ဆိုသည့်အတိုင်း စိတ်ကူးယဉ်လိုစိတ်ကလည်း ရှိလာသည်။

သို့သော် မိမိတွင် ဘာမျှမပြည့်စုံ၊ ငွေကြေးလည်း ချို့တဲ့သည်။ နေရာထိုင်ခင်းလည်း ချူချာသည်။ ရီရီမေ(မြေလတ်မေ) ကလည်း ရန်ကုန်ကိုလာခဲ့မည်ဟု ဆိုသဖြင့် သူတွေ့ရမှာ ရွံ့နေသည်။ မလာပါနှင့်ဟု ပြောရန်လည်းခက်သည်။ လာပြန်လျှင်လည်း လုလုပပ ဧည့်မခံနိုင်မည်ကို စိုးသည်။ ထိုအကြောင်းများကြောင့် ကိုစောညိန်း၏ စာများတွင် အားငယ်သည့်သဘောကို တွေ့ရသည်။ သူသည် ဂီတပညာကို လိုင်းသစ်တီထွင်သူ တစ်ယောက်အဖြစ် အများက လက်ခံခဲ့ကြပေပြီ။ ဆရာမြို့မငြိမ်းသည် မြို့မငြိမ်း၏ မူသစ်တစ်ခုကို တီထွင်နိုင်ခဲ့သည့်နည်းတူ ကိုစောညိန်းသည်လည်း **'စောညိန်း၏ မူသစ်'** တစ်ခုကို တီထွင်နိုင်ခဲ့ပေပြီ။ သို့သော် လူတွေက သဘောမပေါက်ကြချေ။ ထို့ကြောင့် သူက ကိုသန်းဆွေကိုပြောသည် –

**ကျွန်တော်တော့ အနားယူဦးမယ်ဗျာ၊ ကျွန်တော်တို့လုပ်နေတာကို လူတွေက သဘောမပေါက်ကြသေးဘူး၊ မလိုက်နိုင်ကြသေးဘူး၊ လမ်းဘေးက လူတွေဆိုလို့ရတဲ့သီချင်းမျိုးမှ သီချင်းလို့ ထင်နေကြတယ်–**

ဟု ညည်းညူသည်။ ထို့နောက် ဦးကျော်လင်းတို့ ထုတ်ဝေသည့် 'ရန်ကျော်' ဂျာနယ်တိုက်တွင် အလုပ်ဝင်လုပ်သည်။ မိသားစုအရေးကို ပြန်ကြည့်ရန်တာဝန်က ရှိလာသည်။ အေဝမ်းရုပ်ရှင်မှ **"ဝိညာဉ်မေတ္တာ၊ ဝိဇယ၊ ချစ်သက်ဝေ၊ လေထဲကဖူးစာ"**

ရုပ်ရှင်ကားများအတွက် သီချင်းများ ရေးပေးသည်။ ဓာတ်ပြားကုမ္ပဏီတစ်ခုသို့ သီချင်း သုံးလေးပုဒ် ရောင်းလိုက်ရသဖြင့် ပိုက်ဆံကလေး အသင့်အတင့် ရလာသည်။ ဂီတ နက်သန်အဖွဲ့ကို အပျော်တမ်းအဖြစ်မှ သုခမကြေး ၇၀ ကျပ်ရသည့် ပညာရှင်ပိုင်း အဖြစ် တိုးမြှင့်ပေးရန် အရေးဆိုထားချက်မှာလည်း မပြေလည်သဖြင့် အသံလွှင့်ခြင်းကို နားထားလိုက်သည်။ ဤအခါတွင် ရန်ကုန်ကိုလာချင်နေသည့် သူ၏အိပ်မက်ထဲက ချစ်သူ မေ့ အားလည်း လာချင်လျှင် လာခဲ့ပါဟု မှာထားသည်။

ညီလေး ...၊ မင်းလည်း ပေပေတေတေ မနေနဲ့တော့၊ ငါတို့မှာ မိဘတာဝန် ရှိတယ်၊ ငါလည်း စာကျက်ပြီး ၁၀ တန်းကို အင်္ဂလိပ်စာတစ်ဘာသာနဲ့ ဖြေမယ်၊ အောင်ရင် သက်ကြီးတက္ကသိုလ် ဆက်တက်မယ်၊ ငါးနှစ်ခြောက်နှစ်ဆိုရင် ဘီအေ အောင်ရမယ်၊ မင်းလည်း စာမေးပွဲဖြေဖို့ ပြန်လုပ်ပါ ...

ဟု ညီဖြစ်သူ မောင်လှဝေကို ပြောဆိုဆုံးမသည်။ ထို့နောက် စန္ဒရားကိုလှသွင်နှင့်အတူ ဆရာစန္ဒြဆီသို့သွား၍ လက္ခဏာကြည့်ကြသည်။ ဆရာစန္ဒြက ဂီတပညာမှာ အောင်မြင်ကျော်ကြားမှုရှိမည်။ သို့သော် အသက် ၂၇ နှစ်အတွင်း သေနိုင်လောက်သည့် ကိစ္စဖြစ်ရန်ရှိသည်။ မသေလျှင် ရှေ့တွင် ကောင်းစားမည်။ ခရီးရှည်ထွက်ပါဟု ဟောသည်။ ကိုစောညိန်းသည် ဤအတွက်လည်း အတန်ငယ် စိတ်လေးသွားသည်။ ထိုအတွက် ကိုလှသွင်နှင့်အတူ ရန်ကုန်ဆေးရုံကြီးသို့သွား၍ သွေးလှူကြသည်။ မည်သူနှင့်မျှ အတိုက် အခံမဖြစ်ရအောင် ရှောင်သည်။ အိမ်တွင် စာကိုသာဖိ၍ကျက်သည်။ တစ်ခါတစ်ရံ အလုပ် မှုပြန်လျှင် ဦးချစ်မောင် – ဒေါ်အောင်ကြည်တို့ထံ သီချင်းတက်သည်။ သူ နောက်ဆုံးတက် သွားသည့် သီချင်းမှာ 'သန်းယံသာ ကျူးပါတော့တယ်' သီချင်းဖြစ်သည်။ မကြာမီ မန္တလေး သို့ ခရီးထွက်၍ ဆရာမြို့ငြိမ်းထံတွင် အတော်ကြာကြာ နေထိုင်ရန် စိတ်ကူးထားသည်။ သို့သော် ရုပ်ရှင်သီချင်းကလေးများ ရေးနေ၍မသွားဖြစ်သေးချေ။

၁၉၅၂ ခု၊ အောက်တိုဘာလ ၂၉ ရက်နေ့ည ဖြစ်သည်။ ကြည့်မြင်တိုင် ပိတောက်တန်း လမ်းထိပ် လက်ဖက်ရည်ဆိုင်တွင် ကိုလှဝေသည် စစ်တုရင်ကစားနေသည်။ သူငယ်ချင်းတစ်ယောက်က ရုပ်ရှင်ကြည့်ရန်ခေါ်သဖြင့် ပိုက်ဆံမရှိသေး၍ စောင့်နေရာ ခဏအကြာတွင် ကိုစောညိန်း ရောက်လာသဖြင့် သူ့ထံမှ ပိုက်ဆံတောင်း၍ ရွှေတိုင်သီရိ ရုံတွင် ပြနေသည့် အင်္ဂလိပ်မင်းသားကြီး ဘလင်တီနိုပါသည့် ကားကို သွား၍ကြည့် ကြသည်။ ၁၁ နာရီလောက်တွင် ရုပ်ရှင်ပြီး၍ အပြန်တွင် ကိုလှဝေ၏ ဖိနပ်ပျောက်သဖြင့် အုန်းပင်တန်းထိပ်က လူတစ်စုနှင့်စကားများ ရန်ဖြစ်ကြသည်။ ကိုလှဝေသည် အိမ်သို့ပြေး လာ၍ ကုတ်အင်္ကျီကိုချွတ်ထားခဲ့ကာ သံတုတ်ကိုဆွဲ၍ ဆင်းသွားလေသည်။ ကုတ်အင်္ကျီ

ဝတ်၍ စာကျက်နေသည့် ကိုစောညိန်းက ဘယ်ကိုလဲဟု မေးရာ "ဒီအနားတွင်ပါ" ဟု ပြော၍ ထွက်သွားသည်။ ကိုစောညိန်းက စိတ်မချ၍ လိုက်သွားရာ လမ်းထိပ်ရောက်လျှင် ရန်ဖြစ်ကြသည်ကို ဝင်၍ဖျန်ဖြေသည်။ မှူးနေသော တစ်ဖက်က မြင်းလှည်းသမားများသည် ကုတ်အင်္ကျီဝတ်လာသူသည် သူတို့၏ ရန်သူဟု ထင်၍ ဝိုင်းရိုက်ကြရာ ကိုစောညိန်း လဲကျသွားသည်။ ထိုညပင် ရဲကားနှင့် ဆေးရုံကြီးသို့ပို့ရသည်။ ပခုံးက ဒဏ်ရာကြောင့် စကားမပြောနိုင်။ အကြောသေသလို ဖြစ်သည်။ ဦးခေါင်းက ဒဏ်ရာကြောင့် ဦးနှောက်တွင်းသို့ သွေးဝင်သွားသည်။ သို့နှင့် အောက်တိုဘာလ ၃၁ ရက်နေ့ (တန်ဆောင်မုန်း လဆန်း ၁၄ ရက်နေ့) နံနက်တွင် ကွယ်လွန်သည်။

သူမှာထားသည့် 'မြေလတ်မေ' မှာ ရန်ကုန်သို့ဆင်းလာ၍ ရန်ကျော်ဂျာနယ်တိုက်သို့သွားမေးရာ ကိုစောညိန်း စောစောပြန်သွားပြီဆိုသဖြင့် မတွေ့ရချေ။ ထို့နောက် သတင်းစာတွင် ကိုစောညိန်း အရိုက်ခံရ၍ ဆေးရုံတင်ထားရကြောင်း ပါလာသဖြင့် ဆေးရုံတွင်လိုက်၍ ရှာသော်လည်း မတွေ့ရချေ။ သို့နှင့် နောက်တစ်နေ့တွင် ကိုလှဝေက ကိုစောညိန်းဆုံး၍ ၂-၁၁-၅၂ ရက်နေ့တွင် သင်္ဂြိုဟ်မည့်အကြောင်း စာလာပေးသဖြင့် ထိုနေ့တွင် ကြည့်မြင်တိုင် ပိတောက်တန်းသို့ လိုက်သွားရာ မမီလိုက်တော့ဘဲ ကိုစောညိန်း၏ မိဘများနှင့်သာ တွေ့ရတော့သည်။ ဤသို့ဖြင့် ကိုစောညိန်းသည် သူစိတ်ဝင်စားနေသည့် မြေလတ်မေကို တွေ့မသွားရချေ။ **'တစ်ယောက် ဘဝ၏အစနှင့် တစ်ယောက် ဘဝ၏ အဆုံး'** တို့သည် သီသီကလေးပင် လမ်းခွဲ၍ သွားခဲ့လေပြီ။

ကိုစောညိန်းကွယ်လွန်သောအခါတွင် အသက်မှာ ၂၆ နှစ်နှင့် ခုနစ်လတိတိသာ ရှိသေးသည်။ လူငယ်ကလေးတစ်ယောက်ဟုသာ ဆိုရပါမည်။ သို့သော် လူကြီးလို နေတတ်သည်။ ရင့်ကျက်သော ဣန္ဒြေရှိသည်။ သူ၏အရပ်မှာ ငါးပေ၊ ခြောက်လက်မရှိ၍ ပိန်ပိန်သွယ်သွယ်နှင့် အသားလတ်လတ်ရှိသည်။ မိန်းကလေးကဲ့သို့ ပျော့ပျောင်းနူးညံ့သော အမူအရာရှိသည်။ ဝိုင်း၍ကျယ်သော နဖူးနှင့် ခပ်မှိုမှိုမျက်လုံးများက တောက်ကြွားနေသည်။ သူသည် စကားနည်း၍ပြောလျှင်လည်း ချိုချိုသာသာ ပြောတတ်သည်။ သူ့ကို တွေ့ဖူးသူတိုင်းက ခင်မင်ကြသည်။ သူဆုံးသောအခါ ဂီတလောကသားအားလုံးက ဝမ်းနည်းကြေကွဲကြသည်။ နမြောတသကြသည်။ သူသည် သူ့အမည်ကို 'စောငြိမ်း' ဟု မရေး၊ 'စောညိန်း' ဟုသာ ရေးသည်။ သို့ရာတွင် စောငြိမ်းဆိုသည့် စကားလုံးကသာ အနက်ရသည်ဖြစ်သောကြောင့် နာမည်နှင့်လိုက်အောင်ပင် စောစောငြိမ်းသွားရော့ သလားဟု ဆိုရမည်သာဖြစ်ပါတော့သတည်း။

မြန်စာပြန့်

# မိဘနှစ်ပါးထံသို့ ပေးစာ

**သမာဓိသတင်းစာတိုက်**
**ရန်ကုန်မြို့ ၁၉-၆-၁၉၄၇ ခု။**

မိဘနှစ်ပါးထံ ...

ရှိသေစွာ စာရေး အစီရင်ခံပါသည်။ ယခု အနီ ကျွန်တော့်ထံတွင် ရောက်နေပါသည်။ သတင်းစာရောင်းခိုင်းကြည့်ရာ သိပ်နေရာမကျသေးပါ၊ ခရီးစရိတ် ရှုံးနေပါသည်။ သို့သော် ရှုံးသောခရီးစရိတ်ကို ကိုညီညီက စိုက်ပေးပါသည်။ သတင်းစာမှာ အကြွေးလည်းရ၊ မကုန်လျှင် ပြန်သွင်းလို့လည်း ရသော်လည်း စောင်ရေ များများ ကုန်အောင်မရောင်းနိုင်သည့်အတွက် ခက်နေပါသည်။ စောင်ရေ တစ်နေ့ကို အစိတ်သုံးဆယ် အမြဲကုန်အောင် ရောင်းနိုင်လျှင် တိုက်မှလခ သုံးလေးဆယ်လည်း ပေးဦးမည်ဟု ပြောပါသည်။ ယခုသုံးလေးစောင်မျှသာ ရောင်းရပါသည်။

ယခု ကျွန်တော်တို့ ရွှေဂုံတိုင်ကုန်းပေါ်တွင် မြခင်တို့ အဖေနှင့်အတူတူနေလျက် ကိုယ့်ဘာသာ ချက်ပြုတ် စားသောက်ကြပါသည်။ ကျွန်တော့်လခမှာ ယခင်အတိုင်း ပင် ဖြစ်ပါလိမ့်ဦးမည် ထင်ပါသည်။ ပိုအောင်ကြိုးစား၍ ခြိုးခြံနေပါသည်။ အနီအတွက် ရုံးတွင် မင်းစေအလုပ် လခ ၈၀ လောက်ရမည်ဟု ကိုဒွေးက ပြောသဖြင့် ပြန်မလွှတ်သေးပါ။ ၎င်းအလုပ်မှ မရလျှင်လည်း သမာဓိသတင်းစာ လပေးနှင့် ကြည့်သူများအား လိုက်ပို့ရန် အလုပ်ကိုရနိုင်ပါသည်။ သို့အတွက် အနီ ပြန်လာချင်

မှ လာပါမည်။ နေရာမကျလျှင်လည်း လကုန်လောက်ကို ပိုသမျှငွေနှင့် ပြန်လွှတ်လိုက်နိုင်ကောင်း လွှတ်လိုက်နိုင်ပါလိမ့်မည်။

ဆီမီးတန်ဆောင်ကဲ့သို့ ထွန်းပြောင် ထိန်ဝင်းသော ပညာအရောင်ဖြင့် ဇမ္ဗူဒိပ်မြေအပြင်ဝယ် လွှမ်းမိုးလျက် မိဘနှစ်ပါးအား ချမ်းသာစွာ လုပ်ကျွေးနိုင်သည့် ကိုယ်ဖြစ်ပါရမည့်အကြောင်း ဘုရားရှေ့တွင် ညစဉ်ဆုတောင်းလျက် ရှိပါသည်။

**စောညိန်း**

**(၁၉–၆–၄၇)၊ ၆၂–၄၅ လမ်း၊ ကာတွန်းရုပ်စုံဂျာနယ်၊ ရန်ကုန်မြို့။**

(စစ်ပြီးစခေတ် ကာတွန်းရုပ်စုံဂျာနယ်တွင် အလုပ်လုပ်နေစဉ်က ခရမ်းမြို့ရှိ မိဘနှစ်ပါးထံသို့ ပေးသောစာဖြစ်ပါသည်။ အနီဆိုသူမှာ ကိုစောညိန်း၏ညီ ကိုလှဝေဖြစ်၍ ကိုဒွေးဆိုသူမှာ ကိုစောညိန်း၏ ယောက်ဖဖြစ်ပါသည်။ မြခင်ဆိုသူမှာ ၂၁ လမ်းကျောင်းတွင် အတူနေခဲ့သူဖြစ်၍ မြခင်၏အဖေဦးအောင်ကြီးမှာ ခဲစာလုံး၊ ဘလောက်များလုပ်သူဖြစ်ပါသည်။)

❐

# မိုးနေ့အလွမ်း

**တာရာမေးလျက်–**

ရေးရေးရိပ်ရိပ်၊ မိုးတိမ်လိပ်တို့၊ ဆို့ပိတ် ကွန့်မြူး၊ ရောင်မဖြူးသား၊ သောက်ရှူးသော်တာ၊ ကြယ်ဥပါလည်း၊ ရောင်ဝါမလက်၊ မှိန်တစ်ချက်ဖြင့်၊ ပြာညက်ကောင်းကင်၊ ဝလာပြင်ဝယ်၊ ကိုးခွင်ရေမြေ၊ မှိုင်းမှိုင်းဝေမျှ၊ တိမ်လေနင်းမြူ ဆိုင်းပိတ်မူသော်၊ ဝင်းဖြူမလင်း၊ ရောင်မဝင်းတည့်၊ လမင်းသော်တာ၊ ငွေစန္ဒာလည်း၊ အာကာဝေဟင်၊ မိုးတိမ်ပြင်ကို၊ တိုးဝင်မစွမ်း၊ ရောင်ဝါနွမ်း၍၊ လဆန်းမဟုတ်၊ ရောင်ဝါရုပ်သား၊ လဆုတ်ပက္ခ၊ သမယမို့၊ တာရာ့ရူဝင်၊ ခုနစ်စဉ်လည်း၊ မိုးပြင်တိမ်ခြေ၊ ရောင်မျှဝေ သည်။ ။ ရေမြေရေးရေး မှုန်မှေးမှေး။ ။

**မာလာမွှေးလျက်–**

အဝေးသို့တိုင်၊ ရနံ့လှိုင်တည့်၊ ပျံ့ကြိုင်သင်းကြူ ပန်းမဥ္စူနှင့်၊ လေယူပျံ့ပျံ့၊ ဝင်းဝင်းဖန့်လျက်၊ ပန်းကံ့ကော်လှိုင်၊ ပင်လုံးမြိုင်၍၊ ခိုင်ခိုင်ဝင်းဝင်း၊ ကြိုင်လှိုင်သင်းသား၊ အင်ကြင်း ပိတောက်၊ တောကြက်မောက်နှင့်၊ လဲပေါက်ကြက်ရုံး၊ ပင်ဂမုန်းတည့်၊ နန်းလုံးကြိုင်ပါ၊ ဇီဇဝါတို့၊ ခတ္တာနှင်းဆီ၊ သရဖီနှင့် ကတ္တရီဇလတ်၊ ပန်းရင်ခတ်မှာ၊ ထပ်ထပ်ကြိုင်အေး၊ ရနံ့မွှေး၍၊ မြတ်လေးစံပယ်၊ အသွယ်သွယ်နှင့်၊ မယ်ဇယ်သဇင်၊ ပန်းသစ်ပင်ကို၊ ရှစ်ခွင်ပတ်လည်၊ သင်းပျံ့ကြည်မျှ၊ ထုံစီဝေဝေ၊ ကြိုင်လှိုင်ပေသည်။

လေပြည်အေးအေး ထုံမွှေးမွှေး။ ။

**ခါခါဆွေးလျက်-**

မအေးစဖွယ်၊ ဖန်သည့်နှယ်လျှင်၊ ဆန်းကြယ်ကောင်းကင်၊ ထက်တစ်ပြင်သည်၊ ကိုးခွင်မလင်း၊ မြူတိမ်နှင်းတို့၊ ချင်းချင်းဆက်စပ်၊ မိုးမလပ်မျှ၊ ထပ်ထပ်ရေမြေ၊ ဆိုင်းပလေ၍၊ မှိုင်းဝေမှုန်ပြာ၊ ထက်ဝလာ၌၊ အာကာတိမ်လိပ်၊ မဲမှောင်ပိတ်သော်၊ လွမ်းစိတ်သွေးဆောင်၊ ဆွေးရောင်ရောင်တည့်၊ မွှေးအောင်နံ့ကြိုင်၊ သင်းပျံ့လှိုင်၍၊ နိုင်နိုင်ညွတ်လန်း၊ လေပြည်ဖျန်းသော်၊ သည်ပန်းမွတ်မွတ်၊ ဖူးထွတ်ထွတ်ကို၊ ခူးဆွတ်မလျှင်လျှင်၊ ချူခဲ့ချင်လည်း၊ ချစ်ခင်ကြည်ဖြူ၊ ဆင်မည့်သူမှာ၊ ကြည်ဖြူမြတ်လေး၊ မရှိသေးခဲ့၊ မောင်လေးသက်ဝေ၊ လွမ်းစိတ်ပွေသည်။ ။ ထွေထွေတွေးတွေး ကြုံဆွေးဆွေး။

စောညိန်း

၁၄. ၆. ၁၉၃၉

(ကိုစောညိန်း ၁၄ နှစ်သားအရွယ်က လေ့ကျင့်ရေးသားခဲ့သည့် ရတုကဗျာ ဖြစ်ပါသည်။ အစညီ၊ အချညီ၊ ၃၂ ပါဒစီ)

❐

## ဆောင်းနေ့အလွမ်း

**ဝင်းနေနီတျာ**

သူရိယာဟု၊ ဖန်ဝါလှည့်လည်၊ ကြွမြန်းချီလျက်၊ ဥဒည်တောင်စွန်း၊ ယုဂန်ကျွန်းမှ၊ စက်ဝန်းပေါ်ထွက်၊ အရဏ်တက်တွင်၊ နှစ်သက်စဖွယ်၊ လွန်တင့်တယ်သား၊ ရေးခြယ့်ပြုပြင်၊ စုတ်ဆေးတင်သို့၊ ကောင်းကင်အာကာ၊ စိမ်းပြာဝါနှင့်၊ နီတျာဝင်းရီ၊ ဖျန်းရောင်ခြည်ကြောင့်၊ တိမ်နီတိမ်ဝါ၊ ငွေတိမ်ပြာတို့၊ မိလ္လာမြူခြေ၊ ပတ်လွှမ်းဝေသည်။ နှင်းငွေရည်ဖြာဖျန်းသည့်အခါ။

**နှင်းငွေရည်ဖြာ**

ကမ္ဘလာသို့၊ အာကာဝေမှုန်၊ တသုန်သုန်နှင့်၊ မှိုင်းအုံ့လုလု၊ ငွေနှင်းဥကြောင့်၊ မယုစက္ကိန်၊ အာဒေဝိန်ဟု၊ ရဝိန်လင်းလျှံ၊ မှိန်အောင်ဖန်၍၊ စက်ပျံဖန်ဒေါင်း၊ နှင်းငွေ့လောင်းသော်၊ သောင်းလောကဓာတ်၊ အထပ်ထပ်ကို၊ ရစ်ပတ်မှုန်းဝေ၊ မလင်းစေလျက်၊ တိမ်လေ နှင်းမြူတလူလူတွင်၊ လွမ်းသူသက်ဝေ၊ ဆွေးမပြေသည်။ ။ ညှင်းလေ သီတာ လွမ်းသည့်အခါ။

**ညှင်းလေသီတာ-**

ဟေမန္တာမို့၊ ဖြာဖြာယူသွေး၊ လေပြည်အေးသော်၊ ပူဆွေးမပြေ၊ ငယ်ကျွမ်းဆွေကို၊ သက်ဝေတတမ်း၊ နေ့တိုင်းလွမ်း၍၊ စခန်းသာစွ၊ ဝေးဌာနမှ၊ တမ်းတခါခါ၊ ပြန်ရွှေလွှာကို၊

စေရှာလိမ့်နိုး၊ မျှော်တကိုးလျက်၊ ဖော့ရိုးရွှေလည်၊ ကျိုးလုပြီထင့်၊ မဆည် ဗျာထု၊ သည်းကျွမ်းလုအောင်၊ ငွေဥမျက်ရည်၊ တွေးတိုင်းကြွေသည်။ ။ ဝင်းနေ နီတျာ သန်းသည့်အခါ။

စောညိန်း

၂၅– ၁၂– ၁၉၃၉၊ (၁၃၀၀ ပြည့်၊ နတ်တော်လပြည့်နေ)

(ကိုစောညိန်း ၁၄ နှစ်သားအရွယ်က လေ့ကျင့်ရေးသားခဲ့သည့် ရတုကဗျာ ဖြစ်ပါသည်။ အစညီ၊ အချညီ၊ ၂၁ ပါဒစီ။)

❒

## ဂီတဘုံနန်း

စိတ်က စောသည်၊ စိုး သောကနှောင့်
နေမဖြောင့်မျှ၊ တကြောင့်ကြကြ
မအေးရခဲ့၊ ဂီတ ဘုံထွဋ်
မြပြာသာဒ်၌၊ လျောက်ပတ်ချင်းရည်
စံချိန် မီသား၊ သင်္ဂီရပ်တု
လက်ရာနုဖြင့်၊ ပြုစုချင်မိ
ယခုထိလျှင်၊ ရှိသည့်ကြွေးဝန်
တင်လျက်ကျန်၍၊ ဖန်ဖန် တွက်ရေ
ရက် စနေကို၊ ရောက်စေချင်စွ
ဝေးမောလှ၏၊ နေ့ညမကွာ
မသွန်းသာသည်၊ ရွှေနာရဏီ
ဆယ်မူး ရည်ကား၊ ရွှေမည် ကြံစ
လောင်းကာမှုဖြင့်၊ ပုံကြွ ဘနန်း
ဟန်ဖြင့် လွှမ်းလျက်၊ ခြူးပန်းသွယ်ယှက်
ခြူးဆက်ခွေလျ၊ ခြူးကြွခြူးအုံ
လက်စွမ်းကုန်ကို၊ မခြုံလွှမ်းခင်

မိုက ပင်လည်း၊ သက်ဝင်လှုပ်ရှား
တော့မည်လားသို့၊ ထင်မှားယောင်မိ
ဥပမိလျှင်၊ ရဲငြိတောက်ပ
နဂိုလှမို့၊ စို့ကျ ဆောက်နက်
တူတစ်ချက်ကို၊ တင်ရက် မည်ရေး
ဝန်ဖြင့်လေးခဲ့၊ ရှုပ်ထွေးသိခက်
လေးနက်ကျယ်လွန်း၊ ပညာဝန်းဝယ်
တစ်စွန်းတစ်ကွက်၊ လွဲမှားပျက်က
ဆယ်သက်ပေးချေ၊ လျော့မကျေသည်
ရွှေ၏တန်ဖိုး၊ နမြောနိုး၍
ရွံ့စိုးမိမိ၊ ဘယ်မျှရှိဟု
မသိရှာပြီ၊ သက်ဝေရီသည်
သွေဖည်လိမ်းအုံ့၊ တွေး၍လန့်လျက်
ရန့်စိတ်မှာ၊ စေတနာကို
သက်ဝိုးဝါး၊ မယုံစားခဲ့၊
သနားဖွယ်မျှ၊ ပူတတ်လှသည်
စိတ်ချသောငှာ၊ ဘယ်သစ္စာဖြင့်
ကျိန်ကာ ရွက်ရပါမည်နည်း။ ။

**စောညိန်း (ဂီတနက်သန်)**

(ကိုစောညိန်းက မြေလတ်မေထံသို့ လေးလုံးစပ်ကဗျာအကြောင်းနမူနာ ရေးပြသည့်ကဗျာ။ ကိုစောညိန်း၏လက်ရေးစာမူမှ ကူးယူဖော်ပြပါသည်။)

❐

## မတင်သာသည်

ဘယ်ဆုတောင်းဆက်၊ အကျိုးသက်၍
ရေစက်ပေးဆုံ၊ အံ့ဖွယ်ပုံဖြင့်
တွေ့ကြုံကျွမ်းသိ၊ မြတ်နိုးမိခဲ့
အဘိသချာ၊ ယူဇနာဖြင့်
ခြားကွာခွဲခြမ်း၊ မျှော်တိုင်းပန်းမျှ
ချစ်လှမ်းမမီ၊ တစ်မြေစီဝယ်
မညီကြောင်းရေး၊ ခုတိုင်ဝေးသည်
ရီလေးကိုမှ၊ တွက်တိုင်းဆ၍
ဖော်ပြခြင်းငှာ၊ မစွမ်းသာသား
မေတ္တာနှောင်ယှက်၊ လက်ဆောင်ဆက်လျက်
အသက်ကိုပင်၊ နှင်းအပ်ချင်မျှ
ခင်မင်ပါရဲ့၊ အကြွင်းမဲ့သော
တကယ့်စိတ်ရင်း၊ နှလုံးသွင်းကို
အချင်းအရည်၊ဉာဏ်မမီ၍
ဖွဲ့စီရေးကာ၊ မတင်သာသည်
ကဗျာရှင်ကား၊ ပညာရှာခဲ့

သို့ငြားကြောင့်သာ၊ စေတနာကို
သက်ာစိုးနှောင့်၊ စိတ်မဖြောင့်သော်
'ရီ' စောင့်၍သာ ကြည့်ပါတော့။ ။

စောညိန်း (ဂီတနက်သန်)

(မြေလတ်မေ ခေါ် ရီရီမေထံသို့ ပြန်ကြားသော ကဗျာဖြစ်ပါသည်။ ကိုစောညိန်း၏လက်ရေးစာမှ ကူးယူဖော်ပြပါသည်။)

❐

## တစ်ပွင့်တည်းသာ ဖြစ်ပေမဲ့

(စာညွှန့်)

မြင့်မားသော သစ်ကိုင်းတစ်ကိုင်းပေါ်တွင် နားစဖြစ်သော သပိတ်လွယ်ငှက်ငယ်သည် သူ၏ရင်ဘတ်နှင့် အတောင်ကြားမှ အမွေးများကို နှုတ်သီးဖြင့် အယားဖျောက်လျက်ရှိရာမှ တစ်စုံတစ်ခုသောအသံကြောင့် ဆတ်ခနဲ ခေါင်းထောင်ကြည့် လိုက်ရင်း–

ငှက်ငယ်။ ။ ခေါ်သံလိုလို ကြားလိုက်ပါတယ်။ အလို ... ကိုယ့်ကိုယ်ကိုယ် သစ်ရွက်တွေ၊ အမျှင်တွေနဲ့ ရစ်ပတ်ပြီး၊ ဖိုလ်ဝင်နေတဲ့ သနားစရာ ပိုးတွဲလဲကောင်ကလေးပါကလား၊ ကျွန်ုပ်ကို လှမ်းပြီး ခေါ်လိုက်တာ သင်ပဲ ထင်ပါရဲ့နော်။

ပိုးတွဲလဲ။ ။ ဟုတ်ပါတယ် ငှက်ငယ်ကလေးရယ်၊ ကျွန်ုပ်ရဲ့ဘဝဟာ အခုနယ် ဆိုရင် ဘယ်ကိုမှမသွားနိုင်၊ ဘယ်လိုမှမလှုပ်နိုင်တဲ့အခါမို့ ယခု သင့်လို ကျွန်ုပ်အနားကို ကြုံကြိုက်လို့ ရောက်လာတဲ့မိတ်ဆွေများကိုပဲ သိချင်တာကလေးတွေ မေးပြီး အပျင်းဖြေရတော့တာပါပဲ။ ဒါပေမဲ့လည်းလေ– ဒီလိုမသွားနိုင် မလှုပ်နိုင်နေရတာကိုတော့ ကျွန်ုပ်နည်းနည်းလေးမှ ဝမ်း မနည်းပါဘူး။ ဘာပြုလို့လဲဆိုတော့၊ ကျွန်ုပ်ဒီလိုရက်အနည်းငယ်လောက် သည်းညည်းခံပြီး လုပ်နိုင်မှသာ ကျွန်ုပ်ရည်မှန်းထားတဲ့ ပန်းပွင့်ကလေး ရှိရာကို ပျံသွားနိုင်လောက်အောင် အတောင်အလက်နဲ့ ပြည့်စုံတဲ့လိပ်ပြာ ဘဝကိုရမှာကိုး။

ငှက်ငယ်။ ။ အံ့ဩသော အမူအရာနှင့်၊ အလို... သင်တို့လိုလောကကြီးရဲ့ အဖိုးတန်တဲ့ အချိန်တွေကို ပျင်းစရာကောင်းတဲ့နည်းနဲ့ ဖြုန်းတီးပစ်နေလေ့ ရှိတဲ့ ပိုးလိပ်ပြာလောင်းတွေမှာလည်း ရည်မှန်းထားတဲ့ ပန်းပွင့်ကလေးတို့ ဘာတို့ဆိုတာတွေ ရှိသေးသလား။

ပိုးတွဲလဲ။ ။ အနည်းငယ် ပြုံးလိုက်ရင်း ... တခြားလိပ်ပြာလောင်းတွေအတွက်တော့ ကျွန်ုပ် အမှန်မပြောနိုင်ဘူးပေါ့လေ၊ ကျွန်ုပ်အတွက်မှာဆိုရင်တော့... အို... အဆွေ ငှက်ငယ်ကလေးရယ်၊ သည်ပန်းပွင့်ကလေးဟာ တစ်ပွင့်တည်းပေါ့၊ သူဟာ အခု ကျွန်ုပ်နေတဲ့နေရာနဲ့ သိပ်မဝေးလှတဲ့နေရာမှာပဲ ရှိပါလိမ့်မယ်။ ကျွန်ုပ်သာ မလှုပ်နိုင်မရှားနိုင်လို့ သူ့ထံကိုမချဉ်းကပ်ရပေမဲ့ အဆွေတော် တွေ့ဖူးကောင်းတွေ့ဖူးမှာပါပဲ၊ မတွေ့ဖူးသေးလို့ ရှိရင်လည်း တစ်ဆိတ်လောက်သွားပြီး ကြည့်လိုက်စမ်းပါ အဆွေရယ်၊ သူဟာလေ ဟောသည်ကနေပြီး လက်ဝဲဘက်ကိုခွဲထွက်သွားတဲ့ သစ်ကိုင်းကြီးရဲ့ အဖျားခပ်ကျကျကလေးမှာရှိလေရဲ့၊ အတော်တော့ မြင့်မြင့်ကလေးမှာပါပဲ၊ ဒါပေမဲ့ ကျွန်ုပ်အတွက်တော့ မြင့်တာကို ဂရုမစိုက်လှပါဘူး၊ သည်လိုမြင့်တာဟာ တစ်နည်းအားဖြင့် ကျွန်ုပ်အတွက်တော့ ကောင်းတောင် ကောင်းပါသေးတယ်။ ဘာပြုလို့လဲဆိုတော့ ကျွန်ုပ်ဟာ တစ်နေ့နေ့မှာ သည်လောက်အမြင့်ကို အသာကလေးပျံပြီး ချဉ်းကပ်နိုင်မယ့် လိပ်ပြာတစ်ကောင် အမှန်ဖြစ်ရမယ်လို့ ယုံကြည်ပြီးဖြစ်လေတော့၊ သည်လို ကျွန်ုပ်မပျံနိုင်သေးခင် အတောအတွင်းမှာ သူ ကြပ်ကြပ်မြင့်တက်သွားလေ၊ သူ့အတွက် ဘေးရန်နည်းပြီး စိတ်ချရလေပေါ့။

ငှက်ငယ်။ ။ ဩော်... ဩော် ... ကျွန်ုပ် ရိပ်မိပါပြီ။ သင့်ရဲ့ ပန်းပွင့်ကလေးဆိုတာ ဟိုဘက်အကိုင်းထိပ်ဖျားမှာ တစ်ပွင့်တည်းပွင့်နေတဲ့ အဖြူရောင်ပန်းပွင့်ကလေးကို ဆိုလိုတာပဲမဟုတ်လား၊ အင်း ... သင်စွဲလမ်းမယ်ဆိုရင်လည်း စွဲလမ်းလောက်ပါတယ်လေ။ အနီအဝါ အကြောင်အကျား၊ ရောင်စုံတွေ ရောယှက်ပြီး ကလက်နေတဲ့ သည်လောကကြီးရဲ့အလယ်မှာ စွန့်စွန့်စားစား ရိုးရိုးကလေးနဲ့ ယဉ်ပြီး ဖြူစင်တဲ့ အရောင်တောက်ပြလိုက်ပုံကတော့ အံ့ဩလောက်စရာပါပဲ၊ ဒါနဲ့ စကားမစပ်၊ သင့်ရဲ့ပန်းပွင့်ကလေးဟာ အခုဆိုရင်လေ ငုံရာကနေ တဖြည်းဖြည်းရင့်ပြီး ပွင့်တန်သလောက် ပွင့်ခဲ့ရာမှာ အတော်ကလေးပဲ အမွှေးရနံ့တွေကြွယ်နေပြီဆိုတာကိုတော့ သင်မသိသေးပေဘူး

မှတ်တယ်။

ပိုးတွဲလဲ။ ။ အနည်းငယ် တွေဝေသွားပြီးမှ ...၊ သင်ဒီလိုပြောပြလို့ သိရတဲ့ အတွက် ကျေးဇူးတင်ပါတယ်။ ကျွန်ုပ်လည်း မသိရပေမဲ့လို့ ခုလောက် ဆိုရင် သည်လိုပဲဖြစ်ရမယ်ဆိုတာကိုတော့ တွက်မိပါတယ်။ ဒါကြောင့် သူဟာ အစွမ်းကုန်ရင့်ပြီး တင့်တင့်တယ်တယ်ကြီး ပွင့်နိုင်မယ့်နေ့မှာ ကျွန်ုပ်ဟာ လည်း အတောင်အလက်စုံပြီး လေဟုန်ပေါ်မှာ ဝင့်ကြွားနိုင်တဲ့ လိပ်ပြာပျို တစ်ကောင်ဖြစ်ရအောင် ဆက်လက်ကြိုးစားနေရတာပါပဲ။

ငှက်ငယ်။ ။ အေးလေ ... ဒါမှာတော့ ကိုယ့်အတွေးနဲ့ကိုယ်ပေါ့၊ သို့သော်... သနားစရာ ကောင်းတဲ့ လိပ်ပြာလောင်းကလေးရယ်၊ သင်ကအခုလိုအစွဲ အလမ်းကြီးပြီး တစ်ကိုယ်တည်း ကျိတ်ကြံနေတာကို သင့်ရဲ့ပန်းပွင့်ကလေးကကော စိတ်ကူး ထဲကိုမှ ထည့်မိပါ့မလား။

ပိုးတွဲလဲ။ ။ ဩော် ... ဒါကိုတော့ ဘယ်မှာသူသိလိမ့်မလဲ ငှက်ကလေးရယ်၊ သိအောင် လည်း ကျွန်ုပ် မကြိုးစားလိုပါဘူး၊ ကျွန်ုပ် ခူကောင်ဘဝတုန်းကဆိုရင် သူဟာလည်း အငုံကလေးလောက်ပဲ ရှိသေးတယ်။ အဲဒီအခါက သူ့အနား ကို ကျွန်ုပ်အတော်ကလေးပဲ နီးနီးကပ်ကပ်ရောက်ခဲ့ပါရဲ့၊ ဒါပေမဲ့ ကျွန်ုပ်ဟာ သစ်ရွက်ကိုပဲ စားပြီးတော့ နေခဲ့ပါတယ်။ ပန်းပွင့်ဆိုတာကတော့ သူလည်း ပွင့် ကျွန်ုပ်လည်း လိပ်ပြာဖြစ်မှသာ အသာကလေး အလှမပျက်အောင် ဝတ်ရည်စုပ်ယူရမယ့် အာဟာရမျိုးပေကိုး။ ဒါကြောင့် ကျွန်ုပ်ဟာ တိတ်တိတ် ကလေး သည်နေရာကို ပြန်လာပြီး ဖိုလ်ဝင်နေခဲ့ပါတယ်။

ငှက်ငယ်။ ။ ဩော် ဩော် ... နို့ နေပါဦး လိပ်ပြာလောင်းကလေးရယ်၊ သင်ကတော့ "ငါ လိပ်ပြာမဖြစ်ရင် ပန်းပွင့်နားကို မကပ်တော့ဘူး" ဆိုတဲ့ မာနနဲ့နေတာ တော့ မှန်ပါပြီ၊ သင့်ပန်းပွင့်လေးကော သင့်လိုပဲ "ငါမြင့် သလောက်ကို ရောက်အောင် ချဉ်းကပ်နိုင်သူမှ" ဆိုတဲ့ မာနထားပြီး နေလိမ့်မယ်လို့ သင်ယုံကြည်သလား၊ ကျွန်ုပ်အထင်တော့ သင်ဟာ ခူကောင်ဘဝက သူ့ကို စားပစ်လိုက်တာကမှ သူလည်း ပန်းတစ်ပွင့်ရယ်လို့ ဂုဏ်မဝင့်နိုင်တော့ဘူး၊ သင့်အဖို့လည်း ကောင်းလိမ့်ဦးမယ်လို့ အောက်မေ့တာပဲ။ ဒီမှာ ကျွန်ုပ်ပြောပါ့ မယ် အဆွေရယ်၊ လောကကြီးမှာ သင့်လို စိတ်ထားမျိုးချည်းပဲ မဟုတ်ဘူးဆို တာကိုလည်း သတိပြုဦးမှပေါ့၊ အခုတောင်မှပဲ ဟောဟို ကျွန်ုပ်တို့အောက်က မဟာပထဝီမြေကြီးဟာ သင့်ပန်းပွင့်ကလေးနားကို ချဉ်းကပ်နိုင်အောင်

သင့်လိုမကြိုးစားဘဲနဲ့ ပန်းပွင့်ကလေးရယ် ကျွန်ုပ်ရဲ့ ရင်ခွင်ထက်ကို သနားသဖြင့် ကြွေသက်ဆင်းခဲ့ပါတော့လို့ ဒူးထောက်တောင်းပန်နေတာကို သင်မကြားမိဘူးလား၊ နောက်ပြီးတော့လည်း သင့်ပန်းပွင့်ကလေးဟာ သည်လိုသနားစဖွယ် ဒူးထောက်တောင်းပန်နေတဲ့ မြေပြင်ရဲ့ရင်ခွင်ထက်ကို ကြွေကျမသွားဘဲနဲ့ သင့်လို အမြင့်ကို ပျံသန်းချဉ်းကပ်လာမယ့်သူကိုပဲ စောင့်စားပြီးတော့နေလိမ့်မယ်လို့ကော သင်အမှန်ဆိုနိုင်မလား၊ ကျွန်ုပ်ရဲ့ အမြင်မှာတော့ သင့်ပန်းပွင့်ဟာ အခုတောင်မှ ဒူးထောက်အညှံ့ခံသမားအပေါ်မှာ သနားကရုဏာဝင်ပြီး ကြွေချင်ရက်ရက် နဲ့ လေယူရာမှာ ယိမ်းနွဲ့စပြုပြီလို့ မှတ်တာပဲ။ ဒီတော့ တကယ်လို့ သင်ဟာ လေဟုန်ပေါ်မှာ ပျံဝဲနိုင်တဲ့ တစ်နေ့မှာ သင့်ပန်းပွင့်ကလေးဟာ မြေပြင်ရဲ့ ရင်ခွင်ထက်မှာ ဒါမှမဟုတ်ရင်လည်း သင့်ထက်အရင်ဦးအောင် အမြင့်ကို ပျံသန်းချဉ်းကပ်နိုင်တဲ့သူတစ်ဦး နဲ့အတူနှစ်ကိုယ်တွဲပြီး ပျော်ပွဲခံနေနှင့်ပြီဆိုရင် သင် အခုလိုလာကကြီးရဲ့ အဖိုးတန်တဲ့အချိန်တွေကို ပျင်းရိငြီးငွေ့ ဖွယ်ရာကောင်းတဲ့ ဘဝထဲမှာ မြုပ်နှံဆုံးရှုံးခဲ့ရတာတွေဟာ ယူကျုံးမရနိုင် လောက်အောင် ဝမ်းနည်းစရာ မဖြစ်ပေဘူးလား၊ လာပါအဆွေရယ်၊ စိတ်ကူး မလွဲစမ်းပါနဲ့ အရင်ကလို ခူကောင်ဘဝနဲ့ပဲ သင့်အခွံတွေထဲက ပြန်ထွက်လာပြီးတော့ မြစိမ်းရောင်တောက်တဲ့ ဟောသည်သစ်ရွက်ပေါ်မှာ တွားသွားရင်း ကျွန်ုပ်ရဲ့တေးသံချိုနဲ့ လောကကြီးရဲ့ သာယာမှုတွေကိုကြည်နူးလှည့်စမ်းပါ။


။ ဟား ... ဟား ... ဟား၊ အစိုးရိမ်ကြီးပါပဲ ငှက်ကလေးရယ်။ ကျွန်ုပ်အတွက် သည်လိုကရုဏာနဲ့ အကြံပေးတာကိုတော့ ကျေးဇူးတင်ပါရဲ့၊ ဒါပေမဲ့ ကျွန်ုပ်ရဲ့ပန်းပွင့်ကလေးဟာ အခုပဲ တစ်စုံတစ်ဦးရဲ့ ရင်ခွင်ထဲကို ကြွေကျသွားနှင့်ပြီဆိုတောင်မှလည်း ကျွန်ုပ်ဟာ ကျွန်ုပ်ရဲ့ဘဝ လမ်းစဉ်ကို တစ်မျိုးတစ်ဖုံပြောင်းလဲပစ်လိုက်ရလောက်အောင် စိတ်ထားမနုသေးပါဘူး၊ သည်မှာ အဆွေငှက်ကလေး၊ ကျွန်ုပ်ဟာ အတောင်အလက်စုံလို့ လေပေါ်မှာ ပျံဝဲနိုင်တဲ့တစ်နေ့မှာ ကျွန်ုပ်ရဲ့ပန်းပွင့်ကလေးအနားကို ချဉ်းကပ်ခွင့်မရတော့ဘူးဆိုရင်၊ သင်ထင်သလို ပူဆွေးတသ ယူကျုံးမရဖြစ်နေရလိမ့်မယ်လို့များတော့ မအောက်မေ့လိုက်ပါနဲ့။ "ကျွန်ုပ် လိပ်ပြာဖြစ်ခဲ့သော်" ဆိုတဲ့ မျှော်လင့်ချက်ရဲ့ ရည်မှန်းမှုပန်းတိုင်ဟာ သူတစ်ပွင့်တည်းသာ ဖြစ်ပေမဲ့ သူမရှိတော့ဘူးဆိုရင် ကျွန်ုပ် ဘာလုပ်မလဲ သင်သိရဲ့လား – (ဤနေရာ၌ ပိုးတွဲလဲ

ကလေးသည် တွေဝေရပ်ဆိုင်းသွားရာ အဖြေမှန်ကိုရှာ၍ တွေ့သည့်အလား၊ ကြည်လင်အောင်မြင်သော အသံဖြင့် ဆက်လက်ဟစ်ကြွေးလိုက်သည်မှာ) သူ့ထက်မြင့်တဲ့နေရာက ပန်းပွင့်တစ်ပွင့်ဆီကို ပျံသွားမှာပေါ့ ငှက်ကလေးရဲ့ မဟုတ်ဘူးလား ဟား ... ဟား ... ဟား။ ။

စောညိန်း

(ကိုစောညိန်းသည် သီချင်းမရေးမီ စာညွှန့်ကလေးများကို စိတ်ကူးရသလို အကြမ်းရေးလေ့ရှိသည်။ ဤစာညွှန့်ကို သူ၏အကြမ်းရေးထားသော လက်ရေးမူမှ ကူးယူဖော်ပြပါသည်။)

❐

# မောင်စိုးလှိုင်သို့ ပြန်စာ

၁၉၅၂ ခု၊ ဇွန်လ ၁၅ ရက်
ရန်ကုန်မြို့။

ညီလေး မောင်စိုးလှိုင်–

မောင်ရင့်ဆီက ပေးပို့လိုက်တဲ့ စာကို ချိုတေးသံတိုက်အုပ်မြို့မကိုထွန်းအောင်က တစ်ဆင့် အစ်ကိုကြီးကောင်းမွန်စွာပဲ လက်ခံရရှိတဲ့အတွက် အကြောင်းစုံ သိရပါပြီ။

မောင်ရင်ရဲ့ ပေးစာများနှင့်တကွ စိတ်နေသဘောထား၊ အကျင့်ဝါသနာများကို လည်း စာအရ အစ်ကိုကြီး အတော်ကလေးပဲ အကဲခတ်မိတဲ့အတွက် မောင်ရင့် အပေါ်မှာ ညီအရင်းတစ်ယောက်လိုပဲ ကရုဏာသက်မိတဲ့အပြင် မောင်ရင်ရဲ့ အလို ဆန္ဒကို အစ်ကိုကြီး တတ်နိုင်သမျှ ဖြည့်စွမ်းပေးချင်တဲ့ စေတနာပေါ်ပေါက်မိပါတယ်။

သို့သော်လည်း ဂီတနက်သန်အဖွဲ့ဆိုတဲ့ နာမည်နဲ့ စာရေးဆရာကိုစောညိန်းဆိုတဲ့ နာမည်ဟာ မြန်မာပြည်အရပ်ရပ်မှာ အတော်ကလေး ကျော်စောထင်ရှားနေသလောက် ဒီအဖွဲ့ကြီးဟာ ရန်ပုံငွေပစ္စည်းကိရိယာမှအစ အင်မတန် တောင့်တင်းခိုင်လုံလိမ့်မယ်၊ ဒီစာရေးဆရာဟာလည်း အင်မတန် ဝင်ငွေလမ်းကောင်းပြီး ပြည့်စုံကြွယ်ဝတဲ့ လူ တစ်ယောက်ဖြစ်လိမ့်မယ် စသည်ဖြင့် ထင်စားမိရင်တော့ မောင်ရင်မှားနေပြီလို့ မှတ်ပေတော့ မောင်ရေ့။

မောင်ရင် နားလည်အောင် အစ်ကိုကြီးရဲ့အခြေအနေကို ရှင်းပြရမယ်ဆိုရင် အစ်ကို

ကြီးဟာ အနုပညာသမားတို့ရဲ့ သဘာဝအတိုင်း အလုပ်အကိုင် စီးပွားရေးကို လုံးလုံး စွန့်ပစ်ပြီး ကိုယ်မြတ်နိုးတဲ့ဂီတသမားအဖြစ်ကို လုံးလုံးခံယူလိုက်တဲ့ အချိန်ကစပြီး အေဝမ်းနဲ့ ဗြိတိသျှဘားမား ရုပ်ရှင်ကုမ္ပဏီကြီးနှစ်ခုကရိုက်တဲ့ အသံထွက် ဇာတ်ကား တွေအတွက် သီချင်းကလေးများ ရေးရပါရဲ့။ ရေးစကတော့ တစ်ပုဒ်ကို နည်းရင် ငါးဆယ်၊ များရင် တစ်ရာ ဒီအကြားမှာ ရပါတယ်။ ရတယ် ဆိုပေမဲ့ တစ်လ တစ်လ မှာ တစ်ပုဒ်စ နှစ်ပုဒ်စ ရေးရတော့ ပျမ်းမျှကြေး ဝင်ငွေ တစ်လ တစ်ရာလောက်စီတယ် ဆိုပါစို့။

ဂီတနက်သန်အဖွဲ့ကတော့ ရေဒီယိုမှာ အပျော်တမ်းတီးတာကလွဲလို့ တခြား ဘယ်မှာမှ မတီးဘူး။ မတီးတဲ့အကြောင်းကတော့ ဥပမာ –အလှူတို့ မင်္ဂလာဆောင် တို့မှာ အခကြေးငွေနဲ့လိုက်ပြီးတီးရင်၊ မောင်ရင်လည်း တီးဖူးမှာပဲ၊ သိမှာပေါ့၊ လာတဲ့ပရိသတ်က တီးဝိုင်းကို ကျောပေးပြီး သူတို့ဘာသာသူတို့ စားလား သောက်လား ဆူလား ညံလားနဲ့၊ ဘယ်သူကမျှ တီးတာမှတ်တာကို တန်ဖိုးထားပြီး လေးလေး စားစား နားထောင်လို့တုံး၊ အဲဒါကို အစ်ကိုကြီးရဲ့ မျက်စိထဲမှာတော့ ငွေပေးခေါ်ပြီး အနုပညာကို သက်သက်စော်ကားတာလို့ မြင်နေတယ်။ ဒီတော့ သူတို့ပေးတဲ့ ပိုက်ဆံလည်း မလိုချင်ဘူး၊ ကိုယ်အမွန်အမြတ်ထားပြီး လိုက်စားတဲ့ ပညာကိုလည်း စော်ကားမခံဘူး။ ဒါကြောင့် လူ ပရိသတ်များတဲ့နေရာမှာ ဂီတ နက်သန်ဝိုင်းဟာ ပိုက်ဆံနဲ့လည်း မတီးဘူး။ အလကားလည်း မတီးဘူး၊ ရေဒီယို ဓာတ်ပြားတို့လို မျက်နှာကို မမြင်ရတဲ့ နေရာမှာပဲ တီးမယ်ဆိုပြီး ဆုံးဖြတ်သတ်မှတ် ထားလိုက်တော့ ဂီတနက်သန် ဝိုင်းဟာ ငွေဝင်လမ်းလုံးဝမရှိတဲ့အပြင် တစ်ခါတစ်ခါ အသံလွှင့်ချင်ရင် ကုန်ကျစရိတ်လေးငါးဆယ်စိုက်လိုက်ရသေးတယ်။

ခုတော့ ရေဒီယိုမှာ ပိုက်ဆံ ငွေ ၇၀ ကျပ်ရတဲ့ ည ၈ နာရီလွှင့်ဖို့ တောင်းထားပါ တယ်။ အဲဒါတောင်မှပဲ သူ့စရိတ်နဲ့သာလောက်အောင် အတော်ချွေတာပြီး လုပ်ရ တယ်။ တစ်လောကတော့ ဓာတ်ပြားကုမ္ပဏီတစ်ခုမှာ အစ်ကိုကြီးရေးတဲ့ သီချင်းလေး ငါးပုဒ် ရောင်းလိုက်ရလို့ ငွေသုံးရာ့ငါးဆယ်လောက်ရလိုက်ပါရဲ့။ ဒီနောက် ဂီတ နက်သန် တီးဝိုင်းပါ ဓာတ်ပြားသွင်းဖို့ ပြောဆိုဈေးစပ်နေရင်းပဲ ကုမ္ပဏီပိုင်ရှင်များက ခင်ဗျားရေးတဲ့ သီချင်းတွေဟာ အဆင့်အတန်းမြင့်လွန်းပြီး သိပ်ခက်နေလို့ လူတွေထဲ မှာ ခေတ်မစားဘူး။ ဒီတော့ ခေတ်စားအောင် လွယ်လွယ်ကူကူ သီချင်းမျိုး ပြောင်း ရေးပါ။ ဒါမှ လက်ခံနိုင်မယ်ဆိုပြီး ပြောကြတော့ အစ်ကိုကြီးကလည်း အနုပညာ သမားပီပီ သွေးကကြီးကြီးမို့ ကျုပ်အပေါ်စား လမ်းဘေးက သီချင်းမျိုးရေးတဲ့ အကောင်

မဟုတ်ဘူး။ ခင်ဗျားတို့မလိုချင်မယူဘဲ နေရုံရှိတယ်။ ဟိုလိုရေးပါ ဒီလိုရေးပါ ညြဖာမပေးပါနဲ့၊ တကယ်လို့ ခင်ဗျားတို့က ဒီအတိုင်းပဲ လိုချင်တယ်ဆို တာတောင်မှ ကျုပ်ကလည်း တစ်ပုဒ် သုံးရာ မရရင် မရေးဘူးလို့ ဈေးတက်ပစ်လိုက်တာ အဲဒီ ကုမ္ပဏီနဲ့လည်း အဆက်ပြတ်သွားရော၊ အဲဒီအစ်ကိုကြီးမှာ ခုနကပြောခဲ့တဲ့ အေဝမ်းနဲ့ ဗြိတိသျှဘားမားကုမ္ပဏီ နှစ်ခုက မကြာခဏ သီချင်းလာအပ်ကြတဲ့ ဝင်ငွေကလေးနဲ့ပဲ အသက်မွေးနေရတယ်။ ဒါလည်း ကိုယ်ရေးကိုယ်တာအရ မဟုတ်ဘူး၊ အိုမင်းမစွမ်း မိဘနှစ်ပါးကိုပါ ကျွေးမွေးနေရတဲ့ တာဝန်ကရှိနေပြန်တော့ အစ်ကိုကြီးတို့ အိမ်ထောင်မျိုးဟာ ရန်ကုန်စရိတ် ခြစ်ခြစ်ခြုတ်ခြုတ်သုံးရင် တစ်လ နှစ်ရာလောက် ကုန်တယ်။ အဖေကြီးက ပင်စင်လခကလေး ၃၅ ကျပ်ရလို့ နည်းနည်းတော့ ခုမိပါရဲ့။ ဒါပေမဲ့ မလောက်တာကို အပေါင်းအသင်း မိတ်ဆွေတွေ ဆီက ဆွဲယူပြီး သုံးလိုက်ရတာပဲ။

ဒီတော့ ရန်ကုန်မှာ လူတစ်ယောက် တာဝန်ခံပြီးထားရမယ်ဆိုတဲ့ စရိတ်ကို မောင်ရင့်အစ်ကိုကြီးဟာ မတတ်နိုင်တဲ့ လူတစ်ယောက်ဆိုတာ သိစေချင်တယ်။ ဒါပေမဲ့ အစ်ကိုကြီးဆီကို စာရေးပြီး အကူအညီတောင်းလိုက်တဲ့ မောင်ရင့် အကြံ ဉာဏ်ဟာ မမှားဘူး၊ သိပ်မှန်တယ်။

လောကကြီးမှာ ငါတို့အနုပညာသမားအချင်းချင်း ရန်းကန်စားပြီး အားကိုးရ တာဟာ ကြွယ်ဝချမ်းသာတဲ့ ဓနရှင်တွေကို အားကိုးရတာထက် အများကြီး မျှော်လင့် ချက်ရှိတယ်။ အဓိပ္ပာယ်လည်းရှိတယ်။ ဘာဖြစ်လို့လဲဆိုတော့ တစ်သိန်းလောက် ချမ်းသာတဲ့လူတစ်ယောက် မောင်ရင့်ကို ဘယ်လောက်ပဲ သနားတယ်ဆိုဆို ငွေ ၁၀၀ ကျပ် ပေးဖို့ အင်မတန်ခဲယဉ်းတယ်။ တို့အနုပညာသမားတွေကတော့ ဒီလို မဟုတ်ဘူးဟေ့။ ထမင်းနှစ်လုတ်စားစရာရှိတဲ့အထဲက တစ်လုတ်ကို ဖဲ့ကျွေးဝံ့တဲ့ သတ္တိရှိတယ်ဆိုတာ မောင်ရင်ယုံတော့။

မောင်ရင့်ကိစ္စကို အဖွဲ့ထဲမှာချပြီး တိုင်ပင်တော့ အဖွဲ့သားတွေက ဘာပြောတယ် မှတ်သလဲ (ခေါ်သာခေါ်လိုက်ပါ အာစရိရယ်တဲ့၊ ဒီကျမှ ကြည့်လုပ်ကြတာပေါ့တဲ့၊ အဲဒါ အနုပညာသမားတွေရဲ့ စေတနာအမှန်ပဲ) ဒီလိုသာပြောကြတာ သူတို့မှာတော့ ကိုယ့်ဝမ်းမှ ကိုယ်ဝကြတာမဟုတ်ဘူး။

ဒါပေမဲ့ မောင်စိုးလှိုင်ရေ တို့မွဲတဲ့အကြောင်းတွေကို ရေးပြနေတာဟာ မောင်ရင့်ကို လက်မ ခံချင်လို့၊ စေတနာမရှိလို့ ပြောနေတာ မဟုတ်ဘူး။ ဟိုကနေ မောင်ရင်က အထင်ကြီးတစ်ခွဲသားနဲ့ ရန်ကုန်မှာ ဂီတနက်သန်အဖွဲ့သား တစ်ယောက်အဖြစ်နဲ့

နေရရင် သိပ်စမတ်ကျမှာပဲဆိုပြီး ဆင်းလာရင် ဒီကျတော့ မောင်ရင်မှီခိုနေတဲ့ တို့တစ်တွေကိုယ်တိုင်ဟာ ယိုင်နေတာတွေ့ရတဲ့အခါ မောင်ရင်တို့ကို ပြန်ပြီး အားနာနေလိမ့်မယ်၊ စိတ်မကောင်းဖြစ်နေလိမ့်မယ်၊ စားရာသောက်ရာမှာလည်း မျိုလို့ကျမှာမဟုတ်ဘူး၊ အဲဒါတွေကိုမြင်လို့ အစ်ကိုကြီး ခရေစေ့တွင်းကျ ရှင်းပြနေတာ။ တကယ်လို့ မင်းစိတ်ကိုကပေါ့လေ (ဟာ ငတ်ချင် ငတ်၊ ပြတ်ချင်ပြတ် ဒီပညာမလုပ်ရရင် မနေနိုင်ဘူး၊ ကျွန်တော်လာပါရစေလို့) အနုပညာသမားပီပီ မိုက်မိုက်ကန်းကန်း ဆုံးဖြတ်ရဲရင် ဘာမှအရှည်ကြီး တွေးမနေနဲ့ဟော့၊ ဆင်းလာခဲ့ပေါ့၊ စားရအတူ ငတ်ရအတူ တို့ကြည်ကြည်ဖြူဖြူ လက်ခံရဲတဲ့သတ္တိ အဆင်သင့်ရှိတယ်။ အနုပညာသမားပီပီ မိုက်မိုက်ကန်းကန်း ဆိုလို့ အနုပညာသမားတွေကို စော်ကားလိုက်တာလို့ မအောက်မေ့နဲ့၊ တို့အနု ပညာနယ်ဆိုတာ ငတ်မှာတွေ ပြတ်မှာတွေ အားနာတတ်တာတွေကို လိမ်လိမ်မာမာနဲ့ တွေးတောဆင်ခြင်ချင့်ချိန်တတ်တဲ့ အကောင်မျိုးဟာ ဘယ်တော့မှ မစွံဘူး၊ နည်းနည်းလည်း မိုက်တိမိုက်ကန်းကိုယ်ထင်ရာ စွန့်ပြီးလုပ်ဝံ့တဲ့ သတ္တိရှိရတယ်။ အစ်ကိုကြီးတို့လည်း ဒီလိုပဲ လုပ်လာခဲ့ရတာပဲ။

အဲဒီတော့ မောင်ရင်မှာ မလာရမနေနိုင်လောက်အောင် ဆန္ဒပြင်းပြနေသေးရင်၊ နောက်ပြီး ခုနက ပြောခဲ့တဲ့ အနုပညာရဲ့ဆင်းရဲဒုက္ခတွေကို ခံနိုင်ရည် ရှိလိမ့်မယ်လို့ ကိုယ့်ကိုယ်ကိုယ် ယုံကြည်ရင် အချိန်မရွေးသာလာခဲ့။ သိပ်လည်း အားငယ်မသွားနဲ့၊ မောင်ရင်ကံကောင်းရင် သင့်တော်တဲ့အလုပ်ကလေး တို့ရှာပေးကောင်း ရှာပေးနိုင်လိမ့်မယ်။ နောက်ပြီး တို့အဖွဲ့တစ်ဖွဲ့လုံးကလည်း မင်းကို ကျွေးမွေးထားရတဲ့အတွက် တစ်ကွက်ကလေးမျှ တွန့်တိုငြူစူလိမ့်မယ်မဟုတ်ဆိုတာကို ယုံ။ ပညာကတော့ မောင်ရင်ကို ပေးဖို့၊ အများကြီးပေးဖို့ ရှိလိမ့်မယ်လို့ မျှော်လင့်တာပဲ။ နောက်ပြီးတို့ ဂီတနက်သန်အဖွဲ့ရဲ့ နာမည်ဟာလည်း အများကြီးတက်လမ်းရှိနေတယ်။ မောင်ရင်နဲ့ ကံစပ်မိရင် ဝင်ငွေတွေဘာတွေ ကောင်းတဲ့ အဖွဲ့ကြီးတစ်ဖွဲ့ဖြစ်လာရင် ဖြစ်လာလိမ့်မယ်။ ဒါကြောင့် မောင်ရင် လာချင်တာကိုတော့ အစ်ကိုတို့က လုံးဝမတားဘူး။ ကိုယ့်ဟာကိုယ် ချင့်ချိန် ဆုံးဖြတ်ပြီး လာမယ်ဆိုရင် မြန်မြန်သာလစ်လာခဲ့ပေတော့ ကိုယ့်လူရေ ...။

စာရေးရင်ဖြစ်ဖြစ်၊ လူကိုယ်တိုင် လာရင်ဖြစ်ဖြစ် နံပါတ် ၇၃၊ ပီတောက်တန်း ကြည့်မြင်တိုင် ဆိုတဲ့လိပ်စာကို သုံးပါ။

ဒီစာကိုတော့ လာသည်ဖြစ်စေ၊ မလာသည်ဖြစ်စေ မပျောက်မပျက်ပါစေနဲ့၊ အနုပညာရာဇဝင်မှာ အရေးကြီးတဲ့ မှတ်တမ်းတစ်စောင်ဖြစ်နိုင်တယ်။ ကိုယ်နှင့်မကွာ

သိမ်းဆည်းထားပါ၊ လာရင်လည်း တစ်ပါတည်း ယူခဲ့ပါ၊ လက်ခံကော်ပီ မရှိဘူး။

စောညိန်း

ဂီတနက်သန်၊ ၁၅–၆–၅၂။

(ကိုစောညိန်း၏ သီချင်းများကို နှစ်သက်လွန်း၍ တပည့်ခံရန် လာရောက်လိုကြောင်း ခွင့်တောင်းသည့် ရေနံ့သာကိုစိုးလှိုင်ထံသို့ ပြန်သောစာဖြစ်ပါသည်။)

❒

# စာပေသစ် ပြဿနာ

(၁၉၅၁ ခုနှစ်လောက်က မြန်မာစာပေသည် တိုးတက်ရန် အားယူလျက် ရှိနေခဲ့သည်။ ဒုတိယကမ္ဘာစစ်ကြီးပြီးသည့်နောက်ပိုင်းတွင် စာရေးဆရာတို့၏ မျက်စိသည် ပိုမိုကျယ်ဝန်း၍လာသည်ဟု ဆိုနိုင်ပါသည်။ ထိုစဉ်က စာပေသစ်ပြဿနာကို အချေအတင် ရေးသားဆွေးနွေးခဲ့ကြသည်ဖြစ်ရာ ကိုစောညိန်းကလည်း စာပေဂီတအနုပညာနှင့် ပတ်သက်၍ သူ၏အမြင်ကို တင်ပြဆွေးနွေးခဲ့သည်။ သူ၏ဆောင်းပါးကလေးသည် ယခုတိုင် သိစရာမှတ်စရာကောင်းနေသေးသောကြောင့် သူ၏လက်ရေးစာမူမှယူ၍ ဖော်ပြလိုက်ရပါသည်။)

အနုပညာအကြီးစားတစ်ရပ်ဖြစ်သော ဂီတသည် အခြားအနုပညာအကြီးစားတစ်ရပ်ဖြစ်သော စာပေနယ်အတွင်းသို့ ချင်းနင်းဝင်ရောက်စပြုခဲ့လေပြီ။ သဘာဝကျသော တိုးတက်မှုတစ်ခုပင်ဖြစ်ပါ၏။ သို့သော် အသည်းလိုက် အူလိုက်နှစ်ခြိုက်အားရ ဝမ်းမြောက်ဖွယ် မဟုတ်လှသေး။ အဘယ်ကြောင့်နည်း၊ ထိုအနုပညာနှစ်ရပ်ကား သမားရိုးကျ အစဉ်အားဖြင့် ဘယ်နံ့ရောအခါမျှ ကွဲကွာစကောင်းသည်မဟုတ်ပါဘဲလျက် မြဝတီခေတ်၏ သည်မှာဘက်တွင် တဖြည်းဖြည်း ကွဲကွာလာခဲ့ရာ ယခုမှ အနိမ့်ဆုံးသော အခြေအနေနှင့် ပြန်လည်ဆုံစပ်ရန် စကားကမ်းလှမ်းမိရုံမျှသာ ရှိသေးလေ၍ စာပေနှင့်ဂီတကို အမြင့်ဆုံး အခြေအနေ၌ တွေ့ဆုံမိစေလျက် စံချိန်ပြုခဲ့သော မြဝတီခေတ်၏ အဆင့်အတန်းကို မီအောင်ပင် အတော်ခဲယဉ်းနေသေးသည်။

စံချိန်သစ် ပြုရန်ကား ဝေးလှပေ၏။ သို့ကြောင့် တီထွင်ဆန်းသစ်ဆိုသော စကားကို ခေတ္တဆိုင်းငံ့ထားသင့်လေသည်။ စံချိန်ဟောင်း အဆင့်အတန်းကို ပြန်လည်ထူထောင်မှုဖြင့် မြဝတီမင်းကြီး၏ စာပေနှင့်ဂီတအရည်အချင်း စွယ်စုံကောင်းကို အမီလိုက်နိုင်သည့် ပုဂ္ဂိုလ်မွန်တို့ ပေါ်ထွက်လာသောအချိန်၌ကား တိုးတက်သော တီထွင်ဆန်းသစ်မှုသည် လိုအပ်၍ လာပေမည်။ ထိုတိုးတက်မှုသည်လည်း တကယ်တိုးတက်သည်ဟု အမည်ခံထိုက်သော တိုးတက်မှုအစစ်ဖြစ်ရပေမည်။ ယခု စာပေသမားများသည် နှစ်ပေါင်းများစွာ ကွဲကွာခဲ့သော ဂီတဘက်သို့ ပြန်လည်အာရုံပြုရန် သတိရလာကြ၏။ သတိရ၍ အာရုံစူးစိုက်လိုက်သောအခါ ဂီတနှင့်တွဲဖက်လျက်ရှိသော စာပေ အဆင့်အတန်းသည် ဖောက်ထိုးမိုးမျှော်နိမ့်ဆင်းလျက်ရှိသည်ကို သိမြင်လျက် စံချိန်ဟောင်းကို ပြန်လည်ထူထောင်လိုသော စေတနာဖြင့် စာနယ်ဇင်းများမှနေ၍ ဂီတသမား များဘက်သို့ လက်ကမ်း၏။

ထိုလက်ကမ်းမှုကား နည်းလမ်းမှန်ကန်သော သဘောတရားရေး သက်ဝင်သော်လည်း လုပ်ငန်းစဉ်မှားယွင်းမှုကြောင့် စေ့စပ်ချစ်ကြည်ရေးထက် ပဋိပက္ခမှုသို့ ရှေးရှုလျက်ရှိပေသည်။ မှားယွင်းသည်ဟု အဘယ်ကြောင့် ဆိုနိုင်သနည်း။

စာပေနယ်၌ ဝေဖန်မှုသည် ရိုးခဲ့လေပြီ။ အလေ့အကျင့်များမှုကြောင့် အတော်အသင့်လည်း ခံနိုင်ရည်ရှိလာကြလျက် စေတနာဆိုးနှင့် ဝေဖန်သူကို လျစ်လျူပြု၍ စေတနာကောင်းနှင့် ဝေဖန်သူကို လက်ခံဆွေးနွေးနိုင်သည့် စိတ်မျိုး မွေးမြူနိုင်လာကြလေပြီ။ (စာပေသမားတိုင်းမဟုတ်သေး၊ အများအားဖြင့်သာ ဆိုရသည်) ဂီတနယ်၌ကား ဝေဖန်ခြင်းသည် စော်ကားခြင်းပင် ဖြစ်သည်။ သူ့ဘာသာ အယူအဆနှင့် သူဖြစ်၍ ထိုသို့မယူဆပါနှင့်ဟု ဆို၍မဖြစ်နိုင်ချေ။ သင်သည် ရောမမြို့၌နေစဉ် ရောမလူမျိုးလိုနေပါဆိုသော သိုးဆောင်းစကားပုံကဲ့သို့ ဂီတသမားနှင့် ဆက်ဆံလိုလျှင် ဂီတသမားလို ဆက်ဆံရမည်။ ဝေဖန်မှုမှသည် ဆွေးနွေးမှုသို့ အဆင့်အတန်းတက်လျက် တိုးတက်မှုကို ရယူလိုသော မျှော်လင့်ချက်ကား ကိုယ့်နားရွက် ကိုယ် ကြည့်ချင်သူသည် မှန်ထဲ၌ မြင်ရဦးမည်။ ကြာလေဝေးလေသာ နေပေမည်။

စာပေသစ် အမှတ် (၁) အောင်လင်း၏ ဆောင်းပါးတွင် ယခုအခါ ဂီတဘက်တွင် နှစ်စုကွဲနေသည်။ တစ်စုကား စာပေကို ကျွမ်းကျင်လျက် ဂီတကို ကောင်းစွာ မနိုင်နင်းသော ဆရာများ၊ တစ်စုကား စာပေမကျွမ်း ဂီတသက်သက် ကောင်းစွာနိုင်နင်းသော ဆရာများဟု ခွဲခြားပြခဲ့သည်။

အမှန်မှာ နှစ်စုမဟုတ်၊ သုံးစုကွဲမှုဖြစ်ပေမည်။ တတိယအစုမှာ ဂီတရော စာပေပါ စွယ်စုံနိုင်နင်းချင်သော (ဘာမျှမနိုင်နင်းသေး၍ နိုင်နင်းချင်သော ဟုသာ ဆိုရမည်)

လူငယ် အများစုဟူ၍ဖြစ်သင့်သည်။ အောင်လင်းမှာ တတိယအစု၌ နေလိုဟန်ရှိသော်လည်း ပထမအစုဆရာများ၏ လမ်းစဉ်သို့ လိုက်နေမိသဖြင့် ဤအတိုင်း ဆက်လက်သွားလျှင် ပထမအစုထဲသို့ ပါသွားမည်စိုးရပေသည်။

ရှင်းဦးအံ့ – ပထမအစုဆရာများသည် အဘယ်ကြောင့် ဂီတကို ကောင်းစွာ မနိုင်နင်းသနည်း၊ ရှာဖွေစူးစမ်းရမည်။ ၎င်းတို့ညာဏ်နည်း၍ကား မဟုတ်နိုင်ချေ။ ဂီတကို တကယ်နိုင်နင်းကျွမ်းကျင်သော ဆရာများ၏ အကူအညီရသင့်သလောက် မရ၍ဖြစ်ပေသည်။ အဘယ်ကြောင့် မရသနည်းဆိုသည်ကား များစွာ တွေးတောနေရန်မဟုတ်၊ ရှင်းလှပေသည်။ ထိုဆရာများမှာ မိမိတို့ စာပေနိုင်နင်းမှုကို အသားယူလျက် ဂီတသက်သက်ဆရာများကို ပမာမခန့် မိမိတို့လောက် မတတ်မသိဟု ယူဆကာ နှိမ့်ချချင်သောကြောင့် အတုံ့အပြန်အားဖြင့် သင့်တင့်စွာစပ်မှုမရသည့်အတွက် ဖြစ်ပေသည်။

ကျွန်ုပ်တို့ တတိယအစု လူငယ်များကား ဂီတသက်သက်ကောင်းစွာ နိုင်နင်းကျွမ်းကျင်သော ဆရာများနှင့် ပဋိပက္ခဖြစ်မှုကို မည်သည့်နည်းနှင့်မျှ ထောက်ခံအားပေးခြင်း မပြုနိုင်ချေ။ ထိုဆရာများထံမှ ကူညီမှုကို အနည်းအများမဟူ ရနိုင်သမျှ စစ်ထုတ်ယူရန်လိုအပ်ပေသည်။

စာပေနှင့်ဂီတ စွယ်စုံပြောင်မြောက်ရေး၌ ယခုခေတ် လူငယ်များသည် အထက်တန်းပညာရပ်များအထိ စာပေကို ရည်ရွယ်ချက်မဲ့ လိုက်စားခဲ့မိသည့် ကျေးဇူးကြောင့် မည်သူကိုမျှ များစွာ အားကိုးရန်မလိုဘဲ စာကြည့်တိုက်များ၊ စာအုပ်စာတမ်းများကို မိမိဘာသာ မွေနှောက်လိုက်စား ကြိုးစားနိုင်အောင် အခြေခံရှိခဲ့ပြီဖြစ်သော်လည်း ဂီတဘက်ကမူ ဒုတိယအစုဖြစ်သော ဂီတသက်သက်နိုင်နင်းသည့် ဆရာများမှတစ်ပါး အားကိုးရာမရှိချေ။ ကိုယ့်ဘာသာ လေ့လာလိုက်စား တိုးတက်နိုင်သော ပညာလည်း မဟုတ်ချေ။

ငါ့မှာ ဘယ်ဆရာ ဘယ်ဆရာ လက်ကိုင်ရှိသားပဲ၊ ဘယ်ဆရာ ဘယ်ဆရာတွေထံက အကူအညီမရလည်း ကိစ္စမရှိပါဘူး ဟူသော အယူအဆမှာလည်း သင့်လျော်သော အယူအဆမဟုတ်ချေ။

ဂီတဘက်တွင် နာမည်ကြီးသော ဆရာတိုင်း တစ်မျိုးစီတစ်မျိုးစီ မိမိသန်ရာ အကောင်းကလေးတွေ ရှိတတ်သည်ဟု အောင်လင်းကိုယ်တိုင် ဝန်ခံခဲ့သည့်အတိုင်း ထိုအကောင်းကလေးများအားလုံးကို မိမိထံတွင် စုမိမှသာ ပြောင်မြောက်သော ဂီတမည်ပေမည်။

တီထွင်ဆန်းသစ်သော ဂီတစံချိန် မြင့်နိုင်ရေး၌ ဒုတိယအစုဆရာများကို အားကိုးရန် မရှိသော်လည်း၊ ထိုတီထွင်ဆန်းသစ်သော စံချိန်ကို ပြုနိုင်မည့် စွယ်စုံပုဂ္ဂိုလ်မျိုး

ပေါ်ပေါက်ရေး၌ကား ထိုဆရာများကို ပစ်ပယ်၍မရချေ။ ထို့ကြောင့် စာနယ်ဇင်းများမှ ဂီတအကြောင်း ဆွေးနွေးလိုမှု၊ ဝေဖန်မှုကို ရှောင်ရှားလျက် မေးခွန်းသက်သက်ဖြင့်သာ ဒုတိယ အစုဆရာများ၏ ယူဆချက်ကို ရယူသင့်ပေသည်။

တီးကွက်မှုကိစ္စ၌ကား အငြင်းပွားနေကြသည်ဟု ဆိုသော်လည်း အမှန်မှာ တစ်ကျပ်မှုးတင်းနှင့် ဆယ့်လေးပဲ ငြင်းကြသည့် ငြင်းနည်းမျိုးသာဖြစ်လေသည်။ အောင်လင်း ခွဲခြားပြသည့်အတိုင်း ရှေးသီချင်းကြီးများ၏ တီးကွက်များကို မိမိဉာဏ်စွမ်းဖြင့် တီထွင်ဆန်းသစ်၍ တီးမှုတ်လိုသော လူငယ်များနှင့် ရှေးမူမပျက် တီးမှုတ်လိုသော ဆရာကြီးများဟု နှစ်စုခွဲ၍ ရေးရမည်ဖြစ်သော်လည်း အမှန်မှာ လူငယ်များ အစုကလည်း ရှေးမူကို မပစ်ပယ်ဝံ့ချေ။ ရှေးမူကို နိုင်နင်းစွာရရှိပြီးမှ တီထွင်ဆန်းသစ် ၍ ရလေသည်။ ဆရာကြီးများကိုယ်တိုင်လည်း မူကိုဖျက်၍တီးသည်ကို ကျွန်ုပ်ကိုယ်တိုင် နားနှင့်ဆတ်ဆတ်ကြားခဲ့ရပေသည်။ ချစ်သမျှကို ပတ်ပျိုး။ သံသာလေ ကမ်းတိုင် အပိုဒ်တွင် သံ သာ လေ ကမ်း တိုင် ... သံ ... သာ ... ကမ်း ... တိုင် ... သံသာ... သံ သာ.... သံသာကမ်းတိုင်.... သံသာ ... သံသာ ...ကမ်းသာ ကမ်းတိုင် ... အစရှိသည်ဖြင့် အသံကျတစ်မျိုးစီဖြင့် ထပ်ပြန်တကျော့ကျော့ သီဆို တီးမှုတ်လေသည်။ အခြားနေရာတွင်မဟုတ်၊ ဂီတအဖွဲ့ချုပ် ဥက္ကဋ္ဌဒေါ်စောမြအေးကြည်၏ နေအိမ်ပေါ်တွင် ဂီတမယ်ညွှန့်ပေါင်း အသံလွှင့်ရန် သီချင်းတိုက်နေကြခြင်း ဖြစ်သည်။

မှိုင်းပြာဝေ ပတ်ပျိုးတွင် ခုနစ်ပေါက်မှစ၍ ကောက်ခြင်းနှင့် သုံးပေါက်ကစခြင်း ကဲ့သို့ မူကွဲတွင်ကား ဒီမိုကရေစီခေတ်ဖြစ်၍ အများသဘော ကြိုက်ညီရာတွင် မူမှန်ဟု ယူဆသင့်လေသည်။ ထိုအများကလည်း ရမ်း၍ ကြိုက်ညီကြသည်မဟုတ်ချေ။ တတ်သိနားလည်သူ ပုဂ္ဂိုလ်များပင်ဖြစ်၍ မူမှန်လည်း ဟုတ်ဟန်လက္ခဏာရှိပေသည်။ သို့ရာတွင် ဒုတိယမူကိုလည်း မှားသည်ဟု ငြင်းခုံနေမည့်အစား သည်လိုလည်း ရှိသေးပါကလားဟု မှတ်သားထားရန်သာ သင့်ပေသည်။

အသံကျတူ၊ စည်းတူနယ်နိမိတ်အတွင်း၌ တီးဟန်လက်ကျနှင့် ဖွဲ့ပုံကွဲပြားခြင်းကား ကွဲပြားသည်ဟု မဆိုနိုင်ချေ။ မကွဲပြားပါကလည်း ညံ့သူ ကောင်းသူ ချန်ပီယံဟူ၍ ရှိတော့မည် မဟုတ်ချေ။

နယ်နိမိတ်ဟုဆိုသဖြင့် ထိုနယ်နိမိတ်၏ အကျယ်အဝန်းသည် အဘယ်မျှရှိသင့်သနည်းဆိုသော အချက်တစ်ချက်မှာ ပေါ်ထွက်၍လာပြန်လေသည်။ ထိုပြဿနာ၏အဖြေမှာ တီးကွက်မှုပေါ်တွင် အခြေတည်သည်ဖြစ်၍ မူ ရှိသင့် မရှိသင့်ဟူသော ပြဿနာကို ရှေးဦးစွာ စဉ်းစားရပေမည်။

အမှန်မှာ မူသည် ရှိရပေမည်။ ရှိရရုံမျှမက ဂီတသည်လည်း လူမျိုးတစ်မျိုး၏ ခေတ်က ရှိခဲ့ဖူးသော ယဉ်ကျေးမှု အဆင့်အတန်းကို ဖော်ပြနိုင်သည့် ကြေးမုံတစ်ခုဖြစ်၍ သီချင်းကြီးတစ်ပုဒ်၏ တီးကွက်မူသည် ၎င်းသီချင်း စတင်ဖြစ်ထွန်းခဲ့သော အချိန်က ရှိခဲ့သည့် တီးကွက်မူကို အသံကျ စည်းအရေအတွက်သာမက တီးဟန်နှင့် ဖွဲ့ပုံကိုပင် ထက်ကြပ် သို့မဟုတ် အနီးကပ်နိုင်ဆုံးရအောင် ဖော်ထုတ်ရမည်။

မည်သည့်အရာသည် အနီးကပ်ဆုံးဟု ဆုံးဖြတ်ရန် တာဝန်ကား ဆိုခဲ့ပြီးသည့် အတိုင်း ဒီမိုကရေစီနည်းအရ အများ ကြိုက်ညီရာ ဆုံးဖြတ်ရန်မှတစ်ပါး အခြား နည်းလမ်း မရှိချေ။

ထိုသို့ ဆုံးဖြတ်ပြီးသောအခါ ထိုမူကို မပျက်မစီးတည်တံ့ရန် တူရိယာ သင်္ကေတ ဖြင့် မြန်မာသီချင်းကြီးများကို ရေးမှတ်နိုင်ပြီဆိုသော ဆရာအား နေရာပေးသင့်ပေသည်။ ထိုဆရာကလည်း မိမိကြိုက်နှစ်သက်သော အခြားမူကွဲ ရှိသေးက အခြားကျမ်းတစ်စောင် တစ်ဖွဲ့ပြုလိုလျှင်ပြု၊ မပြုလိုလျှင်နေ။ အများဆုံးဖြတ်ထားသော မူကိုကား မူမှန်ဟူ၍ အသိအမှတ်ပြုရန် တောင်းပန်အပ်ပေသည်။

တီးကွက်ကို တီထွင်ဆန်းသစ်၍ တီးလိုသည်ဟုဆိုသော လူငယ်များသည်လည်း နယ်နိမိတ်ကို ကိုယ်ကြိုက်သလို အကျယ်အဝန်းထား၍ တီထွင်ဆန်းသစ်ကြပါ။ ကောင်းလျှင်နားထောင်ပါမည်။ သို့သော် ရှေးသီချင်းကြီးတစ်ပုဒ်ကို တီထွင် ဆန်းသစ်၍ တီးမည်ဟု မကြံစည်မီ ထိုသီချင်းကြီး၏ ပေါ်ပေါက်စခေတ်က ဂီတ အဆင့်အတန်း ယဉ်ကျေးမှုကို ဖော်ပြချက်ပါသော မူအစစ်၏ အနီးကပ်ဆုံးဟု အများ ဆုံးဖြတ်သောမူကို ရှေးဦးစွာ ရအောင်ယူရမည်ဟူသော အချက်ကိုမူ ဝန်ခံပါ။

သို့မဟုတ်ပါက ခလုတ်တိုက်သည်၊ ဖားပြုတ်ကိုက်သည်၊ တရုတ်ရိုက်သည် ဆိုသကဲ့သို့ တစ်ဆင့်ပြီးတစ်ဆင့် တီထွင်ပြီးရင်း တီထွင်ကာ နယ်နိမိတ်မရှိတော့ဘဲ ခေတ်ပြကြေးမုံများသည် ကွယ်ပျောက်သွားဖွယ်ရာ ရှိလေသည်။

ဤအချက်ကို ငြင်းလိုလျှင်ကား မြစေတီကျောက်စာ၊ ကလျာဏီကျောက်စာ စသော ကျောက်စာများကို ယခုခေတ်နှင့် မဟပ်မိဟု ဖျက်ဆီးပြီး ယခုခေတ်သုံးစာသားနှင့် ရေး၍ ကျောက်တိုင်အသစ်စိုက်ရန် ရှေးဦးစွာ ကြိုးစားပါဦး။

တီထွင်ဆန်းသစ်ဟူသော စကားကို အောင်လင်း စတင်သုံးစွဲခဲ့သည့်အတိုင်း သူယူဆသော (meaning) အဓိပ္ပာယ်အတိုင်း ကျွန်ုပ်၏ဆောင်းပါးတွင် အတော်သုံးလိုက် မိပေသည်။ သို့ရာတွင် ကျွန်ုပ်၏အယူအဆမှာမူ ရှေးသီချင်းကြီးများကို မူအတိုင်း ရရှိပြီးသည့်နောက် ထိုတီးကွက်အပေါ်တွင် နယ်နိမိတ်ထားလျက် **တီးဟန် တီးကွက်**

**ဖွဲ့၍ များ၍ ကွန့်၍ တီးရုံမျှကို တီထွင်ဆန်းသစ်သည်၊ အနုပညာမြောက်သည်ဟု မယူဆပါ။**

ကျွန်ုပ်တို့ ရှေးသီချင်းကြီးများကို လေ့ကျက်သင်ကြားရသည်မှာ အနုပညာ၏ သင်ပုန်းကြီးမျှသာ ဖြစ်ပါသေးသည်။ သင်ပုန်းကြီးကုန်လျှင် မြန်မာအက္ခရာစာဟူသမျှ ရေးတတ်၊ ဖတ်တတ်သကဲ့သို့ သင်ရိုးသင်တန်းမှစ၍ ရှေးသီချင်းကြီးများကို အတော်များများရလျှင် မြန်မာသံမှန်သမျှကို တီးနိုင်တော့သည်။ ထိုမှတစ်ဖန် ယခုခေတ်အခေါ် တီးတတ်သည်ဟု အမည်ခံနိုင်သူတိုင်း ကောင်းမကောင်း အပထား၍ များနိုင်သည်၊ ကွန့်နိုင်သည်၊ အကွက်ဖျောက်နိုင်သည်မှာ မဆန်းလှပါ။

တကယ်တိုးတက်ဆန်းသစ်သော တီထွင်မှုမှာ အထွတ်အထိပ်ဖြစ်ခဲ့သော မြဝတီခေတ်နှင့်တန်းတူ ကြိုးဘွဲ့ပတ်ပျိုး သီချင်းခံ စသည်တို့ကို ဆန်းသစ်သော တီးကွက်မူသစ်ဖြင့် ပြုစုရေးသားနိုင်ခြင်းသည်သာသော်လည်းကောင်း၊ ထိုအဆင့်ကိုရပြီးသည့်နောက် ဘောလယ်ကို လှိုင်ထိပ်ခေါင်တင် ခွဲခြားဖော်ထုတ်လိုက်သကဲ့သို့ မရှိသေးသော တီးဟန်မှင်မောင်းအဖွဲ့အကွက်မျိုးဖြင့် သီးခြားပေါ်သစ်သော ဂီတကဏ္ဍ တစ်ရပ်ဖွင့်လှစ်နိုင်ခြင်း သာလည်းကောင်းဖြစ်သင့်သည်ဟု ယူဆပါကြောင်း။

စောညိန်း

(၁၇-၄-၅၁-)

❑

# တတိယ သဝဏ်လွှာ

စစ်ပြီးခေတ်တွင် ကိုစောညိန်းသည် သမာဓိသတင်းစာတိုက်၌ အလုပ်လုပ်ရင်း မြို့မဘုန်းကြွယ်၊ ကိုသန်းဆွေတို့နှင့် ရင်းနှီးခဲ့သည်ဖြစ်ရာ စာရေးဆရာဖြစ်လိုသော အာသီသရှိသည့်အလျောက် ဝတ္ထု၊ ဆောင်းပါးများကို စမ်းသပ်ရေးသားခဲ့သည်။

စာရေးရန်အကြောင်းအရာကို ရှာဖွေသောအခါ သူကိုယ်တိုင် ကြုံခဲ့တွေ့ခဲ့ရသည့် ဖက်ဆစ်တော်လှန်ရေးကာလကို ပြန်လည်သတိရသည့်အလျောက် တော်လှန်ရေး သရုပ်ဖော် ဝတ္ထုတိုတစ်ပုဒ်ကို ရေးလိုက်ခြင်းဖြစ်ပါသည်။

မြန်မာစာပေသည် တိုးတက်ရန်အားယူနေစအခါက ပေါ်ထွက်လာခဲ့သည့် လူငယ်တစ်ယောက်၏လက်ရာအဖြစ် ပြန်လည်တင်ပြလိုက်ရပါသည်။

❒

# တတိယ သဝဏ်လွှာ

ရေး - စောညိန်း (ဂီတနက်သန်)

တသုန်သုန်တိုက်ခတ်နေသော မြောက်ပြန်လေညင်းကလေးထဲမှ ဝဲပျံလာသော တယောသံသည် နွဲ့နွဲ့ရီ၏စိတ်အာရုံတစ်ခုလုံးကို သိမ်းကျုံးဆွဲငင်ထားသဖြင့် ကော့ရရှော့နေသော မျက်တောင်ကလေးများကိုပင့်ကာ ဝိုင်းစက်ကြည်လင်သော မျက်လုံးကြီးများကိုဖွင့်၍ ဖြူဖွေးသော ဇာခြင်ထောင်အမိုးကို တွေတွေကလေး စိုက်ကြည့်နေရာမှ အသက်ဝင်လာသလို လှုပ်ရှားရင်း သက်ပြင်းကလေးတစ်ချက် ရှူထုတ်လိုက်ကာ ရည်ရွယ်ချက်မရှိဘဲ ကျယ်ပြန့်ထူထဲသော မွေ့ရာကြီးပေါ်တွင် လူးလိမ့်လိုက်မိသည်။

ပြတင်းပေါက် တရုတ်ကတ်ကြားမှ ဆောင့်ဝင်လာသော ဆောင်းလေသည် ဇာခြင်ထောင်ကို လှိုင်းထသွားစေလျက် သူ၏ရင်အုံကလေးကို တိုးဝှေ့ကျီစယ်သွားမှ စိမ့်သွားသော အအေးဓာတ်ကို သတိပြုမိကာ သက္ကလတ်စောင်ထူထူကြီးကိုဆွဲ၍ ခြုံရင်း "ငါဘာကြောင့် နားထောင်နေမိပါလိမ့်မလဲ" ဟု သူ့ကိုယ်သူ အပြစ်တင်၍ "ဒီအသံကို နားမထောင်ဘဲနေရင် ကောင်းမှာပဲ" ဟု ဆုံးဖြတ်ချက် ချမိသော်လည်း သူ့စိတ်ကိုသူ အစိုးမရ၊ တယောသံထဲ၌ နစ်မြောသွားပြန်၏။

ခုနစ်သံချီကို ဘယ်ပြောင်းညာလှည့် နိမ့်တုံမြင့်တုံ အလူးအလိမ့်ကလေးတွေနှင့် စမ်းသွားသော တယောသံမှာ ကျွန်တော့်သခင်ဟာ သာမညတယောသမားမဟုတ်ပါဘူး ဟု အော်မြည်နေသည့်အလား တီတီတာတာ အပလီအခရာ အညှာအချွဲကလေးတွေ ပိုလျက် ပြာလဲ့သော ကောင်းကင်မှ ပြည့်ဝဝိုင်းစက်သောလမင်းကြီး၏ အရောင်ဖြင့်

လွှမ်းခြုံနေသော တိတ်ဆိတ်သာယာသည့် လောကဓာတ်၏ လွှမ်းစချင့်ဖွယ်အရသာကို ပိုမိုလေးနက်အောင် ဖြည့်စွမ်းပေးနေလေသည်။ တယောရှင်သည် အစမ်းမှတေးသွားကို ကူးပြောင်း၍ တီးစပြုသောအခါ နွဲ့နွဲ့ရီ၏ အာရုံသည် ပိုမိုစူးစိုက်လိုက်မိ၏။

"စိမ်းလေသူလှသွေးရယ် ... မျှော် ... တွေးရှုယ် ... ဆွေးပူရတယ်"

အသံမှာ မကောင်းလှသော်လည်း စည်းဝါးကျန အဝင်အထွက် သေသပ်လှသည့် ပြင် တကယ်အဟုတ် လှိုက်လှဲနေသော အသည်းနှလုံးမှ ဆွေးမြည့်စွာ ထွက်ပေါ်လာဟန် တူသောကြောင့် ကရုဏာရသနှင့် ပြည့်စုံလှသည်။ သီဆိုလိုက်သော သီချင်းသွားနှင့်လည်း လိုက်လျောလှသည်။ ထိုအပိုဒ်ကို တစ်ခါပြန်ကျော့ပြီးမှ ရှေ့သို့ဆက်လက်၍ –

"အချစ်စာတွေရယ် ... မေတ္တာ ဂဟေဆက်သွယ် ... ပန်ကြားကာ ... အသနားခံခဲ့တယ်"

နွဲ့နွဲ့ရီသည် မနေ့က ဤအချိန်တွင် သူ၏ ချွေးခံအိတ်ထဲ၌ရှိနေသေးသော စာကလေးကိုယောင်၍ စမ်းလိုက်မိသည်။ မတွေ့သောအခါမှ သတိရကာ မေ့လျော့နေသော လောကကြီးမှာ သူ၏ စိတ်အာရုံတွင် ပြန်၍ထင်မြင်လာပြန်၏။

ယနေ့မနက်ကပင် ရေချိုးစဉ်ချွတ်ထားခဲ့သော အင်္ကျီကို အမှတ်တမဲ့နေလိုက်မိသည်။ သူ့အပြစ်ပင်။ စာရွက်ခေါက်ကလေးသည် အိတ်ထဲမှ ဖျပ်ခနဲ ခုန်ထွက်ကာ သူ့မိခင်ရှေ့သို့ သွားကျလျက် ကိုယ်ထင်ပြလိုက်သဖြင့် သူ့မိခင်သည် မသင်္ကာသော မျက်လုံးများနှင့် သူ့ကိုမော်ကြည့်ကာ စာရွက်ခေါက်ကလေးကို ဖြည်းညင်းစွာ ကောက်ယူလိုက်သောအခါ သူ့ရင်ထဲတွင် မီးရထားဆယ်စီး ခုတ်မောင်းသွားသလို တဒိန်းဒိန်း လှုပ်ရှားသွားမိသည်။ ပြီးမှ ဣန္ဒြေဆည်လိုက်ကာ–

"ဩော် ... မေမေရယ်၊ မေ့နေလို့ မေမေ့ကို တိုင်မလို့ဟာ ... မနေ့ကပေါ့ ဟိုအကောင် ပစ်ပေးသွားတာ"

ဟု ခြောက်ပြစ်ကင်းလုပ်လိုက်ရသည်။ သူသည် သူ့မိခင်ကို တစ်ခါမျှမလိမ်ဖူးခဲ့။ သည်တစ်ကြိမ် စွန့်စား၍ လိမ်လိုက်မိသည်။ အမှန်မှာ ဤစာသဝဏ်ကလေး သူ့ထံ ပျော်မွေ့ခဲ့သော အချိန်ကာလကို တွက်စစ်လျှင် ဆယ်ရက်ထက်မနည်း ရှိလေပြီ။

သို့သော် သူ့မိခင်သည် သူပြောသော စကားကို ယုံကြည်သည်။ အဘယ်ကြောင့်နည်း၊ နွဲ့နွဲ့ရီမှာ အလှဘုရင်မကလေးတစ်ဦးဖြစ်ရာ အသက်ဆယ့်လေးနှစ်သမီး လောက်မှစ၍ ယခုဆယ့်ခြောက်နှစ်ကျော်ကျော် ရှိလာသည့်အတွင်း ဤကဲ့သို့သော စာမျိုးပေါင်း မရေမတွက်နိုင်လောက်အောင် ရဖူးသမျှသည် သူ့မိခင်လက်သို့သာ ဝကွက်၍ အပ်နှင်းလိုက်ခဲ့ဖူးသော ကျေးဇူးများကြောင့်ဖြစ်ပေသည်။ ဤစာကလေးကျမှ ဘာကြောင့်

သူသို့ဝှက်ထားမိသနည်းမသိ။ "ငါ သူ့ကိုများ ချစ်နေမိသလား" သူ့ကိုယ်သူ မေးသည်။ မဟုတ်ပါ။ ချစ်နေသည်ဟု ဘယ်နည်းနှင့်မျှ သူဝန်မခံနိုင်သေး။ သူ့စိတ်က သူ့ကိုပြန်၍ လှည့်စားနေလေသည်။ သူကား မသိ။

"မချစ်ဘူး ... မချစ်ဘူး၊ ဘာကြောင့် ချစ်ရမလဲ" ဤအဆိုကို သူထောက်ခံသည်။ သူသည် သူတို့မြို့ကလေးတွင် အလုပ်တံခွန်စိုက်ဖြစ်သည့်ပြင် သူ့ဖခင်မှာ ကြွယ်ဝချမ်းသာသော စက်ပိုင်ရှင်တစ်ယောက်ဖြစ်သည်။ တစ်ယောက်တည်းသော သမီးဖြစ်သည့်အလျောက် အလိုလိုက်ခဲ့သည်။ ချစ်ခင်ယုယကာ တဖူးဖူးမှုတ်ထားခဲ့သည်။ ငွေကြေးအကုန်အကျခံကာ ခေတ်ပညာကို သင်စေခဲ့သည်။ အင်္ဂလိပ်ပြေးမှ ရန်ကုန်မြို့ စိန့်ဗင့်ဆင့်ကျောင်းမှ ခုနစ်တန်းနှင့်သူထွက်ခဲ့ရသည်။ ရန်ကုန်မှာသော် လည်းကောင်း၊ သူတို့မြို့ကလေးမှာ သော်လည်းကောင်း သူ့ကိုမရလျှင် သေမလောက် ကြိုက်ကြသော သူနှင့်ဂုဏ်ရည်တူ ယောကျ်ားပျိုကလေးများကို သူဂရုမစိုက်ခဲ့။ ဆင်းရဲသော (ဝါ) ဂုဏ်ရည်မတူသော ဤစမ်းအောင်လိုလူကို သူချစ်ပါသည်ဆိုက အတော်ရယ်စရာကောင်းသော အဓိပ္ပာယ်မရှိသည့်စကားဖြစ်ပေလိမ့်မည်။ ဤမာနစိတ်ကလေးသည် သူ၏အချစ်ကို ဖုံးကွယ်ထားသည်။ သို့သော် "သနားစရာ အတော်ကောင်းတယ်" ဤအဆိုကိုမူကား သူမကန့်ကွက်၊ သနားသည် ... သနားသည်။ "ဘာကြောင့် ..." သူသည် သူ့စိတ်ကိုသူ မေးခွန်းထုတ်မည်ပြုစဉ် သူ့မိခင်သည် စာရွက်ကလေးကို အငြိုးကြီးနှင့် ဆုတ်ဖွဲ့ချေမွရင်း ရေရွတ်လိုက်၏။

"ဒီသတ္တဝါကလေးတွေဟာ အတော်လူပါး၀တယ်၊ သူတို့နှင့်တန်သလား၊ ရာသလား၊ အမဲရိုးနှယ် ဟင်းအိုးမှ အားမနာ ..." ဤကဲ့သို့ပင် ရေရွတ်လိုက်ရသော်လည်း စာထဲ၌ပါသော အသုံးအနှုန်းများမှာ နူးညံ့ယဉ်ကျေးလှသဖြင့် သူ့သမီးကိုပင် သူစိတ်မချနိုင်အောင်ဖြစ်မိသည်။ သို့သော် တစ်ဦးနှင့်တစ်ဦး ချစ်ကြိုက်ပြီးသည့် အသုံးအနှုန်းများမပါသဖြင့် နွဲ့နွဲ့ရီအား အပြစ်မရှိဟု ယူဆသည့်အလျောက် ဤကဲ့သို့ အောက်တန်းကျသော သူငယ်ကလေးမျိုးနှင့် ဘယ်နည်းနှင့်မျှ မိဘများကလည်း သဘောမျှနိုင်မည် မဟုတ်ကြောင်း၊ နွဲ့နွဲ့ရီကလည်း မိဘနစ်ပါးတို့က လိမ္မာသောသမီးဖြစ်သည်ဟု ထင်မြင်သည့်အတိုင်း မိမိစိတ်ကို ထိန်းသိမ်းရမည့်အကြောင်းတို့ကို သွယ်ဝိုက်သောနည်းအားဖြင့်သာ ချော့မော့၍ ပြောသည်။ သူ့အား ဆူပူအပြစ်တင်ခြင်း မပြု။

သို့သော် ဘယ်အတွက်လဲမသိ၊ တစ်နေ့လုံး သူ့မှာ စိတ်ညစ်သလိုလို ဘာလိုလိုဟာတာတာ ပေါ့ပြက်ပြက်ကြီးဖြစ်နေသည်။ မကြာခဏ တွေဝေငေးမောနေမိသည်။ ထိုကဲ့သို့ တွေဝေငေးမောနေမိတိုင်း စာထဲပါသော စာလုံးကလေးများကို မြင်ယောင်လျက်နေမိသည်။ စမ်းအောင်အပေါ်တွင် သူအတွေးရခက်၏။ သူတွေ့ခဲ့ဖူးသော (ဝါ) သူ့ကို

ပိုးပန်းခဲ့ဖူးသော အခြားယောကျ်ားပျိုကလေးများနှင့်မတူ၊ ထူးဆန်းသူဖြစ်လေရာ သူပေးသောစာမှာလည်း အတော်ထူးဆန်းသည်။ စာထဲ၌ သူ့အား ပြန်လည်ချစ်ခင်ပါရန် ခွင့်တောင်းသောစကားတစ်လုံးမျှ မပါချေ။ သူ၏အချစ်ကို ဖွင့်လှစ်ထုတ်ဖော်သောစာမျှသာဖြစ်၏။

သူ့စာမှာ သူသည် ဆယ်တန်းမျှလောက် မတောက်တခေါက် ပညာကလေးဖြင့် တစ်ဝမ်းတစ်ခါးကို ဆင်းရဲငြိုငြင်စွာ ရှာဖွေစားသောက်ရသူဖြစ်သည့်အလျောက် ဓနဂုဏ်၊ အလုဂုဏ်တို့ဖြင့် အဆင့်အတန်းခြင်း မနှိုင်းယှဉ်သာအောင် ကွာလှမ်းလှ သော နွဲ့နွဲ့ရီတို့လို မိန်းကလေးတစ်ယောက်အား မျှော်မှန်းကြံစည်ခြင်းမပြုဝံ့ပါကြောင်း၊ သို့သော် မိမိစိတ်ထဲ၌ ချစ်မိသောအချစ်ကို ဖြေ၍မရအောင် တစ်နေ့တခြား ကြီးမားရင့်သန်လာခဲ့ပါသဖြင့် အသည်း နှလုံးအတွင်းတွင် မဆံ့သောကြောင့် ပြည့်လျှံထွက်ပေါ် လာသောစကားများကို မျိုသိပ်မထားနိုင်တော့ဘဲ ဖွင့်ဟပြောဆိုရပါကြောင်း၊ မိမိအား ပြန်လည်ချစ်ခင်လိမ့်မည်ဟူ၍လည်း အနည်းငယ်မျှ မမျှော်လင့်မိသည့်အတိုင်း ချစ်ပါ၊ ခင်ပါ စသည်ဖြင့်လည်း တိုက်တွန်းတောင်းပန်ခြင်းမပြုဝံ့ပါကြောင်း။ သို့သော် မိမိ ထင်မြင်ယူဆသည့်အတိုင်း မိမိအပေါ်၌ မေတ္တာမတုံ့ပြန်နိုင်သည်ဖြစ်ပါသော်လည်း ဤတစ်သက်တွင် ဤတစ်ကြိမ်သာ ဤအချစ်မျိုးနှင့် ကြုံဖူးခဲ့သောမိမိသည် ဂုဏ်ရည်ခြင်းမမျှသည့်အတွက် ဖူးစာမဆုံရသော ချစ်သူကလေး၏ကိုယ်စား မြတ်နိုးစွာ သိမ်းဆည်းထားရပါရန် တတ်နိုင်သမျှ သက်ညှာစွာသော အသုံးအနှုန်းဖြင့် မိမိအချစ်ကို ငြင်းပယ်လိုက်သော စာကလေးတစ်စောင်မျှကိုမူကား တုံ့ပြန်ဖြေကြားလိမ့်မည်ဟု များစွာယုံကြည်လျက် မျှော်လင့်စောင့်စားနေပါကြောင်း စသည်ဖြင့် စာရေးစာသား အတော်ပြေပြစ်နွဲ့နှောင်းအောင် ရေးနိုင်သူဖြစ်သည့်အတိုင်း သူ့အပေါ်တွင် စိတ်မဆိုးသာအောင် ရေးသားထားသည်ဖြစ်ရကား ထိုသနားဖွယ်ရာ အောက်ကျို့ ရေးသားထားသော စာလုံးကလေးများ၏ ဆွဲငင်မှုကြောင့် သူ့စိတ်ထဲတွင် ကရုဏာတွေ ပိုမိသည်။ စမ်းအောင်၏အချစ်ကို ငြင်းပယ်ရမည်မှာ သနားနေမိသည်။

ဤစာကိုပေးရသည်အထိဖြစ်ရသည်မှာလည်း သူ့ပယောဂမကင်းကြောင်းကို သူသိ၏။ ရှေးမဆွက စမ်းအောင်သည် သူ့ကိုဂရုစိုက်သူတစ်ယောက်မဟုတ်ချေ။ သူတို့အိမ်နှင့် ဘေးချင်းကပ်လျက်ရှိသောအိမ်သို့ တပည့်ကလေးတစ်ယောက်အား တူရိယာပညာသင်ပေးရန် နေ့စဉ်လိုပင်လာရောက်ရာ သူ့ကို မကြာခဏ တွေ့မြင်နေသော်လည်း ဝါတော်ခြောက်ဆယ်ရ မထေရ်ကြီးကဲ့သို့ တည်ငြိမ်သော ဣန္ဒြေဖြင့်သာ သွားလာမြဲ ဖြစ်သည်။ ဤကဲ့သို့ သူ့ကို ဂရုမစိုက်ခြင်းကို သူအနည်းငယ်မျှ မခံမရပ်နိုင်ချေ။ သူသည် သာမညမိန်းကလေးတစ်ယောက်မဟုတ်၊ ရုပ်ချောသည်၊ သူဌေးသမီးဖြစ်သည်။ ရန်ကုန်မြို့

တွင် နေစဉ်က အထက်တန်းစားကောလိပ်ကျောင်းသားများပင်လျှင် သူ့ကိုမြင်လျှင် တုန်လှုပ်ရသည်မဟုတ်ပါလော။ ဤ စမ်းအောင်နှင့်ကျမှ 'ရဟန္တာမို့လား ...၊ သူက ဘာမို့လို့ ငါ့ကို ဂရုမစိုက်ရတာလဲ' စသော မာနစိတ်ကလေးသည် သူ့ကို ပြန်၍လှည့်စားသွေးဆောင်ကာ စမ်းအောင် ဂရုမစိုက်သမျှ သူ့စိတ်ထဲက စမ်းအောင်အကြောင်းကိုသာ ဂရုစိုက်၍ တွေးနေမိခဲ့သဖြင့် မာယာလေးဆယ်တွင် ကျုံးဝင်သော အမူအရာများကို သူကိုယ်တိုင်ပင် မသိဘဲ အလိုလိုပြမိရက်သားဖြစ်ခဲ့သည်။ စမ်းအောင်၏ သံမဏိစိတ်ထား အရည်ပျော်ခဲ့ပြီ။ သူ၏ မာနတွေ အရည်ပျော်မည့်အလှည့်ကား ဘယ်သောအခါရောက်မည်မသိ။

သူသည် တွေးတောနေရာမှ လောကကြီးသည် သူ့စိတ်အာရုံထဲတွင် ပျောက်ကွယ်သွားပြန်ကာ တယောသံတွင် ကျက်စားမိပြန်သည်။

"ခင် ... ခင် ... ရယ် ... ကြားဖြေဖို့ရန် မထိုက်တန်လေအောင် ... မောင်ကံဆိုးရှာ့သလား ... နေနိုင်အား ... သနားမကြင်တယ် ... အို ... စကားစိမ်းမြန္မယ် ..."

ဤအပိုဒ်သည် သူ၏စိတ်ကို ပထမအပိုဒ်ထက် များစွာပိုမိုထိခိုက်သွားသည်ဖြစ်ရာ "ဒီလောက်တောင်လည်း မစိမ်းကားရက်ပါဘူး မောင်ရယ်" ဟု မြည်တမ်းမိလုလုဖြစ်ကာ သူ၏စာရေးစားပွဲဆီသို့လှမ်းကြည့်မိရင်း လှပသော မျက်လုံးကြီးများတွင် မျက်ရည်ဥကလေးများ စို့လာတော့သည်။ အချစ်နှင့်ဂုဏ်ကို ချိန်ခွင်တွင် တင်စက်ခဲ့ရာ သနားခြင်းကို အချစ်ဘက်တွင် မဲတင်းပေးမိသဖြင့် ချိန်ခွင်လျှာသည် အချစ်ဘက်သို့ ပြူထွက်သွားလေပြီ။ ထိုခဏ၌ သူ၏ခန္ဓာကိုယ်သည် စားပွဲရှေ့သို့ ရောက်သွားလေသည်။

စာရေးစက္ကူကိုဖြန့်ကာ ကလောင်တံကို ကိုင်လိုက်မိသော်လည်း ဘာရေးရမည်ကို သူမသိချေ။ သူ့စိတ်ထဲ၌ ချီတုံချတုံဖြစ်နေသည်။ စမ်းအောင်တောင်းခံသည့်အတိုင်း ငြင်းပယ်သည့်အဖြေကိုပင် ညှာညှာတာတာ ရေးပေးလိုက်ပါတော့မည်ဟု အောက်မေ့မိသော်လည်း ငြင်းပယ်လိုက်ရမှာကိုပင် သနားနေမိသည်။ မငြင်းရက်၍ ချစ်လိုက်ရမှာကလည်း မနက်က သူ့အမေပြောသော စကားများကို ပြန်၍ကြားယောင်မိသဖြင့် တွေဝေသွားပြန်၏။ တစ်ယောက်ကိုတစ်ယောက် ချစ်မိပြီးမှ မိဘများ သဘောမတူခဲ့သော် ...၊ ရှေ့သို့ ဆက်လက်၍ သူမတွေးဝံ့ချေ။ ယခုနှစ်ပါးသွားမိပါလျှင် တော်တော်ကြာ လွမ်းခန်းပေါ်မည်ကို သူသိသည်။ သူတို့မျိုးရိုးထဲတွင် မိဘ၏ဩဇာကို လွန်ဆန်၍ ကိုယ်ထင်ရာကိုယ်ပြုရိုးထုံးစံမရှိ။ မိဘစီမံရာကိုသာ ခေါင်းငုံ့ နာခံရမြဲဖြစ်သောကြောင့် သူလည်း လွန်ဆန်ရန် မကြံစည်ဝံ့။

သူသည် အတွေးနက်နေသဖြင့် –

"ဘယ်ဝဋ်ကြွေး ... ဆွေးရစေဖွယ် ... စီမံအားလေတယ် ... ဖြေလည်း ... ပြေပဲ မပြေနိုင်ဖွယ် ... လွမ်းပိုခဲ့တယ်"

စသည်ဖြင့် သီဆိုသွားသော အပိုဒ်ကို သဲကွဲစွာ သူနားမလည်လိုက်မိချေ။ ကလောင်တံ ဖင်မြီးဖျားကလေးကို ပုလဲရောင် သွားကလေးတွေနှင့် မထိတထိ ကိုက်ရင်း စဉ်းစားနေရာမှ ကလောင်တံကို စားပွဲပေါ်သို့ပြန်၍ချလိုက်ပြီး "ယောကျ်ားဆိုတာ ဒီလိုပဲ၊ မရှင်တော့ ပတ်ချွဲနပ်ချွဲလုပ်ကြတာ ထင်ပါရဲ့" ဟု သူ့စိတ်ကိုသူဖြေကာ အိပ်ရာပေါ်သို့ ပြန်ရောက်သွားသည်။ သူသည် သူ့မိဘများ ထင်မြင်ယူဆသည့်အတိုင်း စဉ်းစားမျှော်ခေါ်တတ်သော မိမိကိုယ်ကို ကောင်းစွာ ထိန်းသိမ်းနိုင်သည့် ခေတ်ပညာတတ် မိန်းကလေး တစ်ယောက် ပီသပါပေ၏။ သို့သော် သူ၏စိတ်အာရုံထဲသို့ တယောသံနှင့် တေးသံမှာ ပြန်လည်ဝင်ရောက်လာပြန်သဖြင့် တစိမ့်စိမ့်တွေးရင်း နားထောင်နေမိပြန်၏။

"မောင်နှင့်မေ ... ဂုဏ်ရည်မတူခြင်းရယ်ကြောင့် ... ငြင်းသင့်တာမှန်ပါတယ်... သို့ပေမဲ့ကွယ် အဖြေစကားကိုတော့ ... ကြားရပါစေကွယ်၊ ဆွေး စိတ်ဖြေနိုင်ဖွယ်... ခင်ရယ် ပြန်ကြားသင့်တော့တယ်"

သီဆိုနေသော သီချင်းသံမှာ ဆိုရင်း ဆိုရင်း အသံတွေ တုန်လာသည်ကို သူ သတိပြုမိသည်။

"ဘဝသံသရာ ..."

ဟိုက် ... သူသည် ယောင်၍ ခေါင်းထောင်ကာ ထလိုက်မိသည်။ အသံရှင်သည် ဤအပိုဒ်ကိုစ၍ ဆိုလိုက်သောအခါ သိသိသာသာ ငိုသံပါလာသောကြောင့် သူ၏ တေးသံနှင့် တယောသံကို ရုတ်တရက် ရပ်ပစ်လိုက်ပြီး နောက် ဆက်လက်၍ မကြားရ တော့ချေ။

အဘယ်မျှကြာအောင် မေ့လျော့တွေဝေနေမိသည် မသိ။ ပူနွေးသော မျက်ရည် ပေါက်ကြီးများ မိမိပါးပြင်ပေါ်သို့ လိမ့်ဆင်းလာမှ သတိပြုမိကာ တစ်ချက်မျှ ရှိုက်လိုက်ရင်း ခေါင်းအုံးကို မျက်နှာနှင့်အုပ်၍ မျက်ရည်တို့ကို သွန်ချလိုက်မိတော့သည်။ တေးသံရှင်၏ ဖြစ်ထွေကို သူ၏စိတ်ကူးထဲတွင် ဘိုင်စကုတ်ပြသကဲ့သို့ ထင်မြင်လာသောကြောင့် "ဩော် ... ကိုစမ်းအောင် ... ကိုစမ်းအောင်၊ မိန္ဒရီကို ရှုးအောင် တမင်လာပြီးတော့ နှိပ်စက်နေ တာလား ကိုစမ်းအောင်ရယ် ..." ဟု စိတ်တွင်းမှ ရေရွတ်မိရင်း တစ်ဖက်သို့ လူးလှိမ့်လိုက် ပြန်သည်။ သူ တစ်ညလုံး အိပ်မပျော်တော့ချေ။ လင်းကြက်ကလေးတွေ တွန်စပြုမှ လွမ်းအာရုံကို ဖြတ်ကာမေးခနဲ အိပ်ပျော်သွားတော့၏။

နောက်တစ်နေ့တွင် သူသည် စမ်းအောင်ထံမှ ဒုတိယသဝဏ်လွှာကို လက်ခံ

ရရှိပြန်သည်။ ထိုစာကား မိမိသည် ကိုယ့်ကိုယ်ကိုယ် အထင်ကြီးမိကြောင်း၊ ယခု မိမိအား မေတ္တာမတုံ့ပြန်နိုင်သော်လည်း အဖြေစကားကလေးကိုမျှ မူကား ပြန်ကြားလိမ့် မည်ဟူ၍ များစွာမျှော်လင့်မိကြောင်း၊ ယခုမှနွဲ့နွဲ့ရီတို့လို ဂုဏ်သရေရှိ မိန်းကလေးဦးတစ်ယောက်၏ ဂရုတစိုက် အဖက်လုပ်ကာ စာပြန်ကြားရန်မျှ မထိုက်တန်လောက်အောင် အဆင့်အတန်း နိမ့်ကျနေသော မိမိဘဝကို သိရပါတော့ကြောင်း၊ မိမိသည် အာသာဝတီ နွယ်နီနတ်ပန်း ပွင့်ချိန်ကို အနှစ်တစ်ထောင်စောင့်ရသကဲ့သို့ ပြန်ကြားမည့် အဖြေကလေးကို မရမချင်း စောင့်ဆိုင်း၍ နေလိုပါသော်လည်း ယခုအချိန်အခါမှာ တိုင်းပြည်၏တာဝန်ကို လူတိုင်း ထမ်းဆောင်ရမည့်အခါဖြစ်သဖြင့် မျှော်လင့်ချက်ကို ရပ်သိမ်းပြီး ဤမြို့မှ ထွက်ခွာသွား ရတော့မည်ဖြစ်ရာ နောက်ဆုံးနှုတ်ဆက်ခဲ့ပါကြောင်း၊ မိမိကဲ့သို့ အရေးမထားလောက် သူတစ်ယောက်အား နွဲ့နွဲ့ရီသည် မကြာမီ မေ့လျော့ပစ်လိုက်နိုင်လိမ့်မည်ဟု ယုံကြည်ပါ ကြောင်း စသည်ဖြင့် အစီအရီ နွဲ့ပျောင်းနူးညံ့သော စာလုံးကလေးများဖြင့် ရိုးရိုးကလေးပင် ရေးသားထားသော်လည်း နဂိုကတည်းက ယိမ်းယိုင်တော့မလို ဖြစ်နေသော နွဲ့နွဲ့ရီ၏ စိတ်ဓာတ်ကို အရည်ပျော်ခဲ့စေသည်။

စမ်းအောင် တပ်မတော်ထဲသို့ဝင်ရန် လက်မှတ်ထိုးခဲ့သည်ကိုသော်လည်းကောင်း၊ အာရှလူငယ်အမှုဆောင်တစ်ဦးဖြစ်သည့်အတွက် ဗိုလ်သင်တန်းတက်ရန် ရွေးချယ်ခြင်းခံရ သည်ကိုသော်လည်းကောင်း ယခင်ကပင် သူသိခဲ့သော်လည်း ယခုမှ သတိရမိသည်။ သူမသနားဘဲ မနေနိုင်တော့ချေ။ တိုင်းပြည်အတွက် စစ်မြေပြင်ကို ထွက်ခွာမည့်သူအား တစ်အားတက်စေရန် သူပြုလိုက်ချင်သည်။ "နွဲ့တော့ဖြင့် မသနားဘဲ မနေနိုင်တော့ဘူး မောင်ရယ် ...၊ ချစ် ... ချစ် ... ချစ်နေမိပြီ" ဟု တိုးတိုးကလေး ရေရွတ်လိုက်မိရင်း မေတ္တာတုံ့ပြန်သောအဖြေကို ပေးလိုက်ပါတော့မည်ဟု ဆုံးဖြတ်လိုက်သည်။ တစ်ဖန် "သူကလည်း ချစ်ပါရစေလို့ မတောင်းပန်ဘဲနဲ့ သူ့ကို ချစ်ပါတယ်လို့ စာပြန်လိုက်လို့ တော်မှတော်ပါ့မလား" ဟု တွေးကာ ရှက်နေမိပြန်သည်။ ပြီးမှ သူ့စာထဲမှာ ချစ်ပါရစေလို့ မဆိုပေမဲ့လေ ငါ့ရဲ့မေတ္တာတုံ့ပြန်ခြင်းကိုတော့ တောင့်တတဲ့သဘောရေးထားတာပါပဲဟု ဖြေကာ ဘာပဲဖြစ်ဖြစ် စာပြန်လိုက်ပါတော့မည်ဟု သန္နိဋ္ဌာန်ချလိုက်၏။

နောက်တစ်နေ့ကား သူတို့မြို့ကလေးမှ ရဲဘော်လောင်းများ ရန်ကုန်မြို့သို့ ထွက်ခွာရမည့်နေ့ဖြစ်သည်။ ထို့ကြောင့် သူသည် စာတစ်စောင်ကို ချက်ချင်းရေး၏။

**ကိုစမ်းအောင် –**

နွဲ့တော့ဖြင့် ဟန်မလုပ်နိုင်တော့ဘူး။ နွဲ့ရဲ့မေတ္တာတိုက်ကို မပွင့်ပွင့်အောင်

ယဉ်ယဉ်ကလေးနှင့် ဖွင့်သွားတဲ့ ကိုစမ်းအောင် လူပလီကြီးကို သနားမိပြီမို့ မိန်းကလေးတန်မယ့် အရှက်ကို နောက်ထားပြီး စာရေးအစီရင်ခံလိုက်ရပါပြီ။

နွဲ့ရဲ့သဘောအတိုင်းဆိုရင်ဖြင့် ကိုစမ်းအောင်ရဲ့မေတ္တာကို တုံ့ပြန်ဖို့ရာ မခဲယဉ်းပါဘူး။ သို့သော်လည်း နွဲ့မှာ မိဘနှစ်ပါးပြီးမှ ပြီးရမယ့်သမီးမို့ မိဘများ ကျေနပ်အောင်လည်း ကြိုးစားစေချင်ပါတယ်။ ကိုစမ်းအောင်ဟာ ပညာအရည်အချင်းရှိသူဖြစ်လို့ တစ်နေ့နေ့မှာ ကြီးပွားပြီး မိဘများမငြင်းပယ်နိုင်လောက်တဲ့ ဂုဏ်ရည်အဆင့်တန်းကို ရောက်အောင် ပြုဖို့ရန် မခဲယဉ်းဘူးလို့ နွဲ့အမှန်ယုံကြည်မိတဲ့အတိုင်း စောင့်မျှော်နေပါ့မယ်။ ဒါလောက်ဆိုရင် နွဲ့သဘောကို သိရောပေါ့နော် ...။

တိုင်းပြည်အတွက် ဝတ္တရားကျေပွန်တဲ့ ကိုစမ်းအောင်ရဲ့စိတ်ထားအတွက်လည်း နွဲ့အများကြီးဂုဏ်တက်မိပါတယ်။ သွားလေရာရာ လာလေရာရာမှာ လက်နက်ဓားလုံဘေးကင်းဝေးပြီး ခလုတ်မထိ ဆူးမငြိပါစေနဲ့ဆိုတာ ပန်းသပြေနဲ့ ညောင်ရေလောင်းလို့ နွဲ့လေးဖြင့် ဆုတောင်းရင်း အလွမ်းဖြေရစ်ရှာပေါ့လို့သာ ယူမှတ်ပြီး စစ်တိုက်ရာက နေ့စဉ် သတိရပါတော့မောင်။

နဲ.နဲ.ရီ

သူ့စာကလေးကိုသူ တစ်ခေါက်ပြန်ဖတ်မိကာ ကျေနပ်သွားသည်။ ပေါ့ပါးသွက်လက်သောစိတ်ဖြင့် စာရွက်ကလေးကို ခေါက်၍ စာအိတ်ထဲသို့ အသာအယာထည့်ကာ ပိတ်ပြီးမှ ပြဿနာတစ်ရပ်သည် သူ့ခေါင်းထဲသို့ ဝင်လာသဖြင့် အတော်စိတ်မောသွားမိပြန်၏။ "စာရေးပြီးတာတော့ ဟုတ်ပြီ၊ သူ့ဆီရောက်အောင် ဘယ်လိုလုပ်ပေးရပါလိမ့်" သူကိုယ်တိုင်ပေးရန် သူစဉ်းစားကြည့်သည်။ မဖြစ်နိုင်၊ မဖြစ်နိုင်။ သူသည် ကိုယ်ထိလက်ရောက် မပေးဝံ့ချေ။ အကယ်၍ ပေးခဲ့သည်ထားဦးတော့ စမ်းအောင်ကို ဘယ်မှာတွေ့ရမည်နည်း။ အိမ်တိုင်ရာရောက် သွား၍ပေးရမှာလည်း မသင့်တော်လွန်းလှ၊ ကလေးတစ်ယောက်ကို ပေးခိုင်းရမှာလည်း သူ့ထံရောက်လျှင် တော်ရဲ့ မရောက်လျှင်အခက်။ လူကြီးများကို ပေးခိုင်းရမှာလည်း သူသည် လူသိမခံဝံ့၊ အခက်အခဲကြုံတွေ့နေသဖြင့် ဟင်းခနဲ သက်ပြင်းချလိုက်ကာ ခေါင်းကို နှစ်ချက် သုံးချက်ကုတ်လိုက်မိသည်။ နောက်မှ "ဟယ် တတ်နိုင်ပါဘူး၊ သူလည်း ဒီအပိုင်းကို လာပါလိမ့်ဦးမယ်ထင်ပါရဲ့။ တော့မှပဲ သင့်သလိုကြည့်ပေးရမှာပဲ" ဟု အောက်မေ့ကာ စာအိတ်ကလေးကို တရိုတသေသိမ်းထားလိုက်ပြီး ဝါဝင်းသော ခြေသလုံးသားကလေးပေါ်အောင် ထဘီစတစ်ဖက်ကိုဆွဲရင်း ခုတင်ဆီသို့ ဖြည်းညင်းစွာသွား၍ အတွေးနယ်ချဲ့ကာနေမိသည်။

စမ်းအောင်ကား ထိုနေ့တစ်နေ့လုံး မပေါ်လာ။ သူ့စာထဲတွင် နောက်ဆုံး နှုတ်ဆက်ခြင်းဆိုသည့်အတိုင်း လုံးလုံးစိတ်လျှော့သွားရှာလေပြီ။ နောက်တစ်နေ့သို့ ရောက်သောအခါ သူဟန်လုပ်ကာ ရှက်၍မနေနိုင်တော့။ စာအိတ်ကလေးကို စာအုပ်တစ်အုပ်ကြားတွင် ညှပ်ကာ တစ်ယောက်တည်း ထွက်လာခဲ့သည်။ ဤကဲ့သို့ လွတ်လပ်စွာ သွားလာလေ့ရှိသဖြင့် သူ့အဖို့ မထူးဆန်းလှချေ။ သမ္မန်ဆိပ်အနီးရှိ မိန်းကလေး သူငယ်ချင်းတစ်ယောက်၏ ဈေးဆိုင်တွင် ထိုင်ကာ စိတ်မပါဘဲ စကားပြောနေရင်း လည်ပင်းတဆန့်ဆန့်နှင့်မျှော်မိသည်။ အချိန်အတန်ကြာသွားသော်လည်း စမ်းအောင်၏ အရိပ်အရောင်ကိုမျှ မမြင်ရသေး။

ရဲဘော်လောင်းများ ဆိပ်ကမ်းတွင် စုရုံးကြပြီကို တွေ့ရသည့်ပြင် အချို့သမ္မန်များပင် ထွက်စပြုပြီ။ စမ်းအောင် ဘာကြောင့်မပေါ်လာသည်ကို သူတွေး၍မရ။ ထိုအတွင်း ရဲဘော်လောင်းတစ်ယောက် သူထိုင်နေသော ဈေးဆိုင်သို့ရောက်လာကာ ဆေးလိပ်ဝယ်သည်။ သူ့မှာ ရေငတ်တုန်း ရေတွင်းထဲကျသလို ဖြစ်သွားတော့၏။

"ဒီမှာရှင့် ...၊ ရှင်တို့တပ်မတော်ထဲ ဝင်မယ့်လူတွေမဟုတ်လား"

"ဟုတ်ကဲ့ ..."

"ကိုစမ်းအောင်တစ်ယောက်ကော မမြင်ပါလားရှင့်"

"ကိုစမ်းအောင် မနေ့ကပဲ ဗိုလ်ကြီးနဲ့လိုက်သွားနှင့်ပါတယ်"

ဟိုက်ခနဲ အသံထွက်မသွားမိအောင် မနည်းသတိပြုလိုက်ရသည်။ စိတ်ပျက်အားလျှော့သောလေသံကို လူမသိအောင် ဟန်ဆောင်လျက် –

"ဩော် ... ဩော် ကျွန်မ သတိမထားလိုက်မိလို့ ..."

"ဘာမှာလိုက်ချင်လို့လဲ၊ မှာစရာရှိရင် မှာလိုက်ပါလား၊ ဟိုရောက်ရင် ကျွန်တော်တို့နဲ့တွေ့မှာပဲ"

"ကိစ္စမရှိပါဘူးရှင် ...၊ ကျေးဇူးတင်ပါတယ်၊ အခန့်သင့်လို့ မေးကြည့်တာပါ"

ထိုသူကို စာပေးလိုက်ရင် စဉ်းစားမိသော်လည်း စိတ်မရဲသဖြင့် မပေးဝံ့၊ ထိုနေရာတွင် ကြာကြာနေပါက ဣန္ဒြေပျက်မည်စိုးသဖြင့် နှုတ်ဆက်ပြီးထွက်လာခဲ့ရသည်။ သူ့စိတ်မှာ မရွှင်နိုင်တော့ချေ။ "ဩော် ... သူ့ခမျာ စစ်မြေပြင်မှာ တိုက်အား ခိုက်အားကလေးတွေရှိအောင် ချစ်တဲ့သူရဲ့အားပေးစကားကလေးကိုမှ ကြားမသွားရရှာဘူး" ဟု တွေးတောကာ စမ်းအောင်ကို သနားမိသည်။

ထိုနေ့ကစ၍ စမ်းအောင်အကြောင်းကို အမြဲစုံစမ်းရင်း အလွမ်းကိုဖြေခဲ့လျက် "သူဒီတစ်ခါပြန်လာရင်တော့ ငါ့အချစ်ကိုအပိုင်အပ်နှင်းလိုက်တော့မယ်" ဟု ဆုံးဖြတ်

ကာ စမ်းအောင်ပြန်လာမည်ကို နေ့စဉ်မျှော်မိရှာတော့သည်။ ခြောက်လလောက်ကြာသောအခါ စမ်းအောင် ကျောင်းဆင်းသွားပြီဟု သူကြားရ၏။ ပြန်၍ကားမလာ။ နောက်သုံးလခန့်ကြာသောအခါ စမ်းအောင်မှာ သေမည့်နေရာကိုမှ ရွေးချယ်ကာ ဗွတ်ထိုးစွန့်စားလွန်းသဖြင့် ဗိုလ်ကလေးဖြစ်သွားသည်ဟူ၍လည်းကောင်း၊ နောက်များ မကြာမီ ဒဏ်ရာရသဖြင့် ဆေးရုံတက်နေရပြီဟူလည်းကောင်း ဆက်ကာဆက်ကာ ကြားသိရပြန်သည်။ 'ကိုစမ်းအောင်ရေ ကျွန်မအပြစ်ပဲ၊ ဒီက မိန္နရီအတွက်နဲ့ လောကကြီးကို စိတ်နာပြီး ကိုယ့်အသက်ကိုယ် မနမြောဘဲ သေတွင်းကိုချည်း တမင်ဗွတ်တိုးနေပြီ ထင်ပါရဲ့၊ နှဲကလည်း ချစ်နေပါပြီ မောင်ရယ်၊ နှဲ့စိတ်ထဲမှာရှိတာတွေကို ဘယ်လိုနည်းနဲ့လာပြီး ပြောရပါ့မလဲ ... စသည်ဖြင့် စိတ်ရှုပေါက်သလို တစ်ကိုယ်တည်း ညည်းညူကာ "ဘုရားသိကြားမလို့ရှင် ဒဏ်ရာက ပျောက်ကင်းပြီး အမြန်ဆုံးချမ်းသာပါစေ"ဟု ဆုတောင်းလိုက်ရသည်မှာ အမောပင်။

သူ၏ဆုတောင်းမှာ ပြည့်ဝလေတော့သည်။ တစ်လခန့်ကြာသောအခါ စမ်းအောင်မှာ ဒဏ်ရာပျောက်ကင်းပြီး နောက်ကောင်းစွာ မကျန်းမာသေးသည့်အတွက် ခွင့်နှင့်ပြန်လာသည်ဟု သူကြားရသည်။ သူသည် အတိုင်းမသိ ဝမ်းမြောက်သွားမိ၏။ ဘယ်နည်းနှင့်မဆို စမ်းအောင်သည် သူ့ထံမှအဖြေကို ဤတစ်ကြိမ်တောင်းခံလိမ့်ဦးမည်ဟု သူမျှော်လင့်ယုံကြည်သည်။ ထိုအခါ ဖြေကြားရန် အကောင်းဆုံး စကားလုံးကလေးများကို သူရွေးချယ်ထား၏။ သို့သော် သူမျှော်လင့်ရသည်မှာ ရက်အတော်ကြာမှ သူတို့အပိုင်းသို့ စမ်းအောင် ပေါက်လာလေသည်။ သူသည် အိမ်ပေါက်ဝမှထွက်ကာ ချစ်သူ၏ ခံ့ညားတင့်တယ်ခြင်းကို မရောင့်ရဲနိုင်သော မျက်လုံးများဖြင့် ဝမ်းသာစွာ ကြည့်နေမိသည်။ ငါးပေခုနစ်လက်မခန့်မျှမြင့်မားသောအရပ်အမောင်း၊ ကျယ်ပြန့်သော ရင်အုံ၊ မာကျောကျစ်လျစ်သော ကာယဗလတို့ဖြင့် ယောကျ်ားပီသသောကိုယ် ခန္ဓာပေါ်တွင် ယောကျ်ားအပီသဆုံးအဝတ်အစားဖြစ်သော စစ်ယူနီဖောင်းကို ဝတ်ကာ ဓားရှည်ကြီးကို ခါးတွင်ချိတ်လျက် ခံ့ညားစွာ တစ်လှမ်းချင်း လျှောက်လာစဉ် နေရောင်ဟပ်သဖြင့် တလက်လက်တောက်ပြောင်နေသော ရင်ဘတ်ပေါ်ရှိ အစိမ်းခံ ငွေရောင်သုံးလိုင်းနှင့် ကြယ်တစ်ပွင့်မှာ အဆင့်အတန်းကို အတိအကျ ဖော်ပြနေလေသည်။ အနီးသို့ရောက်လျှင် ပြုံး၍နှုတ်ဆက်တော့မလိုလို ပြုမူလိုက်မည်ဟု အားခဲထားသော် လည်း သူ့မှာ ခဲလေသမျှ သဲရေကျဖြစ်ရတော့၏။ စမ်းအောင်မှာ သူတို့အိမ်ဘက်သို့ လှည့်၍မျှမကြည့်၊ သူ့အား ရှိသည်ဟူ၍ပင် အမှတ်မထားသည့်ဟန်ဖြင့် ဆက်လက်၍လျှောက်သွားသည်ကို မျက်စိတစ်ဆုံး မျှော်ကြည့်လိုက်ပြီးမှ သူ့အခန်းထဲသို့ သူပြေးဝင်သွားကာ မျက်ရည်များကိုအားရအောင် သွန်ချလိုက်ရရှာတော့သည်။

သူသည် စမ်းအောင်အား မျှော်လင့်ရန်မရှိတော့ချေ။ တစ်နှစ်ခန့်က ပေးထားသော စာကို ယခုမှချစ်ပါသည်ဟု ပြန်ကြားရမည်မှာလည်း မိန်းကလေးက စတင်ရသည်နှင့် မထူးတော့သဖြင့် သူသည်ရှက်စနိုးခဲ့၏။ စမ်းအောင် သူ့အပေါ်တွင် လုံးလုံး စိတ်ဖြတ်သွားပြီကို သူရိပ်မိကာ မိမိ၏စိတ်ကိုကြိုးစား၍ဖြေပါသော်လည်း "ကိုစမ်းအောင် ... ကိုစမ်းအောင် ...၊ ခုတော့ စစ်ဗိုလ်ကြီးဖြစ်လို့ ချစ်မယ့်ခင်မယ့် မျိုးချစ်မယ်ကလေးတွေနဲ့တွေ့ပြီး ဒီကမိန့်ရီကို မေ့ပြီထင်ပါရဲ့" ဟူ၍ကား တစ်ခါတစ်ရံ မြည်တမ်းမိရှာသေးသည်။ ရက်များမကြာမီ စမ်းအောင် ပြန်သွားပြီဟု ကြားရပြီးနောက် သူ့သတင်းကို မကြားရတော့ချေ။

အချိန်နာရီရက်လတွေ တဖြည်းဖြည်း ကြာညောင်းခဲ့သည်နှင့်အမျှ နွဲ့နွဲ့ရီ၏ အဆွေးစိတ်သည်လည်း တဖြည်းဖြည်း ပြေစပြုခဲ့ပြီး တော်လှန်ရေးတွေ စခဲ့သော အချိန်တွင် ကံအားလျော်စွာ နွဲ့နွဲ့ရီတို့မြို့ကလေးမှာ ဘာမျှအထိခိုက်အနစ်နာ မရှိဘဲ ဘေးရန်လွတ်ကင်းခဲ့ကြသည်။ ဂျပန်လက်နက်ချပြီး၍ တိုင်းပြည်သာယာစပြုသောအခါ သူသည် စမ်းအောင်အား လုံးဝမေ့လျော့သွားပြီဟု မဆိုသာသော်လည်း အတော်ပင် စိတ်ဝေဒနာမှ သက်သာရာရလျက် ပျော်မွေ့ရွှင်မှု၊ လှပမှုကလေးတွေကို အားထုတ်စပြုနိုင်သောအခါမှ သူ့အား အသက်လောက်ချစ်ကြသော မိဘများမှာ ဟင်း... ခနဲ သက်မကြီးချကာ မေးမြန်း၍မရသော စိတ္တဇဝေဒနာဖြင့် မစားနိုင်၊ မအိပ်နိုင်၊ တမှိုင်မှိုင်တတွေတွေ ဖြစ်နေသော သမီးကလေးအတွက် စိတ်ရတက် အေးကြရသော်လည်း များမကြာမီပင် နွဲ့နွဲ့ရီ၏ပျော်ရွှင်ခြင်းကို မရှုဆိတ် မနာလိုနိုင်သည့်အလား ကံတရား၏ဆန်းပြားစွာ ဖန်တီးမှုကြောင့် ရှည်လျားလှသော စာတစ်စောင်မှာ သူ့ထံသို့ မမျှော်လင့်ဘဲ ရောက်ရှိလာလေရကား ထိုစာသည် သူ၏တစ်သက်တာဘဝတစ်ခုလုံးကို ပြောင်းလဲပစ်လိုက်လေသည်။

မနွဲ့နွဲ့ရီသို့ –

ဝမ်းနည်းစွာ စာရေးအကြောင်းကြားလိုက်ပါသည်။ 'လူအ' စစ်မြေပြင်တွင် ရရှိသောဒဏ်ရာကြောင့် အမျိုးကိုချစ်ခင်သော သူရဲကောင်းယောကျ်ားအာဇာနည်တို့၏သေခြင်းဖြင့် ကျဆုံးသွားရှာသော ဗိုလ်စမ်းအောင်အား သေအံဆဲဆဲတွင် ဝန်ခံကတိပေးလိုက်ရသည့်အတိုင်း သူ၏ကျဆုံးရပုံနှင့် သူကိုယ်တိုင် ရေးသားပေးခဲ့သော စာကလေးတစ်စောင်ကို ပူးတွဲပေးပို့လိုက်ပါသည်။

ဗိုလ်စမ်းအောင်ပါဝင်သော ကျွန်တော်တို့၏ တိုင်းအမှတ် ၁၊ တပ်ရင်း ၁၀၆ သည် စစ်တောင်းမြစ်အရှေ့ဘက်ကမ်းသို့ အသက်ဆံဖျား ခဲယဉ်းစွာ ကူးခဲ့ပြီးသည့်နောက် ရွှံ့တွေရေတွေထဲတွင် ငတ်တစ်လှည့် ပြတ်တစ်လှည့်ဖြင့် ရန်သူများကို

တိုက်ခိုက်ခဲ့ရာတွင် မိုးရေကလည်း စိုစွတ်၊ လဲစရာ လှန်းစရာကလည်း မပါသဖြင့် တစ်ညလုံး အစိုကြီးကိုဝတ်ကာ ငိုက်မျဉ်းရင်း ငုတ်တုတ် မိုးလင်းခဲ့ရသော ညဉ့်တွေ သာများသော်လည်း ဗိုလ်စမ်းအောင်၏ ညည်းညူသံကို တစ်ခါမျှ မကြားခဲ့ဖူးပါ သဖြင့် သူ၏စစ်သားပီသသော သတ္တိကို အထူးအံ့သြချီးမွမ်းမိပါသည်။

သူသည် လောကကြီးအပေါ်၌ တစ်စုံတစ်ရာ စိတ်နာစရာအကြောင်းကို တွေ့ခဲ့ရဖူး လိမ့်မည်ဟု ကျွန်တော် ထင်မိပါသည်။ စစ်မြေပြင်တိုင်းတွင် ရှေ့ဆုံးကချည်းနေ၍ အမြဲတိုက်တတ်သော သူ့ဝါသနာမှာ ကျွန်တော်တို့ သူရဲကောင်းအမည်ခံသူများပင် လက်ဖျားခါကာ ချီးမွမ်းကြရပါသည်။ ကျွန်တော်တို့က စိုးရိမ်သဖြင့် သတိပေးသော် လည်း ဘယ်အခါမျှနာယူခြင်းမရှိဘဲ ရန်သူနှင့် အနီးကပ်ဆုံး ချဉ်းကပ်ကာ အတင်း အဓမ္မပစ်ခတ်ဝင်ရောက်တိုက်ခိုက်ခဲ့သမျှမှာလည်း သေကံမရောက် သက်မပျောက် ဆိုသကဲ့သို့ ထူးချွန်စွာ အောင်မြင်ခဲ့ သည်သာများသောကြောင့် တပ်ရင်းဗိုလ်မှူးကြီး ၏ ချီးကျူးခြင်းကို အကြိမ်ကြိမ်ခံယူခဲ့ရပါသည်။

ကျွန်တော်တို့တပ်ရင်းသည် ရေလဲဗမာရွာ စခန်းတွင် တပ်စွဲပြီးသည့်နောက် ဗိုလ်စမ်းအောင် အုပ်ချုပ်သော ကျွန်တော်တို့တပ်စုကလေးသည် ပဲခူးရိုးမ တောင်ပေါ် တွင် ကျန်ရှိနေသော ရန်သူများ၏ ကူးလာမည့်လမ်းမှ ဆီးကြိုတိုက်ခိုက်ရန် တာဝန် နှင့်ရှေ့သို့ ဆက်လက်၍ သမန်းသောင်၊ ဆေးပုလဲ၊ ငထွေဆုပ်တို့ကို ဖြတ်လျက် ချီတက်ခဲ့ရာ 'လူအ' သို့ရောက်သောအခါ အရေအတွက် မည်မျှဟု မခန့်မှန်းနိုင် လောက်အောင် များပြားလှသော ရန်သူတို့နှင့် တိုက်ခိုက်ရပါတော့သည်။

ကျွန်တော်တို့ တပ်စုကလေးမှာ စုစုပေါင်းမှ လူ ၄၀ ခန့်မျှရှိ၍ စက်သေနတ်မှာ လည်း တစ်လက်တည်းသာ ပါသောကြောင့် သူရသတ္တိကိုသာ အားကိုး၍ တိုက်ခိုက် နေကြစဉ် ရှေ့ဆုံးမှနေရာချထားသော စက်သေနတ်သမားမှာ ဦးခေါင်းကို တည့် တည့် ကျည်ဆန်ထိမှန်ကျဆုံးသွားရာ ကျွန်တော်တို့တပ်မှာ စက်သေနတ် လက် လွတ်သွားပါတော့သည်။ စက်သေနတ်ရှိရာသို့သွားရန်မှာ မလွယ်ကူပါ။ အသက် အန္တရာယ်နှင့် အလွန်နီးကပ်လှပါသည်။ ကျွန်တော်တို့ရှိရာ မြေကတုတ်မှာ စက် သေနတ်နှင့် ပေတစ်ရာမျှ ကွာလှမ်းလျက်ရှိရာ အကွယ်အကာမရှိသော မြေပြင်တွင် တဖြောက်ဖြောက် ကျလျက်ရှိသော ကျည်ဆန်များအကြားမှ သွားရမည်မှာ တွေး ကြည့်ကာ အသည်းယားဖွယ်ကောင်းလှပါသည်။

ဗိုလ်စမ်းအောင်မှာ သေတွင်းကိုမှ ဇွတ်တိုးလိုသော သူ၏ဝါသနာအတိုင်း စက်သေနတ်ရှိရာသို့ အခြားသူများအား သွားခွင့်မပေးဘဲ သူကိုယ်တိုင် တဖြည်း

ဖြည်း တွား၍သွားရာမှ ခေါင်းထောင်၍ အကြည့်လိုက်တွင် ရန်သူကပစ်လိုက်သော ကျည်ဆန်သည် သူ၏လက်ယာဘက်ရင်အုံကို ဖောက်ထွင်းသွားရာ မြေပြင်ပေါ်တွင် လိမ့်သွားပါသည်။ သို့သော် သူကား အံ့ဩလောက်အောင် သတ္တိကောင်းလှပါသဖြင့် ဒဏ်ရာရလျက်နှင့်ပင် စက်သေနတ်ရှိရာသို့ အရောက်သွားနိုင်ခဲ့ပါသည်။ သူ့လက်ထဲသို့ စက်သေနတ်ရောက်သည်နှင့်တစ်ပြိုင်နက် နိုင်လောက်ပြီဟု ဖွတ်ဝင်လာသော ရန်သူများကို အတုံးအရုံး ကျဆုံးစေလျက် အောင်ပန်းကို ဆွတ်ခူးလိုက်ပါသည်။

ကျွန်တော်တို့လည်း ကျန်ရှိသော ရန်သူများကို ဆက်လက်သုတ်သင်ဖမ်းဆီးပြီးမှ ဗိုလ်စမ်းအောင်ထံသို့ ဝိုင်းအုံစုဝေးမိကြသောအခါ သူ့မှာ ဒဏ်ရာကြောင့် မထနိုင်တော့ပါ။ ကျွန်တော်ကိုယ်တိုင် ယုယစွာ ပွေ့ထူရင်း ဒဏ်ရာမှ သွေးများကို တိတ်အောင် ကြိုးစားသော်လည်း မအောင်မြင်ပါ။ သူကိုယ်တိုင်လည်း သေရတော့မည်ကို သိသဖြင့် ကျွန်တော့်အား သူ့အတွက်ဆောင်ရွက်ပေးပါရန် မှာကြားလျက် သူ့အိတ်ထဲတွင်အသင့်ပါလာသော စာရွက်ကလေးတစ်ရွက်ကို ထုတ်၍ စာရေးမည်ပြုသောအခါ ခဲတံလည်းရှာမရ၊ ကျွန်တော့်မှာပါသော ဖောင်တိန်မှာလည်း မင်ကုန်နေသဖြင့် အခက်အခဲကြုံနေစဉ် သူသည် တစ်စုံတစ်ခုအကြံရဟန်ဖြင့် ကျွန်တော့်ထံမှ ဖောင်တိန်ကိုတောင်းယူကာ သူ့ဒဏ်ရာမှ တသွင်သွင်ယိုထွက်လျက်ရှိသော သွေးများဖြင့် တို့ကာ ပူးတွဲပါ စာကလေးကို အနိုင်နိုင်ကြိုးစား၍ရေးပြီး နောက် ဤစာကလေးနှင့် သူကျဆုံးရပုံကို မနွဲ့နွဲ့ရီထံသို့ ပေးပို့လိုက်ပါရန် အတန်တန်မှာကြားလျက် အသက်ပျောက်သွားရှာပါသည်။

ကျွန်တော့်မှာ စစ်တောင်းစစ်မြေပြင်နှင့် ပဲခူးရိုးမတောင်ခြေတွင် တစ်လကျော်ကျော်မျှ ဆက်လက်တိုက်ခိုက်နေရသည့်အတွင်း ၎င်းစာကလေးကို ရှိသေစွာ စာအိတ်ကလေးနှင့်ထည့်ကာ ထိန်းသိမ်းစောင့်ရှောက်ခဲ့ရပြီး နောက်ယခုမှ အားလပ်တော့သဖြင့် ဗိုလ်စမ်းအောင်ကျဆုံးရပုံ အကျယ်တဝင့်ကို မနွဲ့နွဲ့ရီသိသင့် သိထိုက်သည်ဟု ထင်မြင်မိပါ၍ သေချာစေ့စုံစွာ ရေးသားပေးပို့လိုက်ပါသည်။

တင်ဝင်း (တပ်ကြပ်ကြီး)
တိုင်းအမှတ် ၁၊ တပ်ရင်း ၁၀၆
မျိုးချစ်ဗမာ့တပ်မတော်။

ဟူသော စာကိုဖတ်ရင်းဖတ်ရင်းပင် နွဲ့.နွဲ့.ရီ၏ ဝိုင်းစက်ကြည်လင်သော မျက်လုံးကြီးများတွင် တွဲရွဲခိုနေကြသော ပုလဲဥသဏ္ဌာန်မျက်ရည်စကလေးများမှာ ပါးပေါ်သို့ တဖြည်းဖြည်း လိမ့်ဆင်းကြွေကျလာကြတော့သည်။ တုန်ယင်သောလက်များဖြင့် ပူးတွဲပါ စာအိတ်ကလေးကိုဖွင့်ကာ အတွင်းမှပါသော စာရွက်ကလေးကို ဖြန့်ကြည့် လိုက်သောအခါ နီနီရဲရဲအက္ခရာမပီမသစာလုံးများဖြင့် ရေးသားထားသော –

မနွဲ့.နွဲ့.ရီ

တုံ့ပြန်သောမေတ္တာကို မခံယူရဘဲ တစ်ဖက်သတ်ချစ်ခဲ့ရသူမှာ သေသည်အထိ မမေ့နိုင်သော အချစ်ကို ဤသဝဏ်လွှာကလေးနှင့် သက်သေပြခဲ့ခြင်းဖြင့် နောင်ဖြစ် လေရာဘဝသံသရာအဖို့ မုန်းမာန်ကိုရုပ်သိမ်းနိုင်လိမ့်မည်ဟု မျှော်လင့်ပါသည်။ မျှော်လင့်သည့်အတိုင်း မုန်ပါက တိုင်းပြည်အတွက် အသက်စွန့်သွားခဲ့သော စမ်းအောင်အား သက်ဆိုင်သူအဖြစ်နှင့် ဂုဏ်ယူရစ်ပါတော့။

စမ်းအောင်

ဟူသော စာကို တွေ့ရပြန်သောအခါ အောက်နှုတ်ခမ်းကို တင်းကျပ်စွာ ကိုက်ရင်း လေပြင်းတစ်ချက် ရှိုက်သွင်းလိုက်မိပြီး ဝမ်းနည်းကြေကွဲလွန်းလှသဖြင့် မျက်ရည်များပင် ခန်းခြောက်လျက် မထွက်လာနိုင်တော့ချေ။

စောညိန်း

❐

# မရဏ မောင်းသံ

ဤဝတ္ထုကို ခေတ်ပြင်စာပေတိုက်မှ ၁၉၅၂ ခုနှစ်က ပုံနှိပ်ထုတ်ဝေခဲ့သည်။ ကာလပေါ်ဝတ္ထုအရွယ် ၁၄ ပွိုင့်စာလုံးနှင့် စာမျက်နှာ ၁၀၀ ရှိသည်။ တန်ဖိုး ၁ ကျပ်ဖြစ်သည်။

ကိုစောညိန်းသည် ထိုခေတ်က တိုးတက်နေသောသိပ္ပံပညာ၏ သဘောကို စာဖတ်သူတို့သို့ သိစေလိုသောစေတနာဖြင့် ရေးသားသည်ဖြစ်သောကြောင့် "သိပ္ပံဝတ္ထု" ဟု ဆိုသော်ဆိုနိုင်ပါသည်။ ဝိဇ္ဇာပညာတွင် ထူးချွန်သည့်ကဗျာဂီတသမားတစ်ဦးက သိပ္ပံဝတ္ထုကို ရေးသည့်အတွက် အံ့သြချီးကျူးဖွယ်ဖြစ်ပါသည်။

❐

# မိတ်ဆက်

ဒုတိယကမ္ဘာစစ်ကြီး မဖြစ်ပွားမီ အခါသမယ။ ။

ကျွန်ုပ် ၃၇ လမ်းရှိ ကာတွန်းရုပ်စုံတိုက်၌ အယ်ဒီတာလုပ်နေဆဲ သောကြာနေ့တိုင်း ဦးခေါင်းစုတ်ဖွား၊ အင်္ကျီဖားလျားနှင့် လူငယ်တစ်ယောက် စက္ကူလိပ်ကလေးကို ကိုင်ကာ တိုက်အုပ်ကာတွန်းဆရာ ကိုညီညီထံလာသည်ကို သတိပြုမိ၏။ ထိုအချိန်တွင် ကိုညီညီမှာ စနေနေ့ထုတ်ဝေမည့် ကာတွန်းရုပ်စုံအတွက် ပုံများရေးဆွဲရ၊ (Idea)ထုတ်ရနှင့် အလုပ်အရှုပ်ဆုံးအချိန်ဖြစ်၏။ ထိုလူရွယ်ကိုမြင်လျှင် ကိုညီညီသည် ကရင် ထန်းလျက်အိုးတွေ့သလို ပြုံးရွှင်သွား၏။ ထိုလူရွယ်လက်ထဲမှ စာရွက်လိပ်ကလေးကို အလျင်အမြန် ဆွဲယူကြည့်ပြီးလျှင် "OK" ဟု ဝမ်းသာအားရ ကျူးရင့်လျက် တိုက်မှ မင်းစေကလေးအား ဘလောက်တိုက်သို့ ထိုပုံကို အမြန်လုပ်ပေးရန် စေလွှတ်လိုက်၏။ ကျွန်ုပ်စိတ်ထဲတွင်ကား ကာတွန်းဆရာပေါက်စကလေးတစ်ဦးပဲဟု ယူဆထားလိုက်၏။

တစ်နေ့တွင် ကျွန်ုပ်စာရေးစားပွဲရှေ့၌ သူလာရပ်၏။ သူ့လက်ထဲတွင်လည်း ဝတ္ထုကော်ပီတစ်ခုပါလာ၏။

"ကျွန်တော် ဝတ္ထုတစ်ပုဒ်ရေးထားတယ်" ဟု သူကဆို၏။

"ထားခဲ့လေ ..."

ကျွန်ုပ်စိတ်ထဲတွင် ပေါ့ပေါ့ဆဆပင် ကာတွန်းရေးနေတာ အကောင်းသားမဆိုင်တဲ့ ဝတ္ထုဝင်ရေးတယ်၊ ဒါပဲ လူတွေဟာ ကိုယ်နေရာကျပြီးစွဲနေတဲ့အလုပ်ကိုတော့ မလုပ်ချင်ဘူး၊ ဟိုစပ်စပ် ဒီစပ်စပ်။

သူထားခဲ့သောဝတ္ထုကော်ပီကို လှမ်းယူလိုက်သည်။ ဖတ်ရမှာပင် စိတ်မပါလှ။ သို့သော် ဝတ္ထုအစ စာပိုဒ်ကို မျက်စိကစားကြည့်မိ၏။ ဝတ္ထုမှာ လျှောက်လွှာစာရွက်နှင့်

၁၀ ရွက်ခန့်ရှိ၏။ ရေးသူ ကြယ်နီဟု လက်မှတ်ထိုးထားလေသည်။ ကျွန်ုပ် မျက်စိကစားလိုက်သည်မှာ ဝတ္ထုအဆုံးပိုဒ် ပြီးပါပြီသို့ပင် ရောက်သွားတော့၏။ ဖတ်မိလျှင် လက်မလွှတ်ချင်အောင် ကောင်းသောဝတ္ထုတိုတစ်ပုဒ်ဖြစ်နေလေသည်။ ထိုအချိန်မှစ၍ ကာတွန်းရုပ်စုံထဲတွင် ဝတ္ထုတိုကလေးများ မကြာခဏ ဝင်ရေးလေသည်။ ကျွန်ုပ်နှင့်လည်း ခင်မင်ရင်းနှီးခဲ့တော့သည်။

သို့နှင့် ဒုတိယကမ္ဘာစစ်ကြီးကြောင့် အလုပ်အကိုင်များ ရပ်စဲခဲ့ကြသည်။ အားလုံး အသိမိတ်ဆွေတွေ တကွဲတပြားနှင့် ပြေးကြလွှားကြသည်။ သူလည်း ဘယ်ရောက်၍ ဘာလုပ်နေသည်ဟု မသိရ။

စစ်ကြီးအပြီး ကာတွန်းရုပ်စုံ ပြန်ထုတ်သောအခါ တစ်နေ့တွင် သူတိုက်သို့ ရောက်လာသည်။ တိုက်တွင်ပင် အလုပ်လုပ်လေသည်။ တစ်ည ကျွန်ုပ်အိမ်၌ သူနှင့် ကျွန်ုပ် ထိုင်နေကြသည်။

"ခုနေ လသာသာ တယောသံကလေး ကြားချင်လိုက်တာဗျာ"

ဂီတကို ငတ်မွတ်တောင့်တမိသဖြင့် ကျွန်ုပ်၏နှုတ်ဖျားမှ ထွက်သွားသော စကားများ ဖြစ်သည်။

"တယောငှားပေးလေဗျာ၊ ကျွန်တော်ပဲ တီးပါ့မယ်"

ကျွန်ုပ်လည်း မည်သည့်အခါကမျှ သူ့အား ဂီတနှင့် ဆက်စပ်၍မကြည့်မိခဲ့။ သို့သော် သူကား တယောထိုးကောင်းတစ်ယောက်ဖြစ်လေသည်။ ထိုညက သီချင်းကြီး အပုဒ် ၂၀ လောက်ကို ကျွန်ုပ်ကောင်းကောင်း အရသာခံစား သုံးဆောင်လိုက်ရလေသည်။

တစ်ခုတော့ရှိသည်။ သူရေးသမျှ ဝတ္ထုတွေမှာ ဆန်းသည်။ စုံထောက်စွန့်စားခန်း စသည့် ဝတ္ထုမျိုးများဖြစ်သည်။ ယခု သူရေးသည့် 'မရဏမောင်းသံ' ကို ဖတ်ကြည့်လျှင် စာဖတ်သူတို့ ပိုမို၍ သူ၏အရေးအသားကို သိရှိနားလည်ပေလိမ့်မည်။ အမှန်ကတော့ သူသည် ယခု လောကဓာတ် ပညာထွန်းကားသော ခေတ်ကြီး၌ လောကဓာတ် ဆရာကြီး ဦးဘခက်သည် အဖြစ်လောက လူသတ္တဝါတို့ အကျိုးရှိမည့် ပစ္စည်းကိုရှာဖွေစုဆောင်းခဲ့ရာမှ နောက်တွင် အပျက်လောကကို မျက်မှောက်ပြုမိသွားပုံပင်ဖြစ်၏။

ယခုခေတ် လောကဓာတ်ဆရာတို့သည် 'အဖြစ်' ထက် 'အပျက်'ကို ရှာဖွေနေခြင်းအတွက် စာရေးသူသည် စိတ်ပျက်ကာ ဤ 'မရဏမောင်းသံ' ဝတ္ထုဖြင့် သရော်လိုက်ခြင်းပင် ဖြစ်ပေမည်။

ဝတ္ထုရေးသူကား လူငယ်တိုးတက်စအရွယ် 'မောင်စောညိန်း' ပင်။

မြို့မ–ဘုန်းကြွယ်

# မရဏ မောင်းသံ

## ခြုံကြီးထဲက အသံကြီး

မြန်မာပြည်ကို ဂျပန်အုပ်စိုးခဲ့၍ နှစ်မိုးမျှတိုင်သော သမယဖြစ်လေသည်။

တိတ်ဆိတ်သော အမှောင်ထု၏အောက်တွင် ဟံသာဝတီဒိစတြိတ်အတွင်းရှိ မြို့ကလေးတစ်မြို့သည် အသက်ကင်းမဲ့သကဲ့သို့ မလှုပ်မယှက် တည်ငြိမ်လျက် ရှိသည့်အပြင် အချိန်မှာလည်း သန်းခေါင်ကျော် နာရီပြန်တစ်ချက်ဖြစ်သဖြင့် လူသံ လူသံ ကင်းမဲ့ရသည့်အထဲတွင် မိုးသံကတဖြောက်ဖြောက်၊ လေသံက တရှဲရှဲနှင့် လောကဓာတ်၏ သာယာမှုကို စုပေါင်းဖျက်ဆီးနေကြသည်။

မိုးသက်တွေဆင်နေသည့် အာကာပြင်မှာလည်း အထပ်လိုက် အခဲလိုက် ထုထည် ကြီးမားသော မိုးသားများဖြင့် ကြယ်ပြောက်ကလေးတွေကိုပင် မမြင်ရအောင် ဖုံးကွယ်ထား လေရကား တစ်ချက်တစ်ချက် ဝင်းခနဲ လျှပ်စီးလက်လိုက်သည့်အချိန်မှတစ်ပါး အကောင် အထည်မကွဲပြား မှောင်သားတွေ တက်လျက် မည်းနက်နေတော့သည်။

ထိုအချိန်တွင် မိုးသံလေသံတွေထဲမှ ဖောက်ထွင်းလျက် လေးကန်ဖင့်နွဲ့စွာ တဂေါက်ဂေါက်ထွက်ပေါ်လာသော အသံကား မလွှဲရှောင်သာသော တာဝန်ဝတ္တရားဖြင့် ကင်းလှည့်ထွက်လာခဲ့ရရှာသော ကေဘိုတိုင်သေနတ် ကင်းပတ္တရောင်နှစ်ယောက်တို့၏ ခြေသံဖြစ်သည်။

သူတို့၏ဝတ္တရားမှာ မြို့ကလေး၏တောင်ဖျားမှ ထွက်လျက် မြို့အပြင်ဆုံး ကားလမ်းတစ်လျှောက် အရှေ့ဘက်သို့လျှောက်ရမည်။ လမ်းတွင် တွေ့မည်ဖြစ်သော တောင်ဖျားကင်းတဲကလေးတွင် အစောင့်ကင်းသမားများ လူစေ့မစေ့ စစ်ဆေးရင်း သူတို့

ရောက်ရှိ စစ်ဆေးပြီးကြောင်းကိုလည်း လက်မှတ်ရေးထိုးခဲ့ရဦးမည်။ ထိုမျှသာမကသေး ထိုကင်းတဲမှ အရှေ့သို့ ဆက်လက်လျှောက်ပြီးနောက် မြို့၏ အရှေ့တောင်ထောင့်အစွန်သို့ ရောက်သောအခါ မြောက်ဘက်သို့ တစ်ဖန် ရှေး ရှု၍ မြို့ကို ထောင့်တန်းဖြတ်စီးနေသည့် ရေငန်ချောင်းကလေးပေါ်ရှိ ကားလမ်း သံတံတားကြီးအတိုင်း ဖြတ်ကျော်လျက် မြို့၏ အရှေ့ဖျား ကင်းတဲကလေးကို တစ်ဖန် စစ်ဆေးရင်း မြို့အရှေ့မြောက်ထောင့်အစွန်း ဘူတာ ရုံကလေးရှိရာသို့တိုင်အောင် လှည့်လည်ရဦးမည်။

သို့ရာတွင် ထိုသံတံတားကြီးကို ဖြတ်ကျော်ရခြင်းသည်လည်းကောင်း၊ ဘူတာ ရုံအထိ သွားရမည်မှာလည်းကောင်း ခရီးဝေးလှသော်လည်း သူတို့အဖို့အတွက် မရှိလှပါ။ ယခု အခက်အခဲတွေ့နေရသည့်အကြောင်းမှာ ထိုချောင်းကူးတံတားကြီးကို မဖြတ်ကျော်မီ မြို့၏အရှေ့တောင်ထောင့်အစွန် ကားလမ်းအပြင်ဘက်ချောင်းတောင်ဘက်ရှိ နာမည်ကြီး သော ခြံကြီးနှင့် အိမ်ကြီးအနီးမှ ဖြတ်သန်းသွားရမည့် အကြောင်းသာ ဖြစ်ပါသည်။

ယခုလို မိုးမှောင်ကျနေသည့် ည၏ သန်းခေါင်ကျော်နာရီပြန်တစ်ချက်ကို မဆို ထားနှင့် လသာသော ညများမှာပင် လူခြေတိတ်စ ကိုးနာရီ၊ ဆယ်နာရီမျှကို ထိုအိမ်ကြီး အနီးသို့ သွားရဲမည့်သူ အတော်ရှားမည်။

တစ်ခါက သူတို့လည်း ပါခဲ့သည်။ ယခုလို နှစ်ယောက်တည်းတောင်မက လူတွေတစ်အုပ်ကြီးနှင့် ပျော်ပျော်ပါးပါး သီချင်းဆိုသူကဆို၊ ပါးစပ်ဆိုင်း လိုက်သူကလိုက် နှင့် ခြောက်သွေ့သောည၏ လသာသာမှာ ကင်းလှည့်ထွက်ခဲ့ကြသည်။

မှတ်မိပါသေးသည်။ ထိုခြံကြီးအဝနား၌ ပုံဆိုးဆိုး ထုလုပ်ထားသော နတ်ရုပ်ကြီး များရှိသည့် နတ်စင်ကြီးတွင် ဖယောင်းတိုင်မီးကလေး တလက်လက်နှင့် ကျက်သရေ ကင်းမဲ့သောအရောင်အဆင်းကို မလင်းတလင်း ဖော်ပြနေသည်။

သို့ရာတွင် ထိုစဉ်က ထိုအရာများမှာ သူတို့အဖို့ ကြောက်စရာများ မဟုတ်သေး။ ရယ်စရာသာမို့ ပြောင်သူကပြောင်၊ လှောင်သူကလှောင်နှင့် တောင်တောင် မြောက်မြောက် ပြောဆိုလာကြသည်။

အမှန်ကို ဝန်ခံရသော် ထိုအိမ်ကြီးတွင်နေသော မျက်နှာထားတင်းတင်းနှင့် တစ်ခါတစ်ရံမျှ မြင်ရသည့် အဘိုးကြီးတစ်ယောက်ကိုမူကား အောက်လမ်းမှော်ဆရာကြီး တစ်ယောက်ဟူ၍ ထိုစဉ်ကပင် သူတို့ယုံကြည်လျက် ရှိကြပါသည်။ ခြံဝရှိ နတ်စင်ကြီးတွင် ဖယောင်းတိုင်၊ ကန်တော့ပွဲ စသည်တို့နှင့် တစ်ခါတစ်ရံ ဝက်ခေါင်း၊ ဆိတ်ခေါင်း၊ နွားခေါင်း စသည်တို့ဖြင့် ပူဇော်ပသသကဲ့သို့ တင်မြှောက်ထားသည်မှာ မကြာခဏတွေ့ရသည့်အပြင် ယခုလို သန်းခေါင်ကျော် နာရီပြန် တစ်ချက်အချိန်လောက်တွင် သရဲသဘက်ကြီးများ

ညည်းတွားလိုက်သကဲ့သို့ နားဝင်ဆိုးရွား နှလုံးတုန်ဖွယ်ရာကောင်းလှသော အသံကြီးများ ထိုမြို့ကြီးဆီမှ တစ်ခါနှစ်ခါမျှ ကြားရဖူး ကြောင်းနှင့် ပြောဆိုသူပေါင်း များလှပါပြီ။

ထိုမျှသာမကသေး၊ ထိုမြို့ကြီးအတွင်း၌ သရဲလော၊ ဥစ္စာစောင့်လော မဆိုသာ။ လူသာမန်နှင့်မယှဉ်သာအောင် ချောမောလှပသော မိန်းမပျိုကလေးတစ်ယောက်ကို ရိုးတိုးရိပ်တိတ်မြင်လိုက်ရသည်ဟုပင် အချို့က ပြောကြသေးသည်။

မည်သို့ပင်ဖြစ်စေ၊ ထိုစဉ်အခါကမူ မည်သူတစ်ဦးတစ်ယောက်ကိုမျှ ဘေးဥပဒ် မပြုဖူးသေးကြောင်း၊ သူတို့မှာလည်း ရိုင်ဖယ်ကိုယ်စီနှင့် လူအင်အားတောင့်သော ယောကျာ်းများဖြစ်ကြ၍တစ်ကြောင်း၊ အောက်လမ်းဆရာသော၊ သရဲသော၊ သဘက်သော ရိုင်ဖယ်နှင့် တွယ်လိုက်မည်ဟု အယူရှိနေကြသေးသည်ဖြစ်ရာ စိုးရိမ်နှောင့်၍ ကြောင့်ကြ ခြင်းမရှိခဲ့။

ထိုမျှသာမကသေး၊ နတ်စင်နှင့် နတ်ရုပ်ကြီးများကို ကပြက်ကချော် ပြောင်လှောင် လာကြသော ကင်းသမားနှစ်ယောက်သည် လူအုပ်ထဲမှ ဖဲ့ထွက်ခဲ့လျက် ထိုမြို့ကြီး၏ စည်းရိုးနားသို့ပင် အပေါ့အပါးသွားရန် ချဉ်းကပ်သွားကြပါသေးသည်။

အလို ... ဘုရား ... ဘုရား၊ ဘာဖြစ်ပါလိမ့်မလဲ။ ယခုတိုင် မြင်ယောင်မိ ပါသေးသည်။ ထိုသူနှစ်ယောက်အနက် တစ်ယောက်သည် မြေပြင်ပေါ်သို့ ဗုန်းခနဲ လဲကျ သွားပြီးနောက် ဆန့်ငင်ဆန့်ငင်ဖြစ်နေစဉ် အခြားတစ်ယောက်သည် သူ့အဖော်အား ပြေး၍ထူမရန် ချဉ်းကပ်သွားရာ၌ သူပါ ပထမလူကဲ့သို့ လဲကျသွားပြီးနောက် ဆန့်ငင် ဆန့်ငင် ဖြစ်နေတော့သည်။

ထိုအခါကျမှ ကျန်လူများမှာ မျက်လုံးပြူးကုန်ကြပြီး အကောင်အထည် မမြင်ရ သော ရန်သူဖြစ်သဖြင့် ရိုင်ဖယ်နှင့်လည်း မတွယ်နိုင်ဘဲ တစ်ယောက်တစ်ပေါက် အော်ဟစ် သူအော်ဟစ်၊ ထိုင်ရှိခိုးသူရှိခိုးနှင့် အမိုက်အမဲများမို့ ဗွေမယူရန် တောင်းပန်ကြရတော့သည်။

လဲနေသူနှစ်ယောက်မှာက မထနိုင်တော့သဖြင့် ထမ်းယူခဲ့ရပြီး နှစ်ရက် သုံးရက် ကြာမှ သက်သာရာရတော့သည်။ ထိုအခါမှစ၍ ၎င်းမြို့ကြီးရှင်၏ အစွမ်းအစကို တစ်စစ ယုံကြည်လာကြပြီး ပြောင်လှောင်ပြက်ချော်မပြုဝံ့ကြတော့ရုံမျှမက ယခုလို ညညဆိုလျှင် ထိုမြို့ကြီးနားကို မည်သူမျှမသွားလိုကြ။ မလွှဲမရှောင်သာသော ကင်းပတ္တာရောင် အလှည့်ကျ သူများမှာလည်း ထိုအပိုင်းကို တတ်နိုင်သမျှ စောစော၊ အကယ်၍ နောက်ကျလျှင် အလွန် ဆုံး ကိုးနာရီ ဆယ်နာရီထက်မပိုစေဘဲ အရောက်သွားလျက် ဝတ္တရားပြီးစီးအောင် ဆောင် ရွက်ကြပြီး နောက်မှ ကျန်အပိုင်းများကို လှည့်လည်လေ့ရှိကြသည်။

သည်ညတော့ သူတို့နှစ်ယောက်မှာ အဖော်ကောင်းတွေ့သည်နှင့် တရုတ်ဆိုင်မှာ

အချိန်ကုန်လွန်သွားခဲ့ကြသည်။ ကာလရှုးကလည်းထွေထွေ၊ လူတွေထဲမှာလည်းဖြစ်၍မို့ သွားရမည့်ခရီးမှာ အပန်းမကြီးဟု မှတ်ထင်ခဲ့မိသော်လည်း ယခုလို နှစ်ယောက်တည်း တကယ်သွားရမည်ဟု ထွက်လာခဲ့ရသောအခါ တဖြည်းဖြည်း တွေးရင်းတွေးရင်း စိမ့်လာတော့သည်။

သို့ရာတွင် ယခုနေတော့ ကိစ္စမရှိသေး၊ လမ်း၏လက်ယာဘက်တွင် ဘုန်းကြီးကျောင်းတစ်ကျောင်းရှိသေးသည်။ လက်ဝဲဘက်တွင်လည်း ဂါတ်တန်းလျားများနှင့် လူနေအိမ်ခြေများရှိသေးသည်။ ၎င်းပြင် ဘုန်းကြီးကျောင်းအလွန်တွင် ကင်းတဲကလေးတစ်တဲတွေ့ရန် ကျန်သေးသည်။

သူတို့သည် မိုးသက်လေကြောင့် တရှဲရှဲမြည်နေသည့် သစ်ကိုင်းကြီးများ အုပ်မိုးနေသော လမ်းတစ်လျှောက် မှောင်ထဲတွင် စမ်းတဝါးဝါးလျှောက်ခဲ့ရာ များမကြာမီ ဆေးလိပ်မီးတရဲရဲနှင့် ကင်းတဲတွင် စောင့်နေသူများအနီးသို့ ရောက်လာကြသည်။

"ဗျို့ ဆရာတို့၊ တယ်သတ္တိကောင်းပါကလား၊ ညဥ့်နက်လှပါပကော"

ကင်းစောင့်သမားတစ်ယောက်သည် သူတို့အား ချီးကျူးရင်း ခရီးဦးကြိုလင့်၏။

"အချီးမွမ်း အရင်မလိုနဲ့ဦး ဆရာရေ့၊ ဘုံဆိုင်မှာထွေနေလို့ ကြာသွားတာ။ ဒီကရှေ့ကို ဘယ်လိုလုပ်သွားရဦးမယ်တောင် မသိသေးဘူး"

ပတ္တရောင်တစ်ယောက်က ပြန်လည်ချေပလိုက်သည်။

"ကျုပ်တော့ တယ်တောင် မသွားချင်ဘူးဗျာ၊ စိတ်ထဲလည်း လေးသလိုလိုနဲ့၊ တော်တော်ကြာ ခြံထဲက ထွက်နှံလိုက်မှ စန့်နေကြမယ်"

တစ်ယောက်ကလည်း အားမရှိစရာ ထပ်လောလိုက်သေး၏။

သူတို့သည် ထိုကင်းတဲကလေးကို စစ်ဆေး၍ လက်မှတ်များထိုးကြပြီး တာဝန်ဝတ္တရားကုန်ဆုံးသည့်တိုင် ရှေ့သို့ဆက်သွားရမည့် ခရီးအတွက် ဖင်လေးနေကြသဖြင့် ကင်းတဲမှ ရုတ်တရက်မထွက်ခွာနိုင်ကြသေးဘဲ ယိုးမယ်ဖွဲ့ကာ အချိန်ဆွဲလျက်ရှိကြသေး၏။

သို့ရာတွင် မသွားဘဲနေ၍ကားမဖြစ်၊ ရှေ့တွင် ကျန်နေသော ကင်းတဲမှာ အရေးကြီးသောနေရာဖြစ်သည်။ လူဆိုးများ မြို့တွင်းဝင်လျှင် ၎င်းဘက်မှအဝင်များသည်။ သို့အတွက် ထိုကင်းတဲသို့မရောက်ပါက နက်ဖြန်တွင် အိပ်ရေးပျက်သည်ကိုမျှ ပဓာနပြုရမည်မဟုတ်။ မြက်သော်လည်း တစ်နေ့လုံးပေါက်ရမည်။ ကန်ထဲမှ ဒိုက်တွေကိုသော်လည်းကောင်း ဆယ်ရမည်။ တစ်ခုခုတော့ သေချာနေ၏။ လုပ်ရမည်မှာ အရေးမကြီးလှဟုထားဦး၊ လူတွေဝိုင်းကြည့်ဦးမည်မို့ ရှက်စရာကောင်းလှသည်။ သည်လမ်းကိုသွားရမည်ကား ကြောက်စရာပင်ကောင်းသော်ငြားလည်း အားဥပဒ် တစ်စုံတစ်ရာဖြစ်မည်မှာ

မသေချာလှ။ ၎င်းခြံကြီးရှင်အား မနှောင့်ယှက်လျှင် သို့မဟုတ် နတ်ရုပ်ကြီးများအား မပြောင်လှောင်လျှင် ဘာမျှဖြစ်လိမ့်မည်မထင်။

မိမိတို့နှစ်ယောက်ပင်လျှင် ယခုလို ညဥ့်မနက်လှသော်လည်း ည ကိုးနာရီ၊ ဆယ်နာရီ သည်လမ်းကို နှစ်ခါသုံးခါရောက်ခဲ့ဖူးသေးသည်။ ကင်းသမားနှစ်ယောက်ကို နံလိုက်ပြီးကတည်းက ခြံကြီး၏စည်းရိုးနားသို့လည်း မည်သူမျှမကပ်ကြ၊ နတ်စင်ကြီးကိုလည်း မပြောင်လှောင်ဝံ့ကြ။ သို့အတွက်ကြောင့်လား[illegible]။ ယခုတိုင် မည်မျှနောက်ထပ်ဆားဥပဒ်ပေးသည်ဟူ၍ မကြားရ။

သို့ရာတွင် ဟိုမှသည်မှ မီးရောင်ကလေးတွေ၊ လူသံသူသံတွေ မြင်ရကြားရသေးသည့်အတွက် အနည်းငယ် အားရှိပါသေးသည်။ ယခုတော့ မီးရောင်ကလည်း ကြည့်၍မမြင်၊ လူသံကလည်း မကြားရ။ သည်ကြားထဲတွင် မိုးမှောင်ကလည်း ကျလိုက်ပြန်သေးသည့်အတွက် အတော်လန့်စရာကောင်းနေတော့သည်။

ထိုထက် ဆိုးရွားသောအကြောင်းမှာကား သဘက်ညည်းသံလို အဝေးအရပ်မှပင်လျှင် နားဝင်ဆိုးရွားအောင် အလွန်ကြောက်မက်ဖွယ် အသံဆိုး အသံနက်ကြီးများကြားရတတ်သည်ဆိုသောအချိန်နှင့် တိုက်ဆိုင်နေရာ ညတိုင်းကြားရသည်ဟု မပြောကြသည့်အတွက် တော်ပေသေးသည်။ အကယ်၍များ ယခုညကြားရသည်နှင့် တိုက်ဆိုင်နေပါက အနည်းဆုံး ခုနစ်ရက်မျှတော့ ဖျားယူရလိမ့်မည်ထင်သည်။ သို့သော် ဘာပဲဖြစ်ဖြစ်သူတို့သွားရတော့မည်။ ၎င်းဘက်မှ ဝတ္တာရားပြီးစီးသည့်တိုင်အောင် မြို့လယ်ရှိ မရောက်ရသေးသော ကင်းတဲအချို့သို့သွားရန် ကျန်သေးသည်။

သို့အတွက် တစ်ယောက်ကိုတစ်ယောက် အားပေးရင်း ကင်းတဲကလေးမှ ထွက်ခဲ့ကြသည်။ ထိုကင်းတဲမှ ထွက်လာကတည်းက လမ်း၏လက်ယာဘက်တွင် လူနေအိမ်ခြေတွေ့ဖို့ရန် မျှော်လင့်ဖွယ်မရှိတော့။ လယ်ကွက်များသာ ရှိတော့သည်။ မြို့၏ထောင့်စွန်းရောက်ခါမှ သူတို့ ရင်မဆိုင်လိုသော ခြံကြီးတစ်ခုသာ တွေ့ဖို့ရန် ရှိတော့သည်။ လမ်း၏လက်ဝဲဘက်သို့ ပြန်၍ကြည့်လိုက်ပါလျှင်လည်း ယခုနေတော့ ဘုန်းကြီးကျောင်းဝင်းကြီးရှိနေပါသေးသည်။ ၎င်းကလွန်လျှင် စပါးကျီကြီးများနှင့် တောင်ယာခင်းကလေးများသာတွေ့ရတော့မည်။

သို့နှင့် သူတို့သည် အတွေးကိုယ်စီတွေးကာ တစ်ယောက်နှင့်တစ်ယောက် စကားမျှပင် မပြောနိုင်ကြတော့ဘဲ ပခုံးပေါ်တွင် ထမ်းလာခဲ့သော သေနတ်များကို တင်းကျပ်စွာဆုပ်ကိုင်ရင်း ခပ်သုတ်သုတ်လျှောက်ခဲ့ကြရာ၌ ဘုန်းကြီးကျောင်းဝင်းကို တဖြည်းဖြည်းလွန်လာခဲ့ပြီး စပါးကျီကြီးများ၊ တောင်ယာခင်းကလေးများဘက်သို့ အစဉ်လိုက် နီးကပ်

လာကြသည်။

ထိုစဉ် တောင်လေသည် ခပ်ပြင်းပြင်းကလေး ဆောင့်၍တိုက်လိုက်ရာ လမ်းပေါ်တွင် အုပ်မိုးနေသော သစ်ပင်ကြီးများအား တရှဲရှဲမြည်သွားစေရကာ သူတို့၏ စိတ်ထဲတွင် နောက်မှ သရဲသဘက်ကြီးများ အော်ဟစ်လိုက်ပါလာသလိုလို ထင်မှတ်ပြီး စိတ်မလုံသကဲ့သို့ နောက်သို့ ပြိုင်တူလှည့်၍ကြည့်လိုက်မိကြသည်။

သူတို့သည် ချောင်းကလေးကို ဖြတ်ကျော်လုပြီဖြစ်သောကြောင့် တဖြည်းဖြည်း မြင့်တက်သွားသော ကားလမ်းတစ်လျှောက် တစ်လှမ်းပြီးတစ်လှမ်း လျှောက်ခဲ့ကြသည်နှင့်အမျှ ကားလမ်းမြင့်၏ နံဘေးဆင်ခြေလျှောကြောင့် လမ်း၏လက်ဝဲဘက်ရှိ တောင်ယာခင်းကလေးများသည် လမ်းနှင့်ဝေး၍ဝေး၍သွားရကား ထိုမျှလောက် မှောင်မည်းလှသော အချိန်တွင် တစ်တဲတလေမျှရှိသော တောင်ယာတဲကလေးများမှာ သူတို့အား စိတ်သက်သာရာရအောင် မစွမ်းဆောင်နိုင်ကြ။ လူသူလေးပါးကိုမဆိုထားနှင့်ဦး၊ တဲကလေးများကိုပင် ရိုးတိုးရိပ်တိတ် မြင်ရအောင် မနည်းကြည့်ယူရသည်ဖြစ်ရာ ရှေ့မှ တဖြည်းဖြည်း နီးကပ်လာသော ခြံကြီးအား ကြောက်ရွံ့သောအာရုံကို တားဆီးနိုင်လောက်အောင် အင်အားမရှိလှချေ။

တစ်ချက်မျှ ဝင်းခနဲ လက်လိုက်သော လျှပ်စစ်ရောင်ကြောင့် ထိုခြံကြီးမှာ သူတို့ရှေ့တွင် အတော်နီးကပ်လျက်ရှိပြီဖြစ်ကြောင်း တွေ့မြင်လိုက်ကြရကား သူတို့၏ ခြေလှမ်းများမှာလည်း တဖြည်းဖြည်း မြန်၍မြန်၍လာတော့သည်။ မောပန်းသည်က တစ်ကြောင်း၊ ကြောက်စိတ်က လွှမ်းမိုးသည်ကတစ်ဖုံမို့ မိုးတစိမ့်စိမ့်ရွာနေဆဲမှာပင် သူတို့ကိုယ်တွင် ချွေးများဖြင့် ရွှဲလျက်ရှိကြသည်။

ခြံကြီးအဝရှိ ပိတောက်ပင်ကြီးမှာလည်း မိုးသက်လေ၏ ဖော့ယမ်းကစားခြင်းကြောင့် မှောင်ထဲတွင် မည်းမည်းရိပ်ရိပ် လှုပ်ရှားလျက်ရှိသည်ဖြစ်ရာ အကောင်အထည်ကြီးမားသော သဘက်ကြီးတစ်ကောင်၏ လက်ယပ်ခေါ်နေသည့် ပုံသဏ္ဍာန်လိုလို မှတ်ထင်မိကြသည်။

ထိုအခိုက် နက်ကျောစူးရှလှသောအသံဖြင့် ဆွဲဆွဲငင်ငင် အူလိုက်သော ခွေးတစ်ကောင်၏အသံသည် အလိုလိုကမှ ကြောက်စိတ်ဖုံးလွှမ်းနေသူတို့အား ရင်ထဲတွင် ဖို၍သွားစေတော့သည်။ တစ်ယောက်သည် မိမိစိတ်ကို အားပေးသကဲ့သို့ လက်ထဲမှ ရိုင်ဖယ်သေနတ်ကို တချောက်ချောက်မြည်အောင် မောင်းတင်လိုက်ရာ ထိုအခါမှ ကျန်တစ်ယောက်မှာလည်း သတိရသကဲ့သို့ မိမိအဖော်၏နည်းတူ သူ့သေနတ်ကို မောင်းတင်ထားလိုက်၏။ သို့ရာတွင် နှစ်ယောက်စလုံး တစ်ယောက်ကိုတစ်ယောက် စကားပြောရန်ပင်

မစွမ်းနိုင်ကြ။ အာစေးထည့်ထားသကဲ့သို့ ကိုယ့်အတွေးနှင့်ကိုယ် တိတ်ဆိတ်နေကြရင်း မြန်နိုင်သလောက် မြန်အောင်သာ ကြိုးစား၍လျှောက်လျက်ရှိ ကြသည်။

မြို့ထောင့်စွန်းသို့ကား ရောက်ခဲ့ပြီ။ လက်ယာဘက်သို့ လှည့်လိုက်လျှင် မျှော်မဆုံးသော လယ်ကွင်းပြင်၊ လက်ဝဲဘက်တွင် ကြည့်လိုက်လျှင်လည်း လူနေအိမ်ခြေမရှိသော ခရီးမှာ ရှေ့တွင် တဖျပ်ဖျပ် တသွင်သွင် ရေစီးသံများကိုပင် ကြားနေရပြီဖြစ်သော ချောင်းကလေးကို ကျော်မိသည်နှင့် လွတ်မြောက်ရန်သာ ရှိတော့သည်။

သို့ရာတွင် ထိုသို့လွတ်မြောက်လုနီးသည်နှင့်အမျှ တစ်ဖက်ကလည်း ကြောက်မက်ဖွယ်ကောင်းသော ခြံကြီးမှာ အနားတွင် ကပ်လျက်ရှိနေလေပြီ။ သူတို့သည် လမ်းအတိုင်း လက်ဝဲဘက်သို့ကွေ့လျက် မြောက်ပိုင်းသို့ ရှေးရှုလျှောက်ခဲ့ကြရာ၌ ခြေလှမ်းအနည်းငယ်မျှလျှောက်မိလျှင်ပင် သူတို့၏လက်ယာဘက် လမ်းနံဘေးတွင် သစ်ပင်ကြီးများဖြင့် လေတိုက်တိုင်း အသံမြည်လျက်ရှိသော ခြံကြီးမှာ မားမားထီးထီး ရပ်တည်လျက်ရှိနေတော့သည်။

သူတို့၏ခြေလှမ်းများသည် ပြေးသလောက်နီးနီး မြန်လျက်ရှိသည်နှင့်အမျှ ခြံကြီး၏မျက်နှာစာ စည်းရိုး အလယ်တည့်တည့်၌ရှိသော နတ်စင်ကြီးတည်ရာ ဝင်းတံခါးပေါက်သည် တဖြည်းဖြည်းနီးကပ်လာ၏။

တော်ပါသေးသည်။ ညဥ့်နက်သောကြောင့်လား မပြောတတ်၊ နတ်စင်ကြီးတွင် ခါတိုင်းလို မီးထွန်းထားခြင်းမရှိတော့သဖြင့် ယခုလိုကြောက်စိတ်ဖုံးလွှမ်းနေသည့်အခါဝယ် စိတ်မချမ်းမြေ့ဖွယ် ပုံသဏ္ဍာန်နတ်ရုပ်ကြီးများကို မမြင်ကြရတော့။

သူတို့သည် ဝင်းတံခါးပေါက်၏ရှေ့မှပင် ဖြတ်ကျော်လွန်မြောက်ခဲ့ပြီးဖြစ်၍ မျက်နှာစာ၏ တစ်ဝက်မရှိတရှိသာ ဖြတ်ကျော်ရန် ကျန်ပေတော့သည်။ ထိုကလွန်လျှင် ချောင်းကူးတံတားပေါ်သို့ ရောက်ရမည်။ တံတားတစ်ဖက်ကို လွန်လျှင်ကား သူတို့ကဲ့သို့ သေနတ်ကိုယ်စီနှင့် ကာလူးထွေနေသည့် ကေဘိုတိုင်အရာရှိကြီးတို့အား အန်တုဝံ့မည့်ရန်သူသည် လောကကြီးဝယ် ရှိသည်ဟုပင် ထင်စရာမဟုတ်တော့။

သို့ကလို အတွေးမျိုးကြောင့် စိတ်အနည်းငယ် ပေါ့ပါးသွားကြလျက် သက်ပြင်းပြိုင်တူ ချလိုက်မိကြသည်။ သို့ရာတွင် သူတို့သည် ခြံကြီးရှေ့မှမလွန်မြောက်ကြသေးသဖြင့် မြန်လျက်ရှိသော ခြေလှမ်းများ၏ အရှိန်ကိုကား အတောမသတ်ဝံ့ကြသေး။ မြန်သည်ထက်မြန်အောင်သာ သုတ်လျက်ရှိကြသည်။

ထိုစဥ်ခဏတွင် ရုတ်တရက် ကြားလိုက်ရသောအသံတစ်ခုသည် ခြေကုန်သုတ်လျက်ရှိသော သူတို့နှစ်ယောက်အား တန့်ခနဲရပ်သွားစေသည့်ပြင် ခေါင်းနားပန်းများကြီး

လျက် ရင်ထဲတွင် တဒိတ်ဒိတ်လှုပ်ရှားသွားစေသည်။ သူတို့ကြားလိုက်ရသော အသံသည် အမှန်အားဖြင့် ထိုမျှလောက်တုန်လှုပ်ဖွယ် ကောင်းလှသည်မဟုတ်ပါ။ အနီးဆုံး ဥပမာပြရလျှင် ရေဒီယို အသံဖမ်း၍ မမိတမိတွင် တစ်ချက်တစ်ချက် ကြားရတတ်သော ဂူး.... ဂူး... ဂုတ် ဂုတ် ... နှင့် အသံမျိုးသာဖြစ်ပါသည်။

သို့ရာတွင် ယခုလို လူခြေတိတ်၍ ကြောက်စိတ်ဖုံးလွှမ်းနေသည့်အခါတွင် သစ်ရွက်ကြွေသံကိုပင် ထိတ်လန့်ဖွယ်ထင်နေကြသည်ဖြစ်ရာ အဆန်းမဟုတ်လှ၊ အတန်ကြာမှ မည်သို့မျှအကြောင်းထူးဟန်မတူသည်နှင့် ထိုကြောက်မက်ဖွယ်ကြီး ခြံကြီးရှေ့မှ ဆက်လက်၍ သုတ်ခြေသုတ်တော့မည်ဟု ခြေလှမ်းအပြင်လိုက်တွင် –

ထိုခြံကြီးအလယ်ရှိ တိုက်ခံနှစ်ထပ်အိမ်ကြီးဆီမှ ဝင်းခနဲတစ်ချက်မျှ လင်းထိန်သွားသည်နှင့် မရှေးမနှောင်း ဒုတိယမြောက် ထွက်ပေါ်လာသော အသံကြီးတစ်ခုကြောင့် သူတို့၏ အူအသည်းများသည် ပြောင်းပြန်လန်သွားသကဲ့သို့ ထင်လိုက်မိကြသည်။

အသံကြီး ... အသံကြီး ...၊ ထိုအသံကြီးကား မည်ကဲ့သို့သော အသံကြီးပါပေနည်း။ ကမ္ဘာပေါ်၌ရှိရှိသမျှသော တောရိုင်းတိရစ္ဆာန်များအားလုံးကုန် စုပေါင်း၍ တစ်ပြိုင်နက်တည်း အော်ဟစ်ကြပါမူ ထိုအသံလောက် ဆိုးရွားနိုင်ပါမည်လော။ ထိုအသံကြီး၏ ပုံသဏ္ဍာန်ပမာကို သုံးဆယ့်သုံးလုံးသော ဗျည်းအက္ခရာများအနက် မည်သည့်အက္ခရာနှင့်မျှ ဆင်တူယိုးမှားပင် အသံထွက်တူအောင် ဖော်ပြနိုင်စွမ်းနိုင်မည်မဟုတ် ပါတကား။ ကျယ်လောင်လှသည်ဟုလည်း မဆိုသာပါဘဲလျက် မည်သည့်အတွက်ကြောင့် ထိုမျှလောက် နှလုံးတုန်ဖွယ်ရာကောင်းလောက်အောင် ပြင်းထန်ဆိုးဝါးလျက်ရှိရခြင်းအကြောင်းရင်းကို တွေးမရနိုင်အောင် ရှိတော့သည်။

သူတို့စိတ်ထဲတွင်ကား ဆိုဖွယ်ရာမရှိ၊ စကြဝဠာတစ်ခုလုံး ချာလပတ်လည်သွားသကဲ့သို့ ထင်မှတ်လိုက်မိကာ မျက်စိများပြာမိုက်သွားပြီး မကြုံဖူးအောင် ပြင်းထန်ထူးဆန်းလှသော ဝေဒနာတစ်ခုကို သူတို့၏ အမည်ဖော်ပြစရာ ရှာမတွေ့သော ကိုယ်အင်္ဂါအစိတ်အပိုင်းတစ်ခုခုတွင် ခံစားလိုက်ရကြောင်းတစ်ခုသာ သတိပြုလိုက်မိသည်။

သူတို့နှစ်ယောက်သည် သတိတရားများကင်းလွတ်လျက် လက်မှသေနတ်များပင် ပါမှန်း၊ မပါမှန်း မသိကြတော့ဘဲ ကိုယ်လွတ်စွန့်ပစ်ခဲ့ပြီး ခြေကုန်နှင်းကာ အပြေးသုတ်ခြေတင်ကြတော့သည်တွင် ချောင်းကူးတံတားကြီးကိုကျော်လျက် မြို့အရှေ့ဖျားကင်းတဲကလေးဆီသို့ တရိပ်ရိပ်နီးကပ်လာသည်နှင့်အမျှ သူတို့၏ခွန်အားများသည်လည်း တဖြည်းဖြည်း ဆုတ်ယုတ်ခဲ့ပြီး ဦးခေါင်းထဲတွင် မူးဝေနောက်ကျိလျက် လာခဲ့ရာ ကင်းတဲလေးရှေ့သို့ ဒယိမ်းဒယိုင်နှင့်ဆိုက်ရောက်ကြသောအချိန်တွင် အကျိုးအကြောင်းကို

ထိတ်လန့်စွာဆီးကြိုမေးမြန်းကြသော ကင်းသမားများကိုပင် တုံ့ပြန်အဖြေမပေးနိုင်ကြတော့ဘဲ မြေကြီးပေါ်သို့ ပုံလျက်သား လဲကျသွားတော့သည်။

ထိုကင်းတဲမှာ ခြံကြီးနှင့် တစ်ဖာလုံမျှ ဝေးခဲ့ပြီးသော်လည်း ၎င်းကင်းတဲတွင် စောင့်နေသော ကင်းသမားများသည်လည်း ထိတ်လန့်ဖွယ်ကောင်းသော အသံကြီးကို မည်သည့်အရပ်ကမှန်းမသိ ကြားလိုက်ရသည်ဖြစ်ရာ အကြောင်းရှာမတွေ့၍ ထိတ်လန့်အံ့ဩနေကြစဉ် ထွက်ပြေးလာကြသော သေနတ်ကင်းပတ္တရောင်နှစ်ယောက်၏ ဖြစ်အင်ကို မြင်ရသောအခါ မျက်ကလဲဆန်ပျာဖြစ်ကုန်ကြပြီး ရပ်သူရွာသားများကိုပြေး၍ အကြောင်းကြားကြရတော့သည်။

လူအများနှင့် ဝိုင်းဝန်းထမ်းပိုးကာ လဲနေသူများအား ယူဆောင်ခဲ့ကြရာဝယ် တစ်ယောက်မှာ လမ်းတွင်ပင် သေဆုံးသွားလျက် အခြားတစ်ယောက်မှာလည်း အိမ်ရောက်၍ များမကြာမီပင် ခြံကြီးခြံကြီးဟူသော စကားနှစ်လုံးသာ ပြောနိုင်လျက် အသက်ထွက်သွားတော့ရာ အကျိုးအကြောင်းကို မည်သူမျှတပ်အပ်သေချာစွာ မသိလိုက်ကြရဘဲ တစ်ယောက်တစ်မျိုး ထင်မြင်ချက်ပေးကာ ပြောဆိုနေကြခြင်းဖြင့် ထိုအဖြစ်အပျက်ကလေးမှာ ဗိဝါဒကွဲပြားအငြင်းပွားလျက် ထိုမြို့ထဲတွင် ခေတ်စားသော သတင်းတစ်ရပ်အဖြစ်သို့ ရောက်ရှိသွားတော့၏။

ရာဇဝတ်ဘက်ဌာနမှာကား သေဆုံးသူများတွင် ဒဏ်ရာဒဏ်ချက်တစ်စုံတစ်ခုမျှ မတွေ့ရသည့်တစ်ကြောင်း၊ ထိတ်လန့်ခြင်းလွန်သွားသည့်အတွက် သေဆုံးခြင်းဖြစ်သည်ဟူ၍ ထွက်ဆိုသော ကုလားလူမျိုးဆရာဝန်၏ အစစ်ခံချက်ကြောင့်တစ်ကြောင်း၊ များစွာ ကြိုးစားပမ်းစားမစုံစမ်းတော့ဘဲ မတော်တဆလူသေမှုအဖြစ် ခပ်ပေါ့ပေါ့နှင့် အမှုကို ပိတ်ပစ်လိုက်သည့်အတွက် ခြံကြီးရှင်တို့မှာ တစ်စုံတစ်ရာ စစ်ကြောမေးမြန်းခြင်းကိုပင် မခံလိုက်ကြရဘဲ ပြီးစီးသွားတော့သည်။

သို့ရာတွင် ရပ်သူရွာသားတို့၏ စိတ်ထဲတွင်မူကား ထိုခြံကြီးရှင် အောက်လမ်းဆရာကြီးလက်ချက်ဟူသော တပ်အပ်စွပ်စွဲကြလျက် ၎င်းခြံကြီးကိုလည်း နေ့ခင်းနေ့လယ်တွင်ပင် တတ်နိုင်သမျှ ရှောင်ကွင်းကြပြီး သေမင်းဌာနီသဖွယ် ပိုင်းပယ်ထားသော နေရာတစ်ခုဟူ၍ ညှိနှိုင်းတိုင်ပင်ရန်ပင် မလိုဘဲ တညီတညွတ်တည်း သပိတ်မှောက်လိုက်ကြတော့သည်။

* * *

# ထူးဆန်းသော ခြံစည်းရိုး

ထိုအဖြစ်အပျက်များဖြစ်ပြီး၍ ငါးညမျှ လွန်မြောက်ခဲ့သော ညတစ်ညတွင် ထိုညကကဲ့သို့ပင် မိုးသားများမည်းမှောင်နေသည်။ အချိန်မှာ ည ၁၀ နာရီမျှ ရှိပြီဖြစ်၍ လူသံသူသံ တိတ်ဆိတ်စပြုလျက် မြို့ကလေးတစ်မြို့လုံး လမ်းကြီး လမ်းငယ် အသွယ်သွယ်တွင် အသွားအလာပြတ်လပ်ကင်းမဲ့လျက်ရှိသည်။

မည်းမည်းရိပ်ရိပ် သဏ္ဍာန်တစ်ခုသည် ဘူတာရုံဘက်ဆီမှ ခြံကြီးရှိရာ ကားလမ်းသံတံတားကြီးဘက်ဆီသို့ ရှေးရှု ခပ်သုတ်သုတ်သွားနေရာ ထိုလမ်းမှစောင့် ဆိုင်းကြည့်ရှုနေသူရှိပါက သက္ကလတ်ဦးထုပ်အနက်ကို ခပ်အုပ်အုပ်ဆောင်းလျက် ဘလေဇာကုတ်အနက်၊ ရှမ်းဘောင်းဘီအနက်တို့ကို ဝတ်ဆင်ကာ ရိုင်ဖယ်သေနတ်ကို လွယ်ထားသော အရပ်မြင့်မြင့် ယောက်ျားပျိုတစ်ယောက်ဖြစ်ကြောင်း တွေ့မြင်ရပေလိမ့်မည်။

ယခုလိုအချိန်မဲ့တွင် ယခုလို အဝတ်အစားမျိုးဖြင့် သွားလာလျက်ရှိသူအား တစ်စုံတစ်ရာ သင်္ကာမကင်းဖွယ်ရှိသည်မှန်သော်လည်း ထိုယောက်ျားပျိုကား လူဆိုးသူခိုးလည်း မဟုတ်၊ တာဝန်ဝတ္တရားကျသော ရာဇဝတ်အမှုထမ်းလည်းမဟုတ်၊ မခံချင်တတ်သောစိတ်၊ စွန့်စားလိုသော ဝါသနာ၊ စုန်း နတ် တစ္ဆေကို ယုံကြည်လက်ခံခြင်း မပြုနိုင်သော အယူအဆတို့ကြောင့် ထိုသတင်းကြီးသော ခြံကြီး၏အခြေအမြစ်ကို စုံစမ်းရန် မည်သူ့ကိုမျှ အသိမပေးဘဲ တစ်ကိုယ်တည်း ထွက်လာခဲ့သော လူကုံထံ မိကောင်းဖခင်သားတစ်ယောက်သာ ဖြစ်သည်။

သူ၏အမည်မှာ စောနိုင်။ သူ၏ အသက်မှာ နှစ်ဆယ်ကျော် အစိတ် မရှိတရှိ။ အရပ်အမောင်း ငါးပေခွဲမျှရှိသည်။ သို့ရာတွင် သူသည် အားသမားမဟုတ်၊ ဓားသမား သက်သက်ဖြစ်ခြင်းကြောင့် သူ၏ကိုယ်လုံးကိုယ်ထည်မှာ သန်မာဖျတ်လတ်ဟန်ရှိသော်လည်း အရပ်အမောင်းနှင့် နှိုင်းစာလျှင် ပိန်ပိန်သေးသေးဟု မှတ်ထင်ရသည်။

သေဆုံးသွားသော ကင်းပတ္တရောင်နှစ်ယောက်သည် ထိုအောက်လမ်းဆရာကြီး၏လက်ချက်ကြောင့် သေရသည်ဟူသော ယူဆချက်ကို သူ ဘယ်နည်းနှင့်မျှ လက်မခံနိုင်။ ၎င်းပြင် ယခင်တစ်ကြိမ် ဆန့်ငင်ဆန့်ငင် ဖြစ်နေ၍ လူနှစ်ယောက်ကို ထမ်းယူရကတည်းက သူ့တွင် ထင်မြင်ယူဆချက်တစ်မျိုး ရှိနေခဲ့သည်။ ယခုလည်း ထိုထင်မြင်ယူဆချက်ကိုပင် အခြေပြု၍ လက်တွေ့စမ်းသပ်ရန် ထွက်ခဲ့ခြင်းဖြစ်ရာ လိုအပ်သည်ထင်သော ပစ္စည်းများ သူ့တွင် အစုံအလင်ပါခဲ့သည်။

သူသည် တဖြည်းဖြည်းနှင့် တံတားကြီးဘက်သို့ နီးကပ်သွားသည်။ ယခုလို

အချိန်မျိုးတွင် ဤနေရာမျိုး၌ ပုလိပ်သော်လည်းကောင်း၊ ကေဘိုတိုင်ကင်းသမားသော်လည်းကောင်း တွေ့မည်ကို စိုးရိမ်ဖွယ်မရှိသောကြောင့် သူအထူးကျေနပ်နေသည်။ အကယ်၍ တွေ့သည့်တိုင်အောင် သူ၏ဂုဏ်ဒြပ်ကြောင့် ဘေးအန္တရာယ်တစ်စုံတစ်ရာရှိနိုင်မည် မဟုတ်သော်လည်း သူ၏အကြံအစည်ကို လူမသိစေလိုသောကြောင့် ယခု အချိန်တိုင်အောင် ငံ့လင့်နေခဲ့ခြင်းဖြစ်သည်။

သူသည် တုန်လှုပ်ခြင်းကင်းမဲ့သော ခြေလှမ်းများဖြင့် ကားလမ်းတံတားကြီးပေါ်သို့ တရွေ့ရွေ့တက်သွားပြီး တံတားထိပ်သို့ရောက်သောအခါ ခေတ္တမျှရပ်လျက် ခြံကြီးဆီသို့ အကဲခတ်သကဲ့သို့ ကြည့်ရှုနေသည်။ ခြံကြီးထဲတွင်ကား မည်းမှောင်လျက်ရှိပြီး ဝင်းတံခါးဝ နတ်စင်ကြီးတွင် ထွန်းညှိထားသော မီးကလေးတစ်ခုသာ မှိတ်တုတ်မှိတ်တုတ်နှင့် ရှိလေသည်။

သစ်ပင်ကြီးတို့၏အကြားမှ အိမ်ကြီးဆီသို့ လှမ်းမျှော်ကြည့်လိုက်သောအခါ ပြတင်းပေါက်တံခါးတစ်ခုသည် ပွင့်နေလျက် အိမ်ထဲမှ မီးရောင်ကလေးပျပျကို သူ မြင်ရသည်။

ခဏတာမျှ ခြံကြီးထဲမှ လူရိပ်လူခြည်ကို ကြည့်ရှုနေပြီး တစ်စုံတစ်ရာ မထူးခြားမှ စိတ်ချသွားသည့်အလား တံတားကြီးတစ်ဖက်သို့ ခပ်သုတ်သုတ် လျှောက်သွားသည်။ တံတားကို လွန်လျှင်ပင် သူသည် ခြံကြီးရှေ့သို့ရောက်နေပြီဖြစ်ရကား လမ်းမြင့်ပေါ်မှ ဘေးသို့ဖဲ့၍ဆင်းလိုက်ကာ ခြံစည်းရိုးနားသို့ အပြေးကလေး ချဉ်းကပ်သွားသည်။

သို့ရာတွင် လာကတည်းက ဦးနှောက်ထဲတွင် ပါလာခဲ့သော ထင်မြင်ယူဆချက်တစ်ခုကြောင့် ခြံစည်းရိုးနားသို့ထိအောင် မကပ်သေးဘဲ တစ်လံကွာလောက်တွင် ရုတ်တရက် ရပ်တန့်လိုက်ပြီး လေးပေခွဲမျှမြင့်သော ခြံစည်းရိုးပေါ်မှကျော်ကာ အိမ်ကြီးဆီသို့ လှမ်းမျှော် အကဲခတ်ရင်း တစ်စုံတစ်ရာကို ချိန်ဆနေသည်။

အတန်ကြာမှ အိမ်ကြီးထဲက သူ့ကိုမမြင်နိုင်စေရန် ထိုင်ချလိုက်ပြီး ယူဆောင်လာခဲ့သော ပစ္စည်းများကို အိတ်တွင်းမှ ထုတ်ကာ ပြင်ဆင်စရာရှိသည်ကို စိတ်အေးလက်အေးနှင့် ပြင်ဆင်နေသည်။

ပထမ ရာဘာလက်အိတ်များကို သူ၏လက်နှစ်ဖက်တွင် စွပ်လိုက်သည်။ ၎င်းနောက် အသင့်ပါလာသော လက်နှိပ်ဓာတ်မီးအငယ်စားကလေးကိုဖွင့်ကာ သူ၏ခြေထောက်တွင် စည်းလာခဲ့သော ရာဘာဖိနပ်ခွာများ၏အခြေအနေကို ကြည့်ရှုစစ်ဆေး၍ နေပြန်သည်။ ပြီးမှ ဘေးတွင် ခေတ္တချထားသော သေနတ်ကို ဘယ်လက်ဖြင့် ကောက်ကိုင်ကာ ညာလက်တွင်းရှိ လက်နှိပ်ဓာတ်မီးကလေးဖြင့် ခြံစည်းရိုးဘက်သို့ ထိုးကြည့်ရင်း အလွန်သတိကြီးစွာထားသည့်ဟန်ဖြင့် ဆောင့်ကြောင့်ထိုင်လျက်သား တစ်လှမ်းချင်း

ရှေ့သို့တိုးကပ်သွားသည်။

သူသည် မြေပြင်ပေါ်သို့လည်းကောင်း၊ ခြံစည်းရိုးဆီသို့လည်းကောင်း မီးရောင်ဖြင့် ထိုးကာ တရွေ့ရွေ့တိုးကပ်လျက်ရှိရာ ခြံစည်းရိုးအနီးသို့ရောက်လုနီးတွင် သူမျှော်လင့်လာခဲ့သော တစ်စုံတစ်ရာကိုလှမ်း၍ မြင်လိုက်ရကား သူ၏မျက်နှာတွင် များစွာ ကျေနပ်သွားသော လက္ခဏာပေါ်ပေါက်လာသည်။

"ဒီအတိုင်းပဲ ဖြစ်ရမှာပေါ့"

သူသည် နှုတ်မှပင် ခပ်တိုးတိုးရေရွတ်လိုက်မိသေး၏။

ခြံစည်းရိုးမှာ အဝေးမှကြည့်နေလျှင် ဝါးပင်အသေးစားကလေးများနှင့် သာမန်မျှကာရံထားသည်ဟု မှတ်ထင်ရသော်လည်း ထိုဝါးပင်ကလေးများ၏ အရွက်အခက်များကြားတွင် ပိုက်ကွန်ကဲ့သဖွယ် သွပ်နန်းကြိုးများဖြင့် တစ်ထပ်ကာရံထားသေးရာ ဝါးပင်များ၏ အရွက်အခက်ပါးသည့်နေရာများတွင် သွပ်နန်းကြိုးတို့သည် ပြတ်တောင်းပြတ်တောင်းပေါ်လျက်ရှိသည်။

သူသည် သွပ်နန်းကြိုးတစ်နေရာကို စိတ်ဝင်စားစွာ လက်နှိပ်ဓာတ်မီးနှင့်ထိုးကြည့်နေရာမှ လက်တစ်ဖက်မှ သေနတ်ကို ဘေးသို့ချထားလိုက်ပြန်သည်။ ထို့နောက် လက်နှိပ်ဓာတ်မီးကို ဘယ်လက်သို့ ပြောင်းကိုင်လိုက်ကာ ရာဘာလက်အိတ်စွပ်ထားသော ညာလက်ဖျားကလေးဖြင့် သွပ်နန်းကြိုးကို တို့၍တို့၍ စမ်းသပ်ကြည့်ပြီးမှ အတန်ကြာကိုင်ကြည့်လိုက်သည်။

သူ၏အလုပ်တွင် သူသည် တဖြည်းဖြည်း စိတ်ပါဝင်စားလာဟန်ဖြင့် လျင်မြန်စွာ တစ်ခုပြီးတစ်ခု ဆက်လက်လုပ်နေသည်။ အိတ်တွင်းမှ ဓာတ်ကြိုးခွေကလေးတစ်ခုကို ထုတ်ယူလိုက်ပြီး အဖျားတစ်ဖက်ကို ခြံစည်းရိုးသွပ်နန်းကြိုးနှင့်လိပ်၍ ဆက်လိုက်သည်။ ထို့နောက် ခေါင်းမော့ကာ ခေတ္တမျှ စဉ်းစားလိုက်ပြီး ဓာတ်ကြိုးကလေး၏ ကျန်အဖျားတစ်ဖက်ကို ကိုင်ကာ သစ်သားထဲမှ အနည်းငယ် အစွန်းထွက်နေသော သူ၏ရိုင်ဖယ်သေနတ်ပြောင်းတံဖြင့် ခြစ်ကာတို့ကာ စမ်းသပ်လျက်ကြည့်သည်။

တွေ့မြင်ရသော အခြင်းအရာကား သူ၏မျက်နှာကို အထူးရွှင်ပျသွားစေသည်။ ဆက်သွယ်ထားသော ဓာတ်ကြိုးကလေး၏အဖျားသည် သေနတ်ပြောင်းနှင့် ခြစ်လိုက်တိုင်း မီးပွင့်ကလေးများ တဖျပ်ဖျပ် ပွင့်၍ ပွင့်၍သွားသည်ဖြစ်ရကား ခြံစည်းရိုးကာရံထားသော သွပ်နန်းကြိုးများသည် သူ မူလက ထင်မြင်ခဲ့သည့်အတိုင်း ဓာတ်လိုက်လျက်ရှိသည်မှာ သေချာပေပြီ။

သူသည် ထိုမျှနှင့် မကျေနပ်သေး။ သူ၏ဓာတ်ကြိုးကလေးများကို ဖြုတ်ယူအိတ်

ထဲသို့ ထည့်လိုက်ပြီး ခြံစည်းရိုးတစ်လျှောက် ဓာတ်မီးနှင့်ထိုးရင်း ဝင်းတံခါးပေါက်ဘက်သို့ လျှောက်သွားပြန်သည်။ တစ်လျှောက်လုံးပင် သွပ်နန်းကြိုးများသည် လက်ဦးနေရာ၏ နည်းတူရှိနေကြသည်။ သို့ရာတွင် တစ်နေရာ၌မူ သွပ်နန်းကြိုး တစ်ချောင်းသည် ပြတ်လျက်ရှိပြီး ခြံစည်းရိုးအပြင်ဘက် မြေပြင်ပေါ်သို့ တစ်ပေခွဲခန့် အစွန်းထွက်လျက်ရှိရာ ထိုကြိုးစမှာလည်း သေနတ်ပြောင်းနှင့်ခြစ်ကြည့်တိုင်း မီးပွင့်ကာ ဓာတ်လိုက်လျက်ရှိ၏။

ဟုတ်လှပြီ၊ ခြံစည်းရိုးနားသို့ကပ်ကာ အပေါ်သွားသဖြင့် ဆန့်ငင်ဆန့်ငင် ဖြစ်နေသည်ဆိုသော ကင်းသမားများသည် ထိုပြတ်နေသည့်နေရာမှ သွပ်နန်းကြိုးစကို ဖိနပ်မပါသော ခြေထောက်ဖြင့် တက်နင်းမိသည်ဖြစ်ရမည်။

သို့သော် ထိုအကြောင်းသည် မှန်သည်မှာ ရှိပါစေတော့၊ ခြံစည်းရိုးတစ်လျှောက် လျှပ်စစ်ဓာတ်အား လွှတ်ထားသော သွပ်နန်းကြိုးများနှင့် ကာရံထားသည်မှာလည်း အမှန်ပင်ဖြစ်ပါစေတော့။ ထိုအကြောင်းများနှင့် ဆက်သွယ်လျက် တွေးတောစရာ အကြောင်းများသည် သူ၏ဦးနှောက်ထဲသို့ တစ်ပြုံတစ်ခေါင်းကြီးဝင်လာကြသည်။

အောက်လမ်းဆရာကြီးဟူ၍ အမည်ခံယူထားသူတစ်ယောက်သည် အဘယ်ကြောင့် ဤခေတ်မီစွာ သူ၏အကွယ်အကာကို ပြုလုပ်ထားနိုင်ပါသနည်း။ အဘယ်ကြောင့် အောက်လမ်းပညာဖြင့် မစီမံဘဲ ယခုလို ခေတ်ပေါ်နည်းဖြင့် စီမံထားပါသနည်း။ သူ၏ ပညာမှာ တကယ်မစွမ်းဘဲ လိမ်ညာ၍စားနေသော လူကြီးတစ်ယောက်ပင်ဖြစ်မည်လော။

သို့ရာတွင် လိမ်သည်ဖြစ်စေ၊ မလိမ်သည်ဖြစ်စေ ထိုအရာမှာ အရေးမကြီးလှပါ။ တွေး၍မရသောအချက်မှာ မြို့ကလေးတစ်မြို့လုံး ဓာတ်အားပေးသော စက်ရုံကြီးမှ စက်များကို ဂျပန်သိမ်းယူသွားသဖြင့် ဓာတ်မီးနှင့် ကင်းဝေးခဲ့ရသည်မှာ ကြာပြီ။ ဤအိမ်တစ်နေရာ တည်းမှကွက်၍ ခြံစည်းရိုးကိုပင် ဓာတ်အားလွှတ်ထားနိုင်လောက်အောင် ဘယ်ကဓာတ် အားများ ရနေပါသနည်း။

အကယ်၍ ကိုယ်ပိုင်အင်ဂျင်နှင့်မောင်းက ဓာတ်အားရနိုင်သည်ကား မှန်ပါ၏။ သို့ရာတွင် ဤခြံကြီးအတွင်းတစ်နေရာ၌ အင်ဂျင်စက်ရှိနေပါက ခြံအပြင်ဘက် ယခုလို ကပ်နေသည့်နေရာက စက်သံကိုမကြားနိုင်လောက်အောင် ခြံကျယ်လှသည် မဟုတ်ပါ။ အင်ဂျင်ရှိသည်မှန်ပါက ကျယ်လောင်လှသော တချက်ချက်မြည်သံကို အမှန်ပင် ကြားရ ပေလိမ့်မည်။

တစ်ခုတော့ရှိပါ၏။ ထိုအကြောင်းပြချက်မှာကား မိမိမကျွမ်းကျင်သည့်အရာ ဖြစ်၍ မဟုတ်ဟုမဆိုသာ။ ထိုလူကြီး၏ အောက်လမ်းပညာပင်လျှင် လျှပ်စစ်ဓာတ်အားကို ပြုနိုင်ပါသလော။ သို့သော် ဤနည်းလည်း ဟုတ်မည်မထင်။ မည်သည့်နည်းနှင့်မျှ

ခေတ်ပေါ်လောကဓာတ်ပညာသည် ဟောင်းနွမ်းဆွေးမြည့်နေသည့် အောက်လမ်းမှော်ပညာနှင့် ဆက်သွယ်လျက် ရှိနိုင်မည်မဟုတ်ပါ။ သည်လိုယူဆရပါက မိမိမှာ ရှုံးရာကျပေတော့မည်။

စောနိုင်မှာ တွေးရင်းတွေးရင်း ဦးနှောက်ထဲတွင် ရှုပ်သည်ထက် ရှုပ်ထွေးလာတော့သည်။ ဤအကြောင်းများကို ယခုတစ်ခါတည်း တွေးယူ၍ကား ဖြေရှင်းနိုင်မည်မဟုတ်။ သဲလွန်စရရုံမျှသာရှိသေး၍ သိလိုပါလျှင် တဖြည်းဖြည်းစုံစမ်းမှ ရတော့မည်။ ထူးဆန်းလှသော သဲလွန်စများကြောင့်လည်း သိလိုစိတ်များ ပိုမိုပြင်းထန်လျက် ရှိလေပြီ။

သို့ကြောင့် သူသည် ခြံကြီးထဲသို့ ဝင်၍ကြည့်ချင်စိတ်ပေါ်လာသည်။ လုပ်မိလျှင် နောက်မဆုတ်တတ်သော ဝါသနာကြောင့် ခြံစည်းရိုးနားသို့ ချဉ်းကပ်လိုက်မိ၏။ ခြံထဲတွင်ကား လူရိပ်လူခြေမမြင်ရ။ စိုးရိမ်ဖွယ်ရှိမည်မထင်။ သို့ရာတွင် ခြံစည်းရိုးကို ကျော်ကာ အတွင်းဘက်၌ ဘယ်လိုဓာတ်ကြိုးမျိုးများ ရှိနေသေးသည်မသိ။ အောက်လမ်းပညာဆိုသည်ကို မယုံကြည်သော်လည်း ဓာတ်လွှတ်ထားသော ဓာတ်ကြိုးကိုကား ကြောက်ရပေသည်။

တစ်စုံတစ်ရာရှိမရှိ ခြံစည်းရိုးကို ကျော်ကာ အတွင်းဘက်သို့ ဓာတ်မီးနှင့်ထိုး၍ကြည့်လိုက်သည်။ မိုးရွာထားသဖြင့် မြက်ခင်းပေါ်တွင် ရေအိုင်လျက် ရှိသည်မှတစ်ပါး ဘာမျှထူးထူးထွေထွေမတွေ့ရ၊ အန္တရာယ်ရှိမည်မထင်၊ ဘာပဲဖြစ်ဖြစ် ရအောင်ဝင်တော့မည်။

သို့ရာတွင် မည်ကဲ့သို့ ဝင်မည်နည်း၊ ကျော်တက်၍ကား မဖြစ်နိုင်၊ ဓာတ်ကြိုးနှင့်မတော်တဆထိမိလျှင်ခက်မည်။ သူသည် ခြံစည်းရိုး၏အမြင့်ကို ချိန်ဆကြည့်လိုက်၏။ လေးပေခွဲမျှအမြင့်မှာ သာမန်လူသားအဖို့ လွတ်အောင်ခုန်ရန် ခဲယဉ်းမည်ဖြစ်သော်လည်း စောနိုင်ကား သူ၏ ငါးပေခြောက်လက်မတိတိရှိသောအရပ်နှင့် မျက်လုံး ခန့်တိုင်းထားသောအမြင့်ကို ကျောင်းနေစဉ်က အမြဲတမ်းလွတ်အောင် ခုန်နိုင်ခဲ့သူဖြစ်သည်။ ယခုခြံစည်းရိုးမှာ သူ၏ရင်စို့မျှသာရှိသဖြင့် ဘယ်နည်းနှင့်မဆို အလွယ်တကူ လွတ်ရမည်ဟု သူတွက်သည်။

သို့ကြောင့် သူသည် ခြံစည်းရိုးမှ နောက်ဆုတ်ခွာလိုက်သည်။ ခပ်လှမ်းလှမ်းမှ အရှိန်ယူပြေးလိုက်ပြီး လက်တစ်ဖက်မှ သေနတ်ကို မြှောက်ကာ လွှားခနဲ ခုန်လိုက်သည်။ ကျင့်သားမရှိသောကြောင့်လားမသိ ခြံစည်းရိုးထိပ်မှ ဝါးပင်အညွန့်ကလေးများကိုပင် ခြေဖျားဖြင့် ခတ်မိသွားသေး၏။ သို့ရာတွင် သူသည် ဘာမျှ ဘေးဥပဒ်အန္တရာယ်မရှိဘဲ ခြံထဲသို့ရောက်သွားသည်။

ခြံကြီးအတွင်း၌ကား သရက်ပင်၊ ပိန္နဲပင်၊ ပိတောက်ပင်စသော အပင်အကြီးများအပြင်၊ ပန်းရုံများနှင့်တူသော ချုံအချို့ရှိသည်။ ဟိုနေရာတစ်စု သည်နေရာတစ်စု ရှိနေကြသည်။ သူသည် အိမ်ကြီးအနီးသို့ကား ယခုလိုဘာမျှမမြင်ရသော မှောင်ကြီးထဲတွင် ချဉ်းကပ်ရန် မကြံစည်ဝံ့။ သာမန်အိမ်မျိုးဆိုလျှင် အတွက်မရှိလှ၊ ယခုအိမ်မှာ ခြံစည်းရိုးကိုပင် ဓာတ်လွတ်ထားသည့်အိမ်ဖြစ်ရာ အိမ်တွင်လည်း မည်သို့မည်ပုံ ပြုလုပ်ဦးမည် မဆိုနိုင်။ လက်နှိပ်ဓာတ်မီးကိုလည်း ခြံထဲသို့ရောက်နေပြီဖြစ်၍ တစ်ခါတစ်ရံ မလွဲသာမှ သုံးခဲ့တော့သည်။

သူသည် သတိကြီးစွာထားလျက် အိမ်ကြီးကို ပတ်ပတ်လည်လှည့်၍ အကဲခတ်မိသည်။ အိမ်ကြီးနောက်ဖေးဘက်တွင် မီးဖိုလိုလို အစေခံတန်းလျားလိုလို အိမ်ငယ်ကလေးတစ်ခုရှိသည်။ အိမ်ကြီး၏အခြေအနေမှာက သာမန်ကြေးရတတ် အိမ်ကြီးများနှင့် ဘာမျှမခြားနား။ သို့အတွက် သူသည် လက်ဦးဝင်ခဲ့သောဘက်သို့ ပြန်လျှောက်လာကာ ပွင့်နေသော ပြတင်းပေါက်မှ အိမ်တွင်းသို့ လှမ်းကြည့်လိုက်သည်။ သို့ရာတွင် အနိမ့်မှနေကြည့်ရသောကြောင့် အိမ်ခေါင်မိုး မျက်နှာကြက်မှတစ်ပါး ဘာမျှမမြင်ရ။

အတန်ကြာမှ အကြံတစ်မျိုးရကာ သေနတ်ကို ပခုံးတွင် လွယ်လိုက်သည်။ ထို့နောက် ပြတင်းပေါက်နှင့်တည့်တည့်တွင်ရှိသော ပိတောက်ပင်တစ်ပင်ပေါ်သို့ ပေါ့ပါးစွာ တက်သွားကာ ခွဆုံတစ်နေရာမှ အိမ်တွင်းသို့ လှမ်းကြည့်လိုက်သည်။

ခင်းကျင်းပြင်ဆင်ထားသည်မှာ မထူးဆန်းလှသော်လည်း စားပွဲ၊ ကုလားထိုင် ဗီရို စသည်တို့သည် သူ့နေရာနှင့်သူ့နေရာ မြင်ရသမျှပင် အတော်ခမ်းနားနေသည်။ သို့ရာတွင် အိမ်ကြီးရှင်ခံယူထားသော အောက်လမ်းဆရာကြီးဟူသည့် အမည်ဖြင့် လိုက်လျောစေမည့် အခြေအနေ အပြင်အဆင်မျိုးဟူ၍ အိမ်ထဲတွင် တစ်ခုမျှ မမြင်ရသည်မှာကား ထူးဆန်းနေသည်။

ယခု မြင်နေရသည့်အတိုင်းဆိုလျှင် အောက်လမ်းဆရာတစ်ယောက်၏ အိမ်နှင့်တူမည်ဝေးစွ သာမန်မြန်မာလူမျိုးအိမ်နှင့်ပင် မတူလှ၊ အနောက်နိုင်ငံသား အရာရှိကြီးများ၏ အိမ်နှင့်ပင် ဆင်ဆင်တူနေသည်။

ပြတင်းပေါက်နှင့် မျက်နှာချင်းဆိုင်ကျနေသော ဆိုဖာကြီးတစ်ခုပေါ်တွင် အောက်လမ်းဆရာကြီးဟု ပြောကြသူ အဘိုးကြီးဖြစ်မည်ထင်သည်။ ဆေးပြင်းလိပ်ကြီးကို အငွေ့တထောင်းထောင်းနေအောင် ဖွာထုတ်လျက် မလှုပ်မယှက်ထိုင်နေသည်။ ထိုလူကြီး၏ ရှေ့တည့်တည့် မကျတကျတွင် နောက်လှန်ကုလားထိုင်လေးလုံး ဝိုင်းထားသော စားပွဲငယ်အနိမ့်စားတစ်ခုရှိရာ မိန်းမတစ်ယောက်ဖြစ်ဟန်ရှိသော သဏ္ဍာန်သည် ထိုင်လျက်

တစ်စုံတစ်ရာပြုလုပ်နေသည်။ ထိုမိန်းမ၏ မျက်နှာမှာ မြင်ရသည့် ဘက်မှ မှောင်ရိပ်ကျနေသဖြင့် သဲကွဲစွာမမြင်ရ၊ အသက်အရွယ်ကိုပင် မမှန်းနိုင်လောက် အောင်ရှိသည်။ မြင်ရသည့် အကွာအဝေးမှာလည်း မနီးကပ်လှသည့်ကြားထဲတွင် ရှေ့မှကျနေသော သစ်ခက်အချို့ဖြင့် ခပ်ကွယ်ကွယ်ဖြစ်လျက်ရှိသေး၏။ သို့ကြောင့် စောနိုင်သည် အားမလိုအားမရနှင့် သစ်ကိုင်းခွကြားတွင် ထိုင်လိုက်ထလိုက် မြင်နိုင်သမျှ မြင်ရအောင် ကြိုးစား၍ လှည့်ကြည့်ပါသေးသည်။ ဆံပင်အနေအထားနှင့် လှုပ်ရှားနေပုံအမူအရာကြောင့် များစွာအသက်မကြီးလှသေးသော မိန်းမရွယ်ရွယ်တစ်ယောက် ဖြစ်လောက်စရာရှိသည်ဟု ခန့်မှန်းနိုင်ရုံထက် ပို၍ရုပ်ဆင်းအနေအထားကို သေချာစွာမမြင်ရ။

ဤအိမ်ကြီးအနီးမှ ယခင်က သူ မကြာခဏ ဖြတ်သန်းသွားခဲ့ဖူးသဖြင့် လူကြီး၏ မျက်နှာကို တစ်ကြိမ်နှစ်ကြိမ်မျှ မြင်ခဲ့ဖူးသည်။ ယခုလည်း မီးရောင်နှင့် တည့်တည့်ကျနေသဖြင့် မြင်နေရသည်။ လူကြီး၏ မျက်နှာပုံပန်းမှာ အတော်ပင် ခက်ထန်နေပုံရလျက် ဇွတ်တရွတ်ကျမည့် ရုပ်မျိုးဖြစ်သည်။ သို့ရာတွင် အောက်လမ်းဆရာဆိုသော လူစားမျိုး၌ ရှိတတ်သော အူကြောင်ကြောင်နှင့် ညှံ့ဖျင်းသည့်အင်္ဂါရုပ်မျိုးမရှိ လှ။ ကျယ်သောနဖူး၊ ပြန့်ကားကြီးမားသော နားရွက်၊ အနည်းငယ်ထူ၍ပြဲသော နှုတ်ခမ်းတို့နှင့် တွန့်နေသော မျက်ခွံအောက်မှ စူးရှတောက်ပြောင်သည့် မျက်လုံးများမှာ ဆင်ခြင်တုံတရားနှင့် ပြည့်စုံသော လူတစ်ယောက်ဟု ခန့်မှန်းလောက်ဖွယ် ရှိနေသည့်ပြင် ငယ်စဉ်က ရုပ်ရည်အတော်အသင့် ချောမွေ့ခဲ့ညားသော ယောကျ်ားပျိုတစ်ယောက်ဖြစ်ခဲ့ဖူးဟန် လက္ခဏာရှိသည်။ ရှည်လျားသော မျက်ခုံးမွေးထူကြီးများနှင့် ထိပ်လယ်တွင် ပြောင်လျက်ရှိသော ဦးခေါင်းတို့ကား ဖွေးဖွေးဖြူလျက်ရှိသည်။

သူ၏ အမူအရာမှာ ဦးနှောက်ကို အမြဲတမ်းအသုံးချ၍နေရသောသူတို့၏ အမူအရာမျိုးဖြင့် တစ်ခါတစ်ခါ တွေဝေစူးစိုက်သွားလေ့ရှိရာ သူ့မျက်လုံးများသည် မမြင်နိုင်သော အဝေးအရပ်သို့ မျှော်မှန်းကြည့်နေသကဲ့သို့ မှတ်ထင်ရသည်။

လူကြီးသည် တစ်စုံတစ်ရာကို လေးလေးနက်နက် စိတ်ဝင်စားနေသကဲ့သို့ ဦးခေါင်းကို ခပ်မော့မော့ထားလျက် မျက်လုံးများကို မှေးကာ သူ့စိတ်ကူးနှင့်သူ ငြိမ်သက်စွာနှင့် ဆေးပြင်းလိပ်ကြီးကို ဖြည်းဖြည်းချင်း ဖွာထုတ်လျက်ရှိသည်။

အတန်ကြာသော် မိန်းမနှင့်တူသော သဏ္ဌာန်သည် နေရာမှ ထကာ စောနိုင် မမြင်နိုင်သော အတွင်းဘက်သို့ ဝင်သွားသည်။ အထလိုက်တွင် မြင်ရလို မြင်ရငြား ဂရုစိုက်၍ ကြည့်လိုက်သော်လည်း သေးသေးသွယ်သွယ် ကိုယ်လုံးကိုယ်ထည် ရှိသည်မှတစ်ပါး ဘာမျှထူးထူးခြားခြားမမြင်လိုက်ရ။

သို့ကြောင့် ဆက်လက်ကြည့်ရှု၍ အကြောင်းထူးမည်မဟုတ်တော့ဟု အောက်ကာ သစ်ပင်ပေါ်မှ ဆင်းတော့မည်အပြုတွင် လက်ခနဲ လင်းသွားသော မီးရောင်တစ်ခုကြောင့် ထိတ်သွားကာ မီးရောင်လာရာဆီသို့ လှမ်းကြည့်လိုက်မိသည်။

အိမ်ကြီးနောက်ကွယ်ဆီမှ မီးအုပ်ဆောင်းတစ်ခုကို ကိုင်ထားသောလူတစ်ယောက်နှင့် သူ့ရှေ့မှ အခြားလူတစ်ယောက်ထွက်ပေါ်ကာ မိမိရှိရာဘက်သို့ လာလျက်ရှိကြောင်း တွေ့မြင်ရသဖြင့် မဆင်းဝံ့သေးဘဲ သစ်ရွက်များကြားတွင် ပုန်းကွယ်နေလိုက်ရသည်။

လူနှစ်ယောက်သည် တဖြည်းဖြည်းနီးကပ်လာ၏။ နှစ်ယောက်စလုံး ထောင်ထောင်မောင်းမောင်းနှင့် ဗလကောင်းသူများဖြစ်ပြီး ရှေ့မှလူ၏လက်ထဲတွင် ဓားနှင့်တူသော အရာတစ်ခုကို ကိုင်ထားသည်။ ဝတ်ပုံစားပုံ လူပုံပန်းကို ကြည့်ရခြင်းအားဖြင့် င်းတို့နှစ်ယောက်သည် အခိုင်းအစေများဖြစ်ဟန်တူ၏။

မကြာမီ ထိုလူနှစ်ယောက်သည် စောနိုင် ပုန်းကွယ်နေသော သစ်ပင်အောက်သို့ရောက်လာသည်။ အရိပ်အခြည်ကို ကြည့်ရခြင်းအားဖြင့် ခြံထဲသို့ အပြင်လူတစ်ယောက်ရောက်လျက်ရှိခြင်းကို သိဟန်မတူကြ၊ ဟိုကြည့်သည်ကြည့်နှင့် ခြံထဲတွင် သာမန်မျှလှည့်ပတ်ကြည့်ရှုခြင်းဖြစ်ဟန်တူသည်။

ထိုလူနှစ်ယောက် အလွန်တွင် စောနိုင်သည် သစ်ပင်ပေါ်မှဆင်းလိုက်ကာ တစ်စုံတစ်ရာအကြောင်း ထူးလိုထူးငြား ရှေ့မှ လူနှစ်ယောက်ကို နောက်ယောင်ခံလျက် ပန်းချုံအကွယ်မှ လိုက်လံချောင်းမြောင်းကြည့်သေး၏။

သို့ရာတွင် ထိုသူများသည် အိမ်ကြီးကို တစ်ပတ်မျှပတ်၍လှည့်လည်ကြပြီး နောက်ဖေးဘက်ရှိ အိမ်ငယ်လေးပေါ်သို့ တက်သွားကြကာ တံခါးပိတ်သွားတော့သဖြင့် စောနိုင်မှာ ယနေ့ညအဖို့ တော်လောက်ပြီဟု ဆုံးဖြတ်လျက် လာလမ်းအတိုင်း ခြံစည်းရိုးကို ခုန်ထွက်ကာ ပြန်ခဲ့လေသတည်း။

* * *

## မမျှော်လင့်သော ကြုံတွေ့ခြင်း

*အံသုမာလီသည် လောကဓာတ်၏ အနောက်စွန်းဝယ် ခွဲခွာခါနီး အထိမ်းအမှတ်ဖြင့် ပတ္တမြားရောင် ချည်မျှင်ကလေးများကို ဖြန့်ထုတ်ရင်း ဩကာသလောကကြီးအား

*အံသုမာလီ = အရောင်အတန်း၊ နေ – ပါဠိ)

နွတ်ခွန်းဆက်သလျက်ရှိရကား ပြာလဲ့သော ကောင်းကင်ပြင်ဝယ် ပန်းနုသွေး ရောင်လွှာပါး ပါးကလေးသည် တစ်ထပ်လွှမ်းခြုံနေသဖြင့် မရမ်းစေ့ရောင်တောက်သော ရွှေစင်အနား ကွပ်နှင့် တိမ်တောင်အတန့်များသည် ရှုမဝဖွယ် ညရီဆည်းဆာအား သဘာဝ၏ မင်းမြောက်တန်ဆာကို ဆင်ယင်ပေးနေသည်။

သေမင်းခြံကြီးဟု အမည်တွင်သော ခြံကြီးအတွင်းရှိ အိမ်ကြီး၏အပေါ်ထပ် ပြတင်းပေါက်တစ်ပေါက်မှ အသက်အရွယ် ငါးဆယ်ကျော်မျှရှိသော လူကြီးတစ်ယောက် သည် လုပသော ပတ်ဝန်းကျင်၏ပသာဒအာရုံကြောဝယ် နစ်မြောကျက်စားလျက်ရှိလေ သောဟန်ဖြင့် မတုန်မလှုပ်ကျောက်ရုပ်သဖွယ် ရပ်တည်လျက် အေးဆေးငြိမ်သက် သော အမူအရာဖြင့် သူ၏တူရှုသို့ ငေးမျှော်ကြည့်နေသည်။

သူ၏ရှေတည့်တည့်တွင်ကား နူးညံ့သော နေရောင်ခြည်ဟပ်သဖြင့် ရွှေစင်ရောင် လျှပ်၍လျှပ်၍ တဖျပ်ဖျပ်တလွင်လွင် လှိုင်းယဉ်ကလေးတွေအိနေသည့် ရေငန်ချောင်း ကလေး။

သူ၏လက်ဝဲဘက်တွင်ကား မြင့်မောက်စိမ်းနုသော မြက်ခင်းပြင် မြေမြင့်အလယ် ဝယ် ရဲရဲနီသောအဆင်းဖြင့် ဖြောင့်တန်းစွာ တည်ရှိနေသည့် ကားလမ်းနှင့် ၎င်း၏တစ်ဖက် တွင် သစ်ပင်ဝါးပင်တို့ဖြင့် အုပ်အုပ်ဆိုင်းရှိနေသော မြို့ကလေး ...။

သူ၏လက်ယာဘက်တွင်ကား မြို့ရိုးသဖွယ် မြင့်မောက်သော မီးရထားလမ်းနှင့် ၎င်းအပြင်ဘက် မျှော်မဆုံးနိုင်အောင် ရှိသည့် လယ်ကွင်းပြင်များ ...။

ထိုသည်တို့နှင့် လွှမ်းခြုံနေသော အမြင်သည် လူကြီးအား ကြေကွဲလွမ်းဆွတ် ဖွယ် ရှေးဖြစ်ဟောင်းကို ပြန်ပြောင်းထင်မြင်မိစေတော့သယောင်နှင့် ခက်ထန်သော မျက်နှာ အမူအရာသည် တဖြည်းဖြည်းညှိုးလျော်တွေဝေသွားလျက် မျက်တောင်များကို တစ်ချက် နှစ်ချက် ခတ်လိုက်ရာမှ သူ၏မျက်နှာအမူအရာသည် ရုတ်ချည်း တင်းမာခက်ထန်သော အသွင်သို့ ပြန်လည်ပြောင်းလဲသွားပြန်၏။

ထိုစဉ် သူ၏တွေးတောမှုအာရုံသည် ရုတ်တရက်ရပ်တန့်သွားဟန်ဖြင့် တစ်စုံ တစ်ခုသော သဏ္ဌာန်တစ်ခုဆီသို့ စူးစိုက်ကြည့်လိုက်မိသည်။

သူ့ထံမှ အတန်ငယ်ဝေးကွာသော မြင့်မောက်သည့် မီးရထားလမ်းတစ်နေရာ ပေါ်တွင် ရွှေစင်ရောင်ယှက်၍ ပတ္တမြားချည်ဖြင့် ရက်ထားသော ပတ်ဝန်းကျင်နှင့် လိုက်လျောတင့်တယ်လှသည့် သားနားသပ်ရပ်သူ လုလင်ပျိုတစ်ယောက်သည် ဖြည်းလေး စွာ လမ်းလျှောက်လျက်ရှိသည်။

လုလင်ပျိုသည် တစ်နေရာတွင် ရပ်လိုက်လျက် သာယာသော ရှုမျှော်ခင်း၏

ညီနူးဖွယ်အရသာကို ခံစားနေရ၏။ တောင်လေပြည်သည် ထိုလုလင်ပျို၏ ခါးမှ
နံ့ရောင် ဇန်ကောက်လုံချည်နှင့် နဖူးပေါ်တွင် ဝဲလျက်ရှိသော ဆံပင်စကလေးများကို
ဖျပ်ဖျပ်လှုပ်ရှားလျက်ရှိအောင် ဖေ့ယမ်းကစားနေသည်။

သူကား စောနိုင်ဖြစ်သည်။ အမှန်မှာ ရေမိုးချိုးပြီးစမို့ အဝတ်အစားလဲလှယ်ပြီး
နေခင်း၏ သန့်ရှင်းလတ်ဆတ်သော လေပြည်ကိုခံစားရန် လမ်းလျှောက်ထွက်ခဲ့ခြင်းမျှ
ဖြစ်သော်လည်း သူ၏ခြေထောက်များသည် ယမန်ညက ရောက်ခဲ့သော ခြံကြီးဆီသို့
ဆွဲဆောင်လျက်ရှိသည်။

သူသည် ခြံကြီးဘက်သို့ အလိုအလျောက် တဖြည်းဖြည်းလျှောက်ခဲ့မိသည်။
အချိန်တွင် အိမ်ကြီးအပေါ်ထပ် ပြတင်းပေါက်မှကြည့်နေသော လူကြီးသည် တစ်ဖက်
ကွယ်၍နေလိုက်သဖြင့် သူမမြင်လိုက်ရ။ တဖြည်းဖြည်း ခြံကြီးနှင့်နီးကပ်လာ၏။

သို့ရာတွင် ယနေ့တွင် ထိုခြံကြီးဆီသို့သွားမည်ဟု ရည်ရွယ်လာခဲ့ခြင်းမဟုတ်
ည့်အတွက် ဘာလုပ်ရမည်ဟု အစီအစဉ်မရှိခဲ့။ သို့ကြောင့် ဖြည်းနိုင်သမျှ ဖြည်းလေးစွာ
လှ ချင့်လှမ်းချင်နှင့် စဉ်းစားရင်း လျှောက်လျက်ရှိရာ သူ၏အမူအရာမှာ ကန္တ့ကလျနိုင်
သည်။

ချောမောနုနယ်သောမျက်နှာနှင့် သေးသွယ်သောကိုယ်လုံးကိုယ်ပေါက်တို့ကြောင့်
ပျော့တစ်ယောက်ဟု ထင်ရဖွယ်ကောင်းသည့်အထဲတွင် ခြေလှမ်း လှမ်းပုံ၊ ဟန်လွှဲပုံတို့မှာ
ဝိုင်းရှည်ပညာကို အမြဲတမ်း လေ့လာနေလေ့ရှိသူတို့၏ အမူအရာမျိုးဖြင့် မဟာဆန်ဆန်
နေရကား မခွဲခြားတတ်သူတို့၏မျက်စိထဲတွင် မိန်းမလျာနှင့် တူသည်ဟု ထင်ရသည်။

အကယ်၍သာ သာမန်လူတို့ ဆိုင်မကြည့်ရဲလောက်အောင် တောက်ပြောင်စူးရှ
သော မျက်လုံးများနှင့် လေးနက်တည်ကြည်သည့် မျက်နှာအမူအရာတို့သာ မရှိပါက
န်းမလျာတစ်ယောက် ကောင်းကောင်းဖြစ်နိုင်သူပင်။

သူသည် တဖြည်းဖြည်းလျှောက်ရင်း မီးရထားချောင်းကူးတံတားကြီး၏ တစ်ဖက်
ပိုင် လွန်ခဲ့ပြီဖြစ်ရာ ခြံကြီး၏နောက်ဖေးဘက်ဆီသို့ ရောက်ခဲ့သည်။ သည်လမ်းမှာ
အတွက်မထူးဆန်းလှ။ သူ၏လက်ဝဲဘက်သို့မျှော်ကြည့်လိုက်လျှင် ချောင်းဖျားဘက်
စ်ဖာလုံခန့်အကွာ၌ ဆန်စက်ကလေးတစ်ခုရှိသည်။ ထိုဆန်စက်ကလေးမှ စက်သူဌေး
ည် သူ၏မိတ်ဆွေရင်းချာဖြစ်သည့်ပြင် စန္ဒရားရှိသူဖြစ်၍ ဤလမ်းမှ သူမကြာခဏ
ားရောက်လည်ပတ်လေ့ရှိခဲ့သည်။

သို့သော် ယနေ့တွင်မူ လယ်ကွင်းများကို ဖြတ်လျက် သူ့ထံသွားရန် စိတ်များစွာ
ပါလှသည့်အတွက် မီးရထားလမ်းအတိုင်း ဆက်လက်လျှောက်ခဲ့ရာ ခြံကြီးဘက်သို့

လှည့်ကြည့်လိုက်သောအခါ ကျေးငှက်သံမှတစ်ပါး လူသံသူသံ မကြားရ၊ တိတ်ဆိတ် လျက်ရှိပြီး အစေခံတန်းလျားနှင့်တူသော အိမ်ကလေးပင် တံခါးများပိတ်ထားသည်ကို တွေ့ရသည်။

သူသည် ဤအိမ်ကြီး၏ အရိပ်အခြည်ကိုပင် အကဲခတ်ဦးမည်ဟု ဆုံးဖြတ်လျက် မီးရထားလမ်းပေါ်မှ လက်ယာဘက်သို့ ဖဲ့ဆင်းလိုက်ကာ ခြံကြီး၏တောင်ဘက် နံဘေး စည်းရိုးမှ ကပ်လျက် ကားလမ်းဘက်သို့ရောက်ခဲ့သည်။

ဤဘက်မှာ ယမန်နေ့ည သူဝင်ခဲ့သောဘက်မဟုတ်၊ သူဝင်ခဲ့သည်မှာ အိမ်ကြီး ရှေ့ ကားလမ်းဘက်မှဖြစ်သည်။ ယခုဘက်မှာ အိမ်ကြီး၏လက်ဝဲဘက်ဘေးဖြစ်ရာ ၎င်းတွင် လယ်ကွင်းပြင်များသာရှိသဖြင့် လူသွားလမ်းမကျရကား သည်ဘက်မှနေ၍ တစ်ခါမျှ အကဲမခတ်ရဖူးသေး။

သို့ကြောင့် ခြံစည်းရိုးနားမှကပ်ကာ လျှောက်ရင်း အိမ်ကြီး၏ အနေအထားကို လှမ်းမျှော်၍ တစေ့တစောင်း ကြည့်ခဲ့သည်။ သည်ဘက်တွင်လည်း ဘာမျှထူးထူးခြားခြား မတွေ့ရ၊ အတန်ကြာရပ်တန့်ကြည့်သည့်တိုင်အောင် တိတ်ဆိတ်ငြိမ်သက်မြဲရှိနေသဖြင့် လှည့်ပြန်တော့မည်ဟု အောက်မေ့ပြီးမှ အကြံတစ်ခုသည် ရုတ်တရက်ပေါ်လာ၏။

ယခုလိုမိုးမချုပ်သေးသောအချိန်တွင် ခြံတွင်းသို့ ဝင်ကြည့်ရက ကောင်းမည်။ လူသံသူသံလည်းမကြားရ၊ အိမ်ရှင်များသည် အိမ်ကြီးပေါ်တွင် ရှိနေကြဟန်တူသည်။ သို့အတွက် မိမိခြံထဲသို့ဝင်သည့်တိုင်အောင် သိချင်မှသိမည်။ အကယ်၍ သိသည်ထားဦး မိမိအခြေအနေကြောင့် သူခိုးဓားပြဟု စွပ်စွဲနိုင်မည်လည်းမဟုတ်၊ နေ့ခင်း ကြောင်တောင် ဖြစ်သောကြောင့် သတ်ပစ်နိုင်မည်လည်းမဟုတ်၊ မသကာအလွန်ဆုံး ရိုက်လွှတ်ရုံသာရှိ သည်။ အောက်လမ်းပညာသည်ဟု ပြောကြသည့်အတိုင်း မှန်၍ ပညာဖြင့်လုပ်နိုင်လျှင်ကား မည်သို့ပင်ဖြစ်စေတော့၊ ဤအရာကိုကား သူ မကြောက်။

သူသည် တွေးတောချိန်ဆရင်း တဖြည်းဖြည်း စိတ်ပါလာသည်။ ဝင်ဖူးလက်စ ကလည်းရှိနေသဖြင့် သူ့အတွက်များစွာ ဝန်မလေးလှ၊ ကြာကြာပင်တွေးနေရန် မလို၊ ခြံစည်းရိုးပေါ်မှ လွှားခနဲခုန်ကာ ခြံတွင်းသို့ ရောက်သွားသည်။

သူသည် အိမ်ကြီးဆီသို့လည်းကောင်း၊ မိမိဝဲယာသို့လည်းကောင်း မျက်လုံး ကစားကာ ဘေးအန္တရာယ်ကို သတိပြုလျက်၏။ လူရိပ်လူခြည်ဟူ၍ အစအနမျှ မမြင်ရ ကိစ္စရှိမည်မထင်၊ အိမ်ကြီးအနီးသို့ ချဉ်းကပ်နိုင်သမျှ ချဉ်းကပ်၍ကြည့်ရသော် တစ်စုံတစ်ရာ ထူးထူးခြားခြားတွေ့ကောင်းတွေ့မည်။

သို့ကြောင့် ပန်းချုံတစ်ချုံသို့ ကွယ်ကာကွယ်ကာဖြင့် အိမ်ကြီးဘက်သို့ ချဉ်းကပ်

ခဲ့သည်။ နောက်ဆုံးတွင် အိမ်ကြီးနှင့် အတော်ပင် နီးကပ်လျက်ရှိသော ပန်းချုံတစ်ချုံ၏ အကွယ်သို့ ရောက်ခဲ့ရာ ထိုပန်းချုံမှနေလျက် အတန်ကြာ အကဲခတ်၍ကြည့်နေပြန်၏။ သို့ရာတွင် တံခါးရွက်ကွယ်လျက်ရှိသဖြင့် အိမ်တွင်းသို့ မမြင်ရ မြင်ရလျှင်ကောင်းမည်။ အောက်ထပ်၏ တည်နေပုံကို မိမိတစ်ခါမျှမမြင်ရဖူးသေး။

ကိစ္စမရှိ၊ ရှေ့တွင် ပန်းရုံတစ်ရုံရှိသေးသည်။ ထိုပန်းရုံမှာ အတော်ပင်ကြီး၍ ထူထပ်သည့်ပြင် တံခါးပေါက်နှင့်လည်း တည့်နေသဖြင့် ထိုပန်းရုံအကွယ်မှနေ၍ ကြည့်ရလျှင် အိမ်တွင်းသို့ကျကျနန မြင်နိုင်စရာရှိသည်။

စောနိုင်သည် သူပုန်းကွယ်လျက်ရှိသော ပန်းရုံရှေ့မှ ပန်းရုံကြီးရှိရာသို့ ဖြေဖျား ထောက်ကာ ခပ်သုတ်သုတ်ကူးပြောင်းလိုက်သည်။ ထို့နောက် လူရိပ်လူခြည်ကို အကဲခတ်ရင်း ပန်းရုံကြီးကိုသာပတ်၍ တဖြည်းဖြည်းလျှောက်ခဲ့ရာ အိမ်တွင်းသို့ မြင်နိုင်မည့် တစ်ဖက် အစွန်းသို့ ရောက်လာ၏။ သူ၏ဦးခေါင်းကို တဖြည်းဖြည်း ပန်းရုံကွယ်မှထွက်ကာ အိမ်တွင်းသို့ကြည့်တော့မည်အလုပ် –

"အို ..."

"ဟိုက်..."

အာမေဍိတ်သံနှစ်ခုသည် တစ်ပြိုင်နက် ထွက်ပေါ်လာ၏။ စောနိုင်ကား ဘာလုပ်ရမည်မသိတော့ ကြက်သေသေသွားသည်။ သူကား ယခုလိုအမြင်မျိုးအတွက် မိမိ၏စိတ်ကို ပြင်ဆင်မှုမရှိခဲ့၊ ရန်သူတွေ့လျှင် ယှဉ်ပြိုင်တိုက်ခိုက်ရန်သာ သတိထားလျက်ရှိရာ ယခုသော် နုနုနယ်နယ် ချစ်စဖွယ်လှပသော မိန်းမပျိုကလေးတစ်ယောက်နှင့် ရင်ဆိုင်တွေ့ကြုံလျက်ရှိသည်။ မိန်းမပျိုသည် ခုံတန်းလျားတစ်ခုပေါ်တွင် ကြောင်ငယ်ကလေးတစ်ကောင်အား ပွေ့ဖက်ရင်း လဲလျောင်းလျက်ရှိရာမှ သူ့ကိုမြင်သဖြင့် အလန့်တကြားနေရာမှထလိုက်၏။

သူတို့နှစ်ယောက်အနက် စကားပြောရန် ရှေးဦးစွာ သတိရသူမှာ မိန်းမပျို ဖြစ်သည်။ ရှက်သွေးဖြန်းသွားသော မျက်နှာကလေးတွင် တဖြည်းဖြည်း ဒေါသရောင်သန်းလာရာမှ–

"ရှင် ... ရှင် ... ဘာလို့ ဒီထဲဝင်လာတာလဲ"

စောနိုင်အား ရန်တွေ့သလို အလောတကြီးမေးလိုက်သည်။

"ခင် ... ခင်ဗျား ... ကျွန်တော် ... ဟို ... အင်း ... ခင်ဗျားဒီမှာရှိ ... အဲလေ ... မဟုတ်ပါဘူး၊ ဒီထဲကဖြတ်သွားလို့ရမယ် အောက်မေ့လို့ပါ"

စောနိုင်သည် ဘာပြောရမည်မသိဘဲ ယောင်ကန်းကန်းဖြစ်နေရာမှ ပါးစပ်ထဲတွင် တွေ့ရာကို စွတ်၍ပြောလိုက်၏။

"ဘာ ... ဘာ ... ဖြစ်သွားလို့ရမယ် အောက်မေ့ရအောင် မဝင်ရလို့ စာကပ်ထားတာ ရှင်ကန်းနေလို့ မတွေ့တာလား၊ လူကို အူကြောင်ကြောင်နဲ့ ..."

မိန်းမပျိုသည် ကက်ကက်ပါအောင် ဘုနှက်လိုက်ရာ စောနိုင်မှာ အတော်ပင် အောင့်သက်သက်ဖြစ်သွားပြီးမှ မိမိက ကျူးလွန်လျက်ရှိကြောင်း သတိရသဖြင့်–

"မဟုတ်ပါဘူးခင်ဗျား၊ ဒါလောက်လည်း ဒေါသမကြီးပါနဲ့၊ စာကပ်ထားတာတော့ သတိမထားမိပါဘူး၊ မဝင်ရဘူးဆိုရင်လည်း ပြန်ထွက်သွားပါ့မယ်"

"သွား ... သွား ... မြန်မြန်သွား။ ဖေဖေနဲ့တွေ့ရင် ရှင် ဒုက္ခများနေလိမ့်မယ်"

ထိုသို့ပြောရင်း မိန်းမပျို၏မျက်နှာအမူအရာမှာ ခဏချင်း ရုတ်တရက် ပြောင်းလဲသွားသည်။ သူမသည် စောနိုင်အား နှင်ထုတ်လျက်ရှိသော်လည်း အသံမှာ လက်ဦးကလောက် ဒေါသသံမပါလှ။ ယခုမှ သတိထားကြည့်မိသကဲ့သို့ မဝေခွဲနိုင်သော အမူအရာဖြင့် စောနိုင်အား ခြေဆုံးခေါင်းဆုံး ကြည့်နေသည်။

"ဟုတ်ကဲ့ ကျေးဇူးတင်ပါတယ်၊ ခွင့်လွှတ်ပါ၊ အခုပဲ ပြန်ထွက်သွားပါ့မယ်"

စောနိုင်သည် ပြောပြောဆိုဆိုနှင့် လှည့်ထွက်ခဲ့သည်။ မိန်းမပျိုကား သူ့အား အထူးအဆန်းသဖွယ် စူးစူးစိုက်စိုက် ကြည့်ရင်း တွေတွေကလေး ရပ်၍ ကျန်ရစ်ခဲ့၏။

"ဒီမှာ ... ဒီမှာရှင့် ..."

စောနိုင်သည် ဆယ်လှမ်းမျှ မလှမ်းရသေးမီ နောက်မှမိန်းမပျို၏အသံကြောင့် လှည့်ကြည့်လိုက်မိသည်။ မိန်းမပျို၏အမူအရာမှာ စောစောကနှင့် လုံးဝကွဲပြားခြားနားလျက် သူ့အား ဖော်ဖော်ရွေရွေအကြည့်မျိုးဖြင့် ကြည့်နေသည်ကို တွေ့ရသည့်အတွက် အံ့ဩသွားကာ မိန်းမပျို၏ဆက်လက်ပြောဆိုမည့် စကားကို စောင့်စားနေသော အမူအရာဖြင့် ရပ်၍နေလိုက်၏။

"ရှင့်နာမည် တစ်ဆိတ်မသိရဘူးလား"

မိန်းမပျိုသည် တစ်ချက်မျှ ပြုံးလိုက်ရင်း သွက်လက်စွာလှမ်း၍ မေးလိုက် သည်။

"ဘာလုပ်မလို့လဲ ...၊ ခင်ဗျား ပြစ်စားမလို့လား"

"မဟုတ်ပါဘူး၊ ကျွန်မ ရှင့်ကို သိဖူးသလားလို့ပါ"

မိန်းမပျိုသည် စောနိုင်၏စကားကို သဘောကျသွားသည့်အလား သွားကလေးများပေါ်အောင်ပင် ပို၍ပြုံးလိုက်ရင်း အဖြေပေးရာမှ မည်သည့်အတွက်ကြောင့်မသိ၊ သူမ၏မျက်နှာတွင် နှင်းဆီရောင်သန်းကာ ရှက်ကိုးရှက်ကန်းအမူအရာမျိုးသို့ ပြောင်းလဲသွားသည်။

"စောနိုင်တဲ့ ... မသိဘူးမဟုတ်လား၊ ကျုပ်သွားတော့မယ်"

စောစောက ဘုမှတ်ထားသဖြင့် စောနိုင်သည် လက်စားချေသကဲ့သို့ ချေးကိုင်လိုက်၏။

"စောနိုင် ..." မိန်းမပျိုသည် အံ့ဩသွားသကဲ့သို့ တိုးတိုးကလေး လိုက်ဆိုလိုက်ရာမှ သူမ၏မျက်နှာကလေးမှာ ပို၍ရဲသွားကာ ခေါင်းကလေးပင်အောက်သို့ ငုံ့သွားသည်။ နောက်မှ သွားရန်ခြေလှမ်းပြင်နေသော စောနိုင်ကို မြင်သဖြင့် အရဲစွန့်သလို မျက်နှာအမူအရာကို ပြင်လိုက်ကာ ...

"နေပါဦးရှင့် ... မေးစမ်းပါရစေဦး၊ ညည ဒီနားက တယောတီးတီးသွားတာ ရှင်လား"

"ဟုတ်တယ်"

"ရှင် စန္ဒရားကော မတီးတတ်ဘူးလား၊ တယောလက်သံတော့ သိပ်ကောင်းတာပဲ"

"တတ်သားပဲ ဘာလုပ်မလို့လဲ"

"ဒါဖြင့် ကျွန်မကို အကူအညီတစ်ခု မပေးနိုင်ဘူးလား"

"ဘယ်လိုကူညီရမှာလဲ"

"ကျွန်မ သီချင်းကြီးတွေ မေ့ကုန်လို့၊ တတ်နိုင်ရင် ပြန်တက်ချင်လို့ပါ"

"ဩော် ... ဒီလိုလား။ နို့ ခင်ဗျားအဖေနဲ့တွေ့နေရင် ကျုပ် ဒုက္ခမများဘူးလား"

စောစောက မိန်းမပျိုပြောထားသည့် စကားနှင့် ပြန်ပြောလိုက်သည့်အတွက် သူမသည် တစ်ဖန်ပြုံးမိသွားကာ -

"ဒီအတွက်တော့ ကိစ္စမရှိပါဘူး၊ ရှင် နေ့လယ်နေ့လယ်လာပြီး ပြပေးပါ။ ကျွန်မမှာ စန္ဒရားရှိတယ်။ ဖေဖေနဲ့လည်း ရှင်တွေ့ချင်လို့တောင် တွေ့ရမှာမဟုတ်ပါဘူး။ နေ့လယ်ဆိုရင် အိမ်ပေါ်မှာ ကျွန်မနဲ့ အဖော်အဒေါ်ကြီးတစ်ယောက်ပဲရှိတာပဲ"

"ဒီလိုဆိုရင် ကောင်းသားပဲ။ ဒါပေမဲ့ နေ့တိုင်းလာမယ်လို့တော့ တာဝန်မခံနိုင်ဘူး၊ ကျုပ်အားတဲ့အခါ လာမယ်"

"ဟုတ်ကဲ့၊ အားတဲ့အခါပေါ့၊ ဒီလိုပြနေနိုင်မယ်ဆိုရင် ကျေးဇူးမမေ့ပါဘူး။ ဩော်... ါထက် ရှင် ကျွန်မထက် အသက်ကြီးပါလိမ့်မယ်၊ ခင်ဗျား ခင်ဗျားနဲ့ မပြောပါနဲ့၊ ကျွန်မနာမည် နွဲ့နွဲ့ရီတဲ့"

"ဟာ ... ခင်ဗျား ... အဲလေ ယောင်လို့၊ မနွဲ့နွဲ့ရီနာမည်က ရှည်လွန်းလှတယ်၊ ့လို့ မခေါ်ရဘူးလား"

"ခေါ်နိုင်ပါတယ်။ ကြိုက်သလိုခေါ်ပေါ့၊ နက်ဖြန်လာနိုင်မလား၊ ကျွန်မ စောင့်နေမယ်"

"လာခဲ့မယ်လေ – ဘယ်အချိန်လာရမလဲ ..."

"ဆယ်နာရီ၊ ဆယ့်တစ်နာရီ ထမင်းစားပြီးလောက်ပေါ့ ..."

"ကောင်းပြီ၊ ဒါဖြင့် ကျုပ်သွားမယ်၊ ဟုတ်လား ..."

"ဟုတ်ကဲ့၊ ဒါပါပဲ ကျေးဇူးတင်ပါတယ် ..."

စောနိုင်သည် ပေါ့ပါးသောခြေလှမ်းများဖြင့် လှည့်ထွက်ခဲ့သည်။ ပန်းချုံတစ်ချုံ အကွယ်မှ သူတို့ပြောသမျှကို ချောင်းမြောင်းနားထောင်နေသော အဘိုးကြီးတစ်ယောက်ကိုကား သူတို့နှစ်ယောက်စလုံး သတိမထားမိကြ။

စောနိုင်သည် ခြံကြီးထဲမှ ထွက်လာခဲ့ရာ အဘယ့်ကြောင့်ဟူ၍မသိ၊ သူ့ရင်ထဲတွင် တဒိတ်ဒိတ် လှုပ်ရှားလျက်ရှိသည်။ အသက်အန္တရာယ်ပြုနိုင်သည့် ရန်သူနှင့် တွေ့နိုင်သည့် တိုင်အောင် ထိုသို့ တဒိတ်ဒိတ် ခုန်လောက်အောင် မဖြစ်ဖူးသောသူသည် ယခု အဘယ် ကြောင့် ထူးထူးခြားခြား တုန်လှုပ်မိပါသနည်း။ ထို့ပြင် ဦးခေါင်းထဲတွင် တွေးတောစရာ အကြောင်းများ ရှုပ်ပွေနေသည်။

မိမိအား ယခုမှတွေ့ရသူဖြစ်ပါလျက် မိန်းမပျိုသည် အဘယ်ကြောင့် ဤမျှ ဖော်ရွေစွာ ဖိတ်ခေါ်ပါသနည်း။ စဉ်းစားရှားသင်လိုသည့်အကြောင်းတစ်ခုတည်းကြောင့်ပင် ဟုတ်မှ ဟုတ်ပါမည်လော။ ယောကျာ်းကလေးချင်းဆိုလျှင် ဤအကြောင်းမှာ ထိုမျှတွေး နေရန် မဟုတ်။ ဂီတပညာဝါသနာပါစ လူများသည် မသိ သိသိ၊ ကိုယ့်ထက်ပညာ သာသူတွေ့ လျှင် မရှက်မကြောက် အောက်ကျခံကာ ပညာတောင်းခံလေ့ရှိသည်။

ယခုသော် အပျိုအရွယ်ကလေးဖြစ်ပါလျက် အဘယ်ကြောင့် ထိုမျှရဲတင်းလွန်း ရပါသနည်း။ မိမိကလည်း မဆင်ခြင်ဘဲ လက်ခံလိုက်မိသည်။ လာခဲ့မည်ဟု ကတိပေး မိခြင်းသည်ပင် မှားပြီလော.

ထို့ပြင် မိမိအမည်ကို ပြောလိုက်ရုံနှင့် မိန်းမပျိုသည် အဘယ်ကြောင့် သိသိ သာသာ အမူအရာ ပြောင်းလဲသွားပါသနည်း။ မိမိအမည်မှာ အောင်ဖြူကဲ့သို့ စတေးဖို့ ကောင်းသော အမည်မျိုးဖြစ်၍ပင် လှည့်ဖြား၍ခေါ်သလော။

အို ... ဤအကြောင်းများကို မိမိ မယုံကြည် လက်မခံနိုင်ဘဲ အဘယ်ကြောင့် ထည့်တွေးမိပါသနည်း။ မတွေးသည်က သာ၍ကောင်းမည်။ ဟုတ်နိုင်မည်လည်း မဟုတ် မိန်းမပျို၏လက္ခဏာမှာ အတော်ပင် ခေတ်ဆန်ပုံရရာ ဘယ်နည်းနှင့်မျှ ယုတ်ညံ့သော အောက်တန်းစား ပညာသည်မျိုးဖြစ်ဟန်မရှိ။ ဘာပဲဖြစ်ဖြစ် အိမ်ထဲသို့ ဝင်ရလျှင် မိမိမှာ အမြတ်ပင်ဖြစ်သည်။ နက်ဖြန်ထားခဲ့သော ကတိအတိုင်းပင် ပြုတော့မည်။

သူ တထစ်ချ ဆုံးဖြတ်လိုက်၏။

# ပြန်လမ်းမရှိ

ထန်းတစ်ဖျားခန့်မရှိတရှိ တက်သစ်စ နေဝန်းသည် မိုးသားကင်းစင်၍ ကြည်လင်ပြာလဲ့သော ကောင်းကင်ပြင်ဝယ် တင့်တင့်တယ်တယ်စံပယ်နေ၏။

ထိုနံနက်ခင်း၏ သန့်ရှင်းလတ်ဆတ်သော လေယဉ်သာအား တွဲလောင်းခိုတမ်းကစားကာလိုက်ပါနေသည့် ငြိမ့်ညောင်းသာယာသော ဂီတသံစုံနှင့် တေးသံချိုသည် ဘုတာရုံကလေးအနီးရထားလမ်းဘက်သို့ မျက်နှာမူနေသော ခြံကြီးတစ်ခြံ၏ ပတ်ဝန်းကျင်တွင် တလွင်လွင်ပျံ့လွင့်လျက်ရှိသည်။

ခြံကြီး၏ရှေ့မျက်နှာစာတွင် ဝင်းတံခါးပေါက်နှစ်ပေါက်ရှိသည့်အနက် တစ်ပေါက်တွင် ချိတ်ဆွဲထားသည့် ဦးကျော်သာ၊ နယ်ပိုင်ဝန်ထောက်မင်း ဟူသော စာလုံးကလေးများသည် အိမ်ရှင်အဆင့်အတန်းကို အတိအကျဖော်ပြထားလေသည်။

ဝင်းတံခါးပေါက်နှစ်ပေါက်သည် အတွင်းဘက်၌ ပစောက်သဏ္ဍာန်မြေနီလမ်းကလေးဖြင့် ဆက်သွယ်ထားရာ စိမ်းလဲ့ညီညာသောမြက်ခင်းနှင့် ပန်းမျိုးစုံဖူးပွင့်နေသော ပန်းခြံကလေးသည် စက်ဝိုင်းခြမ်းပုံဖြစ်တည်လျက်ရှိသည်။

ထိုပန်းခြံကလေး၏ နောက်တွင် ခြေတံရှည်၊ ဆေးနီသုတ်သွပ်မိုးနှင့် ရှေ့မျက်နှာစာ သံတိုင်များစိုက်ထားသော ခံ့ညားထည်ဝါသည့် အိမ်ကြီးသည် စန္ဒရားသံကြောင့် ပိုမို၍ကျက်သရေရှိနေတော့သည်။

အိမ်ရှေ့ဝရန်တာ၌ကား အသက်ငါးဆယ်ခန့်နှင့် မင်းစိုးရာဇာဟန်အမူအရာမျိုးရှိသော လူကြီးတစ်ယောက်သည် ပက်လက်ကုလားထိုင်တစ်လုံးပေါ်တွင်ထိုင်ရင်း သတင်းစာဖတ်ကာ စန္ဒရားသံကို စည်းစိမ်နှင့်နားထောင်နေသည်။

နတ်နှုံးရယ်တည့်မယ့်ရုပ်သွင်
ရှေ့တော်ပြင်မှာတဲ့ မြင်လာရေး
အေးနိုင်ပါဘု ကြံပါကတဲ
လေးရန်ဆင့်ကဲ။

စောနိုင်ကား အိမ်ကြီး၏ ဧည့်ခန်းတွင် တွေဝေငေးမောသော အမူအရာဖြင့် စန္ဒရားတီးနေသည်။ သူ၏နှုတ်မှသီဆိုလိုက်သော တေးသံသည် မဆိုချင့်ဆိုချင်ဟန်မျိုးဖြင့် တိုးတိုးသက်သာမျှသာဖြစ်သော်လည်း သူ့စိတ်ထဲမှ အတွေးနှင့်တိုက်ဆိုင်နေသောကြောင့် အသံထဲတွင် အဓိပ္ပာယ်တွေပါလှသည်။ လေးနက်လှသည်။

သူ၏ရှည်လျားသွယ်ပျောင်းသောလက်ဆယ်ချောင်းတို့သည် စန္ဒရားခလုတ်

ကလေးများပေါ်၌ လှပစွာခုန်လွှားလျက်ရှိစဉ် သူ၏စိတ်ဝိညာဉ်ကား စန္ဒရားထဲတွင် မရှိ၊ လွန်ခဲ့သော နှစ်ရက်ခန့်က သူ့ဘဝတစ်သက်တာကို တုံ့ပြန်သွားနေသည်။

မိန်းမပျို၏ဖိတ်ခေါ်ချက်ကြောင့် ထူးဆန်းသော ခြံကြီးသို့ တစ်နေ့တွင် သူ သွားခဲ့သည်။ အခန့်သင့်ပင် မိန်းမပျိုသည် ခြံကြီးအဝမှ သူ့အားစောင့်မျှော်ကြိုဆို လျက် အိမ်ကြီးအပေါ်ထပ်သို့ခေါ်ဆောင်သွားရာဝယ် သူသည် တစေ့တစောင်း အကဲခတ်ရင်း လိုက်ပါခဲ့၏။

အိမ်ကြီးအပေါ်ထပ်တွင်ကား ခြံဝရှိ နတ်စင်ကြီးနှင့်လိုက်လျောမည့် အဆင် အပြင်မျိုး လုံးဝမရှိရုံမျှမက ဆိုဖာကြီးများ၊ စားပွဲ၊ ကုလားထိုင်၊ ဗီရိုများ၊ စန္ဒရားနှင့် ရေဒီယိုများဖြင့် အတော်ခေတ်မီစွာ ခမ်းခမ်းနားနား ခင်းကျင်းပြင်ဆင်ထားလျက် ရှိသည်။

ထူးထူးခြားခြားဟူ၍ တစ်စုံတစ်ရာမျှမရှိ၊ ရေဒီယိုတစ်ခုသာ နယ်များ၌ အသုံးပြုရိုး ပြုစဉ်ဖြစ်သော ဘက်ထရီရေဒီယိုမျိုးမဟုတ်ဘဲ ကားရင်း(န်)ဓာတ်အားဖြင့် အသုံးပြုရသော အမျိုးအစားဖြစ်သည်ကို တွေ့ရသည်။ သို့ရာတွင် ခြံစည်းရိုး၌ပင် ဓာတ်အား လွှတ်ထားနိုင် သည်ကို တွေ့ရပြီဖြစ်ရာ ရေဒီယိုကို ဘက်ထရီမရှိဘဲ အသုံးပြုနိုင်သည့်အကြောင်းမှာ များးစွာ ထူးခြားလှသည်မဟုတ်တော့ချေ။

လူသူဟူ၍ကား မိန်းမပျို မူလပြောခဲ့သည့်အတိုင်းပင် သူမ၏အထိန်းတော် ဖြစ်ဟန်ရှိသော အသက်လေးဆယ်ကျော် အဒေါ်ကြီးတစ်ယောက်သာ ဧည့်ခန်းထောင့်နား တွင် ဆေးလိပ်ကြီးကို အငွေ့တထောင်းထောင်းထအောင် ဖွာလျက် ထိုင်နေသည်ကို တွေ့ရသည်။

"ဒေါ်သူဇာ၊ ကော်ဖီလေးဘာလေး ဖျော်ချေပါ"

မိန်းမပျို၏အမိန့်ကြောင့် အဒေါ်ကြီးသည် ဆေးလိပ်ကြီးကို လက်မှချထားပြီး နေရာမှထ၍ ဧည့်ခန်းထဲမှ ထွက်သွားသည်။ မိန်းမပျိုသည် စောနိုင်ဘက်သို့ တစ်ဖန် လှည့်၍ ...

"ထိုင်ထိုင် ... ကိုစောနိုင် ဖြည်းဖြည်းပေါ့။ ဒီအဒေါ်ကြီးကတော့ နွဲ့ ငယ်ငယ် ကလေးကတည်းက ပြုစုစောင့်ရှောက်လာတဲ့ အဒေါ်ကြီးပဲ၊ သဘောအတော်ကောင်း ရှာတယ်"

စောနိုင်သည် ရေဒီယိုတင်ထားသော အနိမ့်စား စားပွဲဝိုင်းကလေးရှေ့ရှိ နောက်လန်ကုလားထိုင်တစ်လုံးပေါ်တွင် ထိုင်လိုက်ရင်း

"နွဲ့တို့ ဖေဖေကော မမြင်ပါလား"

မိန်းမပျိုသည် ပြုံး၍နေသည်။ ရုတ်တရက် ဘာမျှပြန်မဖြေသေးဘဲ အတန်ကြာမှ...

"နွဲ့ ... အစကတည်းက ပြောသားပဲမဟုတ်လား၊ ဒီအချိန်မှာ ဖေဖေ့ကို မတွေ့နိုင်ဘူး၊ သူ့စာကြည့်ခန်းထဲအောင်းနေပြီ"

"ဩော် ... စာကြည့်ခန်းသတ်သတ်ရှိသေးသလား ...၊ နို့ ဗီရိုကြီးတွေထဲက စာအုပ်တွေကကော ဘာတွေလဲ"

"ဒါတွေက နွဲ့ဖတ်တဲ့ အင်္ဂလိပ်၊ မြန်မာ ဝတ္ထုမဂ္ဂဇင်းတွေလေ၊ ဟိုဘက်က ဗီရိုကြီးထဲကတော့ ပိဋကတ်သုံးပုံ ပါဠိတော်တွေပဲ၊ ဖေဖေ့စာကြည့်ခန်းထဲမှာ သူ့စာအုပ်တွေ သတ်သတ်ရှိသေးတယ်"

မိန်းမပျိုမှာ သူပြောပုံနှင့်အမူအရာကိုကြည့်ရခြင်းအားဖြင့် အနည်းဆုံးခေတ် ပညာဆယ်တန်းမျှ တတ်ပုံရသည့်ပြင် ဗီရိုကြီးများနှင့် ပြည့်လုမခန်းရှိသော စာအုပ်များမှာ အပြင်စာပေ ဗဟုသုတအတော်များကြောင်း သက်သေခံနေသည်။

"နို့ ... ပါဠိတော်တွေကကော နွဲ့ဖတ်တာပဲလား"

"ဟုတ်တယ်၊ နွဲ့ငယ်ငယ်ကတည်းက ဖေဖေက ပါဠိသင်ပေးထားတယ်။ ဒါတွေက မြန်မာလိုအနက်ပြန်ထားတာ တစ်အုပ်မှမပါဘူး၊ အကုန်ပါဠိလိုချည်းပဲ"

စောနိုင်မှာ အတော်အံ့သြသွားသည်။ အင်္ဂလိပ်စာတတ်၊ ခေတ်ဗဟုသုတနှင့် ပြည့်စုံသည့်ပြင် ဗုဒ္ဓဘာသာတရားတော်ကိုပင် ဤမျှလိုက်စားထားသော သားအဖသည် ဘယ်နည်းနှင့်မျှ အောက်လမ်းပညာသည်မဖြစ်နိုင်။ သို့ရာတွင် အဘယ်ကြောင့် ခြံဝ နတ်စင်ဆောက်၍ ကိုးကွယ်ထားကြသည်ကိုကား တွေးမရနိုင်အောင်ရှိတော့ရာ မျိုသိပ်မနိုင်တော့ဘဲ အမှတ်တမဲ့ မေးလိုက်မိသည်။

"ဒါလောက် စာပေဗဟုသုတများကြရက်နဲ့ နတ်စင်တွေဘာတွေဆောက်ပြီး ကိုးကွယ်ထားကြတာက ဘယ်လိုအကြောင်းကြောင့်လဲဆိုတာ မသိရဘူးလား"

စောနိုင်၏စကားအဆုံးတွင် မိန်းမပျိုသည် တစ်ချက်မျှ မျက်နှာပျက်သွားသည်။ နောက်မှ တုန်လှုပ်သောအသံဖြင့် ...

"ဒါတွေကို နွဲ့မပြောပါရစေနဲ့ ကိုစောနိုင်၊ နောက်ပြီး ဒါတွင်မကသေးဘူး ဖေဖေရဲ့ အကြောင်းကိုလည်း မမေးဖို့တောင်းပန်ပါရစေ၊ တစ်နေ့နေ့မှာ သိရကောင်း သိရပါလိမ့်မယ်"

မိန်းမပျို၏အမူအရာမှာ များစွာသနားဖွယ်ကောင်းလျက် တစ်စုံတစ်ခုသော ဘေးအန္တရာယ်ကို ကြောက်လန့်နေပုံရသည်ဖြစ်ရာ စောနိုင်မှာ သူတစ်ပါးမသိစေလို၍ လျှို့ဝှက်ထားသည်များကို မိမိက ဖွတ်အတင်းချောင်းမြောင်းစုံစမ်းခဲ့မိခြင်းမှာပင် မှားလေပြီဟု ယုံမှားသံသယဖြစ်လာမိသည်။

"မမေးစေချင်ရင်လည်း မမေးပါဘူး၊ ဒါပေတဲ့ ဘေးအန္တရာယ်တစ်ခုခုရှိနေရင်တော့ တတ်နိုင်သမျှ ကူညီပါရစေ၊ အကူအညီလိုရင်ပြောပါ"

"ဒီလိုစေတနာထားတဲ့အတွက် ကျေးဇူးတင်ပါတယ်၊ ဒါပေမဲ့ မလိုပါဘူး၊ နွဲ့တို့အကြောင်းကို မမေးမမြန်း မစုံစမ်းဘဲ မသိလိုက်ဘာသာနေလိုက်ရင် ဒါဟာ နွဲ့တို့ရဲ့ ဘေးအန္တရာယ်ကို ကာကွယ်ပေးတာနဲ့ အတူတူပါပဲ"

"ဒီလိုဆိုရင်လည်း မေးမိတာ ဝမ်းနည်းပါတယ်၊ စိတ်မရှိပါနဲ့၊ နောင်ကို ကျုပ်တတ်နိုင်သမျှ မသိလိုက်ဘာသာနေပါ့မယ်၊ ဒါဟာ ကတိထားတာပါပဲ"

စောနိုင်သည် မိမိနှင့်မဆိုင်သည့်အထဲတွင် ဝင်ရောက် နှောင့်ယှက်နေမိပြီဖြစ်ကြောင်း ရိပ်မိလာကာ ဆက်လက်စုံစမ်းလိုစိတ်များပင် ပပျောက်သွားလျက် မိန်းမပျိုအား ကတိပေးလိုက်မိသည်။

ထိုစဉ် အဒေါ်ကြီးသည် ကော်ဖီများယူလာသဖြင့် နှစ်ယောက်သား ကော်ဖီသောက်ကြရင်း စကားစပြတ်သွားရာမှ စောနိုင်က စတင်၍ စကားလွှဲပြောင်းပြောလိုက်သည်။

"နွဲ့ သီချင်းကြီး တော်တော်ရဖူးသလား"

"ဟုတ်ကဲ့ အရင်ကတော့ အပုဒ်လေးဆယ်ကျော်ကျော် ရဖူးတာပဲ၊ ခုတော့ တစ်ပုဒ်မှ ပြည့်ပြည့်စုံစုံ မရှိတော့ပါဘူး၊ မတီးတာကြာလို့ တချို့များ အစတောင် ရှာမရဘူး"

"ဩော် ... အတော်ရသားပဲ၊ မေ့တာကတော့ သူများတီးသံကြားရင် ပြန်ပေါ်လာမှာပဲ၊ အခု ဘာသီချင်းတက်မယ် စိတ်ကူးသလဲ"

"အသစ်တော့ မတက်သေးပါဘူး၊ မြမြ မောင်းမောင်းနဲ့ ပပဝင်းဝင်း ရောနေလို့ ဒီနေ့ အဲဒါလေးပဲ ခွဲပေးခဲ့ပါ။ မြမြမောင်းမောင်း အုံးရွှေသဥ္ဇာအပိုဒ်မှာ ယွန်းမော်ကြာယံလယ်ကနေပြီး ညိုးညိုးငယ်ငယ် အကူးကိုတော့ ရတယ်။ ပပဝင်းကျတော့ မြင်သူဗျာဝေကွဲ ကြေအုံမဆုံးအထိ မြမြမောင်းမောင်းနဲ့ တူလာပြီး တင်ခါသွင်မျက်ခုံးကို တစ်မျိုးကူးသွားတာတော့ အသိသား၊ ဘယ်လိုကူးရမှန်းမသိလို့ မြမြမောင်းမောင်း အတိုင်းဆက်တီးတော့ တင်ခါသွင်မျက်ခုံး၊ ခြယ်မင်မသုံးသည်နှင့် သန်းခါမှောင် ဆိုတဲ့ စာသားမပါတော့ဘဲ မျက်လုံးတော်ရောင်ကို ကျော်ကျော်ရောက်သွားလို့ ..."

မိန်းမပျိုသည် ပညာလိုက်စားရာတွင် အတော်စေ့စပ်သေချာပုံရသည်။ စောနိုင်လည်း ပြုံးလိုက်ကာ ...

"ဟုတ်သားပဲ၊ တီးကွက်လိုနေမှာပေါ့၊ အုံးရွှေသဥ္ဇာအပိုဒ်မှာ အဲဒီတီးကွက်ပါမှမပါပဲ၊ ဒါပေမဲ့ စံဖီရွှေသွယ်ကျတော့ ပါသားပဲ။ လေပြည်တသွေးသွေး၊ စုံမြိုင် ခြေကျေး

ကပန်းသာထွေ ... တီးကွက်ဟာ တင်ခါသွင်မျက်ခုံး ခြယ်မင်မသုံးသည်နှင့် သန်းခါမှောင်နဲ့
အတူတူပေါ့"

"ဟင် – နွဲ့က စံဖီရွှေသွယ်အပိုဒ်ဟာ အုံးရွှေသဥ္စာနဲ့အတူတူပဲ အောက်မေ့ပြီး
အမှတ်တမဲ့ တီးနေမိတာကိုး၊ ဟုတ်သားပဲ။ လေပြည်တသွေးသွေးကို ထည့်မတီးဘူး
မှနေလိုက်တာ"

"ကိစ္စမရှိဘူးလေ ... သိပ်မခက်ပါဘူး၊ လေးဝါးလောက်ရှိတာပဲ။ တစ်ခေါက်
စ်ခေါက်ပြလိုက်ရင် ရသွားမှာပေါ့။ စန္ဒရားကြည့်ရအောင်၊ ဘာမှမချွတ်ယွင်းဘူး မဟုတ်
ဘား"

"မချွတ်ယွင်းပါဘူး၊ ကောင်းပါတယ်။ လာလာ နွဲ့ဖွင့်ပြမယ်"

မိန်းမပျိုသည် စောနိုင်အား စန္ဒရားဆီသို့ခေါ်ဆောင်သွားပြီး အဖုံးကိုသော့
င့်လိုက်၏။ စန္ဒရားမှာ အတော်အမျိုးကောင်းသော အစားထဲက ဖြစ်သည့်ပြင် ခလုတ်များ
ာလည်း အသစ်အတိုင်းပင်၊ ချောင်ခြင်း ပြုခြင်းမရှိသေး။

စောနိုင်သည် စန္ဒရားရှေ့ ခုံဝိုင်းကလေးပေါ်တွင် ဝင်ထိုင်ကာ တစ်ချက် နှစ်ချက်
မ်းကြည့်လိုက်ရာ မိမိစန္ဒရားထက်ပင်ကောင်းမွန်လျက် လက်နှင့်တို့မိရုံမျှနှင့် အသံမြည်
နသည်ကို တွေ့ရသည်။ စန္ဒရားကောင်းသဖြင့် လက်တွေ့သွားရာ ဆယ်ချောင်းစလုံး
ပ်ထွေးသွားအောင် အတန်ကြာစမ်းနေပြီးမှ ပပဝင်းဝင်းကို ကောက်၍စလိုက်၏။

မိန်းမပျိုသည် စောနိုင်၏ လက်ယူပုံဆပုံကို နံဘေးမှ ကျေနပ်စွာရပ်လျက် ကြည့်
နရာမှ ...

"ခဏနေရစ်ဦးနော် ...၊ နွဲ့ မဟာဂီတစာအုပ် သွားယူလိုက်ဦးမယ်"

ဟုဆိုကာ အခန်းတစ်ဖက်သို့ ဝင်သွားသည်။ ထိုစဉ် အထိန်းတော်အဒေါ်ကြီး
ည်း ထိုနေရာမှထကာ သောက်ပြီးသား ကော်ဖီပန်းကန်ကို သိမ်းဆည်းလျက်
ွက်သွားပြန်သည်။ စောနိုင်မှာကား တီးရင်းတီးရင်း လက်တွေ့လာသဖြင့် စန္ဒရားထဲ
ွင် စိတ်ဝင်စားသွားကာ နောက်တစ်ကျော့တွင် တေးသားကိုပင် နှုတ်မှ လိုက်ဆိုမိ
ည်။

ဟန်တစ်ခါပြင် ရွှေစင်ဆယ်တင်း
ဆက်သွင်းပုံသေ သိန်းတန်သည့်မေ

ဆိုသည်မှာ သည်လိုမိန်းမပျိုမျိုးကိုပင် ဆိုဟန်ရှိသည်ဟု သီချင်းဆိုရင်း သူ့စိတ်ထဲ
ွင် ထင်လိုက်မိရာက

တင်ခါသွင်မျက်ခုံး

ခြယ်မင်မသုံးသည်နှင့် သန်းခါမှောင်

မျက်လုံးတော်ရောင် သောက်ရှူးကြွယ်ညီနှောင်

သို့အရောက်တွင် မိန်းမပျို၏လှပတောက်ရွှန်းသော မျက်ခုံးမျက်လုံးကလေးများကို တွေးကြည့်မိလျက် စိတ်ထဲတွင် ဘာလိုလိုဖြစ်လာသည်။ သီချင်းဆိုရတီးရသည်မှာလည်း ခါတိုင်းနှင့်မတူ အရသာရှိလှသဖြင့် စိတ်ပါသည်ထက် ပါလာတော့ရာ စာအုပ်ယူသွားသော မိန်းမပျို ကြာနေသည်ကိုပင် သတိမထားမိဘဲ စန္ဒရားသံထဲတွင် နစ်မြောနေမိသည်။

ကေသီမှာ ဒေဝီကျမ်းစာဝင်

မျက်နှာပြင် စံလွှတ်ကျွန်း

ငွေလဝန်းပေါ်သည့်သွင် ... လေးလေ့

ခြောက်ပါး ...

စန္ဒရားသံနှင့် တေးသံသည် တစ်ပိုင်းတစ်စနှင့် ရုတ်တရက် ရပ်တန့်သွားသည်။

အကြောင်းမှာ စန္ဒရားထဲတွင် စိတ်ဝင်စားနေသဖြင့် နောက်မှခြေသံကို မကြားမိသော စောနိုင်သည် လက်မောင်းနှစ်ဖက်ကို နောက်မှကြမ်းတမ်းစွာ ချုပ်ကိုင်ဆောင့်ဆွဲခြင်းခံလိုက်ရသဖြင့် စန္ဒရားခုံပေါ်မှပင် မြောက်ပါသွားကာ စန္ဒရားနှင့် တစ်လံကွာလောက်သို့ရောက်သွားသည်။

နံဘေးနှစ်ဖက်သို့ လှည့်ကြည့်လိုက်သောအခါ လူနှစ်ယောက်က မိမိ တစ်ဖက်တစ်ချက်တွင် ရပ်လျက် လက်မောင်းတစ်ဖက်စီ ချုပ်ကိုင်ထားကြောင်း တွေ့ရသဖြင့် မိမိမှာ မိန်းမပျိုတစ်ယောက်၏ မာယာကျော့ကွင်းတွင် မိလေပြီလောဟု တွေးမိကာ ရှက်သွားသည်။

သူ့ကို ချုပ်ကိုင်ထားသူနှစ်ယောက်မှာ တစ်ညက သူ့ခြံကြီးထဲသို့ ဝင်စဉ်တွေ့မြင်ဖူးသော အစေခံတန်းလျားမှ လူနှစ်ယောက်ဖြစ်ရာ တစ်ယောက်တစ်ယောက်မှာ သူ၏နှစ်ကိုယ်စာနီးပါးမျှ တုတ်ခိုင်ဗလကောင်းသူများ ဖြစ်သည့်အတွက် မလှုပ်သာအောင် ရှိနေတော့သည်။

သို့ရာတွင် စောနိုင်မှာ ဓားသမားတစ်ယောက်ဖြစ်သည်။ သို့ကြောင့် သာမန်အားသမားနှစ်ယောက်အား ဘယ်နည်းနှင့်မျှ အလွယ်တကူ အရှုံးပေးမည့်လူစားမဟုတ်။

သူသည် ခက်ထန်သော အမူအရာရှိသည့် လူနှစ်ယောက်၏ မျက်နှာဆီသို့တုံ့ပြန်၍ မျက်မှောင်ကြုတ်ကာ တစ်ချက်စီကြည့်လိုက်သည်။ သူ၏မေးကြောများမှာထောင်ထလာလျက် စူးရှသောမျက်လုံးများမှာလည်း မီးပွင့်တော့မည်ကဲ့သို့ အရောင်

တလက်လက်ထွက်လာသည်။

ချုပ်ကိုင်ထားသော လူနှစ်ယောက်အကြားမှ ဖျတ်ခနဲ နောက်သို့ ခြေတစ်လှမ်းဆုတ်လိုက်သည်။ ထို့နောက် မိမိကိုယ်ကို မြောက်သွားအောင် ပေါ့ပါးစွာခုန်လိုက်ကာ လက်ယာဘက်မှ ချုပ်ကိုင်ထားသူအား ခြေနှစ်ဖက်ကြားတွင် ညှပ်၍ရိုက်ချ လိုက်သည်။

စောနိုင်၏ ညာခြေသလုံးသည် ထိုသူ၏ရင်ဘတ်သို့လည်းကောင်း၊ ဘယ်ခြေသည် နောက်ဒူးကောက်ကွေးသို့လည်းကောင်း တစ်ပြိုင်နက်ညှပ်၍ ရိုက်လိုက်ခြင်းခံရသဖြင့် ထိုသူမှာ ရုတ်တရက် ပက်လက်လန်သွားကာ ကြမ်းပေါ်သို့ ဝုန်းခနဲ အရှိန်ပြင်းစွာ လဲကျသွားသည်။ ချုပ်ကိုင်ထားသော လက်များမှာလည်း လွတ်ထွက်သွားသည်။

စောနိုင်ကား ဘယ်ဘက်ကလူကိုလက်ဖြင့် အားပြုထားသည့်အပြင် ညာဘက်က လူအားလည်း ခြေဖြင့်ချိတ်၍ မှေးလိုက်ရသေးသည်ဖြစ်ရာ ကြမ်းပြင်ပေါ်သို့ ညင်သာစွာ ပက်လက်ကျသွားရာမှ ဘယ်ဘက်ကလူ၏အံ့အားသင့်ခြင်း မပြေပျောက်မီ လျင်မြန်စွာ နောက်ကျွမ်းလိုမ့်၍ ထလိုက်ရာ ထိုသူ၏ချုပ်ကိုင်ထားသောလက်မှာ လိမ်ရက်ဖြစ်သွားပြီး ဆောင့်၍အရှန်းလိုက်တွင် လွတ်ထွက်သွားသည်။

သို့ရာတွင် ထိုသူမှာ ရုတ်တရက် သတိရလာကာ စောနိုင်အား ထပ်မံချုပ်ရန် ကြိုးစားလျက်ရှိပြန်ရာ စောနိုင်မှာ မိမိထက် ဗလသာသူအား အနားကပ်မပေးဝံ့ဘဲ လက်သီးဖြင့် ခုခံပြန်၏။ အတန်ကြာတွင် စောနိုင်မှာ ထိုသူ၏လက်တစ်ဖက်ဖြင့် ဆွဲကိုင်မိသွားသည့်အတွက် နောက်တစ်ဖက်မကူသာအောင် ကြိုးစားခုခံနေရစဉ် လဲကျနေသူသည် နေရာမှထကာ သာမညဖြင့်ရမည်မဟုတ်ကြောင်း ရိပ်မိသွားသည့်အတိုင်း အနီးရှိ ကုလားထိုင် တစ်လုံးကို ပေါ့ပါးစွာကိုင်မြှောက်လျက် တစ်အားကုန်ရိုက်ချလိုက်၏။

သို့ရာတွင် စောနိုင်ကား ဓားသမားဖြစ်ပါသည်။ ပေါ့ပါးသွက်လက်သော သူ၏ ခြေနှစ်ဖက်သည် ထိုခဏကလေးအတွင်းမှာပင် အကွက်သုံးကွက် ပြောင်းသွားပြီး မိမိအား ချုပ်ကိုင်ထားသူနှင့် နေရာချင်းလဲပေးလိုက်ရာ ထိုသူမှာ နောက်ဆက်တည့်တည့်တွင် မိမိအဖော်၏လက်ချက်မိသွားသဖြင့် ကြမ်းပြင်ပေါ်သို့ ပုံလျက်သား လဲကျသွားသည်။

ရိုက်လိုက်သည့်သူမှာလည်း သူမျှော်မှန်းရာသို့မရောက်ဘဲ တလွဲချော်သွားကြောင်း တွေ့လိုက်ရသည့်အတွက် ရုတ်တရက် ကြက်သေသေလျက်ရှိစဉ် စောနိုင်၏ ညာလက်သီးသည် မေးရိုးတည့်တည့်သို့ တအားကုန်စွတ်၍ ညာလက်သီးသည် ဝင်လာသည်နှင့် မရှေးမနှောင်း ဘယ်လက်သီးမှာလည်း အရှိုက်ပေါ်သို့ အရှိန်ပြင်းပြင်းကလေး ကျရောက်လာတော့ရာ မည်သို့မျှ မခုခံနိုင်လောက်အောင် မြက်မြက်ကလေးခံလိုက်ရသည့် အထဲတွင် နောက်တစ်ချက်မေးရိုးကို ထပ်ဆင့်လိုက်သော ညာလက်သီး၏ ဒဏ်ကြောင့်

ပက်လက်ပက်လက်နှင့် နောက်ဆုတ်ကျသွားရာ စန္ဒရားထိုင်ခုံနှင့် ဝင်တိုက်မိပြီး လူရောခုံပါ ကျွမ်းပြန်၍ သွားတော့သည်။

စောနိုင်သည် မထနိုင်သော မိမိရန်သူနှစ်ဦးအား တစ်ချက်စီမျှ လျင်မြန်စွာ အကဲခတ်လိုက်ရင်း ဤနေရာမှ အမြန်ဆုံး ထွက်ခွာမှဖြစ်တော့မည်ဟု လှေကားဘက်သို့ ခြေအလှမ်းလိုက်တွင် ...

"လက်မြှောက်လိုက်"

တင်းမာခက်ထန်သော အသံတစ်ခုကြောင့် နောက်သို့ လှည့်ကြည့်လိုက်ရာ အခန်းပေါက်ဝတစ်ခုမှ ခြောက်လုံးပြူးသေနတ်ဖြင့် ချိန်ရွယ်ရင်း မားမားရပ်နေသော မိန်းမပျို၏ဖခင်အဘိုးကြီးကို တွေ့ရသည့်အတွက် လက်မြှောက်ပေးလိုက်ရတော့သည်။

"တယ်တော်တဲ့ သူငယ်ပဲဟေ့၊ ငါ့အိမ်ထဲလည်း ဝင်သေးရဲ့ ငါ့လူနှစ်ယောက်လည်း မထနိုင်အောင် လုပ်လိုက်ပြီ၊ သတ္တိကလေးအကောင်းသားနဲ့ နှမြောစရာပေါ့ကွယ်"

"နှမြောရအောင် ခင်ဗျားတို့ ကျုပ်ကို ဘာလုပ်မလို့လဲ၊ ကျုပ်ဟာ ခင်ဗျားတို့ရဲ့ ရန်သူလည်းမဟုတ်ဘူး၊ ခင်ဗျားတို့ အကျိုးပျက်စီးအောင်လည်း ဘာမျှလုပ်တာမဟုတ်ဘဲနဲ့ ဘာကြောင့် ကျုပ်ကို ရန်လုပ်ချင်ရတာလဲ"

"ဟဲ ... ဟဲ ကျုပ်ခြံထဲကို အခွင့်မရှိဘဲ ဝင်လာတာဟာ ကျုပ်အကျိုးပျက်စီးအောင် မလုပ်ဘဲ အကျိုးရှိအောင် လုပ်မလို့ လို့များ မောင်ကဆိုချင်သေးလို့လား"

"ဒါ ကျုပ်ဝင်ချင်လို့ ဝင်တာမဟုတ်ဘူး၊ ခင်ဗျား သမီးက စန္ဒရားသင်ပေးပါဆိုလို့ မိတ်ဆွေတစ်ယောက်အဖြစ်နဲ့ ဝင်လာတာ"

"ဒါလည်း ဟုတ်ကောင်းဟုတ်ပါလိမ့်မယ်၊ ဒါပေမဲ့ မနေ့က ခြံစည်းရိုးကို ခုန်ဝင်လာတာကတော့ ကျုပ် သမီးကို စန္ဒရားသင်ပေးဖို့ ဟုတ်မယ်မထင်ပါဘူး၊ ဘာပဲဖြစ်ဖြစ်လေ ခြံဝမှာ ကပ်ထားတာတွေ့တယ်မဟုတ်လား (မဝင်ရ – ပြန်လမ်း မရှိ) ဆိုတာ၊ အဲဒီအတိုင်းပဲ မောင်မှာ ပြန်လမ်းမရှိဘူးလို့ မှတ်လိုက်ပေတော့၊ ဘယ့်နှယ်လဲ သူရဲကောင်းကြီး၊ သေဝံ့ရဲ့လား"

"ကျုပ် သေရမှာကို ကြောက်တဲ့လူစား မဟုတ်ဘူး။ ဒါပေမဲ့ ခင်ဗျား သတိထားလိုက်ပါ။ ကျုပ်ဟာ သာမည အလေအလွင့်စားထဲက မဟုတ်ဘူး။ နယ်ပိုင် ဦးကျော်သာဟာ ကျုပ်အဖေပဲ၊ နောက်ပြီး ဒီဘက်ကို ကျုပ်လာတာမြင်လိုက်တဲ့ လူတွေ အများကြီးရှိတယ်၊ အချိန်တန်လို့ ကျုပ်ပြန်မရောက်ရင် ခင်ဗျားမှာ အငြိအစွန်းလွတ်နိုင်မယ့် အစီအမံရှိရဲ့လား"

စောနိုင်သည် မိမိလွတ်မြောက်ရေးအတွက် အချိန်ဆွဲရန် ခပ်လှန့်လှန့်ပြော

လိုက်ရာ လူကြီးမှာ သူ့စကားကြောင့် ကြောက်လန့်သွားသလား ဘာလားမဆိုနိုင်၊ ခေတ္တမျှတွေဝေသွားရာမှ ...

"နယ်ပိုင်ဦးကျော်သာ"

စောနိုင်ပြောသော စကားကိုလိုက်၍ ရွတ်ဆိုလိုက်သည်။ နောက်မှ မျက်လုံးကြည့်လိုက်ကာ ...

"နေစမ်းပါဦး နယ်ပိုင်ဦးကျော်သာဆိုတာ အရင်အင်္ဂလိပ်လက်ထက်က ပါင်းတည်မှာ တီအို(မြို့အုပ်) လုပ်နေတဲ့ မောင်ကျော်သာလား"

"ဟုတ်တယ်"

စောနိုင်သည် အံ့အားသင့်စွာ ပြန်ဖြေရင်း မိမိဖခင်နှင့်ပင် သိလေသလောဟု တွေးလျက် သေနတ်ကို ခုန်၍လုရန် အကြံကိုပင် ခေတ္တမျှဆိုင်းငံ့ထားလိုက်ရပြီး ရှေ့ဆက် ပြောမည့် လူကြီး၏စကားအလာကို စောင့်နေသည်။

"ဩော် ... မင်းက မောင်ကျော်သာရဲ့သားကို၊ အရင် ကောလိပ်မှာနေတယ် ဆိုတာ မင်းလား"

"ဟုတ်တယ်၊ သားဆိုလို့ ကျွန်တော် တစ်ယောက်တည်းပဲရှိတယ်"

"နို့ မင်း ဘယ်အတန်းအထိ ရောက်ခဲ့သလဲ"

"ဘီအက်စ်"

"ဟေ ... ဘီအက်စ် ဟုတ်လား၊ ငါက ကောလိပ်နေတယ်ဆိုလို့ အတ်ယူတယ် အောက်မေ့မိတယ်၊ ဒါထက် မင်းမှာ ဘာရည်ရွယ်ချက်ရှိလို့ ဆိုင်းယင့်(န်)ကို ယူခဲ့တာလဲ"

"ဘာရယ်လို့တော့ မဟုတ်ပါဘူး၊ ဝါသနာပါလို့ပါပဲ"

"ဩော်... ဝါသနာပါလို့၊ တော်တော့ကို ဝါသနာပါသလား"

"ဆိုပါတော့ ..."

"အေး ဒါဖြင့် ကောင်းပြီ ...၊ မင်းကို ငါ သဘောကျတယ်၊ သွားနိုင်ပြီ"

"ခင်ဗျာ"

"မင်းသွားနိုင်ပြီလို့ ပြောပါတယ်၊ မသေချင်ရင် ငါးမိနစ်အတွင်း ဒီခြံထဲက ထွက်သွားပါ"

"ကျွန်တော့်ကိုတော့ ဦးသိချင်သမျှ လျှောက်မေးပြီး၊ ဒီအတိုင်း ထွက်သွား ယ်ဆိုရင် မသင့်ပါဘူးခင်ဗျာ၊ ကျွန်တော့်အဖေနဲ့ ဦးနဲ့ သိရင်လည်း ဘယ်သူ ဘယ်ဝါကို တွေ့ခဲ့တယ်ဆိုတာ ပြန်ပြောရအောင် ဦးရဲ့နာမည်မှာလည်း ကျွန်တော် မသိရသေးဘူး။ နောက်ပြီး ဦးရဲ့သမီးကိုလည်း စန္ဒရားသင်ပေးပါ့မယ်လို့ ကျွန်တော် ကတိထားခဲ့မိတာဟာ

ဘယ်လိုလုပ်ရမလဲ။ နောက်ကို လာရဦးမလား ဘာလား မသိရ ...”

“ဟော ... တယ်လာတဲ့သူငယ်ပါလား၊ မောင်မေးတာတွေ ကျုပ် ဘာမှအဖြေ မပေးနိုင်ဘူး၊ စဉ်းစားစရာ အကြောင်းတွေ အများကြီးရှိတယ်၊ ဒီတော့ ပြန်မှာသာ အေးအေးပြန်၊ ဒီကို နောက်လာဖို့လည်း မလိုဘူး၊ ကျုပ်တို့နဲ့ ပတ်သက်ပြီး တစ်နေ့နေ့ အကြောင်းထူးချင် ထူးလာလိမ့်မယ်၊ အဲဒီအခါကျတော့ မောင်ရှေ့ဆက်ပြီး ဘာလုပ်ရမယ် ဆိုတာ အလိုလိုသိလာလိမ့်မယ်။ ဘာမှအကြောင်းမထူးရင်တော့ ထပ်လာဖို့ စိတ်မကူး လေနဲ့၊ နောက်တစ်ခါဆိုရင် မောင်ကျော်သာသားသော ဘာသော ချမ်းသာပေးလိမ့်မယ် မဟုတ်ဘူး၊ ကဲ သွားပေတော့”

အထက်ပါအဖြစ်အပျက်များသည် စောနိုင်၏အတွေးထဲဝယ် တဝဲလည်လည် ပြန်၍ပေါ်လာသည်။ ထိုအကြောင်းကြောင့်ပင် နှစ်ရက်တိုင်တိုင် ကြာခဲ့ပြီဖြစ်သော်လည်း ယခုအချိန်ထိအောင် မဖြေရှင်းနိုင်အောင် ပြဿနာများဖြင့် ဦးခေါင်းထဲတွင် ရှုပ်ထွေးနေ သည်။

မိမိအား ချုပ်နှောင်ဖမ်းဆီးခဲ့သည့် အကြံအစည်ထဲတွင် မိန်းမပျိုပါဝင်လေ သလော၊ သို့မဟုတ် သူမမှာ သဘောရိုးနှင့် တကယ်သင်လို၍ ခေါ်သည်ဖြစ်မည်လော ပါသည် မပါသည်မှာထားပါဦး၊ လူကြီးသည် မိမိအား ကြိုးစားပမ်းစား ဖမ်းဆီးပြီးမှ အဘယ်ကြောင့် အလွယ်တကူ ပြန်လွှတ်လိုက်ပါသနည်း။

မိမိဖခင်နှင့်ပင် သိ၍လော၊ သိသည်နှင့်ပင် တူသည်။ မိမိကောလိပ်ကျောင်း တွင်နေသည်ကိုပင် သိလိုက်ချေသေးသည်။ သို့နှင့် အဘယ့်ကြောင့် သူ၏အမည်ကို ဖွင့်၍မပြောနိုင်သနည်း။

မြို့ခံလူများ၏ ပြောချက်အရဆိုလျှင် ဤခြံကြီးမှာ ရှေးက ကရင်ကြီးတစ်ယောက် ၏ခြံဖြစ်သည်။ နောက် ရန်ကုန်မှ သူဌေးတစ်ဦးက ဝယ်လိုက်သည်ဆိုပြီး ကရင်ကြီး ထွက်သွားသောအခါ သစ်ပင်အချို့ကို ခုတ်လှဲရှင်းလင်း၍ ဤအိမ်ကြီးကို ဆောက်လုပ် သည်။ ခြံစည်းရိုးကို အသစ်ကာသည်။

သို့ရာတွင် အင်္ဂလိပ်လက်ထက်ကမူ လူမနေဟု ဆိုကြသည်။ ခြံရှင်ကိုလည်း မည်သူမျှ မမြင်ဖူးကြ၊ ဂျပန်ဝင်လာမှ လူရောက်လာဟန်ဖြင့် အိမ်တံခါးများ ဖွင့်ထားသည်။ မီးရောင်မြင်ရသည်။ ထို့ပြင် ခြံဝမှ နတ်စင်ကြီးကိုဆောက်သည်။

ဤကဲ့သို့ ပြောကြားသည့်အတွက် ရန်ကုန်မှ သူဌေးတစ်ဦးဆိုသူမှာ ဤ အဘိုးကြီးပင်လော၊ ရန်ကုန်ကဆိုလျှင် မိမိဖခင်နှင့်သိမည်ဆိုက သိနိုင်မည်။

အို ... ဤအကြောင်းများမှာ ထိုမျှအရေးကြီးလှသည် မဟုတ်ပါ၊ တကယ်

အရေးကြီးသည့်အကြောင်းမှာ ဖော်ရွေလှပ၍ ချစ်စဖွယ်အမူအရာနှင့် စကားပြောတတ်သော နွဲ့နွဲ့ရှိဆိုသည့် မိန်းမပျိုအား စွဲလမ်းလျက် နေမိသည့်အကြောင်းပင် ဖြစ်ပါသည်။

သူမ၏ မျက်နှာသွယ်ကလေးသည် မျက်လုံးထဲမှဖျောက်ဖျက်၍မရအောင် ရှိလျက် သာယာနာပျော်ဖွယ်ကောင်းသော အသံညက်လေးများကို နားထဲတွင် ကြားယောင် လျက်ရှိရာ ယခုလိုမသွားရတော့သောအခါမှ သူမအား စွဲလမ်းမိသည့်အကြောင်းကို လုံးလုံး ရိပ်မိတော့သည်။

ယခုအတိုင်းဆိုလျှင် နီးရမလိုလိုနှင့် ဝေးတော့မည်လော။ အကြောင်းတစ်စုံ တစ်ရာ မထူးလျှင် နောက်ထပ်မလာရဟုဆိုသည်။ ယခုနှစ်ရက်ရှိပြီ၊ ဘာမျှအကြောင်း မထူး။

ခြံထဲသို့ တိတ်တဆိတ်ဝင်ရန်မှာလည်း ခုန်ဝင်သည်ပင် အဘိုးကြီးသိပြီးဖြစ် နေသဖြင့် မသင့်တော်တော့။ ထို့ပြင် ထိုသို့ဝင်သည့်တိုင်အောင် မိန်းမပျိုနှင့်တွေ့မှ တွေ့ရ မည်။

ထူးချင်ထူးလာလိမ့်မည်ဆိုသော အကြောင်းသည် အဘယ်မျှကြာရှည်စွာ စောင့်ရဦးမည်နည်း။

မပိုင်လိုနိုင်တော့ဘဲ
ဘယ်ဝင္ဇကယ်တို့တင်လို့
လှကြေးမြင့်စိန်မှုန်နှစ်ကို
ဘုန်းချစ်ရနဲ

သူသည် တီးလက်စ စက်လည်းမရှင်ပတ်မျိုးကို အဆုံးသတ်လိုက်ပြီး စိတ်မပါ တော့သည်နှင့် စန္ဒရားအဖုံးကို ပိတ်လိုက်သည်။ ထိုစဉ် လှေကားမှတက်လာသော ခြေသံတစ်ခုသည် စောနိုင်အား မျက်လုံးပြူးသွားစေသည်။

ပက်လက်ကုလားထိုင်ပေါ်၌ သတင်းစာဖတ်နေသော ဦးကျော်သာမှာလည်း မျက်မှန်ကို နဖူးပေါ်သို့ မတင်ရင်း တက်လာသူကို အံ့ဩစွာ မော်ကြည့်လိုက်သည်။

"မောင်ကျော်သာ"

"ဟာ – မောင်ဘခက်"

ဦးကျော်သာသည် ထိုမျှထက် ပို၍စကားမပြောနိုင်ချေ။ သူသည် အံ့ဩ ဝမ်းမြောက်လှသော အမူအရာဖြင့် မိမိရှေ့သို့မမျှော်လင့်ဘဲ ရောက်လာသော ညှော့သည် လူကြီးအား ကြက်သေသေလျက် ကြည့်နေမိသည်။ အတန်ကြာမှ နေရာမှ ပျာပျာသလဲထ က ညှော့သည်၏ လက်မောင်းနှစ်ဖက်ကို ခင်မင်မြတ်နိုးလှစွာ ကိုင်ဆွဲလှုပ် ရမ်းလျက်...

"သူငယ်ချင်းရယ်၊ ငါဖြင့် မေးလိုက်မြန်းလိုက်ရတာ။ တိုင်းပြည်ပျက်ကတည်းက သတင်းလည်းမကြားရ၊ ဘာလည်းမကြားရမို့ သေလေသလား၊ ရှင်လေသလားနဲ့ မကျင်ကိုတောင် တဖြစ်ဖြစ် ပြောနေမိသေးတယ်"

ဦးကျော်သာ ဂနာမငြိမ်သလောက် ဧည့်သည်လူကြီးမှာ ဣန္ဒြေရလှသည်။ အေးစက်စက် အမူအရာဖြင့် တစ်ချက်မျှပြုံးရုံသာ ပြုံးလိုက်ရင်း ဝရန်တာရှိ ခုံတန်းလျားတစ်ခုပေါ်တွင် ဝင်ထိုင်လိုက်၏။

စောနိုင်မှာကား ထိုလူကြီးတက်လာစကပင် အလွန်အမင်းအံ့သြလျက်ရှိရသည့်အထဲတွင် သူ၏ဖခင်က လှမ်း၍ခေါ်လိုက်သော 'မောင်ဘခက်' ဟူသည့်အမည်ကို ကြားလိုက်ရသောအခါ၌ကား မိမိနားများကိုပင် မယုံနိုင်လောက်အောင်ရှိလျက် ဝမ်းသာရမည်၊ ဝမ်းနည်းရမည် မဝေခွဲတတ်တော့ဘဲ ရင်ထဲတွင် တဒိတ်ဒိတ်တုန်လှုပ်သွားမိသည်။

ထိုလူကြီးမှာ ထူးဆန်းသော ခြံကြီးထဲမှ အောက်လမ်းဆရာကြီးဆိုသူ အဘိုးကြီးဖြစ်ရာ ဦးကျော်သာ၏နှုတ်မှ မကြာခဏ တဖွဖွပြောလေ့ရှိသဖြင့် မိမိတို့ တစ်အိမ်သားလုံး၏ နားဝယ် ငြီး၍ပင်နေပြီဖြစ်သော ထို 'မောင်ဘခက်' ဟူသည့် အမည်နှင့်မည်သို့မျှဆက်သွယ်နေလိမ့်မည်ဟု စောနိုင်မမျှော်လင့်ခဲ့။ ထို 'မောင်ဘခက် မောင်ဘခက်' အမည်သည် လူကိုမမြင်ရဘဲ စောနိုင်တို့အိမ်တွင် နှစ်ပရိစ္ဆေဒ ကြာမြင့်စွာ ခေတ်စားလျက်ရှိခဲ့သည်။ ဦးကျော်သာ၏ ပြောပြချက်အတိုင်းမှာ သူကောလိပ် ကျောင်းတွင်နေစဉ်က မောင်ဘခက်အမည်ရှိသော အလွန်ခက်ထန်ဘုကျသူတစ်ယောက်နှင့် အသိမိတ်ဆွေ ဖြစ်ခဲ့သည်ဆို၏။ ထိုစဉ်က ဦးကျော်သာ၏မိဘမှာ များစွာ မချောင်လည်လှ၊ သားတစ်ယောက်ကို မနည်းကြိုးစား၍ ကောလိပ်ကျောင်းတွင် ထားရသည်ဖြစ်ရာ အများနည်းတူ မသုံးနိုင် မစွဲနိုင်ရှိရှာသော ဦးကျော်သာအား ငွေကြေးချမ်းသာသူ ထိုမိတ်ဆွေက မျှော်လင့်ဖွယ်မရှိသောအတိုင်းအဆတိုင်အောင် ထောက်ပံ့ကူညီခဲ့သည်ဆို၏။

ထိုသူမှာ စကားပြော တိုတောင်းလှသဖြင့် လူတကာနှင့်မသင့်တင့်ဘဲ ရှိခဲ့သော်လည်း ပြောသမျှကို နာရမှန်း မှတ်ရမှန်းမသိ၊ သဘောကောင်းလှသော ဦးကျော်သာကိုမူကား ညီရင်းအစ်ကိုမျှမက ချစ်ခင်ခဲ့သည့်အတိုင်း ဦးကျော်သာကလည်း ကျေးဇူးရှင်သူငယ်ချင်း၏အပေါ်တွင် စိတ်ရင်းကောင်းမှန်းသိသဖြင့် အနွံတာခံခဲ့သည်ဆို၏။ ထိုသူငယ်ချင်း၏ ကျေးဇူးကြောင့်ပင် ဦးကျော်သာမှာ ဘီအေအောင်သည်အထိ ပညာကိုဆက်လက်သင်ကြားနိုင်ခဲ့ပြီးနောက် မြို့အုပ်ဖြစ်ခဲ့၏။ သူ၏ သူငယ်ချင်းမှာကား ကျောင်းမှထွက်၍ ကွဲကွာသွားပြီးကတည်းက အနောက်နိုင်ငံသို့ ထွက်ခွာသွားသလိုလို ဘာလိုလိုနှင့်နှစ်ပေါင်းနှစ်ဆယ်နီးပါးမျှ ဘာသတင်းမှ မကြားရဘဲ ပျောက်ကွယ်နေခဲ့သည်ဆို၏။

တစ်ဖန် ဦးကျော်သာသည် အိမ်ထောင်ရက်သားကျ၍ စောနိုင်ကိုပင် မွေးဖွားခဲ့ရာ စောနိုင်ဆယ်တန်းမျှရောက်သောနှစ်တွင် သူငယ်ချင်းနှစ်ဦး ပြန်၍ဆုံမိကြပြန်၏။ ထိုဦးဘခက်ဆိုသူမှာ ဇနီးဖြစ်သူသေဆုံး၍ ကျန်ရစ်ခဲ့သော သမီးကလေးတစ်ယောက်နှင့် အတူ ရန်ကုန်မြို့ သမိုင်းရပ်တွင် နေထိုင်လျက်ရှိသည်ဟုဆိုကာ ဦးကျော်သာသည် မကြာခဏ သွားရောက်လည်ပတ်လေ့ရှိ၏။ မကြာခဏဆိုသော်လည်း အစိုးရအမှုထမ်းဖြစ်၍ များစွာအားလပ်သည်မဟုတ်ရကား သုံးလေးကြိမ်မျှသာ သွားခဲ့ဖူးသည်ဖြစ်ရာ ထိုကဲ့သို့ အလည်အပတ်သွားရောက်ပြီးသည်ကစ၍ ဦးကျော်သာပြောသော စကားများထဲတွင် ဦးဘခက်၏အကြောင်းသာမက သူ၏ချစ်စဖွယ်ကောင်းသော သမီးကလေး၏အကြောင်း ပါ ပါ၍ပါ၍လာတတ်၏။ သို့ရာတွင် ဦးကျော်သာ ထိုစဉ်ကပြောသော ဦးဘခက်၏ သမီးကလေးအမည်မှာ နွဲ့နွဲ့ရီမူကား မဟုတ်၊ ကွန်ဗင့်ကျောင်းသူကလေး ဒေဇီသာဖြစ်လေ သည်။

စောနိုင် ကောလိပ်ကျောင်းသို့ရောက်သောနှစ်များအတွင်း၌ကား ဦးကျော်သာ သည် ပေါင်းတည်မြို့တွင် အစိုးရဝတ္တရားကို ထမ်းဆောင်နေရသည်ဖြစ်ရာ စောနိုင်ထံသို့ စာမကြာခဏ စာရေး၍ သမိုင်းရပ်ရှိ သူငယ်ချင်းထံ အလည်အပတ်သွားရန် အကြံပေး တိုက်တွန်းလေ့ရှိခဲ့၏။

သို့ရာတွင် ထိုစဉ်က စောနိုင်ကျောင်းတွင် ပညာသင်ရသောအလုပ်အပြင် တူရိယာဝိဇ္ဇာများ၊ အဆိုတော်များထံသို့ သွားရသောကိစ္စ၊ ဦးချမ်းမြ၊ ဦးပြည်သိန်း၊ ဦးချစ်သန်း စသော သိုင်းဆရာကျော်များထံသို့ သွားရသောကိစ္စများနှင့် မအား မလပ်နိုင်အောင် ရှိခဲ့သည်ကတစ်ကြောင်း၊ မိမိနှင့်မသိဖူးသော လူကြီးတစ်ဦးထံသို့ အကြောင်းမရှိဘဲ သွားရောက်ရန် များစွာစိတ်မပါလှသည်တစ်ကြောင်းကြောင့် တစ်ခေါက် မျှ မရောက်ဖြစ်နိုင်ဘဲရှိလေသည်။

စောနိုင်ကျောင်းမှထွက်ခဲ့၍ နောက်တစ်နှစ်အတွင်း၌ကား ဦးဘခက်၏ အကြောင်းသည် သူတို့အိမ်နှင့် ပိုမို၍ပတ်သက်လာခဲ့၏။ ဦးကျော်သာသည် စောနိုင်အား ဦးဘခက်၏သမီးကလေးနှင့် စေ့စပ်ကြောင်းလမ်းရန်ဟုဆိုကာ ဦးဘခက်ထံသို့ တစ်ခေါက် သွားခဲ့၏။

ဦးကျော်သာ ပြန်၍လာသောအခါတွင်မူ စေ့စပ်ရေးသည် မအောင်မြင်ခဲ့ဟု သိရ သည်။ သို့ရာတွင် ငြင်းပယ်လိုက်သည်ကားမဟုတ်၊ မိမိ၏ အလွန်တရာကြီးကျယ်သော အကြံအစည်ကြီးတစ်ခုရှိနေသဖြင့် ဤကိစ္စကို ယခုမစဉ်းစားနိုင်သေးကြောင်း၊ တစ်နှစ်မျှ ဆိုင်းငံ့ပြီးမှ ဤကိစ္စကို စဉ်းစားဆွေးနွေးကြရပါလျှင် အကြောင်းညီညွတ်ရန် မျှော်လင့်ဖွယ်

များစွာရှိကြောင်းနှင့် စကားပြန်လိုက်သည်ဟု ကြားသိရ၏။

ထိုအခါက စောနိုင်မှာ ထိုအကြောင်းကို များစွာစိတ်ဝင်စားလှသည်မဟုတ်၊ မိဘများ ကောင်းသည်ထင်၍ စီမံလျှင် ကောင်းမှာပဲဟု သဘောပိုက်ကာ ဘာမျှမပြောဘဲ ရေငုံ၍နေခဲ့၏။ သို့နှင့် ဦးကျော်သာမှာ တစ်နှစ်မျှသော ကာလအပိုင်းအခြားကို ကြာလှသည်မဟုတ်ဟု ယူဆကာ ဆိုင်းငံ့နေခဲ့ရာ တစ်နှစ်မပြည့်မီပင် အင်္ဂလိပ် နှင့် ဂျပန်စစ်ဖြစ်၍ တိုင်းပြည်ပျက်သည်တွင် ဦးဘခက်မှာ သမိုင်းရှိ သူ၏နေအိမ်ကြီးမှတစ်ဖန် အစပျောက်သွား ပြန်သောကြောင့် ဦးကျော်သာ၏ အကြံအစည်သည် ခဲလေသမျှ သဲရေကျဖြစ်ခဲ့ရ၏။

ယခုသော်ကား ဦးဘခက်သည် မိမိတို့အိမ်ပေါ်သို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လျက်ရှိပေပြီ။ သူ၏သမီးဖြစ်သူမှာလည်း မိမိနှစ်သက်စွဲလမ်းလျက်ရှိသူပင် ဖြစ်နေပေပြီ။ မိမိဖခင်ဦးကျော်သာသည် စေ့စပ်ခဲ့ဖူးသော စကားကိုပြန်၍ ဆက်မှဆက်ပါမည်လော။ အကယ်၍ ဆက်သည့်တိုင်အောင် ထိုအားမရဖွယ် အေးစက်စက်နိုင်သော လူကြီးမှာ ဤအကြောင်းကို စဉ်းစားနိုင်သော အချိန်သို့ ရောက်ပြီဟု ဝန်ခံမှ ဝန်ခံပါမည်လော။

ထိုအတွေးများသည် စောနိုင်၏စိတ်ထဲတွင် စိုးရိမ်တကြီးပေါ်လာကြသည်။ ထိုစဉ် စောနိုင်၏မိခင် ဒေါ်ကျင်မေသည် အခန်းထဲမှ ထွက်လာသဖြင့် ဦးကျော်သာက လှမ်း၍ခေါ်လိုက်ကာ ဧည့်သည်နှင့်မိတ်ဆက်ပေးနေ၏။

"မကျင်ရ ... လာပါဦး၊ ဟောဒါ ကိုယ် ပြောပြောနေတဲ့ မောင်ဘခက် ဆိုတာ ပေါ့..."

ဦးကျော်သာ ပြောထားဖူးသော အကြောင်းများတွင် ဦးဘခက်သည် သိန်းနှင့်ချီ၍ ချမ်းသာသည်ဟူသောအကြောင်းတစ်ရပ်လည်း ပါဝင်သည်ဖြစ်ရာ ဒေါ်ကျင်မေမှာ အမည်ကို ကြားလိုက်ရလျှင်ပင် ခြေမကိုင်မိ လက်မကိုင်မိ။ အစေခံမကလေးများအား ကော်ဖီဖျော်စေခြင်း၊ မိမိကိုယ်တိုင် ကွမ်းအစ် ဆေးလိပ်တို့ဖြင့် တည်ခင်းရခြင်းတို့နှင့် အလုပ်ရှုပ်သွားပြီးမှ ဧည့်သည်အနားသို့ ချဉ်းကပ်လာလျက် အလွန်ဖော် ရွေလှသော အမူအရာဖြင့်-

"ဦးဘခက်ဆိုတာ လူမမြင်ဖူးပေမဲ့ ကိုကျော်သာ မကြာမကြာပြောဖူးလို့ ကျွန်မတို့ စိတ်ထဲမှာ ဒီနာမည်ဟာ အတော်ပဲ ရင်းနှီးနေပါပြီ။ အခု လူကိုယ်တိုင်တွေ့ရတော့ အင်မတန်မှပဲ ဝမ်းသာမိပါတယ်။ ဒါထက် အခုဘယ်မှာနေလို့ ဘယ်က ကြွလာပါသလဲ။ အရင်သမိုင်းမှာ မနေတော့ဘူးလို့ ကြားမိပါတယ် ..."

သူမသည် ဦးကျော်သာ ဝမ်းသာလုံးဆို့နေသဖြင့် မမေးမိသော မေးခွန်းကို မေးလိုက်သည်။

"အေး ... ဟုတ်ပါရဲ့ ... ငါသတိမေ့နေလို့ မေးတောင်မမေးမိသေးဘူး၊ ပြောစမ်းပါဦးကွဲ့၊ မောင်ဘခက်ရဲ့၊ ဘယ်မှာနေလို့ ဘယ်ကပေါ်လာတာလဲ။ မင့်အကျင့်ကိုကလည်း မကောင်းပါဘူးကွာ။ တယ်ပြီး လျှို့လျှို့ဝှက်ဝှက် နိုင်တာပဲ။ ပြောင်းသွားရင်လည်း သတင်းလေးဘာလေး ပေးရောပေါ့"

"ဒီမြို့မှာပဲ ရောက်နေတာ ကြာပါပြီ။ ဂျပန်ဝင်စကတည်းက ဆိုပါတော့..."

ဦးဘခက်သည် ဦးကျော်သာ၏ စကားများကို ဂရုတစိုက်နားထောင်ဟန်မရှိဘဲ ဒေါ်ကျင်မေကိုကြည့်ကာ ခပ်လေးလေး အဖြေပေးလိုက်၏။

"ဟာ ... ဒါနဲ့များ မောင်ရင်မို့ နေနိုင်ပါပေရဲ့၊ တို့လည်း ဒီပြောင်းလာတာ ခြောက်လလောက်ရှိပါပြီ။ တစ်မြို့တည်းနေပြီး မသိတာ အံ့သကွာ"

ဦးကျော်သာကား ယူကျုံးမရဟန်ဖြင့် တဖျစ်တောက်တောက် ညည်းညူနေသည်။

"နေတော့ ဘယ်အပိုင်းမှာ နေပါသလဲ ..."

ဦးကျော်သာ မမေးမိသေးသော မေးခွန်းကိုပင် စစ်စစ်ပေါက်ပေါက် သိလိုသော မိန်းမတို့ဝမ္မတာအတိုင်း ဒေါ်ကျင်မေက မေးလိုက်ပြန်၏။

"မြို့ထောင့်က ခြံကြီးထဲမှာ ..."

ဒေါ်ကျင်မေ မျက်လုံးပြူးသွားသည်။

"ဘယ်မြို့ထောင့်ကလဲကွ၊ မင်းစကားပြောရင် မတင်မကျချည်းပဲ ..."

"မောင်ရင် လူစကား နားမလည်ဘူး ထင်တယ်။ မြို့ထောင့်ဆိုတာ ဘယ်ဟာရှိဦးမလဲ၊ ကားလမ်း သံတံတားကြီး ဟိုဘက်က ခြံကြီးပြောတာပေါ့ ..."

ဦးဘခက်သည် ဦးကျော်သာဘက်သို့လှည့်ကာ မျက်မှောင်ကြုတ်ရင်း ဘုနက်လိုက်သည်။ ဒေါ်ကျင်မေကား အတော်ပင် သိသိသာသာ မျက်နှာပျက်နေ၏။

"အေးပါဗျာ ကျုပ်လူစကားနားမလည်ဘူးပဲ ထားပါတော့၊ လက်စသတ်တော့ ဒါ့ကြောင့် မတွေ့တာကိုး။ နေပဲ နေတတ်လွန်းတယ်၊ သောက်ကျိုးနည်း သူဌေးတဲ့ဗျာ။ မြို့စွန်မြို့ဖျားမှာ သူမို့လို့ ကြံကြံဖန်ဖန်၊ ရန်ကုန်နေတုန်းကလည်း ဟိုတောစွန်နေပုဒ်ခြံကြီးထဲမှာမှ သွားနေတယ်။ ငါ့ဖြင့် ရှာလိုက်ရတာ"

ဦးကျော်သာကား သူ့သူငယ်ချင်းချစ်အပေါ်၌ ဘာမျှထွေရာလေးပါး မတွေးမိ။ ဒေါ်ကျင်မေမျက်နှာပျက်နေသည်ကိုလည်း သတိမထား။ မိမိပြောလိုရာ လျှောက်ပြောနေသည်။

ထိုစဉ် ကော်ဖီများရောက်လာသဖြင့် ဦးကျော်သာကိုယ်တိုင် လက်လှမ်းယူကာ

ရှေ့တွင်ချပေးရင်း –

"ကိုင်း သူငယ်ချင်း ကော်ဖီသောက်ဦးဟေ့ ... ရော့ ... ရော့၊ မောင်ရင့် လက်ထဲက ဆေးပြင်းလိပ်ကြီးက ချထားစမ်းပါဦး"

ဦးကျော်သာသည် ငြိမ်သက်စွာ ကော်ဖီသောက်နေသော သူ့သူငယ်ချင်းအား အားရကျေနပ်စွာ ကြည့်နေရာမှ တစ်စုံတစ်ခုကို သတိရဟန်ဖြင့် –

"ဒါထက်နေစမ်းပါဦး မောင်ဘခက်ရဲ၊ ငါတစ်ခုကြားမိပါတယ်၊ မောင်ရင့်ခြံဝမှာ နတ်စင်ကြီးနဲ့ဆိုပါလား။ ဘာစိတ်ကူးပေါက်ပြီး ဘာတွေလုပ်နေပြန်သတုံး။ ကျောင်းတုန်းက မောင်ရင် ဒါတွေ ဝါသနာမရှိပါဘူး"

ဦးဘခက်သည် သူ၏စကားကို ဘာမျှပြန်မဖြေ။ နောက်ဆုံးကျန်နေသော ကော်ဖီကို မော့သောက်လိုက်ကာ ပန်းကန်ကို ချထားရင်း စောနိုင်ရှိရာသို့ မျက်လုံးလှန်ကြည့်လိုက်သည်။

"ဒီကောင် မင့်သားလား"

"အေးပေါ့ကွ၊ ငါအရင်ပြောတာ သူပေါ့။ ဒီကောင်က မင်းငယ်ငယ်တုန်းကလိုပဲ။ သူထင်ရာသူလုပ်တဲ့ကောင်၊ တို့သဘောက မိဘရိုးရာအလိုက် ဥပဒေသင်စေချင်တယ်။ သူက ဆိုင်းယင့်(န်) သင်ချင်လှပါတယ်ဆိုလို့ သူ့ဝါသနာပါရာပဲ ခွင့်ပြုလိုက်ရတယ်။ အင်္ဂလိပ်မပြေးခင် ဘီအက်စီအောင်လိုက်သလေ။ ခုတော့ အိမ်မှာ အလကားပေါ့။ ဟေ့... ဒါထက် နေပါဦး ခုမှ သတိရတယ်၊ ငါ အရင်ပြောထားတဲ့ ကလေးတွေကိစ္စ ဘယ့်နှယ်လဲ ကွ၊ ဒေစီကော ခုလောက်ရှိ ကြီးလှရောပေါ့"

ဒေါ်ကျင်မေသည် မနှစ်မြို့ဟန်ဖြင့် ဦးကျော်သာအား မျက်စောင်းထိုးလိုက်ရင်း–

"အို ... တော်ကလည်း ရောက်မဆိုက်မှာ နေပဲ နေပါဦးတော့။ တိုင်းပြည်က မကောင်း ဘာကမကောင်းနဲ့ ဒါတွေ အသာထားစမ်းပါဦး"

ဦးဘခက်သည် မသိမသာ ဒေါ်ကျင်မေအား အကဲခတ်သလို လှမ်း၍ကြည့် လိုက်ပြီးမှ –

"ဟုတ်ပါတယ် ... ဟုတ်ပါတယ်၊ ဖြည်းဖြည်းပဲ ကောင်းပါတယ်။ ခုနေတော့ တိုင်းရေး ပြည်ရေးကလည်း တယ်ပြီးမငြိမ်သက်သေးပါဘူး"

"ဟ ... ဟ ... မငြိမ်သက်လို့ မြန်မြန်စိတ်အေးရအောင် လုပ်ရတာပေါ့ကွ"

"မင်း နားမလည်ပါဘူး မောင်ကျော်သာ၊ ငြိမ်ငြိမ်နေစမ်းပါ"

ဦးကျော်သာသည် ကန့်ကွက်သောအဆိုကို ချေပဦးမည်ပြုလုပ်သေးရာ ဦးဘခက် က မာန်လိုက်မှ ငြိမ်သွား၏။ ဒေါ်ကျင်မေကား နေရာမှထကာ အတွင်းသို့ ဝင်သွားသည်။

စောနိုင်မှာ သူ့ကိစ္စကိုပြောနေစဉ် ရင်ထဲတွင် တဒိတ်ဒိတ်ဖြစ်နေရာ ပြီးလျှင် တစ်ချီဖြင့်လွဲပြန်ပြီဟု သက်မချလိုက်မိ၏။ မြို့ထောင့်ခြံကြီးထဲကဟု ပြောလိုက်ကတည်းက သူ့မိခင် များစွာမျက်နှာမသာလှသည်ကိုလည်း သတိထားလိုက်မိ၏။

"ကိုင်း ငါပြန်ဦးမယ်ဟေ့ မောင်ကျော်သာ ..."

ဦးဘခက်သည် နေရာမှထရင်း နှုတ်ဆက်သဖြင့် ဦးကျော်သာသည် အံ့သြစွာ မော်ကြည့်လိုက်ကာ ...

"ဟ– မြန်လှချည်လားကွ။ တစ်ခါတလေလာတာ စကားမှ လိပ်ပတ်လည်အောင် မပြောရသေးဘူး။ နေပါဦးတော့ ..."

"မနေနိုင်ဘူး၊ ငါ့မှာ အလုပ်ရှိသေးတယ်"

"အေးအေး ဒါဖြင့်လည်း ပြန်ပြန်၊ မောင်ရင့်မလည်း အလုပ်နဲ့လက်နဲ့ကို ပြတ်တယ် မရှိဘူး၊ ဘာတွေလုပ်နေမှန်းလည်း ငါမသိဘူး။ မေးလို့လည်း ပြောမယ့်အကောင်မဟုတ်လို့ မမေးတော့ပါဘူး။ ကိုင်း ... ကွပေတော့။ မကြာမကြာသာ လျှောက်လျှောက်လာပါ။ မောင်ရင်မလာရင် ကျုပ်လာရလိမ့်မယ် ဒါပဲ ..."

ဦးဘခက်သည် ဦးကျော်သာပြောနေသော စကားများကို နားထဲသို့ဝင်ဟန် မရှိဘဲ သူ့စိတ်ကူးနှင့်သူ စောနိုင်၏မျက်နှာကို လှမ်းကြည့်လိုက်သည်။ စောနိုင်မှာ ဘာပြောဦးမလဲဟု ရင်ဖိုသွား၏။

"မောင်စောနိုင်အားရင် အိမ်ဘက် လျှောက်ခဲ့ဦး၊ မင်းနမ သီချင်းတက်ချင်လို့ထင်ပါရဲ့"

"ဟုတ်ကဲ့ ... ကောင်းပါပြီ"

ဦးဘခက်သည် ပြောပြောဆိုဆိုနှင့် ဆင်းသွားရာ ဦးကျော်သာမှာ အတော်အံ့သြသွားဟန်ဖြင့် မျက်လုံးကိုပြူးလိုက်ရင်း ...

"ဟေ ... မင်းတို့ချင်း သိနေကြပလား၊ ငါ့ဖြင့် မသိသေးဘူး အောက်မေ့လို့ကြားထဲက လော်လိုက်ရတာ၊ ကောင်းတယ် ကောင်းတယ် သွားသင်ပေးလိုက်ပါ၊ ဒါမှဟန်ကျမယ်၊ မင်းတို့ဘာသာ စွမ်းရင်လည်း မိဘလုပ်တဲ့သူ သက်သာတာပေါ့ကွယ်၊ အေး ... အေး ..."

သူ့ဝါသနာအတိုင်း စကားတန်ရှည်ရင်း ခေါင်းတညိတ်ညိတ် လည်တညိတ်ညိတ် လုပ်နေသော ဦးကျော်သာအား စောနိုင်မှာ ကြည့်၍ ပြုံးမိရာက နွဲ့နွဲ့ရီနှင့်တွေ့ရဦးမည့်အရေးကို တွေးမိသဖြင့် သူ၏မျက်နှာမှာ ပို၍ပင် ပြုံးသွားပြန်တော့သည်။

* * *

## ချစ်ခြင်းအစ

စောနိုင်သည် မိမိ၏တယောကလေးကို စန္ဒရားပေါ်သို့ အသာအယာထောင်လျက် ချထားရင်း အားရကျေနပ်သော အမူအရာဖြင့်–

"နွဲ့ ... ဒီနေ့ တော်တော့ကို လက်တိုးလာတယ်။ နက်ဖြန်ခါလောက်ဆိုရင် ဒီသီချင်းတော့ ကောင်းကောင်း ပိုင်သွားမှာပဲ"

"ဟုတ်ကဲ့ ဌာန်လုံးတွေတွဲတာတော့ မှတ်မိသွားပါပြီ၊ ပိုင်ပိုင်ရဖို့ပဲလိုပါတော့တယ်၊ ဒါတောင် လက်ဦးနေ့ကစပြီး မသင်လိုက်ရလို့ နို့မဟုတ်ရင် နောက်တစ်ပုဒ်တောင် ရလောက်နေပြီ"

"ရတာပေါ့၊ နှစ်ရက် သုံးရက်ဆို နည်းတာမှမဟုတ်ဘဲ၊ နွဲ့တို့ သားအဖ ညှို့ခံကောင်းတာနဲ့ သီချင်းတက်တဲ့ဆီ မရောက်ဘဲ ပြန်ပြေးရတာ"

"နွဲ့မပါပါဘူး ကိုစောနိုင်ရယ်၊ ဖေဖေ့သဘောနဲ့ ဖေဖေလုပ်တာပါ"

"အဟုတ် နွဲ့မပါဘူးလား၊ ဒါဖြင့် ကိုယ်တို့သတ်ကြပုတ်ကြတုန်းက နွဲ့ဘာလို့ ထွက်မလာသလဲ"

"ဩော် ... မပါပါဘူးဆိုနေမှ ခုထက်ထိ မယုံသေးဘူးနော်၊ နေဦး နွဲ့ ဒီအကြောင်းကို သေသေချာချာ ရှင်းပြမယ်။ အဲဒီနေ့က နွဲ့အခန်းထဲမှာ မဟာဂီတစာအုပ် ဝင်ယူနေတုန်း မလာစဖူး ဖေဖေဝင်လာတယ်။ နောက်ပြီး သမီး ဒီအခန်းထဲက ဘယ်မှမထွက်နဲ့၊ ခဏနေဦးလို့ ပြောပြောဆိုဆို ပြန်ထွက်သွားပြီး အခန်းတံခါးကို သော့ခတ်ခဲ့လို့ ထွက်မလာနိုင်တာ။ ဒါတောင် နေပါဦး ဖေဖေရဲ့၊ နွဲ့ပြောပါရစေဦးလို့ လှမ်းခေါ်ပါသေးတယ်။ မရဘူး။ နွဲ့ဖြင့် အခန်းထဲက ထွက်လို့လည်းမရ၊ အပြင်လည်း တဝုန်းဝုန်းတဒိုင်းဒိုင်းနဲ့မို့ ဘာတွေများဖြစ်ကုန်ကြပြီလဲလို့လည်း တထိတ်ထိတ်နဲ့၊ အစက ဒီလိုဖြစ်လိမ့်မယ်လို့ နွဲ့မထင်မိဘူး။ နွဲ့တို့ ဖေဖေကိုက တစ်မျိုးပဲ၊ ကိုစောနိုင် မလာခင်ညက ဖေဖေရယ် သမီးသီချင်းတွေ မေ့ကုန်လို့ ပြန်တက်ချင်တာနဲ့ စန္ဒရားတီးတတ်တဲ့ ညှိသည်တစ်ယောက် နက်ဖြန်လာဖို့ ဖိတ်ထားတယ်လို့ပြောတော့၊ ဘယ်ကလဲ ဘယ်သူလဲဆိုတာတွေလည်း မမေးဘူး၊ အေးအေးဆိုပြီး စကားဆက်အပြောမခံဘဲ ထွက်သွားတယ်၊ သူ့ဝါသနာက တစ်ခါတစ်ခါ ဒီလိုပဲ၊ စကားပြောချင်မှပြောတာမို့ ဩော် ... သူကျေနပ်လို့ ဘာမှမပြောတာပဲဆိုပြီး နွဲ့လည်း နောက်ထပ်မပြောမိတော့ဘူး၊ အစကတည်းက ဘဘကြီးဦးကျော်သာရဲ့သားပဲလို့ ပြောထားလိုက်မိရင်လည်း ဒီလိုဖြစ်မှာမဟုတ်ပါဘူး၊ ကိုစောနိုင်နဲ့ဖေဖေနဲ့ ပြောကြဆိုကြတော့ ဒီအကြောင်းရောက်မှရောက်ပါ့မလားလို့ နွဲ့ဖြင့် အသက်တောင်မရှူဝံ့ဘူး၊

နောက်မှ ကျုပ်ဟာ နယ်ပိုင်ဦးကျော်သာရဲ့သားပဲလို့ ကိုစောနိုင်ပြောလိုက်တဲ့ အသံကြားလိုက်ရမှ စိတ်အေးတော့တယ်"

"နို့ နွဲ့ကတော့ ကိုစောနိုင်ကို ဘယ်သူဘယ်ဝါရဲ့သားဆိုတာ အစက သိလို့လား"

"သိတာပေါ့၊ မသိဘဲနဲ့ မိန်းကလေးတစ်ယောက်က ယောကျ်ားကလေးတစ်ယောက်ကို လက်ခံမလား၊ စဉ်းစားလည်းကြည့်ပါဦး"

"အင်း ... ဒါလည်း ဟုတ်သားပဲ၊ တွေးတော့ တွေးမိသား၊ ဒီမိန်းကလေးဟာ ဘယ့်နှယ်ပါလိမ့်မလဲ၊ အခုမှတွေ့တဲ့လူတစ်ယောက်ကို စန္ဒရားတီးတတ်သလား မေးလိုမေး၊ သီချင်းပြပေးပါပြောလိုပြောနဲ့ ထူးဆန်းပါတယ်လို့၊ နောက်တော့ ခေတ်ဆန်လို့ပဲ ထင်ပါရဲ့လေလို့ အောက်မေ့လိုက်မိတယ်၊ ဒါထက် နေပါဦး နွဲ့က ဘယ့်နှယ်လုပ်ပြီး သိနေတာလဲ"

"နွဲ့သိတာကို သိချင်လို့လား၊ နေဦး နွဲ့ပြမယ်"

နွဲ့နွဲ့ရီသည် ပြောပြောဆိုဆိုနှင့် နေရာမှထကာ အခန်းထဲသို့ ဝင်သွားသည်။ အတန်ကြာသောအခါ သူ့လက်ထဲတွင် တစ်စုံတစ်ရာကိုကိုင်လျက် ပြန်ထွက်လာ၏။ ထိုအရာမှာ စောနိုင်တယောကလေးပိုက်ကာ ရိုက်ထားသော ဓာတ်ပုံဖြစ်သည်။

"နွဲ့ ဒီဓာတ်ပုံ ဘယ်ကရသလဲ"

"ဘဘကြီးဦးကျော်သာ တစ်ခါ သမိုင်းကိုလာတုန်းက ယူလာတယ်လေ။ နောက်ပြီး စန္ဒရားလည်း တီးတတ်တယ်၊ တယောလည်း ထိုးတတ်တယ်ဆိုတဲ့ အကြောင်းတွေလည်း သူပဲပြောထားတာပဲ။ လက်ဦးနေ့က ကိုစောနိုင်ခြံထဲဝင်လာတော့ ပထမ အမှတ်တမဲ့နဲ့မို့ နွဲ့ အတော်စိတ်ဆိုးသွားမိတယ်၊ နောက်တော့မှ ဓာတ်ပုံထဲကလူနဲ့ တူပါတယ်လို့ အောက်မေ့တာနဲ့ နာမည်မေးကြည့်တာ၊ နာမည်က ဟုတ်နေတဲ့အပြင် တယောထိုးတတ်တာတွေ၊ စန္ဒရားတီးတတ်တာတွေကလည်း ဟုတ်နေတော့ သေချာသွားတာပေါ့"

"ဒီလို သိရက်သားနဲ့ နွဲ့ရယ် အစကတည်းက ပြောထားလိုက်ပါတော့"

"အို ... ဒီလိုဖြစ်မယ်မှန်းမှ မသိဘဲကို၊ သူက အေးအေး ဆိုတော့ သူကျေနပ်သားပဲ၊ တစ်နေ့နေ့ ဆုံမိတဲ့အခါမှ စကားစပ်မိရင် သူ့ဘာသာသူ မေးကြည့်လိမ့်မယ်ဆိုပြီး မပြောတော့ဘူး"

"ကြည့်စမ်းပါဦးတော့၊ နွဲ့ကပြောလိုက်တော့ ငရဲကြီးတတ်သမို့လား"

"ငရဲကြီးတတ်လို့မဟုတ်ပါဘူး ဘုရား၊ မပြောချင်လို့"

နွဲ့နွဲ့ရီသည် စောနိုင်အား အမူပါပါ မျက်စောင်းလေးချိတ်လိုက်သဖြင့် စောနိုင်မှာ ပါးစပ်ကြီးကိုဖြဲကာ တဟဲဟဲဖြစ်သွားလျက်–

"ဘာပြုလို့ မပြောချင်ရတာလဲ နွဲ့ရဲ့"

"ဟုတ်တယ် ပြောရမယ်၊ ဖအေလုပ်တဲ့လူကို သမီးက ဟောဒါ ကျမနဲ့ စေ့စပ်ကြောင်းလမ်းထားတဲ့ လူပါပဲလို့ မိတ်ဆက်ပေးရမလား။ မသိတတ်လိုက်တာကလည်း လွန်ရော ..."

"ဩော် ... ဒီအကြောင်းလည်း နွဲ့သိသကိုး ..."

"မသိလို့ ဒီဓာတ်ပုံက ဘယ့်နှယ်လုပ်ပြီး နွဲ့လက်ထဲရောက်နေရမလဲ။ ကိုယ်တော်ပဲ ပြောစမ်းပါဦး ..."

နွဲ့နွဲ့ရီမှာ စိတ်တိုလာသကဲ့သို့ ဒေါနှင့်မောနှင့် မဲ့ကာရွဲ့ကာ ပြောလိုက်ရာ စောနိုင်၏မျက်စိထဲတွင် အတော်ကြည့်၍ကောင်းနေတော့သည်။ သူမ၏ပြောပုံ ဆိုပုံ အမူအရာသည် ကိုယ်တော်တွေ၊ ဘုရားတွေနဲ့ သမီးရည်းစား အသုံးအနှုန်းမျိုး ခပ်ပါပါ ဖြစ်လေရာ စောနိုင်မှာ အူထဲတွင် ယားနေလျက် ဘာမှမဟုတ်သေးသောကြောင့်သာ စိတ်ကို မနည်းချုပ်တည်း ထားလိုက်ရတော့သည်။

"နို့ ဒီကိစ္စမှာ နွဲ့က ဘယ်လိုသဘောရသလဲ ..."

"ကိုစောနိုင်ကကော ..."

"ကိုစောနိုင်ကတော့ဗျာ၊ ဘာပြောစရာရှိမလဲ၊ ဒီလိုအချောအလှကလေးနဲ့ စီမံပေးတဲ့ မိဘတွေကို ပြေးပြီးကန်တော့လိုက်ချင်တာပေါ့။ အစကတော့ မိဘစီမံသမျှကို ဘာမှမပြောချင်လို့သာ နေလိုက်တာပဲ။ စိတ်ပါတယ်မပါဘူးရယ်လို့တော့ မဟုတ်ဘူး။ ခုလို လူကိုယ်တိုင်တွေ့ရတော့မှ မိဘတွေစီမံတာဟာ နောက်ကျလေခြင်းလို့တောင် အောက်မေ့မိတယ်"

"အမယ် ဒါတော့ ပိုတာပါ၊ ကိုစောနိုင်လို ရုပ်ချော ကောလိပ်ကျောင်းထွက် စန္ဒရားဝိဇ္ဇာတစ်ယောက်ဟာ နွဲ့တို့ထက် ချောတဲ့အပျိုတွေ ဝိုင်းနေမှာပါ"

"ဘုရားပေးပေး ကျမ်းပေးပေးပါဗျာ၊ ကိုယ်တော့ နွဲ့တစ်ယောက်ကလွဲလို့ ဘယ်သူ့ကိုမှ စိတ်နဲ့တောင် မပြစ်မှားမိသေးပါဘူး၊ အေး သူတို့ဘာသာသူတို့ ဝိုင်းသလား မဝိုင်းဘူးလားဆိုတာတော့ မသိဘူးလေ။ ကဲ ဒါက ထားပါဦး။ ကိုယ်မေးတာကိုလည်း ဖြေဦးမှပေါ့။ ကိုယ်ကတော့ မှန်တဲ့အတိုင်း နွဲ့ကိုချစ်ပါတယ်လို့ ပြောပြီ၊ နွဲ့ကလည်း ဘယ်လိုဆိုတာပြောလေ"

"နွဲ့ အမှန်အတိုင်း ဖွင့်ပြောရင် ကိုစောနိုင် နွဲ့ကို အထင်သေးသွားမလား"

"အမယ်ဗျာ – ဘာအထင်သေးစရာရှိသလဲ။ မှန်တာကိုဝန်ခံရမှာ ရှက်စရာ မဟုတ်ပါဘူး။ မှန်တဲ့အတိုင်းသာ ဝန်မခံရဲတာသာ ရှက်စရာပါ"

"ဟုတ်တယ် နွဲ့လည်း ဒီလိုပဲယူဆတာပဲ။ မှန်တဲ့အတိုင်း ဝန်ခံရရင် ကိုစောနိုင်ရဲ့ဓာတ်ပုံကို မြင်ကတည်းက နည်းနည်းတော့ ညွှတ်ချင်သလိုလိုရှိမိတယ်။ ဘဝ ရေစက်လားတော့ မပြောတတ်ဘူး။ စိတ်ထဲမှာတစ်မျိုးပဲ။ နောက် ကိုယ့်ထက်နှစ်ဆလောက်ဗလကောင်းတဲ့ လူနှစ်ယောက်ကို နိုင်အောင် ခုခံသွားတာ မြင်ရတော့ အားကိုးချင်တဲ့စိတ်ကြောင့် ပိုပြီးလေးနက်လာတယ်။ ဒီနောက်လည်း ကိုစောနိုင် စန္ဒရားတီးတာ ကြားကြားနေရတော့ ဂီတဟာ လူရဲ့စိတ်ကို ဆွဲဆောင်နိုင်တယ်ဆိုတဲ့အတိုင်း နွဲ့စိတ်ထဲမှာ ..."

နွဲ့နွဲ့ရီသည် ဤနေရာ၌ နှုတ်လေးသကဲ့သို့ ရပ်တန့်နေရာ စောနိုင်က ဆက်လက်၍ ...

"ချစ်တယ် ဆိုပါတော့"

သူသည် ပြောပြောဆိုဆိုနှင့် ပါးပြင်ကလေးကို ငုံ့၍နမ်းမည်ပြုလိုက်သဖြင့် သူငယ်မမှာ ရုတ်တရက်မို့ ရှက်အမ်းအမ်းဖြစ်သွားရာမှ မိမိပါးပြင်ကလေးကို လက်နှင့်ပွတ်သပ်ရင်း ချစ်မျက်စောင်းကလေး ဝင့်လိုက်သည်။

"ကြည့်ပါလား အရောဝင်လို့ ကဲလာပြီ"

ထိုနေ့အဖို့ နေအတော်စောင်းသွားပြီဖြစ်၍ စောနိုင်သည် ပူပူနွေးနွေး ချစ်သူအသစ်စက်စက်ကလေးအား မခွဲချင့်ခွဲချင်နှင့် ပြန်ရန် နှုတ်ဆက်ကာ နေရာမှအထလိုက်ဦးဘခက်သည် မမျှော်လင့်ဘဲ အခန်းထဲမှ ရုတ်တရက် ထွက်ပေါ်လာသည်။ စောနိုင်သည် ဦးဘခက်အား သူတို့အိမ်သို့ အလည်လာရောက်သောနေ့၏ နောက်တွင် တစ်ကြိမ်သာ တွေ့မြင်ရသေးသည်။ ဤအိမ်ကြီးသို့ နေ့စဉ်ရက်ဆက် ရောက်ခဲ့သည်မှာ လေးရက်မျှရှိပြီဖြစ်သော်လည်း သူသည် ဦးဘခက်နှင့် တစ်ခါမျှ မဆုံမိခဲ့၊ နွဲ့နွဲ့ရီနှင့်သာ တွေ့ရလျက်တစ်နေ့လုံး သီချင်းတက်ပေးပြီး နေကုန်၍နှုတ်ဆက်ကာ ပြန်ခဲ့သည့်အချိန်တိုင်အောင် အရိပ်အယောင်မျှ မမြင်ရပဲရှိခဲ့သည်။

အခန်းထဲမှထွက်လာသော ဦးဘခက်သည် မည်သူ့ကိုမျှ ဂရုစိုက်ဟန်မရှိဘဲ ဆိုဖာကြီးပေါ်တွင် ခပ်အေးအေးထိုင်လိုက်သည်။ ပြန်ရန်ဟန်ပြင်နေသော စောနိုင်အားမြင်မှ—

"မောင်စောနိုင် ပြန်တော့မလို့လား"

"ဟုတ်ကဲ့ – ကျွန်တော် ပြန်ပါဦးမယ်"

"နေပါဦးလားကွဲ့၊ မောင့်ကို ပြောစရာနည်းနည်းရှိလို့"

စောနိုင်သည် ဘာစကားပြောဦးမလို့လဲဟု ဦးဘခက်၏စကားကို နားစွင့်ပြီးနေရာတွင် ပြန်ထိုင်လိုက်ရသည်။ နွဲ့နွဲ့ရီ ထိုင်ရာမှထကာ အခန်းထဲသို့ဝင်သွား၏။

အဘိုးကြီးသည် အတန်ကြာသည့်တိုင်အောင် ဘာမျှမပြောသေးဘဲ တစ်စုံတစ်ရာကို နက်နက်နဲနဲ စဉ်းစားကာ ဆေးပြင်းလိပ်ကြီးဖြင့် မှိန်းလျက်နေလိုက်ပြီးမှ မိမိစိတ်ကို ဆုံးဖြတ်လိုက်သကဲ့သို့

"မောင်စောနိုင်"

"မောင်တို့ လူငယ်တွေအတွက် မောင့်ဖခင် ဘယ်လိုရည်ရွယ်ချက်ရှိတယ်ဆိုတာ မောင်သိပြီးရောပေါ့နော် ..."

"ဟုတ်ကဲ့ သိပါတယ်"

"သူရည်ရွယ်တဲ့အတိုင်း မောင်တို့လူငယ်ချင်းလည်း သဘောမျှကြလိမ့်မယ်လို့ ဦးမျှော်လင့်မိတယ်၊ ဟုတ်သလား"

"မှန်ပါတယ်၊ မိဘများစီမံတာကို ငြင်းပယ်စရာအကြောင်းမရှိပါဘူး"

"အေး ဒီလိုဆိုရင် ဦးလည်းဝမ်းသာတယ်၊ စစ်မဖြစ်ခင်ကတည်းက မောင့်ဖခင်ဟာ ဒီကိစ္စကို စီမံချင်ရှာလွန်းလို့ ဦးဆီကိုလာပြီး စေ့စပ်ကြောင်းလမ်းခဲ့တယ်၊ သို့သော်လည်း အဲဒီအခါတုန်းက ဦးမှာ အင်မတန်ကြီးကျယ်တဲ့ ကိစ္စကြီးတစ်ခုကို ကြံစည်နေရက်မှာ အောင်မြင်လုဆဲဆဲဖြစ်နေတဲ့အပြင် ခေတ်အခါကလည်း မကောင်းသေးတော့ ကိုယ့်အကြံအစည်အောင်မြင်တော့မှပဲ သမီးကိုဂုဏ်သရေရှိရှိနဲ့ ဖြစ်စေချင်လို့ တစ်ကြောင်း၊ မောင့်ရဲ့စိတ်နေစိတ်ထား အရည်အချင်းကို အတိအကျမသိရသေးတဲ့အပြင် သိအောင်စုံစမ်းဖို့ဟာကလည်း ကိစ္စကြီးတစ်ဖက်နဲ့မို့ မအားမလပ်တာက တစ်ကြောင်းမို့ မောင့်ဖခင်ရဲ့အကြံကို ဆိုင်းငံ့ထားစေခဲ့တယ်။ နောက်တော့ စစ်ဖြစ်လာပြီး ဂျပန်ဝင်လာတဲ့အခါ အကြံအစည်ဟာ တချို့တစ်ဝက်တောင် အောင်မြင်နေပြီ ဖြစ်သော်လည်း မိမိရဲ့အကြောင်းမှန်ကို ထုတ်ဖော်မပြောဝံ့တော့တဲ့ ခေတ်အခါဖြစ်နေတာနဲ့ အသိအကျွမ်းမရှိတဲ့ ဒီမြို့ကလေးမှာ လာပြီးပုန်းအောင်းနေခဲ့ရတယ်။ ဒီလိုနေရတဲ့အခါမှာ ဦးကတော့ လူကြီးမို့လို့ တယ်ပြီးအတွက်မရှိလှသော်လည်း လူငယ်ဖြစ်တဲ့ နွဲ့နွဲ့ရီမှာ လောကကြီးနဲ့ အဆက်ပြတ်သလိုနေရတဲ့အတွက် တစ်နေ့မှ မပျော်မွေ့နိုင်လောက်အောင် ငြီးငွေ့နေရှာတယ်၊ သူ့ရဲ့ဘဝဟာ လှောင်ချိုင့်ထဲက သာလိကာမလေးလို ပျော်မှုပါးမှု အပေါင်းအသင်းစသည်တို့နဲ့ ကင်းဝေးပြီး အင်မတန်ကျဉ်း မြောင်းကျပ်တည်းနေတာကို သိသော်လည်းဦးမှာ သူ့ကို ဒီ့ထက်ပျော်မွေ့အောင် မစွမ်းဆောင်နိုင်တဲ့အခါ ဖြစ်နေပြန်တယ်၊ ဒါကြောင့် တစ်ယောက်တည်းဖြစ်နေတဲ့ သမီးကလေး စိတ်ဆင်းရဲနေရှာတာကို မကြည့်ရက်နိုင်လို့ သူ့ကိုလောကကြီးနဲ့ ပြန်ပြီး ဆက်သွယ်မိအောင် ဘယ်လိုစီမံပေးရပါမလဲလို့ ကြံရခက်နေတုန်း မောင်နဲ့ အခန့်သင့် လာပြီးတွေ့ကြရတယ်။ ဒီလိုတွေ့ပြီးတဲ့ နောက်နှစ်ရက်တိုင်တိုင် အကြိမ်ကြိမ်အဖန်ဖန်

ဦးစဉ်းစားပြီးမှ သမီးကို မောင်နဲ့လက်ဆက်ပေးလိုက်ရရင်ဖြင့် သူ့အဖို့ရာ ဦးဆီမှာ နေရတာထက်တော့ စိတ်ချမ်းသာ ပျော်မွေ့နိုင်မှာပဲလို့ ဆုံးဖြတ်လိုက်ပြီး သူငယ်ချင်း မောင်ကျော်သာရဲ့ ပြောလက်စ စကားကလည်းရှိတာနဲ့ ခပ်မြန်မြန်ကလေး အဲဒီကိစ္စ ပြီးအောင် လူကြီးချင်း တိုင်ပင်စီစဉ်ပေးလိုက်တော့မယ်လို့ ဒီမြို့ရောက်ကတည်းက ခြံအပြင် ကို မထွက်ဖူးခဲ့တဲ့ ထုံးစံကိုဖျက်ပြီး မောင်တို့အိမ်ကို လိုက်လာခဲ့တာပဲ။

"ဒီလိုဆုံးဖြတ်လိုက်ရတာလည်း မောင့်ဖခင်ရဲ့ မျက်နှာကြောင့်ချည်းမဟုတ်ဘူး၊ မောင့်ရဲ့ သူရသတ္တိ အရည်အချင်းနဲ့ ဖွဲ့ကို သဘောကျမိတာကြောင့်လည်းတစ်ကြောင်း ဖြစ်တယ်၊ မောင်နဲ့စပြီးတွေ့တဲ့နေ့မှာပဲ သူရသတ္တိရော အရည်အချင်းရော ဖွဲ့ရော သိလိုက် တာဟာ ဦးအဖို့ ဆုံးဖြတ်လို့လွယ်အောင် အကူအညီရစေခဲ့တယ်၊ ဦးငယ်ငယ်က တူရိယာ ပညာကို အတော်ကလေးလိုက်စားခဲ့ဖူးတဲ့အတွက် မောင်လောက် ထူးထူးချွန်ချွန်ဖြစ်ဖို့ရာ ဒီပညာ ဘယ်လောက်ဖွဲ့မျိုးခံပြီး လိုက်စားရမယ် လေ့ကျင့်ရမယ်ဆိုတာကို နားလည်ထား တော့ အဲဒီအချိန်တုန်းက ရန်သူဖြစ်ပေမဲ့ မဖြစ်မနေခိုင်မြဲတဲ့ စိတ်ဓာတ်ဖွဲ့ရှိတဲ့လူတစ်ယောက် အဖြစ်နဲ့ မောင့်ကို နည်းနည်း လေးစားသွားမိတယ်။ ဒါနဲ့ မရှေးမနှောင်းမှာပဲ မောင့်ရဲ့ သတ္တိကို မြင်ရပြန်တော့ ပိုပြီးလေးစားသွားမိတယ်။ ဒီနောက် မောင်ကျော်သာရဲ့သားပဲ ဆိုတာ သိလို့ ကျေနပ်ထိုက်လောက်အောင် ပြည့်စုံသွားတဲ့အပေါ်မှာ မောင်ဟာ ဘီအက်စီ တစ်ယောက်ဖြစ်တယ်ဆိုပြန်တော့ ပြောစရာမရှိတော့ဘူး၊ အောင်မြင်အုံ့ဆဲဆဲဖြစ်တဲ့ ဦးရဲ့အကြံအစည်ကြီးအတွက် အများကြီး အသုံးဝင်မယ့် အကူအညီရမယ့် အဖိုးတန်လူ တစ်ယောက်လို့ မောင့်ကိုပြန်လွှတ်လိုက်ပြီး နှစ်ရက်တိုင်တိုင် မောင့်အကြောင်းကို စဉ်းစားရဖို့ ဖြစ်လာတော့တယ်။ ဒါပေမဲ့ မောင်တို့အိမ်ကို ဦးရောက်တဲ့အခါကျတော့ ကိုယ်မျှော်လင့် လာခဲ့တာဟာ ထင်သလောက် မလွယ်ကူလှဘူးဆိုတာ သိရတော့တာပဲ။ အခုအတိုင်းဆိုရင် ဖြင့် မောင်တို့ကိစ္စဟာ ဘယ်နည်းနဲ့မှမဖြစ်နိုင်တော့ဘူး"

"ဘာကြောင့်ပါလဲခင်ဗျား"

"မောင် မရိပ်မိဘူးလား၊ မောင်တို့အိမ်ကို ဦးလာတဲ့နေ့က မောင့်မိခင်ဟာ ပထမ တော့ ပျာပျာသလဲ ဝမ်းပန်းတသာပါပဲ၊ နောက်ဒီခြံထဲမှာနေတယ်လို့ ပြောလိုက်ကတည်း က မျက်နှာတွေပျက်ပြီး ဦးကို တယ်သဘောကျပုံမရတော့ဘူး။ ဒီတော့ မောင်တို့ကိစ္စကို စကားစပ်ပြီးပြောမိရင် မောင့်ဖခင်က လိုလားပေမဲ့လို့ သူလည်းပဲ မောင့်ကို ပိုင်ဆိုင်ထိုက်တဲ့ မိခင်တစ်ယောက်ဖြစ်လေတော့ ကန့်ကွက်နိုင်တဲ့အခွင့် အရေးရှိတဲ့အတိုင်း ကန့်ကွက် ဖျက်ဆီးနေခဲ့လို့ရှိရင် ဦးကလည်း မာနက ခပ်ကြီးကြီးမို့ ဒီကိစ္စဟာ မပျက်စီးသင့်ဘဲ ပျက်စီးသွားရတော့မယ့်အရေးမြင်တာနဲ့ စကားမဆက်ဘဲ ပြန်လာခဲ့ရတယ်"

"ဒီအတွက်တော့ ကိစ္စမရှိနိုင်ဘူးလို့ ထင်ပါတယ်။ ကျွန်တော့်ဖေဖေပြီးရင် ပြီးနိုင်တာပါပဲ၊ နောက်ပြီး ကျွန်တော်ဟာလည်း သူငယ်နှပ်စားမဟုတ်တော့ပါဘူး၊ တကယ်လို့ ဘယ်သူကပဲ သဘောတူသည်ဖြစ်စေ မတူသည်ဖြစ်စေ ကျွန်တော့် ကိုယ်ရေးကိုယ်တာကိစ္စဟာ ကျွန်တော်ကြိုက်သလို ဆုံးဖြတ်ပိုင်ခွင့်ရှိပါတယ်"

"ဟာ ... ဒီလိုဘယ်ဖြစ်ပါ့မလဲ မောင်၊ ဒါက လူငယ်အမြင်နဲ့ မောင်ပြောလိုက်တဲ့စကားပဲ။ ဦးက ဒီလိုမရဘူး၊ ကိုယ့်အပေါ်မှာ ဘယ်သူကပဲဖြစ်ဖြစ် ကျေကျေနပ်နပ်ရှိမှ ကြိုက်တယ်။ မလွှဲသာလို့ အောင့်သက်သက်နဲ့ လိုက်လျောရတာမျိုးကို မလိုချင်ဘူး။ ကုန်ကုန်ပြောလိုက်မယ်လေ ဒီလိုမညီမညွတ်ဖြစ်နေမယ်ဆိုရင် ဦးကလည်း ဒီကိစ္စကို ဘယ်နည်းနဲ့မှ သဘောမတူနိုင်ဘူး၊ ဖျက်ပစ်လိုက်မှာပဲ"

"ဒီလိုဆိုရင် ကျွန်တော့်အတွက် မျှော်လင့်ချက် မရှိတော့ဘူးပေါ့"

"ဒီလိုလည်း မဟုတ်သေးဘူးပေါ့လေ၊ ဘာပြုလို့ဆိုတော့ ဦးလည်းပဲ မောင့်ကို တယ်ပြီးလက်မလွှတ်ချင်လှဘူး။ ဒါကြောင့် တစ်နည်းနည်းနဲ့တော့ ဖြစ်အောင်ကြံရမှာပဲ။ မောင့်မိခင်သဘောမကျတာကလည်း သူ့ကို အပြစ်မဆိုသာလှဘူး။ ဦးကိုယ်တိုင်က ဘယ်သူနဲ့မှ အပေါင်းအသင်းမလုပ်ချင်လို့ သူများအထင်လွဲအောင် တမင်ဟန်ဆောင်ပြီး အောက်လမ်းဆရာလိုလို ဘာလိုလို သတင်းလွှင့်ထားခဲ့လေတော့ မိန်းမသားဖြစ်တဲ့ မောင့်မိခင်ဟာ တကယ်ယုံကြည်ပြီး ကြောက်လန့်နေပုံရတယ်။ ကင်းသမားနှစ်ယောက် သေသွားတဲ့ကိစ္စက အတော်ရပ်ဆိုးသွားတာကလား။ ဒါကို သူ ကျေနပ်လောက်အောင် ရှင်းလင်းပြဖို့ရာကလည်း ခုနေအခါဆိုရင် ဘယ်နည်းနဲ့မှ မဖြစ်နိုင်သေးဘူး။ ဒီတော့ အခုလုပ်ရမယ့်လုပ်ငန်းက အကြောင်းမှန်ကို ရဲရဲဝံ့ဝံ့ဖွင့် ပြောနိုင်တဲ့အခါ အမြန်ဆုံးရောက်အောင် ကြိုးစားဖို့ပဲရှိတော့တယ်"

"ကင်းသမားနှစ်ယောက် သေတာကတော့ အလကား သူတို့ထင်ချင်လို့ ထင်နေတာပါခင်ဗျာ။ အကြောက်လွန်လို့ လန့်ပြီးသေတာလို့ ဆရာဝန်က ပြောသားပဲ"

"ဟာ ... ဘာဟုတ်ပမလဲ မောင် ...၊ အဲဒီညက သူတို့ကြားလိုက်ရတဲ့ အသံကြီးကို သူတို့နီးနီးကပ်ကပ် ကြားရရင် လူမပြောနဲ့ ဆင်တောင် မခံနိုင်ဘူးမှတ်။ ဆယ်ပြန် သေနိုင်တယ်"

"ခင်ဗျ ဒီအသံက ဘာသံမို့လို့ ဒီလောက်တောင်ဖြစ်ရတာလဲ"

စောနိုင်သည် မယုံကြည်နိုင်သောမျက်နှာဖြင့် ဦးဘခက်အား လှမ်းကြည့်ရင်း မေးလိုက်ရာ ဦးဘခက်သည် ရုတ်တရက် ဘာမှပြန်မဖြေသေးဘဲ အတန်ကြာ ရှိန် နေပြီးမှ ...

"ဒီအသံရဲ့နာမည်ကို မောင်ရင် သိချင်လို့လား၊ သိချင်ရင် ပြောရတာပေါ့၊ မရဏမောင်းသံတဲ့။ ဟဲ ... ဟဲ ... နာမည်ကလေးက မယဉ်ဘူးလား"

ဦးဘခက်သည် မိမိစကားကို မိမိ သဘောကျသွားသကဲ့သို့ တဟဲဟဲ ရယ်လိုက်ရာ စောနိုင်မှာ ဦးဘက်ခက်၏နှုတ်မှ မမျှော်လင့်သော စကားများကိုကြားရသဖြင့် ကြောင်တက်တက်ဖြစ်သွားပြီး ...

"ခင်ဗျာ ... မရဏမောင်းသံ၊ ဘယ့်နှယ် မရဏ မောင်းသံလဲ ကျွန်တော် နားမလည်ပါဘူး။ ဒီအသံက ဘယ်လိုအသံလဲ၊ ဘယ်ကဖြစ်လာတာလဲ"

"ဘယ်လိုအသံလဲဆိုတာကတော့ သူ့နာမည်မရဏမောင်းသံဆိုတဲ့အတိုင်း အရှင်းသားပဲ။ သူ့ကိုကြားလိုက်ရတဲ့ လူသတ္တဝါမှန်သမျှဟာ မရဏဆိုတဲ့ သေခြင်း သဘောတရားကို ရောက်ရမယ်လို့ ဆိုလိုတာပေါ့။ ပြောရရင်တော့ ဦးကိုယ်တိုင် ဖန်တီးထားတဲ့ အသံပဲဆိုပါတော့"

စောနိုင်သည် မျက်လုံးပြူးသွားပြန်သည်။ ဦးဘခက်နှင့် စကားပြောရသည်မှာ ပြောရင်းပြောရင်း သူ့စိတ်ထဲတွင် ရှင်းလင်းမသွားသည့်အပြင် ပို၍ပင် ရှုပ်ထွေးလာတော့သည်။

"ဒါဖြင့် ကင်းသမားနှစ်ယောက် သေတာဟာ ဦးရဲ့ပယောဂမကင်းဘူးလို့ ဆိုလိုတာပေါ့"

"အေး ... မကင်းဘူးလို့ ဆိုမယ်ဆိုလည်း ဆိုနိုင်တာပေါ့လေ။ သို့သော်လည်း သူတို့ကို သေစေလိုတဲ့ စေတနာနဲ့ တမင်လုပ်လိုက်တာတော့ မဟုတ်ပါဘူး။ ဦးကို အောက်လမ်းဆရာကြီးလို့ လူတွေထင်နေကြတဲ့အထင်ကို ပိုမိုပြီး ခိုင်မြဲလာအောင် ညည သန်းခေါင်ကျော် နာရီပြန်တစ်ချက်မှာ ဒီခြံကြီးထဲက သဘက်ညည်းသံနဲ့တူတဲ့ အသံကို ဖြစ်ပေါ်စေရရင် ကောင်းမှာပဲဆိုပြီး မရဏမောင်းသံကို ဖန်တီးခဲ့တာ နှစ်ကြိမ် သုံးကြိမ်ရှိပြီ။ ဒီလို သန်းခေါင်ကျော် နာရီပြန်တစ်ချက်အချိန်မျိုးကို ဒီနားမှာ ဘယ်သူမှ အသွားအလာ မရှိခဲ့တဲ့အတွက် ဘယ်သူ့ကိုမှ မထိခိုက်ခဲ့ဘူး။ နောက်ဆုံး တစ်ခါကျတော့ ခါတိုင်းလိုပဲ အနီးအနားမှာ လူမရှိတန်ကောင်းဘူးဆိုပြီး လုပ်လိုက်တာ။ သူတို့ ဒီအချိန်နဲ့ တိုက်ဆိုင်ပြီး အသံရဲ့အစွမ်းသတ္တိနှုန်းပြည့်ကိုက်တစ်ရာဝန်းကျင် အတွင်းကို သေဖို့ကြုံလို့ ရောက်လာကြတာတော့ ဦးလည်း ဘယ့်နှယ်မှ မတတ်နိုင်တော့ဘူး"

"ဦးပြောတာတွေကို ကြားရတာ ကျွန်တော့်အဖို့ နားမလည်သည့်ထက် မလည်နိုင်အောင် ရှိတော့တာပဲခင်ဗျာ။ ဒီမရဏမောင်းသံဆိုတဲ့အသံက ခုန ဦးပြောသလို ဆိုရင် ကိုက်တစ်ရာပတ်ဝန်းကျင်အတွင်းမှာသာ လူကိုသေစေနိုင်ပြီး ဒီ့ထက်ဝေးတဲ့နေရာက

လူကိုတော့ မသေစေနိုင်ဘူးလို့ ဆိုလိုပါသလား။ နောက်ပြီး ဦးဟာ အောက်လမ်းဆရာလို့ လူများထင်အောင် ဟန်ဆောင်နေတယ်ဆိုတော့ တကယ်တော့ မဟုတ်ဘူးလို့ ဝန်ခံရာ ရောက်ပါတယ်။ တကယ်မဟုတ်ခဲ့လို့ရှိရင် ဒီအသံဟာ ဘယ်လိုပညာမျိုး နဲ့ ဖန်တီးထားလို့ ဒါလောက်ပြင်းထန်ရပါသလဲ၊ ဒီအပြင်လည်း ကိုက်တစ်ရာအတွင်းမှာ ရှိတဲ့လူကို သေစေ နိုင်တယ်ဆိုပြီးတော့ ဦးတို့အိမ်သားများတော့ ဘာကြောင့် ဘေးဥပဒ်မရှိကြပါသလဲ ဆိုတာတွေကို ကျွန်တော့်စိတ်ထဲမှာ တွေးလို့မရနိုင်လောက်အောင် ရှိပါတယ်။ တကယ်လို့ ကျွန်တော့်အပေါ်မှာ ဦး ယုံကြည်စိတ်ချနိုင်ရင် အစကအဆုံး ရှင်းလင်းပြစေချင်တာပါပဲ"

"အေး ... မောင် အခု မေးတဲ့မေးခွန်းတွေဟာ မေးခွင့်မေးထိုက်ရှိတဲ့ မေးခွန်းတွေပဲ၊ ဒါပေမဲ့ မောင်အခုမေးတဲ့မေးခွန်းတွေကို တစ်ခုစီလိုက်ပြီးဖြေတောင်မှ မောင်နားလည်နိုင်မှာ မဟုတ်သေးဘူး။ ပိုပြီးတော့သာ ရှုပ်ထွေးနေမှာပဲ၊ ဒါတွေကို ရှင်းသွားအောင်ဟာက မရဏမောင်းသံကို စတင်တွေ့ရှိဖို့ အကြောင်းရင်း မူလအခြေခံဖြစ်တဲ့ ဦးရဲ့အတ္ထုပ္ပတ္တိ ရှေးဖြစ်ဟောင်းတွေက စပြီးပြောမှဖြစ်မယ်၊ ဒီအကြောင်း တွေကလည်း ဆယ့်ငါးနှစ်လုံးလုံး လျှို့ဝှက်လာခဲ့ရတာတွေမို့ မောင့်ကို ပြောသင့် မပြောသင့် ဦးမှာ တော်တော်ချိန်ဆခဲ့ရတယ်၊ နောက်တော့ မောင့်ရဲ့အရည်အချင်းဟာ ဦးရဲ့အကြံအစည်ထဲမှာ အတော်ပဲ အကူအညီရနိုင် လိမ့်မယ်လို့ မျှော်လင့်တာက တစ်ကြောင်း၊ မောင်ရဲ့ မျက်လုံးများဟာ သစ္စာရှိတဲ့ လူ တစ်ယောက်ဖြစ်ကြောင်း သက်သေခံနေတဲ့အတွက် ယုံကြည်စိတ်ချမိတာက တစ်ကြောင်း ဖွင့်ပြောတော့မယ်လို့ ဆုံးဖြတ်လိုက်တယ်၊ ဒါပေမဲ့ ပြောပြလိုက်လို့ မောင့်မှာ ရှင်းလင်းသွား တဲ့အခါ ဒီအကြောင်းတွေနဲ့ မောင်က မောင့်မိခင်ကို သွားပြီးရှင်းလင်းပြနေဖို့ မဟုတ်ဘူး၊ ဘယ်သူပဲ အထင်လွဲလွဲ လွဲပစေ၊ အကြောင်းမှန်ကို လျှို့ဝှက်ထားမှဖြစ်မယ်။ ဒီတော့ ဦး မောင့်ကို ကတိတစ်ခုတောင်းချင်တယ်"

"ဟုတ်ကဲ့၊ အမိန့်ရှိပါခင်ဗျာ"

"တခြားတော့ မဟုတ်ပါဘူး၊ ဦး အခုပြောမယ့်အကြောင်းတွေကို ဦးခွင့်မပြုမချင်း၊ သို့မဟုတ် ဦးအသက်ရှင်နေသမျှ ကာလပတ်လုံး မည်သူတစ်ဦးတစ်ယောက်မျှ မသိစေရ အောင် အသက်နဲ့လဲပြီး လျှို့ဝှက်ထိန်းသိမ်းထားပါ့မယ်ဆိုတာပဲ"

"ကျွန်တော် ကျေကျေနပ်နပ်ကြီး ကတိပြုပါတယ်ခင်ဗျာ"

"အေး အေး ဒါဖြင့် နားထောင်ပေတော့၊ ဦး အခု ပြောမယ့်အဖြစ်အပျက်တွေဟာ အဆန်းတကြယ်မဟုတ်လှသော်လည်း မောင့်အဖို့ အတော်စိတ်ဝင်စားစရာ ကောင်းမယ့် အကြောင်းတွေပါ ပါလိမ့်မယ်၊ ဒီလိုကွဲ့ ... ဒီလို ..."

* * *

## ရှေးဖြစ်ဟောင်း

"ဦးရဲ့မိဘနှစ်ပါးဟာ ဦး ငယ်စဉ်ကပဲ သေဆုံးသွားကြတဲ့အတွက် ကျန်ရစ်ခဲ့တဲ့ အမွေ သုံးသိန်းခွဲလောက်ကို ဦးတစ်ယောက်တည်း ရလိုက်တယ်။ ဒီအမွေတွေကို ဦးရဲ့ဖခင်နဲ့ အလွန်ခင်မင်ရင်းနှီးတဲ့ ရှေ့နေကြီးတစ်ယောက်က ထိန်းသိမ်းလာခဲ့ပြီး ဦးကို ပညာသင်စေတယ်၊ ဦးဟာ မောင့်လိုပဲ လောကဓာတ်ပညာကို ဝါသနာပါလွန်းလို့ ဆယ်တန်းအောင်တဲ့အခါ ကောလိပ်ဆက်သွားပြီး ဘီအက်စီဘွဲ့ယူခဲ့တယ်၊ ဒါပေမဲ့ ဘီအက်စီသာ အောင်ခဲ့သော်လည်း ရတဲ့ပညာဟာ ကိုယ်မျှော်မှန်းသလောက် ခရီးမရောက်တဲ့အတွက် အားကလည်းမရ၊ ပိုက်ဆံကလည်းရှိတော့ တကယ့်ပညာအစစ်ကို မရရင် မနေဘူးဟဲ့ဆိုပြီး အနောက်နိုင်ငံကို လွှင့်ထွက်ခဲ့ပါရော။

"လက်ဦး အင်္ဂလန်ကိုရောက်ပြီး လည်ရင်း ပတ်ရင်းနဲ့ပဲ ခြောက်လလောက် အချိန်တွေကုန်ခဲ့တယ်။ တစ်နေ့တော့ ဟိုတယ်တစ်ခုထဲရောက်သွားပြီး တစ်ယောက်တည်း ထွေရာလေးပါး စဉ်းစားနေတုန်း ခပ်လှမ်းလှမ်းစားပွဲတစ်ခုမှာ ထိုင်နေတဲ့ လူကြီး တစ်ယောက်ဟာ ဦးကို အကဲခတ်သလို လှမ်းလှမ်းကြည့်နေတယ်။ တော်တော်ကြာတော့ ဦးဆီကိုထလာပြီး မောင် ဗမာလူမျိုးမဟုတ်လားလို့ မေးတာနဲ့ ဟုတ်ကြောင်း ပြန်ဖြေလိုက် ရင်ပဲ အလွန်အမင်း ဝမ်းမြောက်ဟန်နဲ့ သူဟာ ဂျာမန်လူမျိုး လောကဓာတ်ပါရဂူ တစ်ယောက် ဖြစ်ကြောင်း၊ သူ့ရဲ့စမ်းသပ်ချက်များဟာ ဗုဒ္ဓဘာသာတရားတော်နဲ့များစွာ ကိုက်ညီလျက် ရှိတဲ့အတွက် ဗုဒ္ဓဘာသာတရားတော်ရဲ့ အခြေအမြစ်ကို လိုက်လံစုံစမ်းရင်း အရှေ့နိုင်ငံတွေ ကို လှည့်လည်ခဲ့စဉ်က မြန်မာပြည်ကို ရောက်ခဲ့ဖူးသည့်အကြောင်း၊ အကြောင်း မညီညွတ် တာနဲ့ မြန်မာပြည်မှာ ခေတ္တမျှသာနေခဲ့ရသော်လည်း သူတွေ့ဖူးသမျှ လူအမျိုးမျိုးထဲမှာ မြန်မာလူမျိုးဟာ ပေါင်းသင်းဆက်ဆံလို့ အကောင်းဆုံးဖြစ်ကြောင်းကို သေသေချာချာ သိခဲ့ရတဲ့အတွက် ဗမာလူမျိုးတွေ့ရင် အထူးခင်မင်မိကြောင်းတွေကို ပြောပြတယ်။

ဗုဒ္ဓဘာသာတရားကို ဆွေးနွေးကြည့်တဲ့အခါကျတော့ သူသိခဲ့တဲ့ ဗုဒ္ဓဘာသာဟာ တို့ဗမာပြည်က ဗုဒ္ဓဘာသာမဟုတ်ပဲ တိဘက်ပြည်တို့၊ တရုတ်ပြည်တို့မှာ ကိုးကွယ်လေ့ ရှိကြတဲ့ မဟာယာနဗုဒ္ဓဘာသာဖြစ်နေတာကို တွေ့ရတယ်။ အဲဒီတုန်းက ဦးဟာ အသက် အစိတ်ကျော်ကျော်သာရှိသေးပေမဲ့ ဘာသာရေးကို ကျကျနန လိုက်စားဖူးတဲ့အပြင် ဦးကို အမြဲဆုံးမသွန်သင်ခဲ့တဲ့ ရှေ့နေကြီးဟာလည်း ပရမတ်သမားကြီးတစ်ယောက်ဖြစ်တဲ့ အတွက် ဗုဒ္ဓဘာသာတရားကို လောကဓာတ်အယူအဆနဲ့ ယှဉ်တွဲပြီး အကျိုးအကြောင်း ယုတ္တိရှိမရှိ ဝေဖန်ပြီးမှ လက်ခံလေ့ရှိတဲ့သူ့လို လူမျိုးတစ်ယောက်ရဲ့အကြိုက်ကို ကောင်းကောင်း

ဖြေရှင်းနိုင်လေတော့ စကားပြောရင်းပြောရင်း တစ်ယောက်နဲ့တစ်ယောက် အထူးခင်မင်သွားကြရုံမက ဦးရဲ့ယူဆပုံတွေကို သဘောကျလွန်းလို့ ဦးကိုလက်မလွှတ်နိုင်အောင် ဖြစ်သွားတယ်။

ဦးကလည်း လောကဓာတ်ပညာကို ရှာဖွေဖို့ ရောက်လာတဲ့အကြောင်း ပြောပြလိုက်တော့ သူနဲ့အတူ ဂျာမနီပြည်ကို လိုက်ခဲ့နိုင်ရင် ဘိလပ်က ယူနီဘာစတီကျောင်းကြီးတွေမှာ သင်မပေးနိုင်တဲ့ ပညာတွေအထိ သင်ပေးပါ့မယ်လို့ ပြောရှာတယ်။ ဒီတော့ ဦးမှာ နောက်ကြောင်းပြန်ငဲ့စရာရှိတဲ့လူမှမဟုတ်ဘဲကလား။ ငါလိုချင်တဲ့ ပညာတော့ ရပဟဲ့ဆိုပြီး ဝမ်းမြောက်ဝမ်းသာပဲ လိုက်ပါ့မယ်လို့ ဝန်ခံလိုက်တယ်။

"များမကြာမီ သူဂျာမနီပြည်ပြန်ဖို့ စီမံတဲ့နေ့မှာပဲ ဦးလည်းတစ်ပါတည်း လိုက်သွားခဲ့တယ်။ ဟိုရောက်တော့ သူ့အိမ်မှာပဲနေပြီး ပညာတွေသင်ရင်း တဖြည်းဖြည်း ဦးဟာ အိမ်သားတစ်ယောက်လိုဖြစ်လာတယ်။ တစ်ခါတစ်ခါလည်း ဆရာကြီးနဲ့ ဗုဒ္ဓဘာသာတရား တော်ကို ဆွေးနွေးကြရတယ်။ ဒီလိုနဲ့ နေလာလိုက်ကြတာ ကြာလေ ကြာလေ ဦးမှာလည်း ပညာတွေရ၊ ဆရာကြီးလည်း ဗုဒ္ဓဘာသာတရားတော်ကို ကြိုက်သထက်ကြိုက်လာတာနဲ့ နှစ်ယောက်သား တိုင်ပင်ပြီး **ငါတို့ ရှင်တော်ဂေါတမမြတ်စွာ ဘုရားထင်ရှားရှိစဉ်က ကိုယ်တော်တိုင် ဟောတော်မူခဲ့တဲ့ တရားတော်တွေကို လောကဓာတ်ပညာနည်းနဲ့ အသံပြန်ဖမ်းပြီး ကမ္ဘာပေါ်မှာ အယူအဆအမျိုးမျိုး ကွဲပြားနေတာတွေ ဖြေရှင်းသာသနာပြုမယ်** ဆိုတဲ့ အကြံကြီးတစ်ခုကို ကြံကြပါရော။ အဲဒီအကြံကြီးကို ကြံနေစဉ်ပဲ ဦးကိုသားအရင်းလို ခင်မင်လာတဲ့အတိုင်း သူ့ရဲ့ တစ်ဦးတည်းသော သမီး နွဲ့နွဲ့ရီတို့မိခင်နဲ့ လက်ဆက်ပေးစားခဲ့တယ်။

ဒါနဲ့ အကြံကြီးကလည်း အထမမြောက်သေး၊ သံယောဇဉ်ခင်တွယ်စရာတွေကလည်း ဖြစ်လာလေတော့ ဦးမှာ ကိုယ့်ပြည်ကိုယ့်ရွာကို ပြန်ဖို့ စိတ်တောင် မကူးခဲ့မိဘူး။ နွဲ့နွဲ့ရီကိုမွေးလို့ လေးနှစ်သမီးအရွယ်ရောက်လာတဲ့အခါကျတော့မှ ဗမာပြည်ကို ပြန်ရဖို့အကြောင်း ဖြစ်ပေါ်လာတယ်။ သို့ပေမဲ့ အေးအေးသက်သာပြန်လာရတယ်လို့ မထင်လေနဲ့၊ အင်မတန်ကြေကွဲဝမ်းနည်းစရာကောင်းတဲ့ အဖြစ်ဆိုးတွေနဲ့ ကြုံတွေ့ပြီး ကိုယ့်အသက်ကိုယ်မနည်းလုပြေးလာခဲ့ရတယ်။

ဖြစ်ပုံကတော့ အဲဒီအချိန်မှာ ဂျာမနီပြည်တစ်ပြည်လုံး နာဇီဝါဒတွေ လွှမ်းမိုးခေတ်စားလာပြီး ပထမကမ္ဘာစစ်ကြီးမှာ ရှုံးခဲ့ကြရတာကို မကျေနပ်နိုင်လွန်းလို့ အင်္ဂလိပ်နဲ့ အမေရိကန်ကို ခံချဖို့ရာ အတွင်းကျိတ်အားမွေးနေတဲ့အခါ ဖြစ်တဲ့အတိုင်း လက်နက်အသစ်အဆန်းတွေ ထွင်ရအောင် ရှိသမျှလောကဓာတ်ပါရဂူတွေကို အတင်းအကျပ်

အာဏာနဲ့ သိမ်းသွင်းလာလိုက်တာ တစ်နေ့ကျတော့ ဦးတို့ဆရာကြီးရဲ့အလှည့်ကို ရောက်လာပါရော။

အဲဒီအခါမှာ ဆရာကြီးဟာ ဗုဒ္ဓဘာသာတရားကို စွဲစွဲမြဲမြဲကြီးယုံကြည်နေပြီဖြစ်တဲ့အတွက် လူသတ်လက်နက်တွေလုပ်ဖို့ဟာ ဗုဒ္ဓဘာသာတရားတော်နဲ့ ဆန့်ကျင်တယ်ဆိုပြီး အတင်းငြင်းဆန်တာနဲ့ ဖမ်းသွားပြီး အမျိုးမျိုးညှဉ်းဆဲတာပါပဲ။ သို့သော်လည်း ဆရာကြီးဟာ တကယ့်ယောကျ်ားအာဇာနည်တစ်ယောက်ပီပီ သေသည်အထိ တင်းမာသွားရှာတယ်။ အဆုံးမှာတော့ သူတို့ခိုင်းတာ မရလို့ သတ်ပစ်လိုက်တယ်ဆိုပါတော့ကွယ်။ အဲဒီလို ဆရာကြီးကို သတ်ပစ်ရုံမက ဘယ်လိုက ဘယ်လိုသိသွားတယ် မဆိုနိုင်ဘူး ဦးကိုပါ ဖမ်းဖို့ ကြံကြပြန်တဲ့အတွက် မဖြစ်ချေဘူးဆိုပြီး လောကဓာတ်ပညာစမ်းသပ်အောင်မြင်မှုတွေနဲ့ ပတ်သက်တဲ့ ဆရာကြီးရဲ့ မှတ်စုမှတ်တမ်း အချို့နဲ့ ဝယ်လို့မရနိုင်တဲ့ အရေးတကြီးပစ္စည်းကလေးတွေလောက်သာ ယူနိုင်ပြီး သားအမိသားအဖ သုံးယောက် ရုပ်ဖျောက်ရှောင်တိမ်းနေနေရင်း သူတို့စက်ကွင်းက လုံးလုံးလွတ်အောင်ဟာ ဂျာမနီပြည်ပြင်ပကို ထွက်ဖို့ကြံတဲ့အခါကျတော့ မီးရထားတို့ သင်္ဘောတို့မှာဆိုရင် သူတို့ စုံထောက်တွေနဲ့ ခြေချင်းလိမ်နေတာမို့ ဘယ်နည်းနဲ့မှ မလွတ်နိုင်တဲ့အတွက် နယ်ခြားကို ဖြတ်ပြီး ဘယ်လ်ဂျီယံပြည်ဘက်ကို ကူးမယ်ဆိုတဲ့ အကြံနဲ့ တောရွာကလေးတွေ တစ်ရွာဝင် တစ်ရွာထွက် ကုန်းကြောင်း ပြေးလာခဲ့ရတယ်။

ဒါတောင်မှ အကုသိုလ်ကံမကုန်သေးတော့ နောက်ကခြေရာခံလိုက်လာပြီး အတင်းဖမ်းကြရာမှာ ကံဆိုးရှာတဲ့ နွဲ့နွဲ့ရီတို့မိခင်ဟာ သူတို့ပစ်လိုက်တဲ့ သေနတ်ဒဏ်ချက်နဲ့ပဲ ဦးလက်ပေါ်မှာ အသက်ပျောက်သွားရရှာတယ်။ အဓမ္မစနစ်နဲ့ ကြီးနိုင် ငယ်ညှဉ်းဆဲဖြစ်နေတဲ့ အချိန်ပေကိုး။ ဦးမှာလည်း ဘယ့်နှယ်မှ မတတ်နိုင်ရုံမက အလောင်းကိုတောင် ဒီအတိုင်းပစ်ခဲ့ရပြီး လူမမည်ကလေးမျှသာရှိသေးတဲ့ နွဲ့နွဲ့ရီကို ရင်ခွင်မှာပိုက်လို့ အနိုင်နိုင် နယ်စပ်ကို ကူးခဲ့ရတယ်။

အဲဒီဘယ်လ်ဂျီယံပြည်ကမှ တစ်ဆင့် ပြင်သစ်ပြည်ကို ဖြတ်ပြီး အင်္ဂလန်ကို သွားရတယ်။ အင်္ဂလန်ကို ရောက်တော့မှ မူလက ကြံခဲ့တဲ့ အကြံကို မလျှော့ချင်သေးတာနဲ့ ဗမာပြည်မှာ ဝယ်လို့မရနိုင်တဲ့ ကိရိယာတန်ဆာပလာတွေ ထပ်ဝယ်ပြီး သားအဖနှစ်ယောက် ပြန်ခဲ့ကြတာပါပဲ။ ရန်ကုန်ရောက်တော့ အေးအေးဆေးဆေး သမိုင်းဘက်မှာ ခြံကြီးတစ်ခြံ ဝယ်ပြီး စမ်းသပ်ရှာဖွေရင်း ဒုတိယကမ္ဘာစစ်ကြီးဟာ ဘယ်နည်းနဲ့မဆိုဖြစ်တော့မယ်၊ ဒီတစ်ခါဖြစ်ရင် ဗမာပြည်လည်း စစ်ဒဏ်နဲ့လွတ်မှာ မဟုတ်ဘူးဆိုတာ တွေးမိတာနဲ့ လိုရမည်ရ အခုနေတဲ့ ဒီအိမ်ကြီးကိုဆောက်ထားခဲ့တယ်။ အဲဒီတုန်းကတော့ အခုလို

လျှို့ဝှက်ပြီး မနေပါဘူး၊ နွဲ့နွဲ့ရီလည်း ကျောင်းတွေ ဘာတွေထားလို့၊ မိန်းကလေး သူငယ်ချင်းတွေတောင်မှ အိမ်ကိုဝင်ထွက်သွားလာ နေကြတာပါပဲ။

နောက်တော့ ဦးထင်တဲ့အတိုင်း ဂျာမနီနဲ့ အင်္ဂလိပ်စစ်ဖြစ်တာပဲ၊ အဲဒီကတည်းက ဦးရဲ့ပစ္စည်းကိရိယာတွေကို တဖြည်းဖြည်း ဒီရွှေ့ခဲ့တယ်၊ ဒီလိုပစ္စည်းတွေ ပို့ထားပေမဲ့ နွဲ့နွဲ့ရီကျောင်းပျက်မှာ စိုးတာနဲ့ သူကတော့ ရန်ကုန်မှာပဲနေခဲ့တယ်။

ဂျပန်နဲ့ အင်္ဂလိပ်စစ်ဖြစ်လို့ ဒီဇင်ဘာလ ၂၃ ရက်နေ့မှာ မြန်မာပြည်ကို ပထမဦးဆုံးအကြိမ် ဗုံးကြဲခံရတော့မှ ဒီကိုရွှေ့လာခဲ့တာပဲ၊ ဒီရောက်တာတောင်မှ အစတုန်းက အခုလောက်လျှို့ဝှက်နေဖို့ရာ စိတ်မကူးမိပါဘူး၊ ဂျပန်တွေဝင်လာပြီး သူတို့ရဲ့ အဓမ္မမှုတွေ တွေ့ရတော့မှ ဦးမှာ ခဲမှန်ဖူးတဲ့ စာသူငယ်လိုမို့ ငါ လောကဓာတ်ဆရာမှန်းသိသွားရင် ခက်ချေရဲ့ဆိုပြီး အစအနမှမပေါ်စေရအောင် လျှို့ဝှက်လိုက်ရတော့တယ်။ အခု ဗမာပြည်ကို အုပ်စိုးနေတဲ့ ဂျပန်ကောင်တွေဟာ ဂျာမနီနဲ့ဆိုရင် ဝါဒချင်းညီအစ်ကိုပဲ၊ ဘာမှမထူးဘူး။ သူတို့ကတောင် ပိုပြီး ဆိုးချင်ဆိုးဦးမယ်။ ဒါကြောင့် အိမ်ကို လူအဝင်အထွက် မရှိစေချင်တာနဲ့ ဘယ်သူ့မှ အပေါင်းအသင်း အဆက်အဆံမလုပ်တဲ့အပြင် အကြံရတာနဲ့ အောက်လမ်းဆရာကြီးလိုလို ဘာလိုလို တလွဲထင်နေကြအောင် ခြံဝမှာ နတ်စင်ကြီးတွေဆောက်၊ ဘာလုပ်ညာလုပ်နဲ့ တမင် သတင်းလွှင့်ထားခဲ့တာပေါ့။ ဦးအဖြစ်အပျက်ကတော့ ဒါပါပဲ"

ဦးဘခက်သည် သူ၏ရှည်လျားသောအတ္ထုပ္ပတ္တိကြီးကို အဆုံးသတ်လိုက်ပြီး အတော်မောပန်းသွားဟန်ဖြင့် ဆိုဖာနောက်မှီပေါ်သို့ ပစ်၍မှီချလိုက်ရင်း မီးသေနေသော သူ၏ ဆေးပြင်းလိပ်ကြီးကို တစ်ဖန်မီးညှိရှိုက်ဖွာနေပြန်သည်။ စောနိုင်မှာ သူ၏ စကားများကို တိတ်ဆိတ်စွာ နားထောင်နေရာမှ လေးစားသောအမူအရာဖြင့် သူ့အား မော်ကြည့်လိုက်မိသည်။

"ဦးရဲ့အဖြစ်အပျက်များကို ကြားရတာ စိတ်ဝင်စားစရာလည်း ကောင်း၊ ကြေကွဲဝမ်းနည်းစရာလည်း ကောင်းလှပါတယ်။ ကျွန်တော့်စိတ်ထဲမှာတော့ အစကတည်းက ဦးဟာ အင်မတန်နက်နဲကြီးကျယ်တဲ့ ပညာကြီးတစ်ရပ်ကို အကြောင်းတစ်ခုခုကြောင့် လျှို့ဝှက်ထားတဲ့ပုဂ္ဂိုလ်တစ်ယောက် ဖြစ်လိမ့်မယ်ဆိုတာ တွေးထင်မိပြီးသားပါပဲ။ အခု ဦးပြောတဲ့အတိုင်းဆိုရင် **မူလက ကြံစည်ခဲ့တဲ့ ရှင်တော်ဂေါတမဘုရားကိုယ်တော်တိုင် ဟောခဲ့တဲ့ တရားတော်တွေကို ပြန်ပြီး အသံဖမ်းဖို့ကိစ္စကြီးဟာ အခုလည်းပဲ ကြံစည်နေတုန်းပဲလို့ ထင်မိပါတယ်"**

"အင်း အခုထိ ကြံတုန်းတွင် ဘယ်ကပါ့မလဲ၊ စမ်းသပ်တွက်ချက်ခြင်းအားဖြင့်ဆိုရင် အောင်မြင်နေပြီလို့တောင် ဆိုနိုင်သပေါ့။ သို့သော် လက်တွေ့အားဖြင့် အောင်မြင်

ဖို့ရာကတော့ လိုနေသေးတဲ့ ဓာတ်တစ်ပါးကို စုဆောင်းဖို့ သုံးနှစ်လောက် စောင့်ရပေဦး မယ်။ ဒါထက် မြန်ဖို့နည်းလမ်းတော့ တယ်မရှိလှဘူး။ ဒါကြောင့် အဲဒီဓာတ်တစ်ပါးကို စုဆောင်းနေရင်း စမ်းသပ်တွေ့ရှိချက်တွေ တစ်ခုနဲ့တစ်ခု ဆက်သွယ်ပြီး တခြားနည်းလမ်း တစ်ခုကို အပျင်းပြေရှာဖွေကြည့်ရာမှ မရဏမောင်းသံကို သွား တွေ့ခဲ့တယ်။ ဒါနဲ့ ဦးအစက ပြောခဲ့တဲ့အတိုင်း ဦးရဲ့ခြံထဲက ကြောက်စရာကောင်းတဲ့ အသံကြီးတွေ ကြားရရင် လူတွေ ပိုပြီးအထင်လွဲမှာပဲလို့ တွေးမိတာကတစ်ကြောင်း။ သူ့ရဲ့အစွမ်းသတ္တိကိုလည်း သေချာ သည်ထက်သေချာအောင် သိချင်တာက တစ်ကြောင်း။ နှစ်ကြိမ်သုံးကြိမ် စမ်းသပ်ကြည့် မိရာမှာ နောက်ဆုံး စမ်းသပ်တဲ့အချိန်နဲ့ တိုက်တိုက်ဆိုင်ဆိုင် ကံဆိုးမိုးမှောင်ကျပြီး ခြံရှေ့ ရောက်လာတဲ့ ကင်းသမား နှစ်ယောက် သေသွားရှာတဲ့အတွက် ဦးရဲ့ဟန်ဆောင်မှုဟာ ကိုယ်အလိုရှိတာထက် ပိုသွားပြီး မောင့်မိခင်ကတောင်မှ ဦးနဲ့ဆက်ဆံရမှာ ကြောက်နေ တော့တဲ့အထိ နာမည်ပျက်ရတာပဲ"

"ကျွန်တော် တစ်ခုမေးစမ်းပါရစေဗျာ၊ မရဏမောင်းသံကိုဖြစ်အောင် ဖန်တီး လိုက်တဲ့အချိန်မှာ ဦးတို့အိမ်သားများကတော့ ဘယ်လိုဆိုတာ ..."

"ဩော် ... ဟုတ်ပေသားပဲ ဒါကို မပြောမိသေးဘူး၊ အဲဒီလို မရဏမောင်းသံကို စမ်းသပ်မယ်လုပ်တဲ့ ညတိုင်း နောက်ဖေးတန်းလျားမှာနေတဲ့ အေးမောင်နဲ့ အေးဆောင်ကို ကိစ္စတစ်ခုခု ရမည်ရှာပြီး ညအိပ်သွားရမယ့် တောရွာတစ်ရွာရွာ သွားခိုင်းထားတယ်။ နှဲ့နှဲ့ရီနဲ့ မယ်သူဇာကိုတော့ စမ်းသပ်မယ့်အချိန်နီးတော့မှပဲ ဦးရဲ့ လောကဓာတ်အခန်းထဲ ခေါ်ထားရတယ်။ လောကဓာတ်ခန်းက မြေတိုက်ထဲမှာ ဒီအသံကို လုံးလုံးမကြားနိုင်ဘူး။ လုပ်ပုံကတော့ ဒီလိုကွဲ့။ အိမ်ပေါ်ထပ် ဧည့်ခန်းက ရေဒီယိုကို ကြိုက်တဲ့ မီတာမှာဖွင့်ပြီး အဲဒီအခန်းထဲမှာပဲ၊ ခွေး၊ ကြောင်၊ ကြက် ရရာတိရစ္ဆာန် နှစ်ကောင် သုံးကောင်ပေါ့ကွယ် ပိတ်လှောင်ထားခဲ့တယ်။ လူတွေကတော့ မြေတိုက်ခန်းထဲဆင်း၊ လေလုံလုပ်ထားတဲ့ တံခါးတွေကို သေသေချာချာပိတ် အဲဒီလို ပိတ်ပြီးမှ ရေဒီယိုမှာဖွင့်ထားခဲ့တဲ့ မီတာအတိုင်း ကိုက်ပြီး မြေတိုက်ခန်းထဲက မရဏမောင်းသံကို လွှင့်လိုက်တာကိုး၊ ပြီးလို့ ထွက်ကြည့် လိုက်တယ်ဆိုရင် ထားခဲ့တဲ့ တိရစ္ဆာန်တွေဟာ တစ်ကောင်မှ အသက်မရှိတော့ဘူး။ အကုန် အတုံးအရုံးဖြစ်ကုန်တာပဲ၊ နောက်ဆုံးတစ်ခါကျတော့ တိရစ္ဆာန်တွေ တင်မကဘဲ လူ နှစ်ယောက်ပါ အဆစ်ပါသွားတာပေါ့။ နောက်ပြီး တစ်ခုပြောရဦးမယ်၊ ဒီအသံက အသံ လွှင့်တဲ့မူလနေရာက မကြားရဘူး။ မိုက်ကရိုဖုန်းထဲက ဝင်သွားပြီး ရေဒီယိုတို့ အသံချဲ့စက် တို့လို ကိရိယာမျိုးတွေထဲက ပြန်ထွက်လာတဲ့အခါကျမှ အသက်ရှိတဲ့သတ္တဝါမှန်ရင် ဘာကောင်မျှမခံနိုင်အောင် ပြင်းထန်သွားတာကလား၊ ဘာပြုလို့ ဒီလိုဖြစ်ရတယ်ဆိုတဲ့

အကြောင်းကတော့ နောက်မှ ဖြည်းဖြည်း ရှင်းပြမယ်။ အခု မြေတိုက်ထဲက လောကဓာတ်ခန်းကို မောင် လိုက်ကြည့်ဦး၊ အဲ့ဒီထဲက ပစ္စည်းကိရိယာတွေကို တန်းစီပြပြီး အဓိပ္ပာယ်ရှင်းသွားမှ ရေရေလည်လည် နားလည်မှာ အခုပြောနေလို့ နားရှုပ်ရုံပဲရှိမယ် မောင် ဘာမှမှတ်မိမှာမဟုတ်ဘူး ... ကဲ လာလာ"

ဦးဘခက်သည် ပြောပြောဆိုဆိုနှင့် နေရာမှထလိုက်ရာ စောနိုင်မှာလည်း နောက်မှထ၍လိုက်ပါသွားရင်း မိမိထင်မြင်ချက်ကို ပြောလိုက်သည်။

"ဒါလောက် ဆိုးရွားတဲ့အသံဟာ စစ်အတွင်းမှာ လက်နက်အဖြစ်နဲ့ အသုံးပြုနိုင် တာကလွဲလို့ လူတွေအကျိုးရှိအောင် ဘာမှအသုံးချရမယ် မဟုတ်ပါဘူး"

"အေး ... အစကတော့ ဒီလိုပဲ အောက်မေ့လို့ ဖျက်ဆီးပစ်လိုက်မယ်လို့တောင် အောက်မေ့မိသေးတယ်။ နောက်တော့မှ ကမ္ဘာသူ ကမ္ဘာသားတွေ အကျိုးရှိမယ့် နေရာတစ်ခု မှာ အသုံးချဖို့ရာ လမ်းမြင်တာနဲ့ ဒီအတိုင်းပဲ ထားသေးတယ်။ နောက်ပြီး သူ့ကြောင့် တို့မှာ အကျိုးပျက်စီးတန်သလောက် ပျက်စီးခဲ့ရပြီ၊ ဒါကို ကျေအောင် သူနဲ့ပဲပြန်ပြီး ဖြေရှင်းရဦးမယ်"

"ခင်ဗျာ ...၊ ဦး ဘယ်လိုကြံရွယ်ထားတာရှိလို့ပါလဲ"

စောနိုင်သည် အလောတကြီး သိလိုဇောနှင့်မေးလိုက်သည်ကို ဦးဘခက်က အရေးမကြီးသလို လေးလေးကြီး ရယ်မောရင်း ပြန်ဖြေလိုက်၏။

"သိပ် အရင်မလိုနဲ့ဦးလကွယ်၊ ဖြည်းဖြည်းတော့ သိရလိမ့်မပေါ့ ..."

* * *

## မြေတိုက်ထဲက မရဏမောင်းကလေး

ဦးဘခက်ရှေ့ဆောင်ကာ အိမ်အောက်ထပ် အခန်းတစ်ခန်းထဲသို့ နှစ်ယောက်သား ရောက်ခဲ့ကြသည်။ ထိုအခန်းကား စာကြည့်ခန်း ဖြစ်ဟန်လက္ခဏာရှိ၍ စားပွဲရှည်ကြီး တစ်လုံး၊ ကုလားထိုင်လေးလေးလုံး၊ စာအုပ်ဗီရိုကြီးသုံးလုံးနှင့် ကိုယ်လုံးပေါ် ကြည့်မှန်ကြီး တပ်ဆင်ထားသော မတ်ရပ် ဗီရိုကြီးတစ်လုံးတို့သာရှိသည်။ စောနိုင်သည် စာအုပ်ဗီရိုများသို့ ချဉ်းကပ်ကြည့်သောအခါ လောကဓာတ်ပညာနှင့် ပတ်သက်သော စာအုပ်တစ်အုပ်တလေ မျှပင် မတွေ့ရဘဲ ဗုဒ္ဓဘာသာ ပိဋကတ်သုံးပုံကျမ်းစာများ၊ မြန်မာ ဆေးကျမ်းများနှင့် မြန်မာ၊ အင်္ဂလိပ်မြန်မာ စာအုပ်အမျိုးမျိုးတို့ကိုသာ တွေ့ရသဖြင့် ဦးဘခက်အား မေးမြန်းမည် ပြုလိုက်ကြည့်လိုက်သည်။

ထိုစဉ် ဦးဘခက်သည် နံရံတွင်ကပ်ထားသော မှန်ဗီရိုကြီးအနီးသို့ ချဉ်း ကပ်သွားကာ သော့ခတ်၍ ဖွင့်နေသဖြင့် စောနိုင်မှာ ထူးထူးထွေထွေ တွေ့ရလိမ့်နိုးနှင့် မေးမည့်စကားကိုပင် မမေးဖြစ်တော့ဘဲ သူ့နောက်မှကပ်လျက် ရောက်သွားသည်။ အတွင်းသို့ ကြည့်လိုက်သောအခါ အလယ်မှ အကန့်တစ်ခုဖြင့် ထက်ခြမ်းခြမ်းထားပြီး တစ်ဖက်ခြမ်းတွင် အဆင့်ကလေးများရှိ၍ စာအုပ်များနှင့် ပြည့်နှက်နေလျက် အခြားတစ်ဖက်ခြမ်းမှာမူ ဘာမျှမရှိဘဲ ဟာလာဟင်းလင်းဖြစ်နေရာ ၎င်းဘက်ခြမ်းတွင် လောင်းကုတ်အင်္ကျီကြီးများ ချိတ်ထားရန် အသုံးပြုလေ့ရှိကြသော အဝတ်အစားထည့်သည့် ဗီရိုမျိုးဖြစ်ကြောင်း သိရသည်။

အဘယ်ကြောင့် ထိုဗီရိုမျိုးကို စာအုပ်ထည့်ရန် အသုံးပြုထားသည်မတွေးတတ်ဘဲရှိနေစဉ် ဦးဘခက်သည် မည်သို့ပြုလုပ်လိုက်သည်မသိ ဗီရိုကြီး၏အဆင့်မရှိသောဘက်မှ နောက်ကျောနံရံသည် အောက်သို့လျှောကျသွားကာ လူတစ်ကိုယ်ချောင်ချောင်ဝင်နိုင်သော အပေါက်တစ်ပေါက်ပေါ်လာသည်။ ထို့နောက် ဦးဘခက်သည် လက်နှိပ်ဓာတ်မီးနှင့်ထိုးပြကာ ရှေ့မှ ဝင်သွားသဖြင့် စောနိုင်လည်း အတူဝင်လိုက်သွားရာ သူဝင်မိလျှင် ဝင်မိချင်းပင် ဦးဘခက်သည် အပေါက်ကို ပြန်ပိတ်လိုက်သည်။

သူတို့သည် အမိုး၌လည်းကောင်း၊ နံရံ၌လည်းကောင်း၊ မြေပြင်၌လည်းကောင်း အင်္ဂတေများဖြင့်သာ ပြီးသော ကြောင်လိမ်လှေကားသဖွယ် ဥမင်လိုဏ်ပေါက်ကလေး အတိုင်း တစ်ထစ်ပြီးတစ်ထစ် ဆင်းခဲ့ကြရာ အထစ်နှစ်ဆယ်မျှ ဆင်းမိသောအခါ ရှေ့တွင် တံခါးတစ်ချပ်ကာဆီးလျက်ရှိကြောင်း တွေ့ရသည်။ တစ်ဖန် ထိုတံခါးကိုဖွင့်၍ ဝင်ခဲ့ကြသောအခါ၌ကား ဥမင်လိုဏ်ခေါင်း မဟုတ်တော့ဘဲ ကျယ်ဝန်းသော မြေတိုက်ခန်းတစ်ခုထဲသို့ နှစ်ယောက်သား ဆိုက်ရောက်ခဲ့ကြတော့၏။

ဦးဘခက်သည် ဓာတ်မီးများကိုဖွင့်လိုက်သဖြင့် တစ်ခန်းလုံး လင်းထိန်သွားသည်။ ထိုဓာတ်မီးများမှာ လေထဲမှ ဝိုင်ယာလက်နည်းဖြင့် ဖမ်းယူ၍ရသော ဓာတ်အားကို အသုံးပြု၍လင်းစေကြောင်း၊ ထိုကဲ့သို့ နည်းဖြင့် ဓာတ်မီးထွန်းသူများ အမေရိကန်ပြည်တွင် တစ်ခါက ပေါ်ပေါက်ဖူးရာ လက်ဦးပထမတွင် အစိုးရမှာ ဘာမျှမတတ်နိုင်ဘဲ ငေးကြည့်နေရပြီး နောင်သောအခါမှ လျှပ်စစ်ဓာတ်အားပေးရုံကြီးတွင် ဓာတ်အားများ ပိုမို၍ကုန်လျက်ရှိကြောင်း တွေ့ရသဖြင့် ထိုသူများအား အခွန်စည်းကြပ်ရန် ဥပဒေသစ်တစ်ရပ် ထုတ်ဆင့်ရဖူးကြောင်းတို့ကို ဦးဘခက် ရှင်းလင်းပြောပြသဖြင့် စောနိုင်သိရသည်။

စောနိုင်သည် မိမိပတ်ဝန်းကျင်ကို လှည့်ပတ်၍ကြည့်မိသည်။ အခန်းမှာ ပေအစိတ်ပတ်လည်ခန့်မျှ ကျယ်ဝန်း၍ စားပွဲရှည်ကြီးနှစ်လုံး၊ စာရေးစားပွဲငယ်တစ်လုံး၊ စားပွဲ အသီးသီးတို့ ရှေ့တွင် ကုလားထိုင်တစ်လုံးစီနှင့် အမျိုးအမည်မဖော်ပြနိုင်သော

ပစ္စည်းအမျိုးမျိုးများမှာ သူ့နေရာနှင့်သူ သေသပ်စွာရှိနေပြီး နံရံတစ်ဖက်တွင် ကပ်ထားသော ဗီရိုကြီးနှစ်လုံးတွင်လည်း လောကဓာတ် ပညာကျမ်းစာအုပ်အမျိုးမျိုးများနှင့် ပြည့်နှက်နေသည်။

အခန်းအလယ်ရှိ စားပွဲကြီးနှစ်လုံးအနက် တစ်လုံးပေါ်တွင် ဖန်အိုး၊ ဖန်ပေါင်းချောင်၊ ဖန်ပြွန် အစရှိသော လောကဓာတ်ပညာအသုံးအဆောင်များသည် အချို့မှာ တစ်ခုနှင့်တစ်ခု ဆက်သွယ်တပ်ဆင်လျက်၊ အချို့မှာ သီးခြားတည်ရှိနေကြပြီး၊ အချို့ ဖန်အိုးကြီးများအတွင်း၌လည်း ဓာတ်ဆေးရည်များ ဖြစ်ဟန်လက္ခဏာရှိသောအရောင်အမျိုးမျိုးရှိသည့် ပြည့်လုပြည့်ခင်သော်လည်းကောင်း၊ တစ်ဝက်မျှသော်လည်းကောင်း၊ အနည်းငယ်မျှစီသော်လည်းကောင်း ရှိနေကြသည်။ ၎င်းစားပွဲကြီး၏ အပေါ်တည့်တည့်တွင်ကား လူတစ်ဖက်ခန့်လုံးပတ်ရှိ၍ ခရုကြီးနှင့်ခပ်ဆင်ဆင်တူသည့် အရာဝတ္ထုကြီးမှာ အမိုးမှ တွဲလောင်းချိတ်ဆွဲလျက်ရှိသည်။ ထိုအရာဝတ္ထုကြီးမှ ဓာတ်ကြိုးများ၊ ပြွန်ချောင်းများ စသည်တို့သည် နံရံများသို့ လည်းကောင်း၊ စားပွဲရှိရာ ဝတ္ထုအချို့သို့ လည်းကောင်း ဆက်သွယ်တပ်ဆင်လျက်ရှိနေပြန်သည်။

အခြားစားပွဲရှည်ကြီးတစ်လုံးပေါ်တွင်မူကား အသံလွှင့်ကိရိယာများဖြစ်ဟန်တူသော ဓာတ်ကြိုးများ၊ ဓာတ်မီးလုံးများ၊ ဓာတ်ခလုတ်များတို့နှင့် ရှုပ်ထွေးနေသည်။ အရာဝတ္ထုများကို တပ်ဆင်ထားသည့် အခန်း၏ အခင်းမြေပြင်မှာ သမံတလင်း ကိုင်ထား၍ နံရံများနှင့် အမိုးတွင် အင်္ဂတေများဖြင့် ပြုလုပ်ထားပြီး စိမ်းဖန့်ဖန့်အရောင်ရှိသော သဘော်ဆေးဖြင့် သုတ်ထားလျက် ဓာတ်ကြိုးများ၊ ဓာတ်ခလုတ်များ၊ ဓာတ်မီးပွင့်များနှင့် အခြားလောကဓာတ်ပညာဆိုင်ရာ အသုံးအဆောင်ပစ္စည်းကိရိယာတို့ဖြင့် နေသားတကျ တပ်ဆင်ထားရာ အနောက်နိုင်ငံ ဘိုင်စကုတ်ကားတို့၌ တွေ့ရဖူးသော လောကဓာတ်ခန်းကြီးများနှင့် ဆင်ဆင်တူလှပေသည်။

စောနိုင်သည် ဘေးအန္တရာယ်မကင်းသော ခေတ်ဖြစ်သဖြင့် ထိုမျှ လျှို့ဝှက်ထားသည်ကို မအံ့သြမိသော်လည်း သေသပ်ခမ်းနားစွာ စီမံထားနိုင်ခြင်းကိုမူကား မအံ့သြဘဲ မနေနိုင်အောင်ရှိတော့သဖြင့် –

"ဦး ဒီမြေတိုက်ခန်းကိုလုပ်ထားတာ ဘယ်လောက်ကြာပြီလဲ"

"အိမ်ဆောက်ကတည်းက လုပ်ထားတာပဲ၊ အင်္ဂလိပ်အင်ဂျင်နီယာတစ်ယောက်ကို ငှားပြီး ဆောက်ရတယ်၊ ဒါကြောင့် ဒါလောက်ကောင်းနေတာပေါ့၊ လောကဓာတ်ခန်းကို ဒီလို မြေတိုက်ထဲမှာ ထားတာက ခုမှမဟုတ်ဘူးကွဲ့၊ သမိုင်းအိမ်ကြီးတုန်းကလည်း ခုလို မြေတိုက်ထဲမှာလုပ်တာပဲ။ ဦးကိစ္စတစ်ခုကို မအောင်မြင်ခင် လူသိမှာ တယ်စိုးတာကလား"

ဦးဘခက်သည် စောနိုင်အား ပြန်ဖြေရင်း အသံလွှင့်ကိရိယာများရှိသော ပွဲကြီးဆီသို့ ခေါ်ဆောင်သွားပြီး မိုက်ကရိုဖုန်းတစ်ခုနှင့် ၎င်းရှေ့တွင်ရှိသော ပစ္စည်းများ ပြသနေသည်။ အသံလွှင့်မိုက်ကရိုဖုန်း၏ ရှေ့တွင် တပ်ဆင်ထားသော ပစ္စည်းများ နက် အထူးဆန်းဆုံးသော အရာဝတ္ထုမှာ ပိုက်ဆံပြား ပမာဏခန့်ရှိပြီး မီးကျီးခဲကဲ့သို့ ရှိနှီလျက် အရောင်တဝင်းဝင်းလက်နေသော မောင်းကလေးတစ်ခုနှင့် ၎င်းကဲ့သို့ပင် ရောင်အဆင်းရှိ၍ ကြေးဝါချောင်းကလေးနှင့် လက်ကိုင်သဏ္ဌာန် တပ်ဆင်ထားသော ရာဘုသီးကလေးတို့ဖြစ်သည်။ ၎င်းတို့မှာ အလိုအလျောက် ဓာတ်အားဖြင့် ထုစေဟန် ကွဏာဖြင့် တစ်ခုနှင့်တစ်ခု အလိုက်သင့်ချိန်ရွယ်ကာ စပရိန်ကလေးများ၊ ဓာတ်ကြိုး ားဖြင့် ဆက်သွယ်ထားသည်။ စောနိုင်သည် ထူးဆန်းလှပသော မောင်းကလေးကို တ်ဝင်စားနေစဉ် ဦးဘခက်သည် သူ့အား မေးမြန်းလိုက်၏။

"အဲဒီဟာကို ဘာနဲ့လုပ်ထားတယ် ထင်သလဲ၊ မောင်စောနိုင်"

"ကျွန်တော့်အထင်တော့ ဓာတ်သတ္တုတစ်မျိုးလို့ အောက်မေ့တာပဲ၊ ဘာရယ်လို့ တော့ သေသေချာချာ မခွဲခြားနိုင်လို့ ကြည့်နေတာပါ"

"အေး – ဓာတ်သတ္တုတစ်မျိုးတော့ ဟုတ်တယ်၊ ဒါပေမဲ့ မြေကြီးထဲကရတဲ့ သတ္တုမျိုး မဟုတ်ဘူး၊ လေထဲမှာပါတဲ့ သဒ္ဒါယနမြူမှုန်ကလေးတစ်မျိုးကို လောကဓာတ် နည်းအားဖြင့် ဖမ်းဆီး စုပေါင်းထားတဲ့ သတ္တုတစ်မျိုးပေါ့ကွယ်။ ထူးဆန်းတာကတော့ ဒီသတ္တုမျိုးကို မြေကြီးရဲ့ဆွဲငင်ခြင်း အာဃမုနသတ္တိဟာ မလွှမ်းမိုးနိုင်တဲ့အတွက် အလေးချိန် ဆိုလို့ လုံးဝမရှိဘူး။ ဒါကြောင့် မြေပြင်ပေါ်ကို ဘယ်အခါမှ မကျဘဲ၊ လေထဲမှာသာ သူ့အလိုအလျောက် ပျံဝဲပြီးနေလေ့ရှိတယ်။ ကဲ – ပြောရမှာကတော့ အရှည်ကြီးပဲကွဲ့၊ ဟိုစားပွဲက ကုလားထိုင်ကို ဒီနားရွှေ့ခဲ့ သေသေချာချာ နားလည်သွားအောင် ပြောပြမယ်"

စောနိုင်သည် သူ့အမိန့်အတိုင်း ကုလားထိုင်တစ်လုံးကို ရွှေ့လာပြီးအနားတွင် ထိုင်လိုက်သည်။

"ဒီမြူမှုန်ကလေးတွေကို စတွေ့ပုံကတော့ ဒီလိုကွဲ့. **မြတ်စွာဘုရားရဲ့ အသံတော်ကို ဖမ်းမယ်ကြံတုန်း**က တစ်စုံတစ်ခုသော အသံဟာ လေလှိုင်းကလေးတွေ ကြောင့် ဖြစ်ပေါ်လာတယ်ဆိုတဲ့အကြောင်းကို မူတည်ပြီး စဉ်းစားရတာကိုး။ အသံတစ်မျိုး မှာ လေလှိုင်းတစ်မျိုးဖြစ်ရမယ်။ မနေ့က မောင် ဒီနေရာမှာပြောခဲ့တဲ့ စကားကိုကြားချင်ရင် အဲဒီတုန်းက ဖြစ်ပေါ်လာခဲ့တဲ့ လေလှိုင်းကိုရအောင် ဒီနေရာမှာပဲပြန်ပြီးရှာရမယ်ဆိုတာ တွေလောက်တော့ မောင်လည်း နားလည်မှာပေါ့"

ဒါနဲ့လွန်လေပြီးသော ကာလက ထွက်ပေါ်ခဲ့ဖူးတဲ့ အသံများရဲ့ လေလှိုင်းတွေ

ကို ရှာဖွေဖမ်းဆီးဖို့ ကြံကြရတယ်။ အဲဒီအခက်အခဲကို ဆရာကြီးရှိစဉ်ကပဲ လွန်မြောက်အောင်မြင်ခဲ့ကြပါရဲ့၊ ဒါပေမဲ့ အဲ့ဒီတုန်းက နှစ်ဆယ့်လေးနာရီအတွင်း ဖြစ်ပေါ်ခဲ့တဲ့အသံများကိုသာ ပီပီသသ ပြတ်ပြတ်သားသား ရအောင် ဖမ်းဆီးနိုင်သေးတယ်။ ဒါထက်ဝေးသွားတဲ့ အသံကျတော့ ဖမ်းလို့တော့ရပါရဲ့၊ မနေ့က အသံဆိုရင်ပဲ ဒီနေ့အသံလောက်ပီပီသသမရှိတော့ဘူး။ သိသိသာသာ ကွာခြားသွားပြီ၊ ခုနစ်ရက်လောက် အသံကျတော့နားမလည်နိုင်လောက်အောင် မပီမသနဲ့ တိုးတိုးကလေးပဲ ကြားရတော့တယ်။ ဒီတော့လွန်ခဲ့တဲ့ နှစ်ပေါင်းနှစ်ထောင်ကျော်က အသံကို ပြန်ဖမ်းဖို့ရာ အတော်ကြံနေသေးတဲ့အတွက်ဘာကြောင့် ဒီလိုဖြစ်ရတယ်ဆိုတာ တစ်ခါ ရှာဖွေရပြန်တယ်။

အဲဒီတော့မှ လေထဲမှ အသံကိုဖြစ်ပေါ် ကူးစက်သွားစေတဲ့ မြူမှုန်ကလေးတစ်မျိုးရှိနေကြောင်းကို သွားတွေ့ရတယ်။ သူတို့ဟာ မျက်စိနဲ့ မမြင်နိုင်ရုံမက အဏုမြူထက်ပင်အဆပေါင်းများစွာ သေးငယ်တဲ့ ဓာတ်သတ္တုအမှုန်ကလေးတစ်မျိုးဖြစ်ပြီး မြေပြင်ပေါ်ကိုဘယ်အခါမှမကျဘဲ လေထုသိပ်သည်းရင် သိပ်သည်းသည်နှင့်အမျှ၊ ပါးလွှာရင်ပါးလွှာသည်နှင့်အမျှ အနည်းနှင့်အများ အချိုးအစားအတိုင်း စုဝေးတည်နေလေ့ရှိကြတယ်။ ဒါကြောင့် လေပြင်းမုန်တိုင်းတွေ ဘာတွေကျခါနီးမှာ လေထုအင်မတန် သိပ်သည်းကျစ်လျစ်လွန်းလှတဲ့အတွက် ဒီမြူမှုန်ကလေးတွေ တစ်ခုနှင့်တစ်ခု အနီးကပ်ကြတာကြောင့်သူတို့ရဲ့အရောင်ဟာ သာမန်မျက်စိနဲ့ မြင်နိုင်လောက်အောင် ကောင်းကင်မှာ နီရဲလာတာကိုတွေ့ရတာပေါ့။

တစ်စုံတစ်ခုသောအသံကြောင့် လေလှုပ်ရှားပြီး လှိုင်းကလေးတွေဖြစ်သွားတဲ့အခါမှာ အလိုအလျောက် ပျံ့ဝဲနေတဲ့ အဲဒီမြူမှုန်ကလေးတွေ သွားတိုးမိတယ်၊ တိုးမိတဲ့အခါလေလှိုင်းရဲ့ပုံသဏ္ဍာန်အလိုက် မြူမှုန်ကလေးများမှာ အသံမြည်သွားပြီး တစ်ခုနဲ့တစ်ခုကူးစက်ပျံ့နှံ့သွားပြန်တယ်။ အဲဒီလိုကူးစက်သွားတဲ့ မြူမှုန်ကလေးများဟာ လူသတ္တဝါတို့ရဲ့နားသောတစည်မျက်နှာပြင်ကို သွားတိုးမိတာနဲ့တစ်ပြိုင်နက် မူလထွက်ပေါ်လာတဲ့ အသံကိုကြားစေတယ်။

ဒါနဲ့ တို့ဖမ်းလို့ရတဲ့ လေလှိုင်းတွေကို ပြန်ကြည့်လိုက်တော့ရင် ကြာသွားတဲ့အသံများရဲ့ လေလှိုင်းတွေဟာ လေထုပါးလွှာတာကြောင့် အသံမြည်စေတဲ့ သဒ္ဒါယနမြူမှုန်ကလေးတွေ တဖြည်းဖြည်း နည်းသွားတဲ့အတွက် အသံမပီသဖြစ်နေကြောင်းကိုသိရပြန်တယ်။ တစ်ခါအသံများရဲ့ လေလှိုင်းဟာ ရက်ကြာလေလေ လေထု တဖြည်းဖြည်း ပါးလွှာသွားပြီး ပုံသဏ္ဍာန် မထင်မရှား ဖြစ်လာလေလေ ဆိုတာဟာ သဘာဝအတိုင်းဖြစ်တဲ့အတွက် ပြုပြင်လို့ မနိုင်သော်လည်း ဖမ်းလို့ရသမျှ လေလှိုင်းထဲမှာပဲ ပြောခဲ့တဲ့

သဒ္ဒါယန မြူမှုန်ကလေးတွေ များများပါအောင် ဖြည့်စွက်ပေးဖို့တော့ ဖြစ်နိုင် ကြောင်း ထပ်မံသိရပြန်တဲ့အတွက် သူတို့ကို သတ်သတ်ဖမ်းဆီးစုဆောင်းဖို့ ကြံရပြန်တယ်။

ဒီအခက်အခဲကိုတော့ သမိုင်းခြံကြီးထဲမှာနေစဉ် အင်္ဂလိပ်နဲ့ ဂျာမနီစစ်မဖြစ်ခင် ကလေးကမှ အောင်မြင်ခဲ့တယ်။ သူတို့ကို ဘယ်လိုစုဆောင်းရသလဲဆိုတော့ ဖန်အိုးကြီး တစ်လုံးကို အောက်က ခံပြီးအပေါ်က ဓာတ်ရည်တစ်မျိုးကို တစက်စက်ကျအောင် လုပ်ထားတဲ့အခါ လေထဲမှာ ပါလာတဲ့ သဒ္ဒါယနမြူမှုန်ကလေးတွေဟာ အဲဒီဓာတ်ရည်စက်ကလေးတွေနဲ့ သွားတိုးမိကြတယ်။ အဲသလို တိုးမိတဲ့ မြူမှုန်တွေဟာလည်း ဓာတ်ရည်နဲ့ စိုစွတ်သွားစဉ် ခဏမှာ မြေကြီးရဲ့ဆွဲငင်ခြင်း အာဃာနသတ္တိဖြစ်ပေါ်လာပြီး ဓာတ်ရည်စက်ကလေးနဲ့အတူ အောက်က ဖန်အိုးထဲကို ကျသွားရာက ဖန်အိုးထဲမှာရှိတဲ့ ဓာတ်ရည်ရဲ့ သတ္တိကြောင့်ပဲ တစ်ခုနဲ့တစ်ခု တွဲကပ်သွားကြတဲ့အတွက် မျက်စိနဲ့ မြင်နိုင်တဲ့ အစိုင်အခဲ တုံးကလေးတွေ ဖြစ်ပေါ်လာကြပြန်တယ်။ အဲဒီအခါမှာမှ သူတို့ကို စုဆောင်းသိမ်းဆည်းထားလို့ရတာကိုး။

အဲဒီလို အစိုင်အခဲဖြစ်သွားပေမဲ့ ဓာတ်ရည်သွေ့ခြောက်သွားတဲ့အခါ သူတို့ရဲ့ နဂိုမူလတန်ခိုးသတ္တိဟာ ပြန်ပေါ်လာခဲ့တယ်။ ဒီအစိုင်အခဲကလေးကို လက်ထဲက လွှတ်လိုက်တဲ့အခါ မြေပြင်ပေါ်ကို ကျမသွားဘဲ ပျံဝဲနေတာကို တွေ့ရတယ်။ နောက်ပြီး ဖယောင်းကဲ့သို့ ပျော့ပျောင်းနူးညံ့လှတဲ့အတွက် လိုရာပုံသဏ္ဌာန်ကို အလွယ်တကူပြုလုပ်လို့ရတယ်။ အဲဒီမောင်းကလေးဟာ လက်နဲ့လုပ်ထားတာပေါ့။ မြူမှုန်ကလေးတွေ ဒါလောက်များများရဖို့ကို တစ်နှစ်ကျော်ကျော် နှစ်နှစ်နီးပါး စုဆောင်းခဲ့ရတယ်။ အခု သူတို့ကို အသုံးပြုခြင်းအားဖြင့် လွန်ခဲ့တဲ့ အနှစ်တစ်ရာခန့်က အသံကို ပြန်ဖမ်းနိုင်ပြီး နောက်သုံးနှစ်ထပ်မံ စုဆောင်းရင် **နှစ် နှစ်ထောင်ကျော်က မြတ်စွာဘုရား ဟောတော်မူခဲ့တဲ့အသံကို ဖမ်းလို့ရနိုင်လိမ့်မယ်လို့ မျှော်လင့်စရာရှိတယ်။** ဒီလို မောင်းကလေးလုပ်ထားတာကတော့ အသံဖမ်းဖို့ ကိစ္စနဲ့မဆိုင်ဘူး နောက်ထပ် စမ်းသပ်တွေ့ရှိတဲ့ နည်းလမ်းတစ်ခုအတွက် ခေတ္တအသုံးပြုထားတာပဲ လက်ဦးပြောခဲ့တဲ့ လူကို သေစေလောက်အောင် ပြင်းထန်တဲ့အသံကြီးဆိုတာ အဲဒါပေါ့။ ဖြစ်ပေါ်လာပုံကတော့–

ဒီသဒ္ဒါယန မြူမှုန်ကလေးများဟာ အခြားအကြောင်းကြောင့် ဖြစ်ပေါ်လာတဲ့ အသံများကို လူသတ္တဝါတို့ရဲ့ နားမှာ ကြားစေနိုင်ရုံမကလေဘူး၊ လေထဲမှာ လွင့်ပါးနေရင်း သူတို့ အချင်းချင်း တိုးဝှေ့တိုက်ခိုက်မိတဲ့အခါမှာလည်း အသံတစ်မျိုးထွက်ပေါ်လာသေးတယ်။ ဒီအသံကိုသာမန်နားနဲ့ မကြားနိုင်သော်လည်း ရေဒီယိုအသံချဲ့စက် အစရှိတဲ့ ဓာတ်နဲ့ပတ်သက်ပြီး အသံထွက်တဲ့ကိရိယာတွေထဲမှာတော့ သိသိသာသာပဲ ကြားနိုင်ကြ

တယ်။ ရေဒီယိုဖွင့်တဲ့အခါ အသံဖမ်းလို့ မမိတမိအချိန်ကလေးမှာ ဝီ– ဝီ– ဂရု– ဂရု– ဂုတ်–ဂုတ် နဲ့မြည်တဲ့အသံတွေဟာ အဲဒါတွေပေါ့။

ကဲ ဘယ်လောက်ပြင်းထန်သလဲ၊ အဲဒါ မျက်စိနဲ့ မမြင်နိုင်လောက်အောင် သေးငယ်တဲ့ မြူမှုန်ကလေးချင်း တိုးမိကြတဲ့အသံရှိသေးတယ်။ တကယ်လို့ အစိုင်အခဲဖြစ်ပြီး ကြီးမားလာတဲ့အခါကျရင် သူတို့ချင်း ထိခိုက်တိုးဖေ့မိလို့ ဖြစ်ပေါ်လာတဲ့ အသံဟာ ဘယ်လောက် ပြင်းထန်မယ်ဆိုတာကိုတော့ ချင့်သာ ကြည့်ပေတော့။ သို့သော်လည်း မြေပြင်ကို မကျနိုင်လောက်အောင် ပေါ့ပါးနူးညံ့တဲ့အတွက် အစိုင်အခဲကြီးမားလာလို့ သူတို့ချင်း ထိခိုက်မိတဲ့ အသံဟာ ဘယ်လောက်ပဲ ပြင်းထန်စေကာမူ သာမန်နားနဲ့တော့ မကြားနိုင်ပေဘူး။ ဓာတ်အားဖြင့် အသံဖမ်းထားတဲ့ပစ္စည်းကိရိယာတွေထဲမှာသာ ထိခိုက်တိုးဖေ့မိတဲ့ မြူမှုန်အစု အစိုင် အခဲများရဲ့ အကြီးအငယ်ပမာဏနှင့်အမျှ အသံပြင်းထန်စွာ ထွက်ပေါ်လာနိုင်ကြောင်းကို တွေ့ရတယ်။

ဟောဒီမောင်းကလေးရဲ့ ဘုသီးကလေးလောက် ကြီးမားတဲ့ အစိုင်အခဲများကျတော့ သူတို့ချင်း တိုးဖေ့မိသည့်အသံဟာ လူသတ္တဝါတို့ရဲ့ နားမှာ မခံနိုင်လောက်အောင် ပြင်းထန်နေပြီဆိုတာ ဟိုညက သေသေချာချာ ထင်ထင်ရှားရှား သိလိုက်ရတာပါပဲ။ သို့ပေမဲ့ တစ်ခုတော့ ရှိတယ်။ ဟော့ ... သူတို့ချင်း တိုးဖေ့မိတဲ့အသံဟာ ရေဒီယိုတို့ အသံချဲ့စက်တို့ထဲက ထွက်ပေါ်လာတဲ့အခါ ဘယ်လောက်ပဲ ပြင်းထန်သော်လည်း ကိုက်တစ်ရာ ပတ်ဝန်းကျင်အတွင်းမှာသာ လူသတ္တဝါတို့ကို အသက်အန္တရာယ်သော် လည်းကောင်း၊ ဘေးဥပဒ်သော်လည်းကောင်း ဖြစ်စေနိုင်တဲ့ ခွန်အားရှိပြီး အသံထွက်ပေါ်လာတဲ့ ရေဒီယို သို့မဟုတ် အသံချဲ့စက် အစရှိသည်တို့ ကိုက်တစ်ရာထက် ပိုပြီးဝေးကွာနေတဲ့ လူသတ္တဝါများကျတော့ အသံကိုကြားလိုက်သော်လည်း ဘာမျှမဖြစ်နိုင်ကြောင်း တွေ့ရတယ်။

အဲဒီယုံကြည်ချက်ကြောင့် ဟိုညက စမ်းသပ်လိုက်မိတာပေါ့။ ငါ့အိမ်ဟာ အနည်းဆုံး လူနေအိမ်ခြေနဲ့ တစ်ဖာလုံလောက် ဝေးတယ်။ ဒီတော့ ညလူခြေတိတ် ဆယ့်နှစ်နာရီ၊ နာရီပြန် တစ်ချက်ဆိုရင် ဒီအနားမှာ အသွားအလာလည်း ရှိမှာမဟုတ်ဘူးဆိုပြီး သေသေချာချာ တွက်လုပ်လိုက်တာ အကြောင်းက တိုက်ဆိုင်လွန်းအား ကြီးသွားတယ်။ တကယ်လို့ ဆယ့်ငါးမိနစ်လောက် စောနေရင်သော်လည်းကောင်း၊ နောက်ကျသော်လည်းကောင်း ဒီလူတွေဟာ ဒီအိမ်နဲ့ အနည်းဆုံး ကိုက်သုံးရာကျော်ကျော် အကွာမှာ ရှိရမယ်။ ကြောက်လန့်ရုံကလွဲလို့ ဘာမှမဖြစ်နိုင်ဘူး။ ခုတော့ ဒီအသံက လွှင့်လိုက်တာနဲ့ သူတို့က အိမ်ရှေ့ရောက်လာတာနဲ့ အံကိုက်နေတော့ ကိစ္စချောသွားတာပေါ့။

* * *

## အရေးကြီးသော ငါးမိနစ်

ပတ္တမြားအရောင်မှ ရွှေစင်အသွေးသို့ ပြောင်းလဲစပြုသော ဖန်ဝါသည် စိမ်းလွင်သည့် သစ်ပင်ကြီးများပေါ်မှ ကျော်ကာ လောကဓာတ်တစ်ခွင်ကို ချောင်းမြောင်းလျက် ကြည့်နေခိုက်။

နံနက်ခင်း၏ သန့်ရှင်းလတ်ဆတ်သော လေအယဉ်သည်လည်း ဘယ်ညာ ဝှေ့ယမ်းတိုက်ခတ်လျက်ရှိနေခိုက်။

အိပ်ရာမှထစဖြစ်သော ဦးဘခက်သည် မျက်နှာသုတ်ပဝါကြီးကို လည်တွင် ရစ်ပတ်ကာ ပြတင်းပေါက်တွင် မတ်တတ်ရပ်လျက် သစ်လွင်သည့် နေဝန်း၏ရောင်ခြည်နုတို့ဖြင့် ရှုမငြီးနိုင်သော ဩကာသလောကကြီးဝယ် ကြည်နူးဖွယ် အရသာကို ငြိမ်သက်စွာ ခံစားနေသည်။

ထိုစဉ် ဒေါ်သူဇာသည် သူ၏ နေ့စဉ်ပြုမြဲ ဝတ္တရားအတိုင်း ကော်ဖီတစ်ခွက်နှင့် ဈေးမှ ဝယ်ယူခဲ့သော သတင်းစာကို အခန်းလယ်ရှိ စားပွဲပေါ်တွင် ချထားခဲ့ပြီး တိတ်ဆိတ်စွာ အတွင်းဘက်သို့ ပြန်ဝင်သွားသည်။

သူ့ခြေသံကြောင့် ဦးဘခက်သည် နောက်သို့လှည့်ကြည့်လိုက်၏။ ထို့နောက် စားပွဲရှေ့သို့ သွားရောက်ထိုင်ကာ ကော်ဖီကိုမသောက်ဘဲ သတင်းစာကို ဆွဲယူဖတ်ရှုနေသည်။ ထိုစဉ် သူ၏မျက်လုံးများသည် သတင်းစာတစ်နေရာကို စူးစိုက်လိုက်မိ သည်နှင့် တစ်ပြိုင်နက် မျက်နှာအမူအရာ အသွယ်သွယ်ပြောင်းလဲသွားပြီး တစ်ဝက်တစ်ပျက် ကျန်ရှိနေသေးသော သတင်းစာဖတ်ခြင်းအလုပ်ကို ရပ်စဲလိုက်သည်။

သတင်းစာကို လက်ကြားတွင် ညှပ်ကာ ပေါင်ပေါ်တွင် တင်ထားရင်း တစ်ခဏမျှ စိတ်ဝင်စားစွာ တွေဝေစူးစိုက်သွားရာမှ ရုတ်တရက် မျက်နှာရွှင်ပျသွားပြီး ဖတ်ပြီးသား သတင်းစာကို တစ်ဖန်ပြန်၍ ဖတ်နေပြန်၏။ ထို့နောက် တစ်စုံတစ်ရာ ကို သတိရသကဲ့သို့ ဒေါ်သူဇာကို လှမ်းခေါ်လိုက်သည်။ သူ၏အရေးတကြီးခေါ်လိုက်သံကြောင့် ဒေါ်သူဇာမှာ ပျာပျာသလဲအခန်းထဲမှ ပြန်ထွက်လာရရှာ၏။

"မယ်သူဇာ၊ အေးဆောင်ကို ပြောလိုက်စမ်း၊ မောင်စောနိုင်ကို သွားခေါ်ချေလို့၊ အရေးတကြီး တိုင်ပင်စရာရှိလို့ ချက်ချင်းလိုက်ခဲ့ပါလို့ ပြောပေ့စေ"

"ဟုတ်ကဲ့ ... အစ်ကိုကြီး၊ ကျွန်မ ပြောလိုက်ပါ့မယ်"

ဒေါ်သူဇာ ထွက်သွားပြီးနောက် ဦးဘခက်သည် ကော်ဖီပန်းကန်ကို ဆွဲယူ၍ သောက်ရင်း သူ့ အမူအရာမှာ တဖြည်းဖြည်းတည်ငြိမ်သွားသည်။ တစ်စုံတစ်ခုကို နက်နက်

နဲနဲ ချိန်ဆတွေးတောနေသဖြင့် သူ့မျက်လုံးများသည် ပိုမို၍အရောင် ထွက်လာသကဲ့သို့ ရှိလျက် သတင်းစာကို စားပွဲပေါ်တွင် ဖြန့်ချထားပြီး သူ့အဖို့ ထူးခြားသော သတင်းကို အားမရနိုင်သကဲ့သို့ အကြိမ်ကြိမ် အထပ်ထပ် ပြန်၍ဖတ်နေပြန်သည်။ မကြာမီ စောနိုင် ရောက်လာ၏။

"လာဟေ့ မောင်စောနိုင်၊ ဒီနေ့ တို့အတွက် သတင်းထူးတယ်ကွဲ့။ နှစ်ပေါင်းများစွာ ရှာဖွေစမ်းသပ်လာခဲ့တဲ့ ပညာကို အသုံးချဖို့ အခွင့်အခါတော့ ကြုံလာပြီ၊ ဟောဒီမှာ ကြည့်စမ်း"

သူသည် သတင်းစာတစ်နေရာကို ထောက်လျက် ပြောဆိုနေရာ စောနိုင်မှာ သိလိုဇောဖြင့် စိတ်အားထက်သန်စွာ သူညွှန်ပြသော သတင်းကိုဖတ်လိုက်သည်။ သို့ရာတွင် ထိုသတင်းသည် မည်သို့ထူးခြားသည်ကို တွေးတော၍မရခဲ့ချေ။ ထိုသတင်းကား နိပွန်ဘုရင်မင်းမြတ်သည် အရှေ့ဘက် ကမ္ဘာတစ်လွှားတွင် အရပ်ရပ်ပျံ့နှံ့လျက်ရှိသော မိမိ၏ စစ်သည်တော်သားများသို့ အားတက်ဖွယ် မိန့်ခွန်းစကားဖြင့် ယနေ့ည မြန်မာ အချိန် ၇ နာရီခွဲတိတိတွင် အသံလွှင့်ကြေငြာမည်ဟူ၍ဖြစ်ရာ အသံလွှင့်မည့် မီတာနှင့်တကွ ဖော်ပြထားသည်။

ဦးဘခက်သည် ထိုသတင်းကို ဖတ်ပြီးနောက် နားမလည်ဟန်ဖြင့် မော်ကြည့်လိုက်သော စောနိုင်အား အကဲခတ်ရင်း ပြောပြောဆိုဆို နေရာမှထလိုက်၏။

"ဘယ့်နှယ်လဲ၊ မောင်သဘောမပေါက်ဘူး ထင်တယ်၊ လာလာ မြေတိုက်ထဲ သွားပြီး တိုင်ပင်ကြစို့"

သူတို့နှစ်ယောက်သည် မြေတိုက်ထဲသို့ ရောက်ခဲ့ကြပြီးနောက် ဦးဘခက်သည် အသံလွှင့် ကိရိယာများရှိရာ စားပွဲရှေ့သို့ သွားရောက်ကာ မောင်းကလေးကို ရွှန်းရွှန်းစားစား စိုက်ကြည့်နေရင်း အလွန်ပီတိဖြစ်နေပုံဖြင့် ပြုံးရယ်လိုက်သည်။ ပြီးမှ စောနိုင်ဘက်သို့ လှည့်၍ ...

"ဒီနေ့ ဩဂုတ်လ ၂၅ ရက်နေ့၊ ဟုတ်ကဲ့ မဟုတ်လား မောင်စောနိုင်"

"ဟုတ်ပါတယ်"

"သေချာရဲ့နော်"

"ဟုတ်ကဲ့ သေချာပါတယ်"

"ဒါဖြင့် ဂျပန်ရှင်ဘုရင် အသံလွှင့်မယ်ဆိုတာ ဒီနေ့ညပဲ။ ဟုတ်တယ်ဦးတော့ ဘာပဲဖြစ်ဖြစ် ဟောဒီ မောင်းကလေးရဲ့အစွမ်းကို ဒီနေ့ညစမ်းသပ်လိုက်တော့မယ်၊ ဒါထက် နေပါဦး ဂျပန်စစ်တပ်တွေအားလုံး ဂရုတစိုက်အသံဖမ်းပြီး နားထောင်လေ့ရှိကြရဲ့

မဟုတ်လား"

စောနိုင်မှာ ဘာအတွက် ထိုကဲ့သို့ မေးမြန်းနေသည်ကို ချိန်ဆတွေးတောရင်း သူ့မေးခွန်းကိုဖြေလိုက်သည်။

"ဟုတ်ကဲ့– သူတို့အမြတ်တနိုး ကြည်ညိုချစ်ခင်တဲ့ ဘုရင်ရဲ့စကားမို့ တတ်နိုင်သမျှ နားထောင်ရအောင် ကြိုးစားကြမှာပါပဲ။ တောထဲတောင်ထဲ ရောက်နေပြီး ရေဒီယိုတို့ ဘာတို့ မရနိုင်တဲ့နေရာက စစ်တပ်များသာ နားမထောင်ရဘဲ ကျန်ချင်ကျန်နေပါလိမ့်မယ်"

"ဒါဖြင့် မင်းစိတ်အထင်ပြောစမ်း၊ ရေဒီယိုနားထောင်နိုင်ခွင့်ရှိတဲ့ စစ်သားဦးရေဟာ ရှိသမျှ ဂျပန်စစ်သားဦးရေရဲ့တစ်ဝက် အနည်းဆုံးရှိပါ့မလား"

"ဟုတ်ကဲ့ တစ်ဝက်တော့ အနည်းဆုံးရှိပါလိမ့်မယ်။ ဒီထက်များရင်သာ များမှာပါ"

"အေး ဒါဖြင့် ဟန်ကျပြီ။ အဲဒီစစ်သားတဝက်လောက် ပြုတ်သွားတယ်ဆိုရင် မင်း ဂျပန်ကောင်တွေ ဘယ့်နှယ်နေမလဲဟေ့ ..."

"ခင်ဗျာ ... ဦး ဦး ဘယ့်နှယ်လုပ်မလို့ပါလဲ"

စောနိုင်သည် ဦးဘခက်၏အသံကိုတဖြည်းဖြည်း ရိပ်မိလာကာ မျက်လုံးပြူးသွားရင်း တုန်လှုပ်စွာ မေးလိုက်ရာ ဦးဘခက်သည် သူ့မေးခွန်းကို ပြန်မဖြေသေးဘဲ

"နေစမ်းပါဦးလေ၊ ဦး မေးတာကို ပြောပါဦး"

"ဒီလိုဆိုရင် အခုစစ်မှာ ရှုံးဖို့ သေချာသလောက် နီးနီးဖြစ်သွားမှာပေါ့ခင်ဗျာ"

"အေး ကြိုက်ပြီ၊ ဒီနေ့ည ဂျပန်ရှင်ဘုရင် အသံလွှင့်တဲ့အချိန်မှာ သူလွှင့်မယ့် မီတာနဲ့ ကိုက်ပြီး တို့ကလည်း 'မရဏမောင်းသံ' ကို လွှင့်မယ်။ အသံဖမ်းပြီး နားထောင်တဲ့ ဂျပန်စစ်တပ်မှန်သမျှတော့ ကိစ္စချောရောပေါ့လကွယ်။ ဒါပါပဲ၊ ဦး မောင့်ကို တိုင်ပင်မလို့ ဆိုတာ နားလည်ပြီမဟုတ်လား"

စောနိုင်သည် ဦးဘခက်၏ကြောက်မက်ဖွယ်အကြံအစည်ကြီးကို ကြားလိုက်ရသဖြင့် ကျောချမ်းသွားသည်။ သူ၏စိတ်ထဲတွင် များစွာ မနှစ်မြို့လှ၊ သို့အတွက် အရဲစွန့်ကာ ပြောလိုက်သည်။

"ဒီလိုဆိုရင် ရက်စက်လွန်းရာမရောက်ဘူးလားခင်ဗျာ"

"မရက်စက်လို့ ဘယ့်နှယ်လုပ်မလဲ၊ ဒီလိုလုပ်လိုက်မှ သင်းတို့ မြန်မြန် စစ်ရှုံးပြီး ပြေးကြမယ်။ နို့မဟုတ်ရင် ဘယ်တော့မှ အေးအေးချမ်းချမ်းနေရဖို့ မျှော်လင့်စရာ မရှိဘူး။ သင်းတို့ပြေးလို့ အင်္ဂလိပ်ပြန်ဝင်လာလာ၊ ဗမာတပ်မတော်ပဲ အုပ်ချုပ်နေနေ၊ တို့ အခု စမ်းသပ်အောင်မြင်ပြီးသား၊ လွန်ခဲ့တဲ့ အနှစ်တစ်ရာခန့်က အသံပြန်ဖမ်းပြနိုင်ရဲ့

လောက်နဲ့ပဲ ဘယ်လောက် အကျိုးကျေးဇူးခံစားရမလဲ။ နောက်ပြီး မောင်တို့ကိစ္စလည်း ထင်ထင်ပေါ်ပေါ် ဂုဏ်သရေရှိရှိနဲ့ မြန်မြန် စီစဉ်ပေးနိုင်မယ်"

စောနိုင်သည် ဦးဘခက်၏စကားများကို လေးလေးနက်နက်တွေးတော နားထောင် နေသည်။ အတော်ကြာမှ စိတ်တင်းလိုက်သကဲ့သို့ မိမိအမူအရာကို ပြုပြင်လိုက်ပြီး

"ဒါလောက် လူတွေအများကြီးသေကျေပျက်စီးစေပြီးမှ ကိုယ့်ရဲ့ချမ်းသာပျော်ရွှင်မှုကို ခံစားရမယ်ဆိုရင် သင့်တော်လိမ့်မယ် မထင်ပါဘူးခင်ဗျာ။ ကျွန်တော်တို့အတွက် အကြောင်းမညီညွတ်နိုင်ရင်လည်း ကံအတိုင်းပဲ ရှိပါစေတော့။ ဒီလိုတော့ မလုပ်လိုက်ပါနဲ့ဆိုတာ တောင်းပန်ပါရစေ"

"ဟ မောင်စောနိုင်၊ ဦး ဒါလောက် ယုတ်မာပါ့မလား၊ အခု ပြောနေတာက တို့များရဲ့အကျိုးကျေးဇူး ကွက်ကွက်ကလေးတွင် ကြည့်ပြီး ပြောနေတာ မဟုတ်ဘူး။ အခု ဗမာပြည်ကို ဂျပန်ရောက်လာတဲ့ ၂ နှစ်အတွင်းမှာပဲ ပါးရိုက်နားရိုက်၊ ချွေးတပ်ဆွဲ လက်သည်းခွံခွာဆိုတဲ့ အဓမ္မမှုတွေကို တွေ့ကြုံရပြီမဟုတ်လား။ ဦးကတော့ ဒါတွေကို ဂျာမနီပြည်မှာကတည်းက တွေ့လာရလို့ ရိုးနေပါပြီ။ တကယ်လို့များ ဒီစစ်ကြီးမှာ သူတို့ဘက်ကသာ မတော်တဆနိုင်သွားခဲ့ရင် ကမ္ဘာသူ ကမ္ဘာသားတွေဟာ ကမ္ဘာမီးလောင်ခံရတာကမှ တော်လိမ့်ဦးမယ်။ နောက်ပြီး သူတို့ အဓမ္မမင်းမူတဲ့ခေတ်ကြီးမှာ တို့ကြုံရှယ်လာခဲ့တဲ့ ဗုဒ္ဓသာသနာတော်ကြီးကို ပြုစုဖို့ရာလည်း ဘယ်လို မှဖြစ်နိုင်တော့မှာ မဟုတ်ဘူး။ ဒါကြောင့် ကမ္ဘာသူ ကမ္ဘာသား သတ္တဝါများရဲ့အကျိုး၊ သာသနာတော်ကြီးရဲ့အကျိုးတွေကို ထောက်ထားပြီး ဒါလောက်ရက်ရက်စက်စက် လုပ်တော့မယ်လို့ ဆုံးဖြတ်လိုက်တာပဲ"

"နို့ ဒီအတွက် ဦးအပေါ်မှာ သံသရာဝန်မလေးပေဘူးလားခင်ဗျာ"

"ဒါက ဒီလိုရှိတယ်မောင်စောနိုင်၊ တို့ ဗုဒ္ဓဘာသာမှာ အရေးကြီးဆုံးက ငါဆိုတဲ့ အစွဲအလမ်းပြုတ်ဖို့ပဲ၊ ဒီတော့ ငါဆိုတာမရှိတော့လို့ သောတာပန်ဖြစ်သွားတဲ့ တစ်နေ့မှာ ငါအဖြစ်နဲ့လုပ်ခဲ့တဲ့ ကုသိုလ် အကုသိုလ်ရော ခံစားဖို့မလိုတော့ဘူး။ အင်္ဂုလိမာလဟာ လူတွေသတ်ပြီး လက်ညှိုးပေါင်းတစ်ထောင်ဖြတ်ခဲ့တဲ့ အကုသိုလ် တွေဟာ ရဟန္တာ ဖြစ်သွားတော့ ခံရသေးသလား။ အဲဒီလိုတွက်မှပေါ့။ အေး ရှောင်နိုင်ရင်တော့ ကောင်းသပေါ့လေ၊ ဘာပြုလို့လဲဆိုတော့ အခု ဒီဘဝမှာ ငါဆိုတဲ့ အစွဲအလမ်း ပြုတ်မပြုတ် မသေချာကြသေးဘဲကိုး၊ သို့သော် မပြုတ်လို့ သံသရာဝန်လေး ချင်လေးပေစေတော့၊ ဦးတော့ ကမ္ဘာသူကမ္ဘာသား သတ္တဝါအများရဲ့အကျိုးကို ရှေးရှုပြီး ကိုယ်ကျိုးအနစ်နာခံရတာဟာ မြတ်တယ်လို့ ယူဆတယ်"

ဦးဘခက်၏စကားများသည် သူ့ဆင်ခြေနှင့်သူ ရေပက်မဝင်အောင် စေ့စပ်လှ

သည်။ စောနိုင်မှာ ကန့်ကွက်သာကန့်ကွက်နေရသော်လည်း သူ့ကိုယ်ကျိုးပါ ပါနေ သဖြင့် ဦးဘခက်ပြောသော စကားများကို ဟုတ်မှန်သလိုလိုထင်မှတ်လာ၏။ စိတ်ထား မြင့်မြတ်ဟန်ဆောင်လေ့ရှိသော လူအားလုံးတို့၏ဓမ္မတာအတိုင်း လူများ သေကြေပျက် စီးစေပြီးမှ ရရှိမည့် ချမ်းသာပျော်ရွှင်မှုကို မခံစားလိုပါဟု ပြောခဲ့သော်လည်း ထိုကဲ့သို့ ကြုံကြိုက်လာသော အခွင့်အခါကောင်းတစ်ခုကို လက်လွှတ်လိုက်ရခြင်းအတွက် များးစွာနှစ်သက်လှသည်မဟုတ်ချေ။ သို့ကြောင့် အကျိုးအကြောင်းနှင့် ဆက်သွယ်ပြောပြသော ဦးဘခက်၏ စကားအဆုံးတွင် သူလည်း အလိုတူအလိုပါဖြစ်လာသည်။

သူတို့နှစ်ယောက် တိုင်ပင်ညီညွတ်ကြပြီးနောက် ဦးဘခက်သည် မိမိပစ္စည်းကိရိယာများကို အသင့်ဖြစ်စေရန် စစ်ဆေးပြုပြင်ခြင်း၊ စောနိုင်အား ပိုမိုသဘောပေါက်အောင် ထပ်မံရှင်းလင်းပြခြင်းတို့ဖြင့် ထိုနေ့အဖို့ အချိန်ကိုကုန်လွန်စေခဲ့ရာ နေဝင်၍ မှောင်မည်းသောအချိန်တွင် သူတို့သည် အိမ်ပေါ်ထပ်ဧည့်ခန်းတွင် ရောက်ရှိနေကြသည်။

ထိုအချိန်တွင် ဦးဘခက်၊ စောနိုင်၊ နွဲ့နွဲ့ရီတို့ သုံးဦးသားသည် ဒေါ်သူဇာလာ၍ပေးသော ကော်ဖီများကိုသောက်ရင်း ဧည့်ခန်းအလယ်စားပွဲကို ဝိုင်းထိုင်နေကြ၏။ ဦးဘခက်မှာ စာမေးပွဲဝင်ခါနီး ကျောင်းသားသူငယ်ကဲ့သို့လည်းကောင်း၊ မင်္ဂလာဆောင်ခါနီး သတို့သားကဲ့သို့လည်းကောင်း အရေးကြီးသောကိစ္စတစ်ခုကို ဆောင်ရွက်အံ့ဆဲဆဲ သူတို့၏အမူအရာမျိုးဖြင့် စိတ်နှလုံးမတည်မငြိမ် လှုပ်ရှားလျက်ရှိကြောင်းကို သိသာလောက်အောင်ပင် နာရီကို မကြာခဏ လှမ်းကြည့်ရင်း ဖင်တကြွကြွဖြစ်နေသည်။ အချိန်ကား ၇ နာရီကို ကျော်လွန်ခဲ့ပြီး စက္ကန့်မှ မိနစ်သို့ ကူးပြောင်းကာ ၇ နာရီခွဲတော့မည့်ဘက်သို့ တရွေ့ရွေ့နီးကပ်လာ၏။

"အချိန်တော့နီးပြီကွဲ့၊ ဒါပေမဲ့ ဦးက ဒီလိုစိတ်ကူးတယ်၊ နားထောင်မယ့်လူတွေလည်း စုံပေ့စေဦး၊ ပြောတဲ့လူလည်း အရှိန်ရပေစေဦး၊ စပြောလို့ ၅ မိနစ်လောက်နေမှ ဒီကဖမ်းပြီး အသံလွှင့်လိုက်မယ်၊ ဘယ့်နှယ်လဲ မကောင်းဘူးလား၊ စကားပြောတာ အနည်းဆုံး မိနစ် ၂၀ လောက်တော့ ကြာမှာပဲ၊ မမီလိုက်မှာတော့ မစိုးရိမ်ရပါဘူး"

"ဟုတ်ကဲ့ ဦးပြောသလိုပဲ ကောင်းပါတယ်၊ ဒါမှ နောက်ကျတဲ့လူတွေရော ဘာရော အကုန်ပါသွားမယ်"

စောနိုင်နှင့်ဦးဘခက်တို့သည် သူတို့ချင်းသာ အဓိပ္ပာယ်နားလည်သော စကားများကို ပြောဆိုနေကြရာ နွဲ့နွဲ့ရီမှာ ဘာမျှမသိရှာဘဲ မျက်လုံးကလေးအကြောင်သားဖြင့် သူတို့ပြောသော စကားများကို ငေးစိုက်နားထောင်နေသည်။ သို့ရာတွင် သူ့ ဖခင်၏အကြံအစည်တွင် မည်သည့်အခါမျှ ဝင်ရောက်စွက်ဖက်မေးမြန်းလေ့မရှိသော သူ့ဝါသနာအတိုင်း

တိတ်ဆိတ်စွာပင်နေလိုက်၏။

ထိုစဉ် တစ်စုံတစ်ခုသောအသံကြောင့် ကိုယ်စီကိုယ်င တွေးတောနေကြရာမှ ရပ်တန့်သွားကြကာအသံကို နားစွင့်လိုက်မိကြသည်။ ရန်သူလေယာဉ်ပျံလာသော အထိမ်းအမှတ်ဖြင့် အချက်ပေးသံချောင်းခေါက်သံသည် တစ်နေရာမှတစ်နေရာသို့ ကူးစက်ကာ မြို့ကလေးတစ်မြို့လုံး ဆူညံသွား၏။ သို့ကြောင့် သူတို့သည် ထွန်းညှိထားသော မီးများကို ကပျာကယာ ငြိမ်းသတ်လိုက်ကြရာ များမကြာမီ လေယာဉ်ပျံအသံများကို ကြားကြရသည်။

နံရံတွင်ကပ်ထားသော နာရီကြီးကား တချက်ချက်မြည်လျက် သူ့ဝတ္တရားကို မနားမနေ ဆောင်ရွက်လျက်ရှိရာ ဦးဘခက်မှာ လေယာဉ်ပျံသံများကိုပင် ဂရုမစိုက်နိုင်ဘဲ မရိုးမရွဖြစ်နေတော့သည်။ တစ်ခဏမျှအကြာတွင် လှုပ်သွားသော နာရီစက်သံများနောက်မှ ဒင်ခနဲမြည်ကာ ၇ နာရီခွဲကြောင်း ပြလိုက်သည်နှင့် တစ်ပြိုင်နက် ဦးဘခက်သည် ထိုင်ရာမှ ထလိုက်၏။

"မောင်စောနိုင်၊ ဦး မြေတိုက်ထဲဆင်းမှဖြစ်မယ်၊ အချိန်စေ့နေပြီ၊ ပြင်ရဆင်ရ ဦးမှာနဲ့ဆိုရင် နောက်ငါးမိနစ်လောက် မှန်းထားတာ အတော်ကျသွားမှာပဲ၊ မင်းတော့ မလိုက်ပါနဲ့တော့၊ လေယာဉ်ပျံတွေလည်း လာနေတယ်။ မင်းနှမကိုပဲ စောင့်ရှောက်နေရစ်။ အခြေအနေပိုဆိုးလာရင် ရှယ်လ်တာထဲဆင်းနေတန်နေကြရအောင်"

"နို့ ဦးအတွက် ကျွန်တော့်အကူအညီမလိုတော့ဘူးလား"

"ဒီအတွက်က ကိစ္စမရှိပါဘူး၊ ဦးတစ်ယောက်တည်းလည်း ဖြစ်ပါတယ်၊ အိမ်ပေါ်မှာ သူတို့ချည်း ထားခဲ့လို့ဘယ်ဖြစ်မလဲ။ မယ်သူဇာကလည်း အတတနဲ့၊ လေယာဉ်ပျံအရိပ်အခြည် နားထောင်ရအောင် မင်းပါ နေရစ်မှဖြစ်မယ်၊ ကဲ – ဦးသွားမယ် ဟုတ်လား"

ဦးဘခက်သည် ပြောပြောဆိုဆို မှောင်ထဲတွင် လျှောက်လျက် အောက်ထပ်သို့ ဆင်းသွားသည်။ ကျန်ရစ်ခဲ့သောစောနိုင်၊ နွဲ့နှင့် ဒေါ်သူဇာတို့သည် နေရာမှထလျက် ပြတင်းပေါက်များဆီသို့ လျှောက်သွားကာ လေယာဉ်ပျံသံများကို နားစွင့်နေကြ သည်။ စောနိုင်သည် နွဲ့၏ပခုံးကလေးကို ညင်သာစွာ ပွေ့ဖက်ရင်း ရန်ကုန်ဆီမှ လေယာဉ်ပျံရှာသော မီးမောင်းများကို ညွှန်ပြနေရာ နွဲ့မှာ သူ့ရင်ခွင်ထဲတွင် အလိုက်သင့်မှီတွဲလျက် ကောင်းကင်တွင် အတန်းလိုက်လှုပ်ရှားဝှေ့ယမ်းနေသော မီးမောင်းများကို စိတ်ဝင်စားစွာ ကြည့်နေသည်။

"ဟော ... ဟော ... ကိုစောနိုင် ဟိုမှာ ကြည့်စမ်း၊ လေယာဉ်ပျံမိနေပြီ ထင်တယ်၊ တစ်နေရာတည်း စုထိုးထားတယ်"

နွဲ့သည် ကလေးငယ်ကဲ့သို့ ဝမ်းသာအားရ ပြောလိုက်၏။ ရန်ကုန်ဆီမှ အမြောက်

သံများကား တဒိန်းဒိန်း ဆူညံလျက်ရှိသည်။ ထိုစဉ် လေယာဉ်ပျံသံများသည် သူတို့မြို့ကလေးဘက်သို့ နီးကပ်လာကြပြန်၏။ သူတို့သည် နားစွင့်လျက်ရှိစဉ် ကောင်းကင်တွင် ရုတ်တရက် ဝင်းခနဲ ဖြစ်သွားကာ တစ်မြို့လုံး လင်းထိန်သွားရာ နွဲ့သည် စောနိုင်၏ ရင်ခွင်ထဲသို့ တိုး၍ဝင်လိုက်မိသည်နှင့် တစ်ပြိုင်တည်းလိုလိုပင် ဒေါ်သူဇာမှာလည်း လန့်၍ အော်လိုက်၏။

"အလို ... ဘုရား ... ဟဲ့ လုပ်ကြပါဦး"

"ကြောက်သလား အဒေါ်ရဲ့၊ မီးကျည်ချတာပါ၊ ဒီမြို့ကလေးကို ဘယ်နှယ့်မှ မလုပ်ပါဘူး။ ဒီမှာ မီးကျည်နဲ့ အရောင်ပြပြီး ရန်ကုန်ဘက် ပျံသွားတာ မကြားဘူးလား၊ ဟော ဟော ရန်ကုန်ဆီက ဗုံးချသံတွေ ထင်တယ်"

"မောင်စောနိုင်၊ တို့အေးကျင်းထဲ ဆင်းနေကြရင် မကောင်းဘူးလား၊ အဒေါ်ဖြင့် ရင်ထဲကို ထိတ်သွားတာပဲ"

"ဟုတ်သားပဲ ကိုကိုရဲ့၊ တစ်မြို့လုံး ထိန်နေတာ ဗုံးချသွားရင် ဘယ့်နှယ်လုပ်မလဲ။ ဆင်းနေရင် ကောင်းမယ်ထင်တယ် ..."

"ဆင်းချင်ဆင်းလေ၊ ကောင်းသားပဲ၊ လာသွားကြမယ်"

သူတို့သည် အောက်သို့ ဆင်းခဲ့ကြရာ အောက်ထပ်သို့ရောက်လျှင် နွဲ့သည် တစ်စုံတစ်ရာကို သတိရဟန်ဖြင့်–

"ကိုစောနိုင်၊ ဖေဖေ့ကိုကော မခေါ်ဘူးလား၊ သွားပြောရင် ကောင်းမယ်ထင်တယ်"

"နွဲ့တို့ဖေဖေက ခေါ်လို့ရမှာမဟုတ်ဘူး။ သူ့မှာ အင်မတန် အရေးကြီးနေတဲ့ ကိစ္စရှိနေတယ်။ မြေတိုက်ထဲမှာနေတာပဲ ကိစ္စမရှိနိုင်ပါဘူး"

"ဒါဖြင့်လည်း နေလေ ...၊ သွားမယ် လာ"

နွဲ့သည် ပြောပြောဆိုဆိုနှင့် ခြံထောင့်တစ်နေရာ ဗုံးခိုကျင်းများရှိရာသို့ ရှေ့မှ လမ်းပြကာ စောနိုင်အား ခေါ်ဆောင်သွားသည်။ ဒေါ်သူဇာမှာလည်း သူတို့နောက်မှ ကုပ်ကုပ် ကုပ်ကုပ်နှင့် သမ္ဗုဒ္ဓေရွတ်ရင်း ပါလာ၏။ စောနိုင်သည် မီးကျည်များ၏ လင်းထိန်သောအရောင်ဖြင့် မိမိလက်ပတ်နာရီကို ကြည့်လိုက်ရာ ၇ နာရီခွဲပြီး၍ ၃ မိနစ်ကျော်ကျော်မျှ ရှိနေကြောင်း တွေ့ရသဖြင့် ဦးဘခက်၏ လုပ်ငန်းစလုနီးပြီကို သတိပြုလိုက်မိသည်။ သူတို့သည် ဗုံးခိုကျင်းအနီးသို့အရောက်တွင် လေယာဉ်ပျံသံများသည် တစ်ဖန် ပိုမို၍နီးကပ်လာပြန်သောကြောင့် ကျင်းထဲသို့ ခပ်သုတ်သုတ်ဝင်နေလိုက်ကြရ၏။

မဟာမိတ်ဗုံးကြဲလေယာဉ်ကြီးတစ်စင်းသည် ဂျပန်တိုက်လေယာဉ်ပျံကလေးများ၏ လိုက်လံတိုက်ခိုက်မှုကြောင့် သူတို့မြို့ကလေးဘက်သို့ နယ်လွန်လာသည်။ သို့စဉ်

သယ်ဆောင်လာရသော ဖုံးများမှာ လေးလံလာသည့်အလား လယ်ကွင်းမရှောင် ဘာမရှောင် အရမ်းဖြုတ်ချခဲ့ရာ မီးကျည်တို့ဖြင့် လင်းထိန်နေသော ထိုမြို့ကလေးအနီးသို့ ရောက်သော အခါ ဖုံးများကို အလဟဿ ဖြုန်းတီးပစ်မည့်အစား မြို့ပေါ်သို့ကြဲချလိုဟန် အကြံရှိလေရော့ သလားမသိ၊ မြို့ကလေးဘက်သို့ အတင်းလှ၍ ချဉ်းကပ်လာ၏။ ဂျပန်တိုက်လေယာဉ်ပျံ ကလေးများကလည်း စက်သေနတ်များဖြင့် တရကြမ်းပစ်ခတ်၍ လိုက်လံတိုက်ခိုက်နေ၏။

စောနိုင်နှင့်နွဲ့တို့မှာ သစ်ရွက်သစ်ခက်တို့ကို ထိခိုက်ဖြတ်သန်းကျရောက်လာသော စက်သေနတ်ကျည်ဆန်များ၏အသံကြောင့် ခေါင်းမှုမပြူဝံ့ဘဲ ဖုံးခိုကျင်းထဲတွင် ကုပ်၍နေ ကြရသည်။ ဒေါ်သူဇာမှာလည်း ဖုံးခိုကျင်းထဲတွင် ပုဆစ်တုပ်ဝပ်လျက်နေရင်း သမ္ဗုဒ္ဓေကို သာ အမြီးအမောက်မတည့်နိုင်ဘဲ တွင်တွင်ရွတ်လျက်ရှိသည်။

ဖုံးကြဲလေယာဉ်ပျံကြီးကား လမ်းတစ်လျှောက်လုံး တဝုန်းဝုန်းနှင့် ဖုံးများကို ဖြုတ် ချနေရာ နောက်ဆုံးအကြိမ်တွင် ဝေါဝေါဝုန်းဝုန်းနှင့် ပြင်းထန်သော ပေါက်ကွဲသံကြီးများကို နီးကပ်စွာ ကြားလိုက်ရပြီးနောက် သူတို့ပုန်းအောင်းနေကြသော ဖုံးကျင်းကလေးတစ်ခုလုံး သွက်သွက်ခါတုန်လှုပ်၍ ယမ်းငွေ့များ၊ ဖုံမှုန့်များတို့ဖြင့် ပြည့်နှက်မွန်ထူသွားတော့ရာ နွဲ့မှာ ထိတ်လန့်ခြင်းကြောင့် စောနိုင်၏ရင်ခွင်ထဲတွင် သတိမေ့လျော့ သွားသည့်နည်းတူ ဒေါ်သူဇာမှာလည်း "အမယ်လေး သေပါပြီ" ဟု တစ်ချက်မျှ လန့်၍အော်လိုက်ပြီး ဘာသံမျှ မကြားရတော့ဘဲ ငြိမ်သက်သွားတော့၏။

စောနိုင်ကား သတိမေ့လျော့သွားသော နွဲ့ကိုလှုပ်ခေါ်ကြည့်ရသည်ကတစ်ဖက်၊ ဖုံးမည်သည့်နေရာတွင် ကျသည်ကို တွေးတောစိုးရိမ်ရသည်က တစ်ဖက်နှင့် ဗျာများလျက် ရှိသည်။ သူလည်း ကောင်းစွာ သတိရလှသည် မဟုတ်၊ ဘာလုပ်ရမှန်းမသိ မွှန်နေသည်။ အတန်ကြာ၍ ယမ်းငွေ့များ လွင့်စဉ်သွားမှ နွဲ့ကို ပွေ့ထားရင်း ဖုံးကျင်းဝသို့ ခေါင်းပြူကာ အပြင်သို့ထွက်ရန် အခြေအနေကို ကြည့်လိုက်ရာ မမျှော်လင့်သော အမြင်ကြောင့် သူ့ရင်ထဲ တွင် ဒိန်းခနဲ ဆောင့်သွားပြီး မျက်လုံးများတွင် မျက်ရည်များ တဖြည်းဖြည်းဝဲလာတော့သည်။

လွန်ခဲ့သော ၂ မိနစ်ခန့်က မားမားထီးထီး မြင်လိုက်ရသေးသော အိမ်ကြီးမှာ လင်းထိန်လျက်ပင်ရှိသေးသော မီးကျည်တစ်လုံး၏ အရောင်အောက်တွင် ဖရိုဖရဲ တကွဲစီ တစ်စစီပြန့်ကျဲလွင့်စဉ်ပြိုပျက်လျက်ရှိပြီး ဦးဘခက်၏မြေတိုက်နေရာဟု ခန့်မှန်းရသော နေရာတည့်တည့်တွင် ဖုံးတည့်တည့်မတ်မတ်ကျသွားဟန်ဖြင့် ဝန်းဝိုင်းနက်စောက်သော ကျင်းကြီးတစ်ကျင်းဖြစ်နေလျက် မြေစိုင်ခဲကြီးများ၊ အုတ်ကျိုးအုတ်ပဲ့ အတုံးအခဲကြီးများ အစုံစုံ ပွတက်နေတော့ရာ မြေတိုက်ထဲတွင် နေရစ်ခဲ့သော ဦးဘခက်၏ ကံကြမ္မာကို မတွေးဝံ့လောက်အောင်ပင်ရှိတော့သည်။

ဩော် ... ဦးဘခက် ... ဦးဘခက်၊ အမိမြန်မာပြည်ကြီး၏ အသရေကို ဆောင်လတ္တံ့သော သားကောင်းရတနာကြီးတစ်ဦးကား သာမန်လူတို့မစွမ်းဆောင်နိုင်သော အတတ်ပညာများဖြင့် မွေးမြေကိုကျေးဇူးမဆပ်နိုင်ခဲ့မီပင် နယ်ချဲ့သမားနှစ်ဦးသားတို့၏ စပ်ကြားဝယ် မြေစာပင်သဖွယ် အကျိုးမဲ့ပျက်စီးဆုံးရှုံးခြင်းဖြင့် ပစ္စုပ္ပန်လောကကို မျက်ကွယ်ပြုခဲ့ချေပြီတကား။ နမြောဖွယ်ကောင်းလေစွ။

စောနိုင်သည် ရီဝေသော မျက်လုံးများဖြင့် မိမိ၏လက်ပတ်နာရီကို ငုံ့ကြည့်လိုက်မိသည့်အချိန်ကား ၇ နာရီခွဲပြီး၍ ၅ မိနစ်တိတိအချိန်ကိုပြလျက်။ ။

စောညိန်း

❐

# ကိုစောညိန်း၏ တေးသီချင်းများ

၁။ သပြေရွက်ရေ
၂။ လွမ်းတင်းပြိုင်မယ်
၃။ စံပယ်
၄။ သစ္စာ
၅။ စိန်
၆။ ဆောင်းနတ်မယ်
၇။ နွေဦး
၈။ မိုးသက်လေနှင်
၉။ ငွေဝန်းသော်တာ
၁၀။ ပွင့်ဦး
၁၁။ သစ္စာတော်ဦး
၁၂။ ဝသန်ခါဦး
၁၃။ ဆည်းဆာ
၁၄။ ရတုဘုရင်
၁၅။ နွေနှောင်းဝသန်
၁၆။ ဝိဇယ

၁၇။ ချစ်ကန္တာရ
၁၈။ မဖေဒါ
၁၉။ ချစ်တိုင်းမညား
၂၀။ ချစ်ပြုံးနှင်းဆီ
၂၁။ ဝဏ္ဏာပဘာ
၂၂။ အရဏ်
၂၃။ သည်းကြွေလုပြီ
၂၄။ ဆည်းဆာသီဂီ
၂၅။ မြနဒီ
၂၆။ စာဆိုရှင်
၂၇။ မေတ္တာနှောင်ကြိုး
၂၈။ မယ့်ကြမ္မာ
၂၉။ ဆောင်းညဦး
၃၀။ မှာလိုက်စမ်းပါရစေ
၃၁။ ရွှင်ပြုံးချိုချို
၃၂။ လှိုင်းရေယာဉ်ဦး
၃၃။ လွမ်းဓလေ့
၃၄။ သည်ဆောင်းဟေမန်
၃၅။ ဗမာ့တေးသံ
၃၆။ မိုဃ်း (မိုး)
၃၇။ ချစ်ခွန်းဆက်လှာ

❐

# ထီးကျန်ဘဝ

စိမ်းလေသူလှသွေးရယ်၊ မျှော်တွေးဖွယ်၊ အချစ်စာခွေရယ်၊ မေတ္တာဂဟေသွယ်၊ ပန်ကြားကာ အသနားခံခဲ့တယ်၊ ခင်ခင်ရယ်၊ ကြားဖြေဖို့ရန်၊ မထိုက်တန်လေအောင်၊ မောင့်ကံဆိုးရှေ့သလား၊ နေနိုင်အား၊ သနားမကြင်တဲ့၊ အို – စံကားစိမ်းမြနွယ်၊ ဘယ်ဝဋ်ကြွေး၊ ဆွေးရစေဖွယ်၊ စီမံအားလေတယ်။

(ဖြေလည်း ပြေဘဲငယ်၊ ကြွေသည်း ကျွမ်းရလေအောင်ကွယ်၊ လွမ်းပိုခဲ့တယ်)[၂]

မောင်နဲ့မေ၊ ဂုဏ်ရည်မတူခြင်းရယ်ကြောင့်၊ ငြင်းသင့်တာမှန်ပါတယ်၊ သို့ပေမဲ့ကွယ်၊ အဖြေစကားကိုတော့ ကြားပါရစေ၊ ဆွေးစိတ်ဖြေနိုင်ဖွယ်၊ ပြန်ကြားသင့်တော့တယ်၊ ဘဝသံသရာ ဖြစ်လေရာ၌ကွယ်၊ ခင်နဲ့အတူပေါင်းဖို့ရယ်၊ ညောင်ရေလောင်း ဆုတောင်းပါရစေကွယ်။

(ဖြေလည်း ပြေဘဲငယ်၊ ကြွေသည်းကျွမ်းရလေအောင်ကွယ်၊ လွမ်းပိုခဲ့တယ်)[၂]။

(ဒုတိယကမ္ဘာစစ်ကြီးအတွင်း ၁၉၄၃ ခုနှစ်က ကိုစောညိန်းသည် ခရမ်းမြို့သို့ စစ်ပြေးတိမ်းရှောင်နေစဉ် ဤသီချင်းကို ရေးခဲ့သည်။ သူ၏သူငယ်ချင်း ဦးစိုးကြိုင်အား ဤသီချင်းကို ချပေးခဲ့သည်ဖြစ်ရာ ဦးစိုးကြိုင်ထံမှ ပေးပို့ရရှိသဖြင့် များစွာ ကျေးဇူးတင်လှပါသည်။)

## ၁။ သပြေရွက်ရေ

ဆို - ကိုစောညိန်း
မောင်မောင်ညွန့်

(မြူမှုန်တွေဆိုင်းပြာလဲ့လဲ့ မှိုင်းရီ ... ရွှေလရောင်ခြည်ငွေမင်ရည်နဲ့ တိမ်မိလ္လာ မြလွှာဝန်းမှာ ဩဘ် သာပဲ သာနိုင်လွန်းသည်)၂ နေပြည်တော်ဆီ ရော်ရည် ထင်တွေး ပါလို့ တရေးရေးမြင်အောင်ခု လွမ်းအောင်ပြုပြီ ...၊ ဟေမန်ဆောင်းလုတဲ့ နှင်းဥစရာသီ၊ ပစ္စင်ပြအိုး ရွှေပြာသာဒ်နဲ့ နေရပ်ကို ပြန်ချင်ပါတော့သည် မျှော်ရှာသူ သပြေရွက်ကို၊ ရေတွက်ပါလို့ စောင့်ကာနေရှာ့မည်။

## ၂။ လွမ်းတင်းပြိုင်မယ်

ဆို - မောင်မောင်ညွန့်

ငွေနှင်းရိပ်ဆင် တလွင်လွင်ဆိုင်ကာ သုန်မှုန်ဝိုးဝါး လရထား စန္ဒာရယ်၊ ဘယ်တွက်ကယ်ကြောင့်၊ ငွေပြင်ရွက်လွှာ ငိုမည့်နှယ်သို့၊ မှိုင်ရောင်ပြုရှာ၊ မလင်းတစ်ဖုံ လင်းတစ်လှည့်၊ အချင်းယုန်မင်းရဲ့ လွမ်းချင်းဆိုစို့တူပြိုင် ... ပုဏ္ဏားတိုင် လက်ခံပြုမှာ မောင်လည်း အသည်းကြွေသူပါ၊ ဆွေးနေရင် ကူပါလှည့်သော်တာ ...

မြောက်လေပြေမြူ ဆောင်းလက်မွန်ဦးမို့သာ၊ သဇင်ခွာပြာ ကြူမွှေးကြိုင်သင်း ခဲ့ပြန်တာ၊ ချစ်သူကိုယ်တိုင်ရှူးကာ၊ မယ့်ကိုဆင်မပေးသာ၊ မြရည်စိမ်းလဲ့ ယိမ်းနွဲ့နွဲ့ လှောင် နိုင်အားရှာ။

ချမ်းလို့ရယ် ခြုံထွေး၊ မလုံအေး၊ ကိုယ်ရေးကြုံပြန်လာ၊ ရွှေရင်လှုံ့နွေးရန်မဲ့စွာ၊ ညောင်သဠာစခန်းရိပ်သာ၊ စက်လဲတဲ့ မရှင်သူပါ။ မျှော်ကာငေးကာ ဆွေးဖော်ရှာမိ တာ၊ ရေးဖြစ်စဉ်အကြောင်းအင်ကိုသာ၊ ခေါ်ကာတွေးကာ တစ်ရေးပင်မပျော်ခဲ့ပါ၊ ခုတိုင် အောင် ဝေးကွာ၊ နှင်းကြွေဟေမန်ကူးကာ ညင်းလေပြန်မြူးတဲ့ ပေါ်ဦးငယ်ဆောင်း လက်မွန်၊ မျှော်ရက်ကယ်ကျွန်၊ ကျော်လွန်စေခဲ့ကာ၊ ယုန်စန္ဒာရှင်ကိုများရယ်၊ မှာလိုက်လေမလား ညစဉ်စောင့်စားကာ ...

## ၃။ စံပယ်

**ဆို - ကိုစောညိန်း**
**မောင်မောင်ညွန့်**

(စံပယ်)[၂] ပန်းရယ်၊ သင်းရနံ့ကြူဖြူဖြူဖွေးရယ်၊ မွှေးမွှေးလေးပေးချင်အောင်ကွယ်၊ မူရာစုံကြွယ်၊ ညာဘယ်သွဲ့သွဲ့ နွဲ့ကာသာယိမ်းဖယ်၊ စိမ်းစိမ်းလန်းပင် နန်းသူမယ်၊ နိုင်ပန်းငုံ ဆန်းရောင်စုံလျှမ်းခြယ်၊ ရောယှက်ကာ ပြွမ်းမြိုင်စခန်းလယ်)[၂]

မူမှန် ... တမင်ပွင့်၊ အဖြူခံအဆင်နှင့်၊ အသွင်တင့်ယဉ်ကျေးပါပေတယ်)[၂]

ငွေရည်ငွေသွေး ရိုးရိုးလေးနဲ့ မြင်သူငေးဖွယ်၊ ဘယ်ရှေးဆုတောင်းလဲကွဲ့ စံပယ်ရယ်၊ အပျိုဖော်ဝင်စအရွယ်၊ ချစ်ချစ်ဖို့ ကောင်းလွန်းတယ်၊ (စံပယ်)[၄] ဖြူစင်ကြယ်သူလေးကို၊ သည်နာမည်ပေးချင်ပါပြီကွယ်။

## ၄။ သစ္စာ

**ဆို - မောင်မောင်ညွန့်**

ရေမြေဆုံးစေတော့ကွယ် ခင်ဖုန်းကိုတော့ တွေ့အောင်ရှာမယ် ရှာတော့မယ်[၂]။

ပြောသံကြားနဲ့ နားဝင်ချိုရင်ဖိုကာရယ်၊ ယနေ့ပင်တွေ့မြင်ချင်ဇောဝယ်၊ အာရုံစိတ်စောမိပါတယ်။ လုလင်ငယ်သွေး ကလေးသာသာအရွယ်၊ ဟိုစဉ်ကပဲ ... အသည်းစွဲစေခဲ့ပေါ့ကွယ်၊ ဆင်းသွင်ရုပ်ဝါလက္ခဏာသွယ်သွယ် ဘယ်ပုံမမှန်း ခန့်နိုင်ဖွယ်၊ သညာယဉ်ကျေး ရွှေသစ္စာခင်လေးရယ်။

တရွေ့ရွေ့ဝေးပါလို့၊ ရေမြေအဏ္ဏဝါ ကမ္ဘာမြေခြားရာဝယ်၊ ထွက်ပြေးရှောင်ဖယ်၊ ပြေးရှောင်ဖယ်၊ မောင့်အပေါ်ဝယ် မူလွန်းနိုင်အားတယ်ကွယ်၊ နာရီတွေနှောင်း၊ ရက်တွေသာ ညောင်းပါလို့ရယ်၊ လရာသီတွေပြောင်းကာ နှစ်ပေါင်းတွေကြာခဲ့ပေါ့ ... မဟာကပ်ကမ္ဘာမြေလွှာပြင်ဝယ်၊ မြူခြေငွေနှင်း ကျကာဆင်းသည့်နှယ်၊ သင်္ကာယုံမှားလွဲစွာ မှောင်မည်းအဝိဇ္ဇာဖုံးပိတ်ကွယ်၊ ညော် တွေ့နိုင်ခဲလှတယ်။

သစ္စာ့ သစ္စာခင်ရယ်၊ မေ့ကိုချစ်ခင်လေသမျှ။ လောကရဲ့ပရိယာယ် မာယာအသွယ်သွယ် ... ဆန်းကြွယ်စွာ သူလှည့်စား၍ ဇရာကား ဝါးမျိုခဲ့ပြီကွယ်၊ နေစိမ့်တဲ့မေရယ်၊ ကွယ်ပျောက်လို့ ဘယ်ဆီမှာဝေးတယ်၊ သီတာရေမြေဆုံးပါစေတော့ - ရှာရတော့မယ် သစ္စာခင်ရယ်၊ မေတမင်ပုန်းရက်မှာလားကွယ်။

(ရွှေမင်းသမီးတံဆိပ် အောင်ကျော်ညွှန့် ဓာတ်ပြားကုမ္ပဏီမှ မောင်မောင်ညွှန့် ဆို၍ ဓာတ်ပြားသွင်းသည်။)

## ၅။ စိန်

ဆို - ကိုစောညိန်း၊
မောင်မောင်ညွှန့်

(ချစ်ရေးခင်ရေး လိုက်လေဝေးတယ်၊ စိန်ခေါ်ပါလို့ ပြေးလေသလားကွယ်၊ လှမ်းလင့်သူအား မြူသလိုလိုနှယ်၊ ယိမ်းနွဲ့လှည့်စား ရှောင်ဖယ်ရှောင်ဖယ်၊ မာယာတွေ ပိုလွန်းသူရယ်)၂

စိန်ပြီကွဲ့သက်လယ်၊ လွတ်အောင်သာရှောင်စမ်းပါ့၊ မောင်ဖမ်းယူ လှမ်းချ ကာ ပွေ့မယ်၊ တစ်မြေမှာရယ် ဝေး ဝေးလို့သာ မပိုင်သူအနိုင်ယူအားကိုးနဲ့ရယ်၊ မူနိုင်ရက်လေ သမျှ နောင်ကျမှ အငြိုးကိုချေမယ်၊ လိုက်လေဝေးလေ ဝေးတယ်၊ ချစ်တဲ့ အရေးကို အပြေးစိန်သူရယ် မောင်ချူယူလက်ကမ်းမယ်၊ အလှမ်းမီကာမှ ဘွာမကူ တမ်းကွယ် × × ×

(အောင်ကျော်ညွှန့် ဓာတ်ပြားကုမ္ပဏီမှ မောင်မောင်ညွှန့် သီဆိုဓာတ်ပြား သွင်းသည်)

## ၆။ ဆောင်းနတ်မယ်

ဆို - ကိုစောညိန်း
မောင်မောင်ညွှန့်

ဆောင်းနတ်မယ်လျှ မြောက်ဆီကသာ၊ ကင်းစလေဦး မြူးကာကကာ၊ ခြုံလွှာငွေနှင်းပွင့်ကို လွှင့်ကာလွှင့်ကာချေလို့၊ တစ်ကိုယ်ရေပင်ပန်း မောင့်ကိုပက်ဖျန်း အကျီစယ်ကြမ်းလှတယ်၊ အကျွမ်းမဝင်ခင်မို့ ဆောင်းဘုရင်မလေးရဲ့ ထွေးပိုက်တဲ့ ရင်ခွင် လယ်ဝယ် တုန်ကာနွမ်း ပန်းလျလျခက်ပြီနော်ကွယ်၊ အသက်ရှူမှားအောင် ကစားကာမြူ တယ်၊ ပျော်နိုင်ဘဲငယ် စက်လည်း ဆောင်ကြာယံလယ် ဆောင်းဦးပျိုသစ် မူရာစုံကြွယ်၊ အချစ်စမ်းတာလား သနားစေချင်လှတယ်။

မျှော်ကာမှန်းရတယ်၊ ချမ်းမြမြတုန်သူကိုကွယ်၊ ဆောင်းနတ်မယ် ရင်ခွင်မှာသာ ကယ်တင်လာစေချင်ပါတယ်။ ဖော်ကွာဝေးသူမယ်၊ ကူညီမယ့်ဆွေ၊ မမြင်ချေသေးတော့

တယ်။ ဖူးစာပိုင်နတ်များ ပစ်ထားကာ သွေဖည်ရှောင်ဖယ်၊ ဘယ်မာန်ငြိုးလေတယ် ငြိုး ရက်တော်မူနိုင်ပါပေ့ကွယ် ခွာပြာညိုသင်းတယ်၊ သည်ဆောင်းတွင်းရဲ့ နှင်းလျှံ မပြယ်ခင် ဝယ်၊ ရွှေရင်အုံငွေ့ကို ကြုံတွေ့ဖွယ် အချစ်ကံဖန်ခဲ့တယ် ...

(အောင်ကျော်ညွန့်မှတ်ပြားကုမ္ပဏီမှ မောင်မောင်ညွန့်သီဆို ဓာတ်ပြားသွင်း သည်)

## ၇။ နွေဦး

ဆို - ကိုအောင်ဇုန်း၊ မောင်မောင်ညွန့်

နှင်းကြွေလေးတွေ တဖြည်းဖြည်းကွဲကာ၊ နွေဦးပေါ်သစ်၊ ပုရစ်ညာချီချီ၊ အင်ကြင်းသန္တာသွေး၊ ခုလိုကြူသင်းမွှေးမှဖြင့် တရေးရေးမြင်မိ၊ တဆွေးဆွေးဘဝင်မချိ၊ နေထိသည့်မာလာနွယ်၊ ညှိုးလျကာပူပုံတွေကြွယ် ညစဉ်ညတိုင်း တိမ်မှိုင်းရိပ်ဝယ်၊ လရောင်ကွယ်ရင်တကယ်၊ စက်ခန်းသာဆောင်လယ်၊ အားငယ်ပါတဲ့ မောင့်မှာ တစ်ကိုယ် တည်းရယ်။

ဩော် ... မ ဖို စုံလင် ခွန်းတုံ့တင်လို့ ကျေးငှက်ရှင်လို့၊ သိုက်ဝင်ရိပ်နန်း၊ နွေဦးဆန်းဝယ်၊ ခေါ်တမ်းကြင်နာ၊ ဘာသာလူနှယ်၊ ဥသြငှက်ကလေးတို့ရယ်၊ ဟို ပင်ယံ ရွှေယင်းမာက၊ တေးသံသာဖွဲ့ကာကျီစယ်၊ ရယ်ရှင်ပါလို့ မောင့်ကိုညွှန်းသည့်နှယ်၊ ပူပူဝန် ကြွေးရယ်နဲ့ ဆွေးရတဲ့မိန့်အကျန်ဝယ်၊ ရော်ရွက်ဝါတို့သက်ကြွေဆဲ၊ ဖော်နည်းသူမို့ မျက်ရည်ဝဲပြီကွယ်။

## ၈။ မိုးသက်လေနှင်

ဆို - ကိုတင်ဖေ (စာရေးဆရာ-အောင်လင်း)၊ မောင်မောင်ညွန့်

(အနောက်တောင်ဆီက၊ ရွာမည်ဟန်ပြင်၊ မိုးသက်လေနှင့် မုန်တိုင်းပင့်လျှင် ... စစ်မျက်နှာဖွင့်၊ တိမ်ခိုးလွှင့်ကာနှင်၊ မှိုင်းမှိုင်းရိပ်မှောင်စွန်တောင်မင် ပြိုမှာလေလား ... မိုးရဲ့ စိုးအောင်ခုပင် အမှုန်မောင်ဖန်အားလေတဲ့အင်)၂။

(လျှံရွှေစင် ပြိုးပြိုးပြက်လျှပ်စက်ရောင်ခြည်မျှင်၊ ဇျူပြာဆင် မိုးလုံးပြည့် တရွှေ့ရွှေ့ ယူဆဲတွင်)၂။ နယ်ရှစ်ခွင် မင်းလွင်ဝန်းကျင်၊ လွမ်းအောင် ဖော်ပြ အာကာ ဝေဟင်၊ ဘယ်ရှေးဝဋ်ကြွေး တုံ့တင်ချေပြီထင်ခဲ့၊ ခိုမီရာမဲ့ ... ရှုလှည့်မြင်လှည့်စေချင် ...

ချစ်တဲ့သူရဲ့ ရင်ခွင်၊ သည်မိုးမှောင်တုန်း မောင်ပုန်းပါရစေခင်၊ တစ်ကိုယ်ရေအား နွဲ့နွဲ့တုန်ပြီ ရွှေဘဝင်၊ ငြိုးရက်တဲ့ဒေဝါဆွေနတ်ရှင်၊ ညြော် ... မိုးသက်လေနှင် ...

(အောင်ကျော်ညွန့် ဓာတ်ပြားကုမ္ပဏီမှ မောင်မောင်ညွန့်သီဆိုဓာတ်ပြား သွင်းသည်။)

## ၉။ ငွေဝန်းသော်တာ

ဆို - ကိုစောညိမ်း
မောင်မောင်ညွန့်

ငွေမင်ရည်ခြယ်လို့ မှုန်းကာမှုန်းကာ၊ သင်္ခါစန္ဒြ ယုန်ငွေလ မြပုဏ္ဏမာ၊ မိုးပြာ နီလာရောင်သန်း၊ တိမ်တိမ်နန်း ဝွမ်းစိုင်လွှာထက် သာရက်ပေ့၊ သီတဂူဆွေ၊ လင်း ရောင်ခြည်၊ ယှက်ခါသာဝေ၊ တစ်မြို့စီနေ၊ တစ်မြေစီခြား၊ ချစ်သူထံအား မှာကြားလိုက် ပါရစေ၊ ပြောလိုက်ပါ့ ငွေဝန်းသော်တာရေ၊ သော်တာရေ၊ သည်မောင်မှာဖြင့် ညြော် ဆွေးမပြေ၊ လဲ့လဲ့ဝင်း လမင်းသာသာ မှိုင်းပြာပြာဝေ၊ မြင်လာစမ်းပါ့ မျှော်ကာမှန်းကာ လွမ်းရဖြေလည်းမပြေ။

ငွေဝန်းရယ် ဝန်းရယ်သော်တာ ယုန်စန္ဒာအား ရှုစားတော့ကွယ်လေ၊ ငွေလွှာ စက်ဝိုင်း ထက်ပိုင်းပြတ်ကြွေ မောင့်အသည်းလို ကွဲကာသာနေ၊ မောင့်နှလုံးသို့ ပြုန်းကာ သာကြွေ၊ တဖြည်းဖြည်း ဖြတ်သန်း ညိုရိပ်မှောင်လွှမ်းပါလို့ လခြမ်းပဲ့ငွေယဉ်သာ လေ့၊ ကွယ်သည့်နှယ် တူရောင်ရောင်နေ၊ ရွှေရွှေရင်ထဲ ကြေကွဲခဲ့စေပြီ မေရေ၊ အသည်းဘဝင်ကျွမ်း လွမ်း မြည့် မြည့် ကြွေ ပြီ ထင်ပေါ့လေ ....။

## ၁၀။ ပွင့်ဦး

ဆို - မောင်မောင်ညွန့်

(အသည်းလွှာမြေဝယ်၊ အမြစ်ဖြာယှက်သွယ်၊ အချစ်ညှာခက်ကာနွယ်၊ မာလာပင် နန်း၊ ချစ်ပန်းပွင့်ဦးစအရွယ်၊ ချူတော်မူလာနိုး မျှော်ကိုးကာပူဇျာပါကြွယ်၊ ရည်ရွယ် သွယ်ညွတ်ပျောင်း၊ ကြာလေညှာကြွေညောင်းမျှရယ်၊ အရိုင်းစံပယ်မို့ ပစ်ပယ်၊ ပန်တော် မဝင်တယ်၊ ငွေသဇင်ကြူမွှေး၊ သူရွေးပြီထင်အားငယ်၊ တွက်ရေသော်ရက်တွေခြား၊ စောင့်စားရင်း မြေမှာ၊ ကြွေ ကြွေ ကာ နွမ်းလေပြီကွယ်၊ ငွေချပ်လွှာဆွေး မာလာ

မွှေးရနံ့ပြယ်× )

စံပယ်ဖြူတုံးကာမှ ခင်ဖုန်းသက်ဝေရယ်၊ ဘယ်စိတ်လည်လို့ ပေါ်လာပြန်တယ်၊ လှောင်တာလေလားနော်ကွယ်၊ ဖန်လာပုံ ခုမှဆန်းကြြယ်၊ အချစ်ဖြင့် ဆိတ်သုဉ်း၊ ဆုံးရှုံးခြောက်ခန်း၊ လောင်ကျွမ်းခဲ့ရ မောင့်ဘဝ အစဉ်ဝယ်၊ ဆက်သွယ်သန္တတိ မမြဲ သော ရုပ်နာမ်ပြောင်းလွဲသည့်နှယ်၊ ဖြစ်ပြန်ပျက်ပြန် အချစ်မှန်တရားရယ်၊ မူလွန်းခဲ့ သူရယ်၊ ပွင့်ဦးကြွေမှဖြင့်ကွယ်၊ မပန်စေချင်ရက်တော့တယ်။

## ၁၁။ သစ္စာတော်ဦး

ဆို - ကိုစောညိန်း
မောင်မောင်ညွှန့်

အသက်ကိုခွဲကာ ဝက်ကာ၊ စက်ရာအုံးပြိုင် မဝေသာပိုင်တယ်၊ ရွှေတိုင်၊ ဂီတနက်သန်ဦး၊ ကေရီကျော့မှုးမြှောက်ဖို့ရှယ်။

ခင်မင်ချစ်မြတ်နိုးကာ၊ မျှော်ကိုးလို့သာ စေတနာပိုသူဝယ် ကြာလေစွဲလေ၊ အမြဲတစေတောင့်တ စောင့်ရ ကြာလွန်းလွန်းလို့၊ ခွန်းစကာ ပန်ချင်ပြီကွယ်၊ သစ္စာ တော်ဦး ချစ်ပိုင်မှူး ရှိလေမှာလားကွယ်။

မေတ္တာငုံရွှေပွင့်နှယ်၊ ကြွေလွင့်ရာနိုးနဲ့၊ စိုးရိမ်ပေမဲ့၊ မြေယူဇနာလယ်၊ ချောင်းမြစ် ဆီးကာ၊ ခရီးကွာလေတယ်၊ မပိုင်ဆိုင်ဝေးသူမို့ ပူရန်သာကြွယ်၊ မောင့်ရှယ် မှန်းနေ့စဉ် ညတိုင်းလွမ်း၊ ကျွမ်းကြွေလှ ရွှေရင်ထဲဝယ်၊ ချစ်သွေးဆူဆူပြီမေရယ်၊ မြားဒဏ်ရာပြင်း အသည်းလွှာချင်း၊ ထိုးဝင်ဖောက်ထွင်းသည့်နှယ်၊ နတ်များဖန်ဆင်းလို့၊ ပစ်ခွင်းတော်မူ ပြီထင်တယ်၊ သစ္စာတော်ဦး မာလာကိုခူးယူပါရစေကွယ် ...။

## ၁၂။ ဝသန်ခါဦး

ဆို - လှထွန်း
မေရှင်
မောင်မောင်ညွှန့်

မိုးဦးသစ်ခဲ့ပြန်ပြီ၊ ပြာပြာဝေဆိုင်း၊ အုံ့ကာသာပဲမှိုင်း၊ တလဲ့လဲ့ သိုင်းဖွဲ့ရွှေ ပစ္စုန်သည် ပြိုမလိုလိုနဲ့ တိမ်ညိုပြိုင်းပြိုင်းဆိုင်းသွဲ့ဝေရီ မြစိမ်းစိုဖန့်ဖန့်ပြေ၊ စုံခြေနံ့သာ

မြိုင်မဟီ၊ မှုံသီဂီရင့်ပင်ယံကြွင်း၊ ပန်တော်မီ၊ ပိတောက်ကျန်ညှာချီ ရာသီခါလင့် ပွင့်ဝါသင်လို့ တဝင်းဝင်း ကြွေသက် တညင်းညင်းချွေရက်၊ လွမ်းပိုအောင် တောင် ပြန်လေသွေး၊ စက်၍အေးတော့သည်။

မာန်တင်း ဖန်ဆင်းဖွဲ့ကာ၊ ဝဠ္ဍာဘောင် စိုပြည် နဂိုနေတိမ်ပန်းချီ၊ ပုံမခြား ဂဠုန်နဂါးပြေးလွှားဟန်သည်၊ ဆေးစပ်မိလေပြီ၊ မင်ခိုးလဲ့ရီ၊ ခိုပြာ နီလာ ညိုလွှာရင့်တဲ့ မကာရ်းတောင်တိမ်မြင့်က၊ လွှင့်ကာနေပြီ၊ အမ္ဗုန် မောင် က သည်းကျွမ်းလုအောင် ခင်းတော့သည်။

ဗျူဟာဆင်ဖြန့် စစ်အင်ကျင်းသည်၊ အာကာပြင် နှံ့ သေနင်္ဂါမည်၊ တိမ်လှိုင်း မှိန်မှိုင်းဝိုင်းယံအုံ့ချီသနားညှာတာမဲ့၊ တရားမစာနာခဲ့ ပူအောင်ဖန်ပြီ၊ မာန်မငြိုးပါနဲ့ အလိုလိုမအေး၊ ရွှေရင်မှာဖို ငိုချင်ဆွေးပေါ့၊ ဝေးလေဖော်မယ့် တစ်ကိုယ်ရေ နွမ်းခဲ့ပြီ၊ ဩော် ... လွမ်းရဝသန်ရာသီ၊ မိုးနတ်ဆွေရဲ့ ဒီမောင်ချစ်ရေးမညီ။

မာန်တင်း .... .... ... ခင်းတော့သည်။

## ၁၃။ ဆည်းဆာ

ဆို - ကိုတင်ဖေ (စာရေးဆရာ - အောင်လင်း)
မောင်မောင်ညွှန့်

ဆည်းဆာရိပ်ဝယ် နေရီရီလဲ့ တိမ်နီရောင်ခြယ် ဟိုတောင်ဆွယ်က ပျပျမှိုင်း ညနေတိုင်း အုံ့ကာနေတော့တယ်× ။

(ရွှေသားသင်ဖြူးလားလို့ ထင်ရောင်မှားဖွယ်၊ လှမျိုးစုံခင်းကျင်းတဲ့ ရေပြင် ပင်လယ်)၂၊ သဲသာသောင်နဲ့၊ ငွေရောင်ကမ်းဆွယ် ရွက်ကြိုး ဆင်တဲ့ပင်တိုင်ဝါး၊ ကုက္ကလင်နဲ့ လင်းယဥ်ဖျားဝယ်၊ နာဝါလှေများတွေရယ်၊ ဆွေးသူကိုကယ်ယူပါလှည့်၊ လမ်းကြုံရင် ခေါ်စေချင်ရဲ့ ပြာရီလဲ့ဆည်းဆာညနေချမ်းဝယ်၊ မျှော်လေလေ မေ့ကို လွမ်းတယ်၊ ကမ်းဆိပ်က သာယာလှပေတယ်။

ရွှေဟသာ မောင်နှံရယ်၊ တောင်ပံယှက်ပြီ လည်ချင်းမှီလို့၊ ချစ်ချစ်ကျွမ်း၊ အောင်တော်သံ ခွန်းတုံ့လှယ်၊ နေညို အိပ်တန်း တက်ဝယ်၊ တူနွဲ့ယှက်ကာ ပျော်နိုင် ပါပေတယ်။ ။

## ၁၄။ ရတုဘုရင်

**ဆို - ကိုလှထွန်း**
**မောင်မောင်ညွန့်**

(ရော်ရွက်ဝါ မြည့သာညောင်းကာ၊ ညှိုးလျော်ခွေပြောင်း နွေနှောင်းရာသီမှာ၊ လေယူနှင်ရာ ကြွေကာဝဲကာ၊ ဆင်းရွေမှုန်ရောရာ၊ မြေသို့သက်လျှော လွမ်းဖွယ်သာ မောစွာ)[၂]

မိုးဦးပစ္စုန်ဒေဝါ၊ မာန်ဂုဏ်တော်ပျိုး မင်ခိုးရီလှဲ ဖွံ့ကာဝိုင်းလို့သာ၊ မှုန်ပြာ ဝေမှိုင်း ခုလိုတိမ်မျိုးဆိုင်းမှဖြင့် ကသိဏ်းကွက်ထင်လာ၊ နတ်ရှင်ကို မြင်ယောင်မိပြန်လာ၊ ကဗျာသီကြွေး စာပလီတေးတွေနဲ့ ရေးဖွဲ့ဟန်ကို ပြန်လှန်ကာသာ၊ ထင်တရေးရေးနဲ့ လွမ်းမိုးစွေလို့ရှာ၊ မပြေနိုင်ပါ၊ ကိုယ်တော်တိုင်မှာ သောကရဲ့စေစားချက်နှာ၊ စစ်မြေ ကွာဝေး ဆွေလျက်ပင်သာ၊ တစ်သက်တာလွမ်းရရှာ၊ ရာဇဝင်အမှောင်မှာ တန်ဆောင် ဆီမီးပမာ၊ အနုပညာမြောက် စံတင်နိုင်လောက် စာပေရောင်ဝါ၊ ထိန်ထိန်တောက်ခဲ့တာ၊ ရတုဘုရင်စာဆိုရှင်ရဲ့ ဂုဏ်ဝင်အမွေအနှစ်ပါ။ ။

## ၁၅။ နွေနှောင်းဝသန်

**ဆို - ဦးသုခ၊**
**ကိုသန်းဆွေ၊ မောင်မောင်ညွန့်**

နွေနှောင်းရက်ကျန်၊ ဝသန်ပေါ်ဦးခါ၊ အုံ့ပျမှိုင်းဆန်း ယုဂန်ဘွေမြနန်းမှာ။ ရွှေလျှံလျှပ်နွယ်ခွေကာ မိလ္လာချပ်ဆင်ဝေမင်မှောင်ပြာ၊ တိမ်တိုက်ရွေ့ပြောင်းလေလျှင် လောင်းရာ၊ ကြွေကာကြွေကာ မြေမှာကြဲလျက်၊ ပုလဲရည်ငွေစက်ဖျန်းပက်စွေရှာ မြူ မှုန်လိမ်းကျံတဲ့၊ ညှိုးပြောင်းရွက်ညှာ ရွှေရောင်ရော်ဝါ၊ သဏ္ဍာလို မြည်ညိုရောကာ၊ ကြွေလျော ကုန်လုပုရစ်နည့်ညှာချီ၊ နှောင်းနွေသန်လု စက်ရာသီမှာ၊ လေယူဆောင်နှင်း၊ မြေဆီမြေသင်းနံ့ သာ၊ စိန်ခြူးအုံကြွ ကြာညောင်သဇ္ဈာ၊ ပန်းကြဲတဲ့ဖဲစက်ရာမှာ၊ မယ့်ကိုယ်စား မွေးမြလေ သလား၊ ထင်မြင်ယောင်တွေးမိမှားကာ သည်းအူချာ ကြွေအောင် ဖန်လာ၊ သက်လျာဓာတုရဲ့ မြင်လှည့်ပါ ...

## ၁၆။ ဝိဇယ

ဆို - မောင်မောင်ညွန့်
မောင်မောင်လတ်

သဲဆိပ်ကမ်းဆွယ် ဤဒေသမှာ၊ ဝဲရိပ်ဆန်းကြယ် ဒီရေကျလာ၊ မြေကမူ စွန်းသောင်ထွန်းလို့သာ၊ ကျောက်ဆောင်ငူ လေယူလှိုင်းပုတ်လာ ပတ်လည်ဝိုင်းလို့ ရှုတိုင်းရယ် ပင်လယ်အဏ္ဏဝါ၊ ကွာဝေးခဲ့ပေါ့ ရွှေပြည်တော်သာ၊ တရှုရှည်မှန်းပါလို့၊ လွမ်းဖွယ်စေ ကမ်းခြေသာလှပါ၊ ရေယဉ်ဝန်း ကျွန်းလင်္ကာသီဟိုဠ်မှာ ...

မျှော်ရင်းမျှော်ရင်း တောတောင်နင်းကာ မြေပြင်လွင်ကွင်း ဆွေးအောင် ဖန်နှင်း ဆင်းကြည်သွန်ဖြာ၊ စမ်းရေအိုင်သီတာ ... မြရောင်ရိပ်သွင်ထင်လာ၊ ခြွေရွှေများစွာ ရံကာ ခကာ၊ တစ်မေခင်မယ် ဝဏ္ဏ ကခုန်မြူးလို့ ခူးကြသလား ပန်းမာလာပင်ယံ ထက်ဖျားမှာ၊ ယိမ်းနွဲ့နွဲ့ ဘယ်ညာလှုပ်ရှားကာ၊ ဆင်းရွှေဝါလေပြည်ယူရာ၊ သင်းပျံ့ မွှေးတော့တာ ...

ပျံကာဝဲကာ နွဲ့ကြရှာ၊ ရေအိုင်ထဲမှာ ကူးခတ်ကာ၊ မ,ဖိုခေါ်သံနဲ့သာ၊ ကျူး ရင့်ကြသံပြိုင်ညီညာ၊ လူနှယ်တူစွာ၊ မြိုင်သိုက်ရိပ်မှာ လည်ယှက်၍သာ၊ ငှက်မယ်ညို ဝန်လို ဟင်္သာ၊ လိပ်ပြာပိတုန်း၊ ဝတ်ရည်သုံးကာ၊ အစာရှာကြ ပန်းစုံမြိုင်ထဲမှာ။ နတ်များဖန် စီမံဆောင်ပို့ရာ၊ ဘုန်းတေဇာ ရွှေသမ္ဘာလင်းကာ၊ မဟာဝိဇယရာဇာ၊ ဘဂဝါဇိနသာသနာ၊ ပင့်ယူဆောင်ထိုက်သူမှန်စွာ၊ ဒေဝါများစွာ သိကြားပါစောင့်ရှောက်လာ ...

## ၁၇။ ချစ်ကန္တာရ

ဆို - မောင်မောင်ညွန့်၊ ကိုလှထွန်း

ဖြေသော်လည်းကွဲ့ ပြေဘဲမောင့်မှာရယ်၊ ဖူးစာနတ်များ သနားမညှာလေဘယ်၊ ချစ်တို့တင်ဝင့်ကြွေး ဆွေးအောင်ဖန်ကာရယ်၊ ဘယ်မှန်းမာန်နဲ့သာ၊ ညှိုးဖွဲ့လေတယ်၊ ထာဝစဉ်ပူရေးကကြွယ်၊ ချစ်သူမဲ့ပြီ ဒီမောင်ဘဝဝယ်၊ အမိုက်အမှောင်အတိသာ၊ ကာဆီး တော့တယ် ...၊ ချစ်ကန္တာရ အဏ္ဏဝါရေပြင်ပင်လယ်၊ ဘယ်ဝယ်မျှော်မှန်း ကမ်းရိပ်မမြင်တဲ့ ရေကြောဝယ်၊ မျှောလို့ နေတဲ့လှေကလေးနှယ် လမ်းပြပါလှည့် ကြယ်ရှုဝံခင်ခင့်ကိုပဲ တောင်းပန်ချင်တယ်၊ မောင်မျှော်လင့်တဲ့ ချစ်ရိပ်မြုံနန်း ကမ်းသာ သောင်သို့ ဆောင်ယူလို့သာ ပို့ပါလားမေရယ် ...။

## ၁၈။ မဗေဒါ

ဆို - မြင့်မြင့်ရှိန်၊ လှလှရီ

မြိုင်မြိုင်ခြေတောတစ်ဝိုက်မှာ၊ ဖြိုင်ဖြိုင်လေ မောဟိုက်ကာ ဘူးညိုကိုပျိုပိုက်ကာ၊ ဆံကေသာညှာသွယ်ဝိုက်မှာ၊ ပန်းပျိုစိုက်လာ မဗေဒါ၊ မဗေဒါ။

မဗေဒါမှာရှင့် – ဆိုတေးသံကသာ၊ ညနေခါမှာထင့် – ပျိုလေးပြန်ဖို့ရာ၊ ညညမှာ အလှတွေပြင်လို့၊ မဗေဒါအပျိုကြီးတစ်ကိုယ်တည်းမို့ နေရရှာ ဘူးညိုကိုရေပြည့်အောင် တစ်နေဝင် ဟိုတောင်တန်း အပန်းဖြေရရှာ၊ မဗေဒါ၊ မဗေဒါ။

## ၁၉။ ချစ်တိုင်းမညား

ဆို - ခင်မောင်ကြည်

လောကသဘာဝ အိမ်ထောင်သက်မွေး ပြုကြသူတွေမှာ၊ အချစ်နဲ့ဖူးစာကံဟာ ဆုံလာနိုင်ခဲ၊ မရေမရာပဲမို့၊ အသည်းစွဲချစ်ချင်းကို ကွေကွင်းအောင် စီမံပြီးတော့ကာ၊ ဘဝရဲ့ရေစက်ဝေးကွာ တစ်ပါးသူရင်ခွင်ထက်မှာ၊ မရှုရက်မမြင်သာ၊ အပိယေဟိသမ္ပယောဂေါ ဒုက္ခောရယ်လို့၊ ဆွေးပူဖို့ ကြုံပြန်လေတာ။

ချစ်သူတိုင်းလည်း မညားကြရှာ၊ ညားသူတိုင်းလည်း မချစ်ကြရှာ၊ ရည်မှန်းချက်အထွေထွေ၊ အဆင်မပြေနိုင်စရာ၊ ဖူးစာနတ်မင်းများတို့ မြားချက်သွေချော်၊ သရော်လှောင်ပြောင်ရက်ကြတာ ကိုယ်ချစ်သူနဲ့ ပေါင်းရန်ဝေးကာ၊ ထိုအသစ်လူနဲ့ အကြောင်းကံပေးလာ၊ စေတနာမေတ္တာပါး၊ ချစ်သဒ္ဓါမပွားဘဲ ညားအောင်ဖန်လေတာ။

## ၂၀။ ချစ်ပြုံးနှင်းဆီ

ဆို - ရေနံ့သာစိုးလှိုင်

(ဖြူပြာလဲ့မှုရာသွယ်နဲ့ ချစ်တဲ့သူခင်ရယ်။ မာန်ငြိုမျက်နှာထားတွေရယ်၊ အငြိုးကြီးနဲ့ စိမ်းတာလေလားကွယ်၊ ရွှေနှင်းဆီငုံကလေးနှယ်၊ နှုတ်ခမ်းတော်စူလွန်းတယ်)[၂]

နေ့စဉ်စောင့်ပါလို့ရယ်၊ နေပေမဲ့ကွယ်၊ ပွင့်နိုင်ခဲပါဘိတယ်၊ သန္တာလဲ့ရယ်၊ ဘယ်ခါချစ်ပြုံး၊ မာလာကိုကွယ်၊ ရူးဆွတ်လို့ ဖုန်းမောင်နမ်းသာမယ်။

ချစ်ပြုံးနှင်းဆီပွင့်ကို၊ မျှော်ကာတလင့်လင့်ကြိုတင်မှန်းဆရှယ်၊ ဘယ်ရာသီဝယ်၊

မာလာရယ်ပွင့်မှာလဲကွယ်၊ တစ်ငုံတည်းမငုံဘဲ နည်းနည်းလည်း လျှော့စေချင်ပါတယ် သဘာဝတရား မတားသာပဲမို့ကွယ်၊ ပြုံးလိုက်ပါတော့လားကွယ်၊ သနားမဖက်တဲ့ အလှနှင်းဆီ ရယ်။

## ၂၁။ ဝဏ္ဏပဘာ

**ဆို - ရုပ်ရှင်မင်းသားကိုသန်းမြင့်**

ဆည်းဆာကြော့ ညနေဆီဝယ်၊ နေရောင်ခြည်ရဲ့ ပန်းစား၊ ကေရီဘုရင်မ ထိပ်ခေါင် တစ်ပါးနှယ်၊ ခံ့ညား ထည်ဝါပါပေ့ကွယ် ...

မျက်နှာတော် ရွှေအဆင်း၊ လမင်းထင်ရ၊ ပင်တိုင်တော်ဆောင်လယ်မှ၊ ဝဏ္ဏ ပဘာမယ်၊ သွယ်သွယ်ကွန့်မြူး တာရာစိုင်ရှူး ကြယ်ဥက္ကာရယ်၊ ကူးကြွေကာမြေမှာ စံသည့်နှယ်၊ လျှံပြောင်ထိန်ဝင်း ဆယ်စင်းလျှပ်နွယ်၊ ပြိုင်ညီပွင့်ဆဲ သန္တေယူစွဲ သူပဲ ထင် တယ်၊ ဝဿဝတီမှ ကိုယ်ထင်လာပြလေသလားကွယ်၊ အလှရောင်ခြည် သရိယ ပဘာ ကလျာဝဏ္ဏ ဆင်း သူဇာမေရယ်၊ ရွှေပေစဉ် မော်ကွန်းတင်ထိုက်သူရယ်။

ဖြူပြာမှုယာစုံကြွယ် (ချစ်သူနှမ ဝဏ္ဏပဘာမယ်)၊ (ဆင်းသီဂီမေလေးရယ်) (အို မြင်သူများ အလိုထင်ယောင်မှား) နေနတ်နွယ်လားကွယ်၊ နန်းကြာညို သန္တေဖွားငယ်၊ ရင်ဖိုအောင်လှနိုင်အားရှာတယ်၊ သွန်းထားသော ရွှေစင်ရုပ်သွင်နှယ်...

## ၂၂။ အရဏ်

**ဆို - ကိုစောညီန်း**
**ကိုသန်းမြင့်**

လင်းရောင်လဲ့မှုန်ရောင်ဖြူ နံနက်ချိန်အရုဏ်ဝယ် ... လုံ့ချင်ပါရဲ့ ပပဝင်း၊ ချစ်နေမင်းထွက်ပေါ်ပြန်လုတယ်၊ တိမ်သားပြင်ရဲရဲနဲ့ ရောင်နီကြဲရယ် ... ဇွဲဥဒည် စွန်းက အရုဏ်မျှင်သွယ်၊ ကြေးစည်သံက ချိန်မှန်မြူးဆွယ် ... ကြက်ဦးတွန်တဲ့ ညောင်ကန်မျိုး၊ နိဗ္ဗာန်ဆော်တို့ အော်ကာနိုး၊ ကြည်ညိုမြတ်နိုးသူမယ် ... ဆွမ်းတော် ကို တင်ချင်ပါရဲ့ အုံးပြိုင်ယှဉ်ကြင် သူ မေနဲ့၊ သာယာတဲ့လင်း အရုဏ်ဦးဝယ်၊ တူမ သွေနေ့စဉ်ဖူးကာကူးခတ်လို့ သံသရာဆုံးတိုင်ဖွယ်၊ ရွှေစည်းခံ့စေတီဝယ်၊ ဤ မြေမှသည် မျှော်တမ်းရည်လို့၊ လက်ချီအုပ်မိုး၊ ဘယ်ဘယ်ခါ ရှိခိုးရမည်၊ ရည်ရွယ်

ကြံအောက်မေ့ကာ ဆုတောင်းလို့သာ နေပါပြီမေရယ်။

## ၂၃။ သည်းကြွေလုပြီ

ဆို - ဝေဝင်း

ပုဏ္ဏမာယုံလွှာခင်း ဘုံသာလင်းပါလို့ ဝင်းပြေပြေ၊ သပြေဒီပါ အေးမြသလေ၊ သော်တာရေ ဘယ်အားအညှိုးနဲ့သာလေ၊ လှောင်နိုင်ရက်တာမို့ ပြုံးဝင့်လို့နေ၊ သည်းကြွေအင် မြင်ချင်လို့လား၊ မိုးယံမှာသာနိုင်အား၊ မြင်ရသူအသက်ရှုမှားစေ၊ ကြည်လင်စွာ ပပရောင်ခြည်ဝေ၊ ဖြူဖြူဖွေးဖွေးအဆင်း ကိုယ်ရည်သွေးလို နှယ် ငေး မျှော်ကာပဲ ရွှေရင်ထဲ အသည်းကြွေလုပြီလေ။

## ၂၄။ ဆည်းဆာသီဂီ

ဆို - လှလှတူး

(ဂေါယာနောက်ကျွန်း၊ စကြာယွန်းပြီ၊ တိမ်နီတိမ်ဝါ ခြယ်မှုန်းခဲ့လေပြီ၊ ခွန်း သွဲ့သွဲ့ တေးနွဲ့နွဲ့ မာဂဓာကျူးရင့်ရှာပြီ သိုက်မြုံပင်ယံဦးဆီ ခေါ်ထူး လည်ချင်းယှက် ခါမှိ)၂။

ဟသ်ာရွှေဥသြ၊ ချစ်ခွန်းတွေနှော၍ပါလို့ သာမောဖွယ်ခင်တန်းနံဘေး၊ ကမ်း ကလေးက သွယ်တန်းစီ ညနေရီဆည်းဆာမှုန် သီဂီရွှေဝါလင်းရောင်ခြည်၊ ခွန်းနှုတ် ဆက်မလို့ ရပ်သိမ်းနေလေပြီ ရွာလယ်ရေတွင်းနားမှာ ကိုယ်စီ၊ လုံမေလယ်တောရပ် ပီပီ၊ ရေအိုးရွက်လို့သယ်ကြပြီ။

လယ်ထွန်ယောကျ်ား လှည်းအိုရှင်သည်၊ နှင်တံကြိမ်လုံးမြှောက်ကာ ဟန်ချီ ကောက်လှိုင်းတိုက်လို့ပြန်ခဲ့ပြီ၊ ရွာဦးကျောင်းက တန်ဆောင်းနဲ့ရွှေစေတီ၊ ရွှေဆည်း လည်း ငွေဆည်းလည်း၊ ပျံဝဲကာ မြည်သံသာလွန်းသည်၊ ညင်းလေအေးနွဲ့သာကြည်၊ ညနေရီဆည်းဆာသီဂီ၊ ရွှေမှုန်ကြဲပြန်တော့သည်၊ ကြဲပြန်တော့သည်။

## ၂၅။ မြန်ဒီ

ဆို - မြင့်မြင့်ရှိန်

နီလာမြနှယ်စိမ်းတယ်၊ သီတာသောင်ကမ်းက ဆန်းကြယ်၊ ရောကြော၊ သာမောနဒီလယ်။

(ကွေ့ဝိုက်ခွေလို့ ရေညိုညိုဆင်းသွယ်၊ ကမ်းစပ်မှာ ဗေဒါတွေရယ်၊ ဝဲပြန်ရိပ်ဝယ်)၂

စုန်ဆန် မျောရှာပေါ့ကွယ်၊ စီးရေညိုလယ်၊ ရောင်စုံတွေခြယ်၊ ဆည်းဆာမှိန်သီဂီရွှေမှုန်ကြဲ စင်ရော်တွေလည်း၊ မောင်မယ်တူနွဲ့ပျံကာ ဝဲကြတယ်၊ ငွေသောင်ဦးကြည်နူးဖွယ် ဒီဆိုင်ရေဆွယ် လှိုင်း လှိုင်း လှိုင်းထလို့ရယ်။

(ယိုယီးလေး၊ လှော်ကြလှော်ကြ၊ လောင်းယဉ်သာ၊ လှေငယ် ရွှေစွန်တောင်တက်ရေးဟန်လှ၊ ရေပေါ်မှာ ဝဲကာ နွဲ့ကြတယ်၊ အဏ္ဏဝါလှိုင်းခုံဗွေဝယ်၊ ကူးကာမြူးကာ လူးလာပြိုင်လို့ရယ်)၂။ လေရူးသုန်သုန်၊ နှင်းဖုံဖုံ ငွေယမုန်စီး ရေညိုလယ်၊ ငါးတန်တွေ သောင်ခြေဦးမှာ မြူးထူးသောနွှေလဝယ်

(ဒေါင်းဖန်ဝါ ဟိုကမ်းသာရိပ်ဆွယ် ဂေါရာဆီ သက်ယွန်းပြီမို့ကွယ်)၂ မိုးယံမြင့်မှာတဲ့၊ စန်းယုန်ပွင့်သာလျက်ကယ်၊ လင်းရောင်ဝေလှိုင်းရေထက်ဝယ်၊ ရွှေရည်လက်ကာသာရယ်၊ ပြိုးပြိုးပြက် ယှက်ကွေးလိမ်ခွေနှယ်၊ မြူမှုန်ငွေနှင်း သုန်သုန်ယှူသွင်းတောင်လေညင်းစဝယ်၊ လှေယာဉ်စီးပိုက်ကြီးကို တံငါတွေရယ် မျှောမျှော မျှောကြတယ်။

ယိုယီး လေးလှော်ကြ ... လှိုင်း လှိုင်း လှိုင်းထလို့ရယ်။

## ၂၆။ စာဆိုရှင်

ဆို - မြင့်မြင့်ခင်

သံသာချိုအေး နွဲ့ကာလည်းတကယ်၊ ထံတျာ ချိုတေးဖွဲ့ကာ ချွဲတယ်၊ ဂီတတွေညကြာရေးကာ၊ ကဗျာဉာဏ်ကြွယ်၊ စာဆိုရယ် ကြားရသူများဝယ်၊ အသည်းနှလုံးရွှင်ပြုံးအောင်ကွယ်၊ မယ့်ကိုပဲ စွဲဆောင်နိုင်လွန်းတယ်။

ချစ်ကြည်ညိုရင်ဖိုနွေးကာ ဘယ်လိုတွေးတွေး၊ ခင်မင်ရေးရယ်၊ ဂီတသံသာကျူး စာဆိုမှူးကို၊ အထူးပင်စွဲလမ်းဖွယ်။

သဒ္ဒါရုံရယ် ဖရဏာဟုန်ပီတိဇောဝယ် (နစ်မြောဖွယ်)၂ သော တငြိမ့်လေး ထံတျာ တေးဂီတတွေကို၊ ရေးသီဆို ရွှေဥဩပျို့ ညောင်ညိုပင်ထက်ဝယ် ကြင်ဖော်ကို တမ်းတလေသည့်နှယ်၊ ခွန်းဆင့်တကြော်ကြော် မယ့်ကိုခေါ်နေတာလား ပျိုမောင်ရယ်။

လေဟုန်မှာဝဲပျံ့တဲ့ (ချစ်တေးသံရယ်)၂ ဖူးရွှေစာတမန်အောင်သွယ်၊ ရွှေတောင် ပံ့ဝဲတာလားကွယ်၊ ဒီပျိုမေခင့်ထံပါးဝယ်။

ချိုး ဘယ်ခါ ယောင်မှားလို့ရယ်၊ ရောက်ပါမယ်။ ပျိုမေစောင့်စားမိတယ် (ဂီတ)၂ စာဆိုရှင်ကြီးရယ်။ ။

(လေထဲက ဖူးစာရုပ်ရှင်မှ)

## ၂၇။ မေတ္တာနှောင်ကြိုး

ဆို - သန်းသန်းဆင့်

(မေတ္တာ နှောင်ကြိုးတည်းလို့ဆွဲဆောင်၊ အချစ်ကျော့ကွင်းတင်းတင်းကြီးမဲယ့်ကို ချည်နှောင် ရှောင်ရှန်းကာ မခွာနိုင်ပေါင် တာရှည်အမြဲ ကြာလေစွဲလောက်အောင်) (ချော့ ကာ၊ မော့ကာ၊ မာယာ ဉာဏ်နီနှောကာ သဘောရိုးလား ထင်မိယောင် မနှောဆိုးလား မေ့ရဲ့မောင်)။

ပင့်ကူချည်မျှင်တန်းနှယ်၊ ရက်ကန်းသွယ် ညာဘယ်မြောက်တောင်၊ ချစ် မေတ္တာကြိုးယှက်ကာ၊ ခန်းစက်ရာသဋ္ဌာရိပ်မှောင်)၂၊ နှစ်ကိုယ်တွေ့ဝယ်မေ့ကာ မြောကာ၊ နွမ်းလျလျရွှေရင်ဖိုအောင် တကယ်ပင်ယုံစားပုံမိတာများ မှားခဲ့ပြီထင့် ထာဝစဉ် ကြွေလောင် သည်းရွှေဘဝင်ကြမ်းမျှ။ တစ်ကိုယ်လုံးနွမ်းလျ သြော် ... ကြိုရမြဲကြာ ယံညောင် အသည်းစွဲ မေတ္တာချစ်ကြိုးနှောင်။

## ၂၈။ မယ့်ကြမ္မာ

ဆို - မေနှဲ့

ဘယ်ရေးကံကြမ္မာရယ်၊ မယ်ဆွေးရန် ဖန်တာလဲတဲ့ကွယ်၊ ချောင်းရေခွဲလို့ ဖော်ကွဲသူ ကိန္နရီပျို့နှယ်၊ ရွှေရင်အုံနကို စုံထုဖွယ်လွမ်းရန်ဆင်တော့တယ်။

ရာဇဒဏ်ရှိန်ပြင်း၊ အချစ်ကိုခွင်းပေါ့ကွယ်၊ ပူပင်လယ်ဝိုင်းပါလို့ မုန်တိုင်းသွယ် သွယ်၊ မယ့်ကိုရယ် သေစေညွှန်းလေအားတယ်၊ မင်းခယောကျ်ား ကမ်းနားသစ်ပင်၊

ချစ်လင်သည်မောင်ရယ်၊ နတ်များဖန်လို့ရယ် ကူလာညီပဲမို့ကွယ် ဝေးပြီထင်ပါတယ်။
(စာဆိုတော်နေ့ မြဝတီစာရေးဆရာပြဇာတ်မှ)

## ၂၉။ ဆောင်းညဥ့်

ဆို - မေလှမြိုင်
လှလှတူး

ဆောင်းရဲ့ညဥ့်ယံ ပုံသဏ္ဍာန်သည်၊ လေပြည်ယူလွင့် နှင်းမှုန်ပွင့်နဲ့ ကူပင့်ဝိုင်းကာ မှိုင်းပြာပြာဝယ်၊ သာနိုင်ပေစွ သော်တာလငယ်ကို၊ ကြယ်ပေါင်းရံလို့ ရောင်လျှံစို ငွေရည်ယိုမယ့်စက်ရာ ဆောင်ကြာယံဆီ၊ ရွှေချည်မျှင်ရှက် ကျကာသက်၍ တိမ်လွှာထဲ ပုလဲမှုန်တို့ နှင်းတွေဝေလို့ ဝေ့ကာဝန်းကာ မျှော်လွန်းရန်ကပို၊ ရွှေရင်အုံထဲမှာ သည်းတုန်ကာချမ်းလို့ဖို၊ ခြုံလွှာထည်နဲ့ မလုံပါပြီတဲ့ ထွေးပိုက်တော်မူပါလှည့်ဆို၊ နတ်တော်ပြာသို၊ ငွေနှင်းရည်စိုစို မြည်င်းလေချိုချို၊ မွေးပျံ့ကြိုင်သင်း ဇင်မင်းခွာညို၊ မပန်ဆင်ထိုက်သူပျို၊ ချူပေးသူဝေး ပူဆွေးနှောင်ပြီ အကို။

## ၃၀။ မှာလိုက်စမ်းပါရစေ

ဆို - မောင်တင်မောင်၊ ကြည်ကြည်ဌေး

မှာလိုက်စမ်းပါရစေ၊ ပျို့ငယ်ကျွမ်းမယ့်သက်ဝေ၊ ပညာရှာရေးရယ်နဲ့ အဝေးနယ်ကို ကိုယ်သွားပေရော့လေ၊ လွမ်းပေမဲ့ ရွှေညာသူမေ၊ ဖြေနှင့်မယ်မောင်ရေ မောင်ရေ၊ ချည်ရောင်စုံတန်းပါလို့ စက်ပန်းဇာကိုင်ကာသာနေ၊ ရက်တွေတွက်ရေ၊ မျက်ရည်ကလည်း ကြွေမှာပါပဲလေ၊ မှာလိုက်စမ်းပါရစေ၊ ပျို့ငယ်ကျွမ်းမယ့်သက်ဝေ။

အချစ်ဦး ပျို့ကိုတော့ နှောင်ခါနော်မေ့ကာများ၊ မြို့ကြီးသူတွေနဲ့ ကြည်ဖြူပျော်မွေ့မှာလားလေ၊ စိုးနှောင့်ပူလို့သာနေ၊ ရွှေရင်အသည်းခွဲကာမျှအတူ၊ ကြင်သူမဝေရက်ပါနဲ့လေ။

ကျား။ ။ စိုးပါနဲ့မေ၊ ကမ္ဘာမြေ ကျေကာမြေ့တောင် မောင်မမေ့နိုင်သလေ။ ချစ်သူကြင်သက်ဝေ၊ နန်းနိဗ္ဗူကမ်း တူမသွေမလှမ်းဖို့မသွေ၊ ရွယ်မှန်းမျှော်ကိုး မောင်အချစ်မိုးကစွေ၊ ထာဝစဉ် မေတ္တာနှောင်ချွေ၊ ပဋ္ဌနာစဉ် သစ္စာညောင်ရေ၊ တစ်နာရီတောင်ပဲ၊ မောင်မခွဲခွာချင်သူဆွေ၊ မေ့ပါမေ့ပါနိုင်ဘူး၊ ရွှေစေတီစူးစေတော့ ခင်ရေ။

**(အေဝမ်းရုပ်ရှင် ချစ်သက်ဝေဇာတ်ကားမှ)**

## ၃၁။ ရွှင်ပြုံးချိုချို

ဆို - မောင်တင်မောင်၊ ကြည်ကြည်ဌေး

ကျား။ ။ ရွှင်ပြုံးချိုချို အလိုလိုယဉ်တယ်၊ မျက်နှာတော်လေး ကြည်အေးမြသူရယ် သည်မောင်ချစ်တင်းနေ့ာလို့ ပြောပြောတော့မယ်၊ သက်ထားခင် နားဝင်မှာလားကွယ်။

မ။ ။ တန်ပါမောင်ရယ်၊ မယုံကြည်နိုင်ဖွယ်၊ ချစ်တယ်ဆိုသော်လည်း၊ ပြောင်းလဲ သော ထိုအနိစ္စရယ် နောင်ခါကျရင်ပျက်ပြယ်၊ ပျိုမေခက်ပါလိမ့်မယ်၊ ရိုးရိုးပဲ ခင်ပါလားနော်ကွယ်။

ကျား။ ။ အထင်တော်လွဲပါပေ့တကယ်၊ စေတီရှေ့မယ် ယုံပါတော့ကွယ်၊ နိစ္စသက် ဆုံး မောင်ဖုန်းချစ်တာမပြယ်၊ သုံးသိန်းလေးလီမြဲပါထွေထူး၊ စူးစေတော့ကွယ်၊ ပစ်ဘူးသက်ဝေရယ် ...

မ။ ။ ရှိပါစေတော့သက်လယ်၊ သို့ပေမဲ့လို့ ကြောက်တယ်၊ ချစ်တယ် ကြိုက် တယ်ဆိုရာက သမုဒယနှောင်ကြိုးသွယ်၊ ဒုက္ခတရားရယ် မုချပွားမယ်၊ အေးအေး ပဲ နေချင်ပါသေးတယ် ...

ကျား။ ။ ဩော် အစိုးရိမ်လွန်ကဲ၊ ခင်လွဲပြီထင်ပါတယ်၊ စေတနာနဂိုရင်း ရှင်းသန့် ပါတဲ့ ချစ်ခြင်းမေတ္တာရယ်၊ ဒုက္ခကင်းဝေးငြိမ်းအေးသော ချမ်းသာပွားစေမယ်...

မ။ ။ ဘယ်လိုပဲ ပြောပြော၊ အနတ္တဖြစ်သော ဤခန္ဓာရယ်၊ ကိုယ်ပိုင်အမှန်မဟုတ် နာမ်ရုပ်ထိုတရားမို့၊ ဖောက်ပြားမှာပဲ စိတ်မှာစွဲတယ်၊ အိုကွယ် ပြော ရင်လည်း မကဲချင်ပါတယ် ... မောင်ရယ်၊ ဩော် ဖွတ်ပဲလား မောင်ရယ် ခက်ပါပြီကော ပြောမရဆိုမရ လွန်လွန်လှပါတယ် ...

## ၃၂။ လှိုင်းရေယာဉ်ဦး

ဆို - ကိုအောင်ဇုန်း
မောင်မောင်ညွန့်

နိမ့်တုံမြင့်ချီ မြေမညီတဲ့လမ်း ကြမ်းပါဘိ ကန္တာမြိုင်လို၊ ထိုဘဝတွက်တာ၊ ပြင်းပြစွာသော ခရီး၌၊ ချွေးပြိုက်တွေ ဒီးဒီးမျှစီးကျကာ ကြွေဖြာစေခဲ့ရာ၊ ကုန်ခြေပန်း ပါလို့ မလှမ်းချင်လှမ်းချင်မှာ ဖြာစိမ်းကြည်လင်တဲ့ လှိုင်းရေယာဉ်ဦးကိုဖန်ကာ၊ ရပ်

နားမှီခိုလော့ ဆီးယှက်ကြိုလက်ခံနေတာ၊ ချမ်းမြေ့တည်ငြိမ်စွာ၊ ကွေ့ဝိုက်ရေညို အဏ္ဏဝါ၊ သီတာမြစ်ဂီတလျှင် မြစင်မြသား ပြဒါးနီလာ စိတ်ကူးယဉ်လေအေး ပက်ဖျန်း ဆောင်ယူသွေးတော့ လိမ်ခွေယှက်ကွေး တွန့်ရေပြင်လျှာ၊ လူးလွန့်မြူးခုန်ကာသာ လှိုင်းလိမ့်လေးတွေ ညီညာ မဟီမြေသောင်ခြေကမ်းကို ပန်းဝင်လုကာ သံသာမြည်ကြွေးရှာ။

## ၃၃။ လွမ်းမလေ့

ဆို - မောင်မောင်ညွန့်

လွမ်းတယ်လေ့ မျှော်၍ငယ်စေပင်၊ မိုးယံဝဝယ် လကိုမြင်၊ အဇ္ဈောကောင်းကင် ရွှေအမွန်ခြံသင်တိုင်းဆင် ကြက်ညီနောင် မောင်ရင်ဆိုင်းနဲ့၊ ဟသာကြယ်ခြံရံ ဝိုင်းတဲ့ တိမ်နယ်ကျယ်လှိုင်းဖြူလွှာနှိုင်းလွင် သွယ်သွယ်မိုးသားကျူး၍ လေရူးဆော်လှုံနှင်၊ ရွှေရည်လုပါတဲ့ ကြွေလုလု ရော်မြန်းရွက်ကျင်၊ ဖေယျာဗွေစစ်မြေလမ်းတွင် လွမ်းဖွယ်နှောင် တောတောင်ဆီးကာ ကန္တာရခြား အိမ်သူဆွေချစ်သက်ထားခင်၊ စောင့်စားကာ မျှော်ရှာရော့မယ်ထင်၊ တရေးရေးခုမြင်၊ နေထိသည့်ကြာနယ် သူ့ရုပ်သွင်။

(အောင်ကျော်ညွန့်ဓာတ်ပြား ကုမ္ပဏီမှ မောင်မောင်ညွန့် သီဆိုဓာတ်ပြားသွင်းသည်။)

## ၃၄။ သည်ဆောင်းဟေမန်

သည်ဆောင်းဟေမန် ... မြောက်ပြန်လေညင်း ...၊ ဆော်တယ်ကို၊ နတ်တော်ပြာသို၊ ခွာညိုတည့်နှင်းဖုံဖုံ။ ။

ရွှေဝတ်မှုန်၊ ငွေဝတ်မှုန်၊ သုန်သုန်လေယူလွင့်လို့၊ ရိုးတံဆင့်ပင်မြင့်ယံမှာ၊ စံပယ်ညီလာ၊ ထိပ်ခေါင်ပန်းမြတ်၊ သမ္မတာဘုရင်၊ ငွေသဇင် ယဉ်နွဲ့ကာ၊ ဝေဟင်ဘုံနန်း ဇာတိ၊ မြေမထိတော်ဝင်မာလာ၊ ဖြူဖွေးလှိုင်လှိုင်ဝင်းတဖန့်ဖန့်၊ ကြူမွှေးကြိုင်သင်း တပျံ့ပျံ့၊ နှင်းသန့်တဲ့မြိုင်မှာ၊ ခိုင်ညွှာနှော့ကာ၊ ယဉ်ကြော့နိုင်လွန်းကြရှာ။ ။

သွယ်သွယ်ညွှတ်ကိုင်း၊ ရွှေကျိုင်းတလူလူသာ။ ငွေသိုင်းတံခွန်ထူကာ၊ သဲဖြူငွေရာဇမတ်ကာ၊ မင်းဘဏ္ဍာတော် မှတ်ချူရေးရာလှမ်း သည်ပန်းမြတ်ကိုသာ၊ ပန်ဆင်ချင်သူမှာ၊ မှန်သိဂီစိန်စီနန်းမှာ၊ အလှမ်းကွာ၊ မနမ်းသာ၊ လရာသီပြောင်း၊ မြောက်ပြန်လေလောင်း၊ သည်ဆောင်းဟေမာန်ခါ။ ။

## ၃၅။ ဗမာ့တေးသံ

ကမ္ဘာမှာ ဗမာသစ်၍၊ တစ်ခေတ်ပြန်ဆန်း၊ မျက်နှာပန်းပွင့်ခဲ့ပြီ၊ လွတ်လပ်တဲ့ မျိုးဂုဏ်ရည်၊ စောင့်ရှောက်

စေချင်ပါသည်။

ကိုယ်ပိုင်ယဉ်ကျေးခြင်း၊ မျိုးမည်သန့်ရှင်းရမည်၊ ရိုးရာထုံးတမ်း၊ လမ်းစဉ် မှန်အောင်ချီ၊ ဗမာ့မူဗမာ့ဟန်၊ ဗမာ့မူပိုင် ဉာဏ်ရည်၊ (သုခုမပညာသည်၊ တိုးတက်၍ ချိန်ခါမီ၊ ဆန်းသစ်ရမည်)၂

ထံတျာတေရှင်၊ သင်ရိုးစံပြ၊ သံစဉ်ကြည်၊ သည်စည်းဝါး အမျိုးသားဟန် မူမှန်တည်။

(ပင်ကိုဉာဏ်သံဆန်းပြီး၊ နည်းလမ်းတွင်စေချင်ပြီ)၂

ဗမာပီပီ သည်စည်းဝါး၊ အမျိုးသားဟန် မူမှန်သည်၊ ချောင်းကိုပစ်၍ မြစ် ကိုရှာ၊ ရေသာများ၍ ငါးမတွေ့၊ ထုံးဓလေ့ဆိုလေသည်၊ လူမျိုးခြားထံ နည်းနာခံမှား ကြမည်။

(လူမျိုးစစ်ဂုဏ်အင်ညီ၊ တိုးတက်၍ရှာကြံစည်၊ တီးမှုတ်သင့်ပြီ)၂

## ၃၆။ မိုယ်း (မိုး)

ပြိုဟန်နဲ့ညိုမှာန်တော်ဖွဲ့ ပစ္စုန်ဒေဝါရယ်၊ ရွာမယောင်ခုများနော်ကွယ်၊ အသနား ကင်းလို့ ညှဉ်းနိုင်လေအားတယ်၊ စက်ခန်းသာဆောင်နန်းလယ်၊ ဖော်မဲ့သူရွှေအားငယ်။

နေ့စဉ်စောင့်ပါလို့ရယ်၊ နေပေမဲ့ကွယ် ချစ်ဖော်မဲ့သူမို့ကွယ်၊ ခင်ရယ်ခက် တယ်၊ မြင်လာပါစမ်း၊ စေချင်ပြီကွယ်၊ အေးစိမ့်စိမ့် ချမ်းရှာလွန်းသူမယ်။

လျှပ်ပန်းလျှပ်နွယ် ဝင့်ကာ တိမ်လွှာတလွင့်လွင့်၊ လေယူလောင်းလို့ရယ်၊ ညိုပြာရီမှောင် ရင်ဖိုအောင် ပြုလေသလားကွယ် တစ်ကိုယ်တည်း မနေရဲ၊ သဲလည်းပဲ သဲနိုင်ပါပေတယ်၊ ကူလာသူဝေး တွေးလေလေစိုးကြောက်ဖွယ်၊ မိုးနတ်ဒေဝါများရယ်၊ သနားစိတ်နဲ့ တိတ်စမ်းပါကွယ်။ ။

## ၃၇။ ချစ်ခွန်းဆက်တေးလွှာ

(ချစ်ခွန်းဆက်တေးလွှာမေရယ်၊ ရွှေနားတော်ဆင်ပါ၊ ပြုံးပြုံးလေးယဉ်နွဲ့နွဲ့ ဆင်းသူဇာ၊ နေ့စဉ်မြင်ရလေသမျှ၊ အလှရွှေမျက်နှာ၊ သန်းခေါင်ယံ အိပ်မက်ထဲမှာ ညတိုင်း အမြဲ၊ တဝဲလည်ကာ၊ ထိမလိုငြိမလို၊ တူနှစ်ကိုယ်တွေ့ရလေတာ)၂။

မြူသလို ပြုခဲ့ပေရှာ၊ ငယ်ရုပ်ငယ်သွေး၊ တစ်ဖက်သား ငေးအောင် လှောင်သလို လို၊ ရှုရသူ ဘဝင်မှာဖိုကာ၊ ကမ္ဘာတွေပြောင်းသွား၊ မမေ့နိုင်ဘဲ၊ စွဲနေပြီထင်လာ၊ ဘယ်နည်းနဲ့ပေါင်းရဖို့ရန် မကြံသာ၊ ခက်ခဲမဝံ့သူမှာ၊ ကြိမ်ကြိမ်ခါခါ၊ မျှော်ရင်းနဲ့ မှိုင်လျက်၊ ဖူးရွှေလက်တင်ကာ၊ တရေးရေးမြင်သူတွင်၊ သိစေချင်လွန်းတာ၊ ချစ်ခွန်း ဆက်တေးလွှာ။ မေရယ် – မောင့်အားကြင်နာ .. သနားပါ။ ။

(ကိုစောညိန်းရေးခဲ့သော သီချင်းပုဒ်ရေ ၅၀ ကျော် ၆၀ ခန့်ရှိမည်ဟု သိရပါသည်။ သို့ရာတွင် ရှာဖွေရရှိသမျှကိုသာ ဤတွင် ဖော်ပြလိုက်ရပါသည်။)

❒